
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်တင်မြင့်

သွေးညီနောင်ဘယ်မှာလဲ

၂၀၁၄ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်

သွေးညီနောင်ဘယ်မှာလဲ၊ တက္ကသိုလ်တင်မြင့် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၉၆-စာ၊ ၅×၇

(၁) သွေးညီနောင်ဘယ်မှာလဲ

BURMESE CLASSIC

# တက္ကသိုလ် တင်မြင့်

# သွေးညီနောင် ဘယ်မှာလဲ

စိစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ၁၉၈၀-ပြည့်နှစ်
# ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



## (တစ်)

မြင်ကွင်းက မလှပပေ။

လဲကျနေသူတစ်ယောက်ကို အခြားသုံးယောက်က နိုင်ထက်စီးနင်း ခွထားသူကခွထား၊ ရိုက်နှက်သူက ရိုက်နှက်နှင့် တစ်ဖက်စောင်းလွန်းနေသည်။

လဲကျသူနှင့် ထိုးနှက်ရိုက်ပုတ်နေသူများကြားတွင် ပြဿနာတစ်ခုခု ရှိကောင်းရှိမည်။

လဲကျနေသူကပင် ထိုးနှက်နေသူများအပေါ်တွင် မရပ်နိုင်လောက်သော အမှုအကျင့် တစ်ခုခု ရှိချင်လည်း ရှိပေသည်။

သို့သော် ပွဲကမမျှသောပွဲ၊ မလှသောပွဲ။

ရန်မျိုးနောင်၏ အားကောင်းသော ကားမီးရောင် …ည့်တည့်တန်းတန်းကြီးတွင် အထင်းသား တွေ့နေရသည်။

ကားလမ်းဘေးတွင် ဖြစ်ပါ၏။

သူတို့၏အိမ်ရှေ့တွင် လင့်ရှိဗာကားတစ်စီး ရပ်ထားသည်။ သူတို့၏နောက်တွင် လဲကျနေသော မော်တော်ဆိုင်ကယ် …စီးကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးနောင်သည် သူတို့အချင်းချင်း ဘာပြဿနာကြီးဖြစ်နေနေ ယခုမမှုသောနှင့် မလှသော မြင်ကွင်းအတွက်မူ ဝင်ရောက်ပေးရန် ဆုံးဖြတ်လိုက်သည်။

ကားဒက်(ရှ်)ဘုတ်ကို ဖွင့်ကာ လိုင်စင်နှင့်ကိုင်ဆောင်သော ဒသမသုံးနှစ် ပစ္စတိုကို ထုတ်ယူလိုက်သည်။

ကားမောင်းလျက်ကပင် ဆွဲမောင်းကို ဆွဲတင်လိုက်သည်။

ကားမှန်ပြတင်းမှ လက်ထုတ်ပြီး ပစ္စတိုကို မိုးပေါ်ထောင်ပြီး ပစ်လိုက်သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

သုံးချက်ပင် ဆင့်ပစ်လိုက်ပါ၏။

အပေါ်စီး(၃)ဦးသည် ရန်မျိုးနောင်၏ စကားလာရ ကို လှမ်းကြည့်ကာ ချက်ချင်းပင် လင့်ရှိဗာကားဆီ ပြေးသွ သည်။ ရှေ့ခန်းမှာပင် သုံးယောက်စလုံးတက်ကာ ဂူးခနဲ မောင်း ထွက်သွားပေသည်။

ရန်ကုန်ဘက်သို့ ဖြစ်ပါ၏။

ကားနံပါတ်မှတ်ရန် ရန်မျိုးနောင် သတိတရရှိပါ၏ သို့သော် ကားမီးမဖွင့်ဘဲ မောင်းထွက်သွားသည်မို့ နံပါတ်ကိုမမြင် နိုင်ပေ။

ရန်မျိုးနောင်၏ကားမီးကလည်း လမ်းတည့်တည့်သ ထိုးလင်းသည်မို့ ကားလမ်းဘေးရပ်ထားသည့် လင့်ရှိဗာကာ နံပါတ်ကို ဘယ်လိုမှ သဲသဲကွဲကွဲ မမြင်နိုင်ပေ။

ရန်မျိုးနိုင်သည် လဲကျနေသူ၏ဘေးတွင် ကားရ လိုက်သည်။



ကားမီးကို မပိတ်ဘဲ စက်ကိုသာပိတ်ပြီး အောက်သို့ ဆင်းလိုက်သည်။

လဲကျနေသူ၏ဘေးတွင် ဒူးထောက် ထိုင်ချလိုက်သည်။

ရင်ဝတွင် ဓားတန်းလန်းနှင့် ဖြစ်သည်။

ခေါင်းမှာလည်း ကွဲနေသော ဒဏ်ရာနှင့် သွေးများစီးဆင်းနေသည်။

သို့သော် အသက်ရှင်နေသေးသည်။ သတိလည်း ကောင်းကောင်းရှိနေပါ၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ နောက်ကျသွားပါပြီ"

"အားတင်းပေါ့ဗျာ၊ အခု ထောက်ကြံ့နဲ့ နီးနီးလေးရှိတော့တယ်၊ ခင်ဗျားကို ဆေးရုံအရောက် ကျုပ် ပို့ပေးမယ်"

"ပို့တာတော့ ပို့ပေါ့ဗျာ၊ ဒါပေမဲ့ ရမယ်မထင်တော့ပါဘူး"

ပြောပြောဆိုဆို လဲကျနေသူသည် သူ့ဘေးတွင် ဖရိုဖရဲ ပြန့်ကျဲနေသော ပိုက်ဆံအိတ်၊ သော့တွဲစီးကရက်ဘူး၊ လက်ကိုင်ပဝါ စသည်တို့ထဲမှ ဓာတ်ဆီမီးခြစ် တစ်ခုကို လှမ်းယူပြီး ဒူးထောက်ထိုင်နေသော ရန်မျိုးနောင် ဝတ်ထားသည့်အပေါ် အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"အင်း ... ဒီလူ သွေးရူးသွေးတန်း ဖြစ်နေပြီ"

ရန်မျိုးနောင်က မှတ်ချက်ချလိုက်သည်။

ရန်မျိုးနောင် ဆက်ပြီး ဘာမှမစဉ်းစားတော့ဘဲ သူ၏မော်တော်ကား၏ နောက်ခန်းတံခါးကို အလျင်သွားဖွင့်သည်။

ပြီး ဒဏ်ရာရသူကို ပွေ့ချီကာ ကားနောက်ခန်း တူရှင်ပေါ် တင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်တွင် ဖရိုဖရဲကျနေသည့် ထိုသူ၏တိုလီမိုလီပစ္စည်းတွေကို လိုက်ကောက်သည်။

ထွက်ပြေးသွားသူ(၃)ဦးသည် လဲကျနေသူ၏ အင်္ကျီအိတ်ထဲသို့ တစ်အိတ်ချင်းနှိုက်ပြီး ထွက်လာသမျှပစ္စည်းတွေကို မလိုမလား သည်အတိုင်း လမ်းပေါ်ပစ်ချသည်ပဲ ဖြစ်တန်ရာသည်။

ထိုပစ္စည်းလေးတွေကို ကားနောက်ခန်း ကူရှင်မှာပင် ပစ်တင်လိုက်သည်။

ထို့နောက် လမ်းဘေးတွင် လဲကျနေသော မော်တော်ဆိုင်ကယ်ဆီသို့ သွားကြည့်သည်။

ဟွန်ဒါအမျိုးအစား ဖြစ်ပါ၏။ ခါတ်ဆီတိုင်ကီပေါက်ပြီး ခါတ်ဆီတွေ ဖိတ်ကျနေသည်။

ရန်မျိုးနောင် ပခုံးတွန့်လိုက်သည်။

ဘာမှုမတတ်နိုင်၊ မော်တော်ဆိုင်ကယ်ကို သည်အတိုင်း ထားခဲ့ရုံသာရှိသည်။

လိုက်ာမယ်ကာ မော်တော်ဆိုင်ကယ် သော့တန်းလန်းကို ဖြုတ်ယူသည်။ မော်တော်ဆိုင်ကယ်၏ "ယ"လေးသောင်းကျော်ဂဏန်းငါးလုံးကို မှတ်ယူလိုက်ပြီး သူ၏အက်(စ)အီးကားကြီးကို မောင်းထွက်လာခဲ့သည်။

အကယ်၍သာ ...

ဘိုးဘိုးဦးဘကောင်း၏စကားကို နားထောင်ပြီးဘိုးဘိုး၏အိမ် ပဲခူးမှာပင် ညအိပ်လိုက်လျှင် ဤမလှမပ မြင်ကွင်းကို ရန်မျိုးနောင် ကြုံစရာမရှိ။

ဘိုးဘိုးက မိုးချုပ်ပြီ မပြန်နဲ့၊ ဒီမှာပဲ ဆက်နေဦးလူလေးဟု ပြောသည့်ကြားကပင် ကိစ္စမရှိပါဘူး ဘိုးဘိုးရဲ့၊ ပဲခူး



နဲ့ ရန်ကုန်ကို ကျွန်တော့်ကားက တစ်နာရီနဲ့ ဆယ်မိနစ်ပဲ မောင်းတာပါ၊ ခုလို ညမိုးချုပ် လမ်းရှင်းတုန်းဆိုရင် တစ်နာရီနဲ့တောင် ရန်ကုန်ရောက်သွားမှာပါဟု ဆင်ခြေကန်ပြီး ည(၈)နာရီ(၃၀)မိနစ်တွင် ပဲခူးမှ ပြန်လာခဲ့သည်။

လှည်းကူးမှ ထွက်ခဲ့ပြီး ထောက်ကြံ့ရောက်ရန် (၃)မိုင်ခန့်အကွာတွင် ယခုလို မလှမပတွေကို တွေ့ရခြင်းဖြစ်သည်။

ဒါမျိုးကျတော့ ရန်မျိုးနောင် မနေတတ်။ ရှောင်ဖယ်မသွားတတ်။ အင်အားချင်းမမျှ အနိုင်ကျင့်သည်ဟု ယူဆသဖြင့် ကြားဝင်လိုက်ခြင်းဖြစ်ပါ၏။

ထောက်ကြံ့ရဲစခန်းတွင် မိမိကြုံခဲ့သမျှကို ဝင်ရောက်သတင်းပေး တိုင်ကြားသည်။

ထောက်ကြံ့ရဲစခန်းမှ ရဲကြပ်ကိုညို့မောင်က ခေါင်းတညိတ်ညိတ်ဖြင့် ရန်မျိုးနောင်၏ တိုင်ကြားချက်ကို အားရပါးရထောက်ခံသည်။

"အား ... ဟုတ်တယ်။ စောစော နာရီဝက်သာသာလောက်က အဲဒီလင့်ရှိဟာကို ကျွန်တော်တို့ စစ်ဆေးပြီး နံပါတ်မှတ်လိုက်သေးတယ်။ ကားပေါ်မှာ ယောက်ျားသုံးယောက်ပါတာလည်း မှန်တယ်။ ဒါဆို မလွတ်ပါဘူး။ ကားနံပါတ်နဲ့ ခြေရာခံရင် ဒီလူသုံးယောက်ကို မိမှာပါ"

ထောက်ကြံ့တွင် ဂိတ်ရှိသည်။ မော်တော်ကားအဝင်အထွက်ကို လုံခြုံရေးတာဝန်အရ ဂိတ်ကစစ်ဆေးသည်။ နေ့ခင်းပိုင်းအချိန်၌မူ သာမန်စစ်ဆေးမှုမျှသာ ပြုသည်။ ညမိုးချုပ်မှဆိုလျှင် ဝင်လာသောကားကိုဖြစ်စေ ထွက်သွားသောကားကိုဖြစ်စေ ကားနံပါတ်ကို မှတ်သားထားလိုက်သည်။

www.burmeseclassic.com



ထို့ကြောင့် လင့်ရှိဗာ၏နံပါတ်ကို မှတ်မိခြင်းဖြစ် သည်။

ရန်မျိုးနောင်ကိုမှ ဥပဓိရုပ်အရလည်းကောင်း၊ ရန်ကုန် စမ်းချောင်း၊ မဟာမြိုင်လမ်း၊ ခြံနံပါတ် အတိအကျအရလည်း ကောင်း၊ ကိုယ်ပိုင်ကား အက်(စ်)အီး၏ ကားနံပါတ်ရယူ၍လည်း ကောင်း၊ အိမ်တယ်လီဖုန်းနံပါတ် ပေးထားသည်ကြောင့်လည်း ကောင်း သံသယကင်းပေသည်။

“လူနာကို အနီးဆုံးဖြစ်တဲ့ အင်းစိန်ဆေးရုံကို ယူသွားပေး ပါလား ကိုရန်မျိုးနောင်၊ ကျန်တဲ့ ရဲနဲ့ပတ်သက်တဲ့မှုခင်း ကိစ္စတွေကတော့ ကျွန်တော့်ကို အင်းစိန်စခန်းနဲ့ညှိပြီး ဆက်လက်ဆောင်ရွက်မှာပါ”

ဒဏ်ရာရသူ၏ ယာဉ်မောင်းလိုင်စင်၊ ပိုက်ဆံအိတ်၊ သော့တွဲ၊ လက်ကိုင်ပဝါ၊ မော်တော်ဆိုင်ကယ်သော့ စသည်အား လုံးကို စာရင်းနှင့်တကွ ထောက်ကြံ့ရဲစခန်းမှ ယူထားလိုက်သည်။

အင်းစိန်ဆေးရုံအထိ တာဝန်နှင့် ရဲကြပ်ကြီး ကိုညို မောင်ပင် လိုက်ပါလာခဲ့ပေသည်။

ဒဏ်ရာရသူကို အင်းစိန်ဆေးရုံ ရောက်သည်နှင့် တာဝန်ကျ ဆရာဝန် ဆရာမများက ချက်ချင်း အင်မာဂျင်စီ အခန်း သွင်းလိုက်သည်။

ရဲကြပ်ကြီး ကိုညိုမောင် နေခဲ့ပြီး ရန်မျိုးနောင်သည် စမ်းချောင်း၊ မဟာမြိုင်လမ်း မိမိအိမ်သို့ တန်းတန်းမတ်မတ်ပင် ပြန်ခဲ့သည်။

ကားဟွန်းသံကြားသည်နှင့် တပည့်ကျော် ပေါ်ဦး ထွက်ပြီး ခြံတံခါးဖွင့်ပေးသည်။



ကားကို ဂိုဒေါင်ထဲမောင်းသွင်းပြီး ဂိုဒေါင်တံခါး ပိတ် သော့ခတ်ကာ တိုက်အိမ်လေးဆီသို့ လာခဲ့သည်။

ပေါ်ဦးက တံခါးဝတွင် စောင့်နေပါ၏။

“အိမ်ကို ဘယ်သူတွေ လာသေးလဲ ပေါ်ဦး”

ပေါ်ဦးက သူ့အိတ်ထဲမှ အိတ်ဆောင်မှတ်စုစာအုပ် လေး ထုတ်ယူပြီး စာမျက်နှာ ဖွင့်လိုက်သည်။

“ဗုဒ္ဓဟူးနေ့က မမပိုင်း လာတယ် ဆရာ”

“ဒီပြင်ကော”

“ကြာသပတေးနေ့ကလည်း မမပိုင်း လာတယ်”

“အဲဒါ မင်းရဲ့မမပိုင်း ခဏထားစမ်းပါ၊ ဒီပြင် ဘယ်သူ တွေလာလဲ ပေါ်ဦး”

“အဲ ... ကြာသပတေးနေ့ကပဲ ဆရာရဲ့စာအုပ်တိုက်က ဦးစိန်ခို လာသေးတယ်”

“ဟုတ်လား၊ ဘာပြောသွားလဲ”

“စာမူမပြီးသေးဘူးလားတဲ့၊ ဆရာလာရင် သူ့ဆီဖုန်းဆက် ချင် ဆက်ပါတဲ့၊ ဒါမှမဟုတ် သူ့တိုက်ကို ခရီးကြုံလမ်း ကြုံ ဆရာ ဝင်ခဲ့ပါတဲ့”

“အေးကွာ၊ ငါ ဘိုးဘိုးဆီမှာ သင်တန်းတက်တာ ရက် ကြာသွားတယ်၊ ဒါတောင် ဘိုးဘိုးက မပြန်စေချင်သေး ဘူး၊ ငါ ဇွတ်ပြန်လာတာ၊ ဒီပြင်ကော ဘယ်သူလာသေးလဲ”

“မနေ့က သောကြာနေ့မနက် ဆယ်နာရီလောက် မမပိုင်း လာသေးတယ် ဆရာ”

“လာပြန်ပြီ မမပိုင်း”

www.burmeseclassic.com

www.burmeseclassic.com



"မမဝိုင်းက ဆရာ့ကို ကျေနပ်ပုံ မရဘူး ဆရာ၊ သွားလိုက်ရင် တမေ့တမောပဲတဲ့၊ ရွက်ကျပင်ပေါက် ကျနေတာပဲတဲ့၊ အရွက်ကျတဲ့ နေရာမှာ အပင်ပေါက် အမြစ်တွယ်ချင်တယ်တဲ့၊ မမဝိုင်းရဲ့ဖေဖေက ဆရာရုံးမတက်ဘဲ ခွင့်ရက်တွေများလို့ ကျေနပ်ပုံ မရဘူးတဲ့"

"အေး … ငါလွန်တာတော့ မှန်တယ်၊ ဒါပေမဲ့ ရုံးအလုပ်ငါ စိတ်မဝင်စားဘူးကွာ၊ ဝိုင်းကရော သူ့အဖေကရော တိုက်တွန်းလို့သာ ငါ လုပ်နေရတာ၊ ငါ့ဝါသနာကတစ်မျိုး၊ သူတို့ ဖြစ်စေချင်တာက တစ်မျိုးပဲ ပေါ့ဦးရ"

"ဒါဆိုလည်း အလုပ်က ထွက်လိုက်ပေါ့ ဆရာ၊ ဆရာရုံးအလုပ်က ရတဲ့လခက ဆရာအပြင်ကဝယ်ပြီး ထည့်နေတဲ့ ကားခတ်ဆီဖိုးလောက်ပဲရှိတာ"

"အင်း … ထွက်ချင်တာမှ တစ်ပိုင်းသေနေတယ်၊ ငါက လွတ်လွတ်လပ်လပ် ဟိုနေရာ ဒီနေရာ လျှောက်သွားပြီး ဒေသန္တရဗဟုသုတွေ ရှာချင်တယ်၊ ငါ့ဝတ္ထုတွေအတွက် ကုန်ကြမ်းရှာတာတို့ ဓာတ်လမ်းရှင်းတာတို့ လုပ်ချင်တယ်၊ ရောက်ရာအရပ်မှာ ငါနေချင်သလောက် နေချင်တာ၊ ဝိုင်းတို့က တစ်မျိုးလေကွာ၊ အစိုးရအလုပ်နဲ့ ရာထူးဂုဏ်ထူးရှိထားစေချင်တယ်၊ လခငွေကို အမိကထားတာ မဟုတ်ဘူး၊ သူတို့က ဝိုင်းတစ်သက် မပြောနဲ့ ဆယ်သက်စားလို့ မကုန်အောင် ချမ်းသာတယ် မဟုတ်လား၊ ဝိုင်းကလည်း တစ်ဦးတည်းသောသမီးဆိုတော့"

"ဟာ … ချမ်းသာတာကတော့ ဆရာလည်း မိဘအမွေအနှစ်တွေနဲ့ ချမ်းသာတာပဲဟာ၊ နောက်ပြီး ဆရာရတဲ့



စာမူခတွေက တစ်ပုဒ်ပြီးရင် ဆရာရတဲ့လခရဲ့ ဆယ်လေးငါးဆမက ရနေတာပဲ"

"အေး … စာရေးဆရာကို ဝိုင်းတို့မိသားစုက အသိုက်အဝန်းက အထင်မကြီးဘူး၊ အရာမသွင်းဘူး ပေါ့ဦး၊ သေးနုပ်တဲ့အလုပ်၊ အဆင့်အတန်းမမြင့်တဲ့ အလုပ်လို့ ယူဆထားကြတယ်ကွ"

"ဒါဆို မမဝိုင်းနဲ့ ဆရာက အဝိုင်းနဲ့ လေးထောင့်ကြီးပဲ"

"အေး … ဝိုင်းနဲ့ သူ့မိဘတွေရဲ့ဆန္ဒက အခု ငါဆောက်လုပ်ရေးမှာ လက်ထောက်အင်ဂျင်နီယာ လုပ်ရာက အင်ဂျင်နီယာကြီးဖြစ်ဖို့၊ ရုံးလုပ်ငန်းနဲ့ ပတ်သက်ပြီး နိုင်ငံခြားစေလွှတ်တာခံရဖို့ ဆိုတာမျိုးတွေ ဖြစ်စေချင်တယ်၊ ငါကလည်း အဲဒါတွေ လုံးဝစိတ်မဝင်စားဘူး"

"ဒါဆို မမဝိုင်းကို လက်ထပ်ဖို့ ဆရာ ဘာ့ဖြစ်လို့ သဘောတူထားလဲ"

"အင်း … ဖေဖေနဲ့ မေမေရဲ့ဆန္ဒကို လိုက်လျောတဲ့သဘောပဲ ပေါ့ဦး"

"ဆရာ့မိဘတွေက ရှိမှ မရှိတော့တာ၊ ရှေ့ဆင့် နောက်ဆင့် ဆုံးသွားတာ သုံးနှစ်နီးပါးတောင် ရှိပဲဟာ"

"အေး … ဖေဖေနဲ့ မေမေ မကွယ်လွန်သေးရင် အတိအလင်းဖွင့်ပြောပြီး ငါလုပ်ချင်တာတွေ လုပ်ရဲ့ပဲ၊ အခုတော့ ဖေဖေနဲ့ မေမေကို ငါက ကတိပေးထားမိတယ်၊ ဝိုင်းကို လက်ထပ်ပါ့မယ်လို့၊ ကွယ်လွန်သွားတဲ့ မိဘတွေကို ငါ ကတိမပျက်ချင်ဘူး ပေါ့ဦးရ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဆရာ့ရင်ထဲက မမဝိုင်းကို ချစ်တယ်လို့ မဆိုနိုင်ဘူးပေါ့နော်"

"ဝိုင်းကို ငါ ခင်မင်ပါတယ်၊ ဒါပေမဲ့ ဟိုလို ဒီလို အချစ်မျိုးနဲ့တော့ မချစ်ဘူးကွာ၊ ဝိုင်းကိုသာ မဟုတ်ပါဘူး၊ ခုချိန်ထိ ငါ့ရင်ထဲ နှလုံးထဲက ဖြစ်ပေါ်လာတဲ့ အချစ်မျိုးနဲ့ ဘယ်အမျိုးသမီးတစ်ယောက်ယောက်ကိုမှ မချစ်ဖူးသေးဘူး"

"ဒါတော့ ဟုတ်မယ်၊ ဆရာ့ကြည့်ရတာ ဘယ်တော့မဆို စာဖတ်မယ်၊ စာရေးမယ်၊ အားကစားမယ်၊ ကာယပညာတွေ လေ့ကျင့်မယ်ဆိုတဲ့ အာရုံပဲ ရှိနေတာ၊ အခု ပဲခူးက ဘိုးဘိုးဆီ သွားတာလည်း ဆရာ့ဘိုးဘိုးဆီက ပညာတွေ ယူသွားတာပဲ မဟုတ်လား"

"အင်းပေါ့၊ ငါ ရှစ်တန်းကျောင်းသား ဘဝကတည်းက ဘိုးဘိုးဆီ ပညာတွေ သင်ယူနေတာ ခုချိန်ထိ၊ ဘိုးဘိုး ပညာတွေဟာ ကုန်နိုင်တယ် မရှိဘူး၊ ဘိုးဘိုးရဲ့ ဆင်းသက်လာတဲ့ အဆက်အနွယ်တွေက ဗမာဘုရင် လက်ထက်က စစ်သူကြီးမျိုးရိုးတွေ မဟုတ်လား၊ ဓားခုတ် လှံထိုး မြင်းစီး၊ ဆင်စီး၊ သိုင်း၊ ဗန်တို၊ ဗန်ရှည်၊ လက်ဗွေ့ပညာတွေက နည်းနည်းနောနောမှ မဟုတ်တာ၊ ကဲပါကွာ အဲဒါတွေ ထားပါဦး၊ ဒီပြင်ကော ဘယ်သူတွေလာသေးလဲ"

"လူတော့ မလာဘူး၊ ရာသက်ပန် ရုပ်ရှင်ကုမ္ပဏီက ဖုန်းဆက်တယ် ဆရာ"

"ဘာတဲ့လဲ"

"ဆရာရှိလားတဲ့၊ မရှိဘူး ဆရာသွားနေတယ်လို့ ကျွန်တော်က ပြောတော့ ဆရာ ပြန်လာရင် သူ့ဆီ ဖုန်းဆက်ပါတဲ့၊



ဆရာဖုန်းဆက်ရင် သူတို့ လာခဲ့ပါမယ်တဲ့၊ ဆရာ ရေးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်ရိုက်ချင်လို့တဲ့"

"ဘယ်ဝတ္ထုတဲ့လဲ"

"ဘယ်ဝတ္ထုလဲလို့ ကျွန်တော်မေးတာကို မပြောဘူးဆရာ၊ ဆရာနဲ့တွေ့မှ ပြောမယ်တဲ့၊ ဟောဒီမှာ သူ့ဖုန်းနံပါတ် ပေးထားတယ်"

"မင်းပဲ အဲဒီဖုန်းနံပါတ် သိမ်းထားလိုက်ကွာ၊ ကဲ ... ငါ ရေမိုးချိုးပြီး အနားယူလိုက်ဦးမယ်"

ရန်မျိုးနောင်သည် သူ့အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

အပေါ်အင်္ကျီချွတ်ကာ နံရံချိတ်တွင် ချိတ်လိုက်သည်။

ရှပ်အင်္ကျီနှင့် စွပ်ကျယ်လက်ပြတ်ကိုချွတ်ပြီး အဝတ်တောင်းခြင်းထဲ ပစ်ထည့်လိုက်သည်။

အိပ်ခန်းနှင့် တွဲလျက်ရှိသော ရေချိုးခန်းဝင်ပြီး ရေချိုးသည်။

ရေချိုးပြီးနောက် တစ်ပတ်ရစ် ချည်ချောလုံချည်၊ စွပ်ကျယ်လက်စကဝတ်ပြီး သူ၏တစ်ယောက်အိပ်ခုတင်တွင် လဲလျောင်းလိုက်သည်။

ခုတင်ဘေး စာကြည့်စားပွဲပေါ်တွင် ရေးလက်စစာမူများရှိနေသည်။ ဝတ္ထုကဇာတ်သိမ်းပိုင်း ရောက်နေပေပြီ။ နောက်ထပ်စာမျက်နှာ သုံးလေးဆယ်လောက်ရေးလျှင် ဝတ္ထုပြီးနိုင်သည်။

သို့သော် ရန်မျိုးနောင်၏ စိတ်ထဲဝယ် ယခုလောလောဆယ် ဝတ္ထုရေးချင်စိတ်မရှိ။

ထောက်ကြံ့အနီးတွင် ဓားတန်းလန်းနှင့် သွေးရဲ့ပို့နေသော လူဆီသို့ အာရုံရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ အမျိုးသားမှတ်ပုံတင်ကို တွေ့တော့ တွေ့သည်။ ရန်မျိုးနောင် ဖတ်မကြည့်မိလိုက်။ ထောက်ကြံ့စခန်းသို့ အပ်လိုက်သည်။

ထိုလူသည် အသက်သုံးဆယ်ခန့် ရှိလောက်သည်။ ဒဏ်ရာရထားသည့်ကြားမှပင် ထိုလူသည် အရုပ်မဆိုးပေ။ လူရည်သန့်တစ်ဦး ဖြစ်ပုံရသည်။

သည်လူ အသက်မှ ရှင်ပါ့မလားဟု ရန်မျိုးနောင်က ငေးကြည့်နေမိသည်။

"ဆရာ ... ဆရာ၊ ကော်ဖီနဲ့ ကြက်ဥပြုတ် အဆင်သင့်ပဲ ဆရာ၊ ဆရာ့အခန်းထဲ ယူလာခဲ့ရမလား"

"မင်းပဲ စားလိုက်သောက်လိုက်တော့ကွာ၊ ငါ ဗိုက်ပြည့်နေတယ် ပေါ်ဦး"

"ဗီဒီယိုအခွေ ကျွန်တော် ငှားထားတယ် ဆရာ၊ ဆရာ့အကြိုက် အက်ရှင်ကားလေ"

"မင်းပဲ ကြည့်တော့ကွာ၊ ငါ မကြည့်ချင်တော့ဘူး"

"ဟာ ... ဆရာ ဒီနေ့ ဘာဖြစ်လာလဲ"

ပေါ်ဦး ညည်းညူသံ ကြားရပေသည်။

ရန်မျိုးနောင် မျက်စိမှိတ်ပြီး အိပ်လိုက်ပေတော့သည်။

❋ ❖ ❋



(နှစ်)

အိပ်ရာကတော့ နိုးလေပြီ။

သို့သော် ရန်မျိုးနောင်သည် ချက်ချင်းမထသေးဘဲ အိပ်ရာထဲတွင် နှပ်နေသည်။

အပြင်ဘက်တွင် ပေါ်ဦးတစ်ယောက် ဟိုဟိုသည်သည် လှုပ်ရှားနေသံကို ကြားနေရသည်။

မိမိအိပ်ရာမှထလျှင် စားဖို့ သောက်ဖို့တွေ ထုံးစံအတိုင်း ပေါ်ဦး လုပ်ကိုင်နေသည်ပဲ ဖြစ်မည်။

"ကလင် ... ကလင် ... ကလင်"

တယ်လီဖုန်းမြည်သံကိုလည်း ရန်မျိုးနောင် ကြားနေရသည်။

တယ်လီဖုန်းလာပြီး တစ်ခဏမှာပင် ပေါ်ဦးသည် ရန်မျိုးနောင်၏ အိပ်ခန်းတံခါးကို လာခေါက်သည်။

"ဆရာ ... ဆရာ၊ ဖုန်းလာနေတယ်"

"အိပ်နေတယ်လို့ ပြောလိုက်ကွာ"

"ဟာ ... မဖြစ်ဘူး ဆရာ၊ အခုဆက်တာက ထောက်ကြံ့ရဲစခန်းက ရဲကြပ်ကြီး ကိုညီမောင်တဲ့၊ ဆရာနဲ့ပြောချင်တာတွေ ရှိလို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးနောင် အိပ်ရာမှ ထလိုက်သည်။

ရဲကြပ်ကြီးကိုညိုမောင်ထံမှ သတင်းကိုတော့ ကြားချင်မိသောကြောင့် ဖြစ်ပါ၏။

ဖုန်းဆီသို့သွားကာ ရန်မျိုးနောင် ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ကျွန်တော် ရန်မျိုးနောင်ပါ"

"အေးဗျာ၊ ကိုရန်မျိုးနောင်ရဲ့တပည့်က အိပ်နေသေးတယ်လို့တော့ ပြောပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဆရာက ကျွန်တော်တို့ရထားတဲ့ သတင်းတွေ ကိုရန်မျိုးနောင်ဆီ ဆက်ဆက် ဖုန်းပြောလိုက် ဆိုလို့ပါ"

"ပြောပါ ကိုညိုမောင်၊ ကျွန်တော်ကိုယ်တိုင် စိတ်ဝင်စားပါတယ်၊ ညကမအိပ်ခင်မှာတောင် အင်းစိန်ဆေးရုံပို့ခဲ့တဲ့လူနာ ဘယ်လိုနေပါလိမ့်လို့ တွေးမိသေးတယ်"

"သွားရှာပြီ ကိုရန်မျိုးနောင်"

"ဗျာ"

"ခွဲစိတ်ပြီး နာရီဝက်အကြာမှာပဲ ဆုံးသွားတယ်၊ မလွယ်ဘူးတဲ့၊ ဓားဒဏ်ရာက နှလုံးကို ထိတယ်လို့ ဆရာဝန်ကပြောတယ်"

"အေးဗျာ၊ သနားစရာပဲ၊ ကြားရတာ စိတ်မကောင်းပါဘူး၊ ဒါဆို သူ့အသုဘကိစ္စ ရှာပနကိစ္စအတွက် ဘယ်သူကလုပ်မလဲ၊ လုပ်ပေးမယ့်သူ မရှိရင် ကုသိုလ်ဖြစ် ကျွန်တော်ပဲလုပ်ပေးမယ်ဗျာ"

"အဲဒါတော့ မပူနဲ့ ကိုရန်မျိုးနောင်၊ ဆုံးသွားတဲ့လူရဲ့နာမည်က ကိုတင်မောင်ကြည်တဲ့၊ သူ့အမျိုးသားမှတ်ပုံတင်ရယ်၊



ယာဉ်မောင်းလိုင်စင်ရယ်၊ အဲဒီထဲက လိပ်စာအတိုင်း ကျွန်တော်သွားပြီး အကြောင်းကြားပြီးပြီ၊ ဒီလူ ကိုတင်မောင်ကြည်က ကလေကချေလူ မဟုတ်ဘူး ကိုရန်မျိုးနောင်၊ သူ့အိမ်က ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်းမှာတိုက်နဲ့ ခြံနဲ့ပဲ၊ ကိုတင်မောင်ကြည်မှာ ဖခင်တော့မရှိဘူး၊ သူ့အမေနဲ့ သူ့ညီမရှိတယ်၊ သူ့အမေက ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က ကထိက ဒေါ်ရင်ကြည်တဲ့၊ သူ့ညီမက အမ်(မ်)အေ ဆက်တက်ရင်း သမိုင်းဌာနမှာပဲ အချိန်ပိုင်းနည်းပြဆရာမ စိုးစိုးကြည်တဲ့၊ အဲ ကိုတင်မောင်ကြည်ကတော့ ကျောင်းလည်းဆက်မနေဘူး၊ အလုပ်အကိုင်လည်းမည်မည်ရရ ဘာလုပ်ရမှန်းကို သူ့အမေရော သူ့ညီမရောမသိဘူးတဲ့၊ မော်တော်ဆိုင်ကယ် တစ်စီးနဲ့ အိမ်မကပ်လျှောက်သွားနေတာတဲ့"

"ဪ ... ဪ၊ ဒါဆို ဒီလူက ဂုဏ်သရေရှိ မိသားစုထဲကပဲ၊ သူ့ကို ဘာလို့များ သတ်တဲ့ [illegible] သတ်သွားပါလိမ့်"

"အဲဒါလည်း ကျွန်တော် ပြောမလို့၊ လင့်ရိုဗာကားကိုကျိုက္ကစံကွင်းဘေးမှာ ပိုင်ရှင်မဲ့ ရပ်ထားတာ၊ ရဲပတ္တရောင်တွေက တွေ့တယ်၊ ကားနံပါတ်နဲ့ ပိုင်ရှင်ကို လိုက်ရှာတော့ ကမ္ဘာအေးလမ်း၊ ခြံနံပါတ်(...)မှာ နေတဲ့ ဦးအောင်စိမ်းရဲ့ကားတဲ့၊ မနေ့က နေ့ခင်းပိုင်း ဘာလမ်းထဲမှာဦးအောင်စိမ်းက ကားရပ်ထားခဲ့ပြီး အလုပ်ကိစ္စနဲ့ ရုံးပေါ်တက်သွားတုန်း ကားကိုခိုးသွားတာတဲ့၊ ကားပျောက်မှုကိုလည်း ကျောက်တံတားရဲစခန်းမှာ တိုင်ထားတယ်"

www.burmeseclassic.com



"ဒါဆို လူသတ်သမား သုံးယောက်ဟာ ခြေရာပျောက်သွားတာပေါ့ ကိုညီမောင်"

"အင်း ... လောလောဆယ်တော့ အဲဒီလိုပဲ ပြောရမှာပဲ၊ ဒါပေမဲ့ ဒီကေ့(စ်)ကို အင်းစိန် စီအိုင်ဒီကပဲ လွှဲယူလိုက်တယ်၊ အင်းစိန် စီအိုင်ဒီကလိုက်ရင် အနေးနဲ့အမြန် ပေါ်တော့ ပေါ်မှာပေါ့ဗျာ"

"ဒါဆို ကျွန်တော်က ဘာအကူအညီပေးရမလဲ ကိုညီမောင်"

"အဲဒီတော့ စုံထောက်အဖွဲ့က လိုအပ်ရင် ကိုရန်မျိုးနောင်ဆီ လာပြီးမေးမြန်းချက်တွေ ယူချင်ယူလိမ့်မယ်၊ အမှုမှာ ကိုရန်မျိုးနောင်က အဓိက မျက်မြင်သက်သေ ဖြစ်နေပြီလေ၊ ဪ ... ကထိက ဒေါ်ရင်ကြည်နဲ့ မစိုးစိုးကြည်ကိုလည်း ကိုရန်မျိုးနောင်ရဲ့ အိမ်လိပ်စာရော တယ်လီဖုန်းနံပါတ်ရော ကျွန်တော် ပေးလိုက်တယ်၊ ကိုတင်မောင်ကြည်ကို လူဆိုးသုံးယောက်လက်က ကယ်လိုက်တာရော၊ ဆေးရုံအထိ ပို့ပေးတာရော ကျွန်တော်တို့က ကာယကံရှင် ဒေါ်ရင်ကြည်ကို ပြောပြဖို့ ဝတ္တရားရှိနေတာကိုး၊ သူတို့သားအမိ ကိုရန်မျိုးနောင်ကို လာတွေ့လိမ့်မယ် ထင်တယ်၊ လောလောဆယ်တော့ ကိုတင်မောင်ကြည်ရဲ့ ဈာပနကိစ္စ လုပ်နေကြရှာတယ်၊ ကဲ ... ဒါပါပဲဗျာ၊ ကိုရန်မျိုးနောင် သိအောင် ကျွန်တော်က ပြောပြတာပါ၊ တခြားကိစ္စအထူး မရှိပါဘူး၊ ကိုတင်မောင်ကြည်ရဲ့ မော်တော်ဆိုင်ကယ်ကိုလည်း ချက်ချင်းသွားယူပြီး စခန်းမှာပဲ သိမ်းထားတယ်၊ ကဲ ... ဒါပဲနော်ဗျာ"

"အေးဗျာ၊ တကူးတက ဖုန်းဆက်ပြောတဲ့ ကိုညီမောင်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်"



ကိုညီမောင့်ဘက်မှ ဖုန်းချသံ ကြားလိုက်ရသည်။

ရန်မျိုးနောင်သည် ဖုန်းကိုင်လျက် တန်းလန်းပင် စဉ်းစားနေလိုက်သည်။

လူသတ်သမားသုံးဦးသည် ယူသုံးစွဲသော လင့်ရိုဗာကားကို ကျိုက္ကဆံကွင်းဘေးတွင် ထားခဲ့သည်ဟု ဆိုသည်။

ဒေါ်ရင်ကြည်၏သား၊ စိုးစိုးကြည်၏အစ်ကို သေဆုံးသူ ကိုတင်မောင်ကြည်၏အိမ်သည် ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်းမှာဟု ဆိုပြန်သည်။

ကျိုက္ကဆံကွင်းဘေးနှင့် ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်းသည် သိပ်လှမ်းသည်မဟုတ်။ ခြေကျင်လျှောက်သွားဦးတော့ ဆယ့်လေးငါးမိနစ်သာ လျှောက်ရမည်။

ဒါဆိုလျှင် လူသတ်သမားသုံးဦးသည် ဘောက်ထော်ထဲရှိ တစ်နေရာရာတွင် နေထိုင်သူတွေများလား။

အို ... ဒါတွေကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေ စုံစမ်းလိမ့်မပေါ့ဟု ရန်မျိုးနောင်က သူ့ခေါင်းထဲမှ မောင်းထုတ်ပြီး ဖုန်းကိုပြန်ချထားလိုက်သည်။

ပြီး ... နံရံတွင် ကပ်ထားသော သံစုံတီးနာရီကြီးကို လှမ်းကြည့်သည်။

နံနက်(၈)နာရီပင် ထိုးပြီးလေပြီကော။

ရန်မျိုးနောင်သည် ကိုယ်လက်သန့်စင် အဝတ်များလဲပြီး ထမင်းစားပွဲတွင် ထိုင်လိုက်သည်။

ကော်ဖီသောက်၊ ပေါင်မုန့်စားနေစဉ်မှာပင် ရန်မျိုးနောင်၏ ခြံထဲသို့ ကားဝါလေးတစ်စီး ဝင်လာပြီး ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားဝါလေးပေါ်မှ အမျိုးသမီး လှလှလေး တ
ယောက် ဆင်းလာပြီး ပိတ်ထားသော သံတံခါးကို လှုပ်ခါရင်း

"ကိုပေါ်ဦး ... ကိုပေါ်ဦး"

"ဗျာ ... လာပါပြီ၊ ဟော ... မမဝိုင်း လာပြီလား"

"ရှင့်ဆရာကော ရောက်ပြီလား"

"ညကပဲရောက်တယ် မမဝိုင်း"

"ဟင်း ... ညကရောက်တာတောင် ဖုန်းမဆက်ဘူး၊ ကဲ ဖွင့်ပါ တံခါး"

ပေါ်ဦးက ပျာပျာနှင့်ပင် တံခါးကို ဖွင့်ပေးလိုက်သည်။

အမျိုးသမီးသည် လှမ်းကြည့်မြင်နေရသော ထမင်းစားခန်းသို့ တည့်မတ်စွာ ဝင်သွားသည်။

"ဟော ... ဝိုင်းပါလား၊ လာ ... ကော်ဖီသောက်ရအောင် တို့လည်း သောက်လက်စပဲ ရှိသေးတယ်"

ဝိုင်းက ဝင်ထိုင်လိုက်သည်။ ဝိုင်း၏ မျက်နှာလေးမှ အလိုမကျသောအသွင် ပေါ်လွင်နေပါ၏။

"ဝိုင်းတို့က မနက်ခုနစ်နာရီဆိုရင် အားလုံး ကော်ဖီသော[က်] ပြီးကြပြီ၊ အခု ရှစ်နာရီခွဲပြီးနေပြီ၊ ကိုမျိုးက ခုမှ ကော်[ဖီ] သောက်သလား"

"တို့ ရှစ်နာရီကမှ အိပ်ရာက ထတာ ဝိုင်း"

ဝိုင်းက မဲ့ပြသည်။ ဝိုင်းမဲ့ပုံလေးမှာ ကြည့်ကောင်းပါ၏။ ချစ်စရာ တစ်မျိုးကောင်းပါ၏။

"ကိုမျိုးနဲ့တော့ ခက်တယ်၊ သွားချင်သလိုသွား၊ နေချ[င်] သလိုနေ၊ စားချင်သလို စားပဲ"



"ယောက်ျားလေးပဲ ဝိုင်းရယ်"

"မဆိုင်ပါဘူး၊ ဒယ်ဒီလည်း ယောက်ျားပဲ၊ ဒါပေမဲ့ ဒယ်ဒီက အချိန်နဲ့စားတယ်၊ အချိန်နဲ့သွား၊ အချိန်နဲ့အိပ်ပဲ"

"အန်ကယ်လ်က လူကြီးပဲ"

"အို ... မဆိုင်တာ၊ မာမီက ပြောတယ်၊ ဒယ်ဒီဟာ လူပျိုကတည်းက စည်းနဲ့ ကမ်းနဲ့ နေတတ်တယ်တဲ့"

ရန်မျိုးနောင် ပခုံးတွန့်ပြလိုက်သည်။ ဝိုင်း ဆိုလိုသည်မှာ မိမိသည် စည်းမရှိ ကမ်းမရှိ နေတတ်သည်ကို ရှုတ်ချသည့်သဘောပင် ဖြစ်နေပါ၏။

ဤနေရာမှာလည်း မိမိနေတတ်သလို နေခြင်းနှင့် ဝိုင်းတို့က နေစေချင်သော ပုံစံချင်း မကိုက်ညီကြခြင်းပင် ဖြစ်သည်။

ပေါ်ဦးစကားနှင့် ဆိုပါလျှင် ဤအသေးအဖွဲ ကိစ္စလေးတွေမှာပင် အဝိုင်းနှင့်လေးထောင့်။ အံမကိုက်ခြင်း ဖြစ်နေရသည်။

"ညက ကိုမျိုး ပြန်ရောက်တယ်ဆို"

"အင်း"

"ဒါနဲ့တောင် ဝိုင်းဆီကို ဖုန်းမဆက်ဘူး၊ နေနိုင်တယ်"

"တို့ပြန်ရောက်တဲ့ အချိန်မှာ ဝိုင်း အိပ်ရာဝင်လောက်ပြီ ဝိုင်း၊ ဝိုင်းတို့က အချိန်နဲ့နာရီနဲ့ အိပ်ရာဝင်တာ မဟုတ်လား"

"ကိုမျိုးက ဘယ်အချိန်မှ ရောက်လို့လဲ"

"ဆယ်နာရီတောင် ခွဲသွားပြီထင်တယ်၊ တို့ ပြန်ရောက်တာ မိုးချုပ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပဲခူးက ဘယ်အချိန် ထွက်လာလို့လဲ"

"ရှစ်နာရီခွဲလောက်"

"ကိုမျိုး ကားနဲ့ဆိုရင် ကိုးနာရီသာသာ ပြန်ရောက်နိုင်တာပဲ၊ ကိုမျိုး ကားမောင်းကြမ်းတာ ဝိုင်းသိနေတာပဲဟာ"

"ဟုတ်တယ်၊ လမ်းမှာ ကိစ္စဝိစ္စလေးကြုံလို့ ကြာသွားတယ်"

"ဘာကိစ္စဝိစ္စလဲ"

ရန်မျိုးနောင်က ထောက်ကြံ့အနီးတွင် ညကကြုံခဲ့သမျှကို အကြမ်းဖျင်း ဝိုင်းအား ပြောကြားလိုက်သည်။

"အဲဒါတွေ ကိုမျိုးက ခက်တာပဲ"

ရန်မျိုးနောင် ပြောပြပြီး ဆုံးသွားသည်နှင့် ဝိုင်းက ဒုတိယအကြိမ် လှပစွာမဲ့ပြီး အပြစ်တင်သံလေးနှင့် ပြောလိုက်ပေသည်။

"ကိုယ်နဲ့မဆိုင်တာ ဝင်လုပ်ပေးတာကိုး၊ ဘုမသိ ဘမသိနဲ့ လမ်းပေါ်မှာ ကလေကချေ ဖြစ်နေတာတွေ ကြားထဲ ကိုမျိုးမို့ ဝင်တယ်"

ရန်မျိုးနောင်သည် ဆတ်ခနဲ ဝိုင်း၏မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ဘယ်လို ပြောလိုက်တာလဲ ဝိုင်း၊ ကိုယ့်မျက်စိအောက်မှာ ဖက်ပင်းကြီး မတရား အနိုင်ကျင့်နေတာကို ကိုယ်က ရှောင်ကွင်းရမလား၊ လူလူချင်း ဖြစ်နေတာကို မပြောနဲ့၊ ခွေးချင်းကိုက်နေတာ တွေ့တောင် တို့ကတော့ ဆင်းမောင်းပစ်မှာပဲ ဝိုင်း"



"ခွေးချင်းကိုက်တာကို ဆင်းမောင်းတာက ကိုယ့်ကို ဘာမှ မပတ်ဘူး၊ ကိုယ့်မှာ ဘာအန္တရာယ်မှ မရှိဘူး ကိုမျိုး၊ အခုဟာက ကိုမျိုးကို အမှုပတ်နိုင်တယ်၊ ဟို ... ထွက်ပြေးတဲ့ လူဆိုးသုံးယောက်ကကော ကိုမျိုးကို အန္တရာယ်ပြုနိုင်တယ်၊ ဝိုင်း ဆိုလိုတာက ကူညီတာတော့ ကူညီပေါ့၊ သူတို့ကို ရှောင်မောင်းလာပြီး ထောက်ကြံ့ရဲစခန်းမှာ ဝင်အကြောင်းကြားရင် သက်ဆိုင်ရာတွေက လုပ်ကြမှာပေါ့"

"မဟုတ်တာ၊ တို့ ထောက်ကြံ့အထိ မောင်းနေတဲ့အချိန် ထောက်ကြံ့က သက်ဆိုင်ရာတွေ ပြန်သွားတဲ့အချိန်မှာ အနိုင်ကျင့်ခံရတဲ့ လူခမျာ ဆက်ပြီးအနိုင်ကျင့်ခံနေရမတဲ့လား၊ တို့မှာ ဒီလို လျစ်လျူရှုနိုင်တဲ့စိတ်မျိုး မရှိဘူး ဝိုင်း၊ ဖေဖေနဲ့ မေမေ မကွယ်လွန်မီကရော ပဲခူးက ဘိုးဘိုးကရော တို့ကို ငယ်ငယ်တည်းက သွန်သင်ထားတယ်၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်မျက်စိအောက်မှာ ဒုက္ခရောက်နေတဲ့လူ၊ အနိုင်စက်ခံနေရတဲ့ လူကိုတွေ့ရင် တတ်နိုင်သလောက် ကိုယ်က ဝင်ကူညီပါတဲ့"

ဝိုင်းက နားထောင်ရင်း မီးကင်ထည့်ထားသော ပန်းကန်ထဲမှ ပေါင်မုန့်ချပ်တွေကို အဓိပ္ပာယ်မရှိ ခက်ရင်းဖြင့်ထိုးလိုက်နုတ်လိုက် လုပ်နေသည်။

"အင်း ... ကိုမျိုးမှာလည်း ပဲခူးက ဘိုးဘိုးကြောင့် တစ်ဒုက္ခပဲနော်"

"ဘာရယ် ဝိုင်း၊ တို့မှာ ပဲခူးက ဘိုးဘိုးကြောင့် တစ်ဒုက္ခ ဟုတ်လား"

ရန်မျိုးနောင် ပြန်ပြောပုံမှာ ဒေါသသံ ပါသွားသည်။ မျက်နှာထားလည်း တင်းမာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းက ပြုံးလိုက်ပါ၏။

"ဝိုင်းဆိုလိုတာက ကိုမျိုးဟာ ပဲခူးက ဘိုးဘိုးဆီကို စနေ တနင်္ဂနွေ ရုံးပိတ်တိုင်းလည်း သွားတယ်၊ အခုဆိုလည်း ရုံးပျက်ခံပြီး သွားတယ်၊ ကိုမျိုးရဲ့ ဘိုးဘိုးအပေါ်မှာ သံယောဇဉ်ကြီးလွန်းတာကို ဒုက္ခလို့ပြောတာပါ"

"အဲဒါ ဒုက္ခမဟုတ်ဘူး၊ သုခ သိလား၊ တို့မှာ အဖေအမေ လည်း မရှိတော့ဘူး၊ တစ်လောကလုံးမှာ ဒီအဘိုးနဲ့ ဒီမြေးပဲရှိတာ၊ ဘိုးဘိုးဆီ တို့သွားတဲ့အခါ ပျော်တယ်၊ ဘိုးဘိုးနဲ့ သွားတွေ့တာ သုခပါ ဝိုင်း၊ သုခမှ မဟာသုခ"

"ဒါဆိုလည်း ရန်ကုန်ကို ခေါ်ထားပါလား၊ ကိုမျိုးအိမ်မှာ အဲဒီ ဘိုးဘိုးကို ခေါ်ထားပါလား"

"ခေါ်တာမှ ရှိခိုးပြီးခေါ်တယ် ဝိုင်းရေ၊ ဘိုးဘိုးက လုံး ခေါ်လို့ မရတာ၊ ဘိုးဘိုးကို ဝိုင်း ဘာမှတ်လို့လဲ၊ သူများ အိမ်မှာ မှီခိုနေထိုင်တာမျိုး ဘိုးဘိုးက လုံးဝလက်မခံဘူး တို့ကိုတောင် လောကကြီးမှာ ကိုယ့်တူးကိုယ်ချွန်ပါ၊ ကိုယ် ထီးကိုယ်ဆောင်းပါ၊ သူတစ်ပါးရဲ့ထီးရိပ်မှာ ဝင်ကပ်ပြီး မခိုနဲ့တဲ့၊ သူတစ်ပါးအရိပ်မှာ ဝင်ကပ်ခိုတဲ့ စိတ်ဓာတ်ဟာ လူပျင်းလူညံ့တွေရဲ့ စိတ်ဓာတ်လို့တောင် ပြန်ပြောလိုက် သေးတယ်"

ဝိုင်းက ပြုံးလိုက်သည်။ ဝိုင်း ပြုံးပုံမှာ ရန်မျိုးနောင် က သူ့ဘိုးဘိုးအား အမွှမ်းတင်ပြောဆိုနေသော စကားတွေမှာ အာကရုံ ပါကရုံတွေဟု သဘောပိုက်သည့် အပြုံးမျိုး ဖြစ်နိုင်ပါ လေ၏။



"ကဲပါလေ၊ အခု ဝိုင်းလာတာ ကိုမျိုးကို လာခေါ်တာပါ၊ ဒယ်ဒီက ကိုမျိုးနဲ့ တွေ့ချင်နေတယ်၊ ပဲခူးက ပြန်ရောက် နေပြီဆိုရင် ခေါ်ခဲ့ပါတဲ့၊ ဒီနေ့ စနေနေ့ဆိုတော့ ဒယ်ဒီ အားလပ်နေတယ်"

"ဘာလဲ တို့ ရုံးမတက်ဘဲ ပျက်ကွက်တာတွေ ဝိုင်းဒယ်ဒီ က ပြောမှာပဲ မဟုတ်လား"

"အဲဒါလည်း ပါမှာပေါ့လေ၊ ကိုမျိုး ရုံးပျက်တာတွေဟာ ဒယ်ဒီ မျက်နှာပူစရာ ဖြစ်နေတယ်၊ ဒီအေအီးရာထူး ကိုမျိုးရအောင် ဒယ်ဒီက လုပ်ပေးထားတာ မဟုတ်လား၊ ကိုမျိုးရဲ့ပျက်ကွက်မှုတွေ အလုပ်ကို မလေးစားတာတွေ ဟာ ဒယ်ဒီ့တာဝန် ဖြစ်နေတယ်တဲ့"

"ဟုတ်တယ် ဝိုင်း"

ရန်မျိုးနောင်သည် စားသောက်ခြင်းကို လက်စသတ် ပြီး လက်သုတ်ပဝါဖြင့် လက်သုတ် နှုတ်ခမ်းသုတ်လိုက်သေးသည်။

"ညက အိပ်မပျော်ခင် တို့ အဲဒါတွေ စဉ်းစားပါတယ်၊ အလုပ်ထဲမှာ တို့ ပေါ့တီးပေါ့ဆ လုပ်တာတွေ၊ ခရီးထွက် သွားလို့ ရုံးပျက်တာတွေဟာ အန်ကယ့်မှာ လူကြီးချင်း အားနာစရာ မျက်နှာပူစရာ ဖြစ်နေရှာပြီလို့၊ ဒါကြောင့် အန်ကယ် လူကြီးချင်း မျက်နှာမပူရအောင် အားမနာရ အောင် တို့က လုပ်ရတော့မယ်လို့"

"ဟာ ... သိပ်ဟုတ်တာပေါ့၊ ကိုမျိုး သိပ်လိမ္မာလာပြီ၊ ဒါဆို ကိုမျိုး အလုပ်ကိုကြိုးစားပြမယ်၊ ခွင့်တွေမယူတော့ ဘူး၊ ရက်မပျက်တော့ဘူးပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းက အားတက်သရောလေးပြောရင်း မျက်နှာလေးပြုံးနေသည်။ ရန်မျိုးနောင်ကြည့်ပြီး သူ၏ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်သည်။

"အဲဒီလို မဟုတ်ဘူး ဝိုင်း၊ တို့ အလုပ်က ထွက်စာတင်ဖို့ ညက ဆုံးဖြတ်လိုက်တာ"

"ဘာ ... ကိုမျိုး"

"ဟုတ်တယ် ဝိုင်း၊ တို့ ရုံးကအလုပ်မှာ မပျော်ဘူး၊ စိတ်လည်းမပါဘူး၊ ဆက်လုပ်ရင် အနက်ကယ့်အတွက် တို့ကြောင့် လူကြီးချင်း မျက်နှာပူစရာတွေ အားနာစရာတွေ ထပ်ပြန်တလဲလဲ ဖြစ်ဦးမှာပဲ"

"ကိုမျိုး ဘာတွေ လျှောက်ပြောနေတာလဲ၊ ပြန်တမ်းဝင် အရာရှိစာရင်းဝင် အေအီးအလုပ်ဆိုတာ လွယ်လွယ်နဲ့ရတဲ့ အလုပ်လား၊ ကိုမျိုးလို အာ(ရ်)အိုင်တီက ဘီအီးဘွဲ့ရပြီး အလုပ်မရသေးတဲ့လူတွေ တစ်ပုံကြီး သိလား၊ ကိုမျိုးကို တစ်ခါတည်း အေအီးတန်းရတာဟာ ဒယ်ဒီရဲ့မျက်နှာ ဒယ်ဒီရဲ့စွမ်းဆောင်ချက်ပါ"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း တို့ကြောင့် အနက်ကယ်ဆက်ပြီး မျက်နှာမပျက်ရအောင် တို့ အလုပ်ကထွက်ဖို့ ဆုံးဖြတ်တာလို့ ပြောပြီးပြီပဲ ဝိုင်း"

"ဟွန်း ... အလုပ်ကထွက်တော့ ကိုမျိုးက ဘာလုပ်မှာလဲ"

"စာရေးဆရာ လုပ်မယ်လေ"

ဝိုင်း နှုတ်ခမ်းမဲ့လိုက်ပြန်သည်။

"စက်မှုတက္ကသိုလ်မှာ ခြောက်နှစ်ခွဲလောက်တက်ပြီး ဘီအီးဘွဲ့ယူခဲ့ပြီးမှ စာရေးဆရာ လုပ်မတဲ့လား၊ ဒါဆို အစက



ဟိုတ်စကူးမှာ ရှစ်တန်းအောင်ကတည်းက စာရေးဆရာလုပ်ရောပေါ့"

"စာရေးဆရာကို နှိမ်လှချည်လား ဝိုင်း"

"အထင်ကြီးစရာမှ မဟုတ်တာ၊ ဒီမယ် ကိုမျိုး၊ အခု ကိုမျိုး ပြောနေတာတွေဟာ ဝိုင်းကို မခံချင်အောင် တမင်စနေတာလား၊ ဒါမှမဟုတ် တကယ် အတည်ပြောနေတာလား"

"တကယ် အတည်ပြောနေတာ ဝိုင်း၊ တနင်္လာနေ့ ရုံးဖွင့်တာနဲ့ တို့ ထွက်စာတင်မှာ"

ဝိုင်း၏မျက်နှာသည် သိသိသာသာ တင်းမာသွားသည်။

"လက်နဲ့ရေး ခြေနဲ့ဖျက်ပဲ၊ ဖေဖေက တမင်တကူးတကလုပ်ပေးတာကို ကိုမျိုးက တန်ဖိုးမထားတဲ့ သဘောပဲ"

"အဲဒီလို သဘောတော့ မဟုတ်ဘူး ဝိုင်း၊ တို့ကိုယ်တိုင်က ဒီအလုပ်ကို စိတ်မဝင်စားတာရယ်၊ ဆက်လုပ်လေ အနက်ကယ့်မှာ တို့ကြောင့် မျက်နှာပျက်ရလေတွေ ဖြစ်မှာစိုးတာရယ် ကြောင့်ပါ"

"ဒါဆို ကိုမျိုးနဲ့ ဝိုင်း လက်ထပ်ဖို့ ကိစ္စကျရော"

"ရတယ်လေ။ ဝိုင်းကြိုက်တဲ့ အချိန်မှာ လက်ထပ်ပါ၊ အခုချက်ချင်းဆိုလည်း အခုချက်ချင်းပေါ့"

"ဟွန်း ... လက်ထပ်လိုက်ရင် ဝိုင်းက စာရေးဆရာကတော်ပေါ့၊ ဟုတ်လား"

ရန်မျိုးနောင်က ဘာမှမပြောပေ။

"ရုံးစာရေးကတော်ကမှ အဆင့်မြင့်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုမပြောနဲ့ ဝိုင်း၊ အခု တို့ဝတ္ထုတစ်ပုဒ် ရေးပြီးတာနဲ့ အခု အအေးလခရဲ့ ဆယ့်ငါးဆလောက် ရတယ်”

“အဆတစ်ရာ ရတော့ကော ဘာလုပ်ရမှာလဲ ကိုမျိုး၊ ကိုမျိုးလည်း ချမ်းသာတယ်၊ ဝိုင်းတို့လည်း ချမ်းသာတယ်၊ ဝိုင်းပြောနေတာက ငွေကြေးလခရမှုပေါ်မှာ မူတည်ပြီးပြော နေတာ မဟုတ်ဘူး၊ ရာထူးရာခံနဲ့ ဂုဏ်ရှိဖို့ ပြောတာ”

“ဝိုင်းက စာရေးဆရာဆိုတာ ဂုဏ်မရှိဘူးလို့ ဆိုချင်တာ လား”

“ဆိုချင်တာ မဟုတ်ဘူး၊ ဆိုကိုဆိုနေတာ၊ အလကားအလုပ်၊ မိတ်ဆွေချင်းတွေ့လို့ မိတ်ဆက်ပေးရင်တောင် ကိုယ့်ခင်ပွန်း က စာရေးဆရာပါလို့ နှုတ်ကပြောမထွက်ရဲတဲ့ အလုပ်၊ မင်္ဂလာဆောင် ဖိတ်စာရိုက်ရင်တောင် သတို့သားဟာ စာရေးဆရာလို့ ဂုဏ်ပုဒ်ထည့်ရိုက်လို့ မလှပတဲ့အလုပ်”

“ဒီမယ် ဝိုင်း၊ အခုတစ်ထိုင်တည်းမှာပဲ ဝိုင်းဟာ လောက ကြီးမှာ ကိုယ်အခင်တွယ်ဆုံးနဲ့ အမြတ်နိုးဆုံး နှစ်ခုကို မလိုလားတဲ့စကားတွေ ပြောနေတယ်၊ ပထမဆုံး ပဲခူးက ဘိုးဘိုးကို မလိုမလား ပြောတယ်၊ အခု စာရေးဆရာ အလုပ်ကို မလိုမလား ပြောရုံမကဘူး၊ စော်ကားတဲ့အသုံး အနှုန်းတွေနဲ့ပါ ပြောနေတယ်၊ အပြောဆင်ခြင်ပါ ဝိုင်း”

“ကဲ ... ဒါဆိုလည်း ဝိုင်းပြောမယ်၊ ကိုမျိုး သိပ်ဝါသနာ ပါတဲ့ စာရေးဆရာ အလုပ်ကိုလည်းလုပ်လေ၊ လက်ရှိ အအေးရာထူးကလည်း မထွက်နဲ့၊ ပထမဦးစားပေးအနေနဲ့ လက်ရှိရာထူးက အလုပ်ကို လေးလေးစားစားလုပ်၊ ဝါသနာ နဲ့ စာရေးတဲ့ အလုပ်ကတော့ ဒုတိယဦးစားပေးထားပြီး အားလပ်တဲ့အချိန်မှာ လုပ်ပေါ့၊ ဘယ့်နှယ်လဲ ကိုမျိုး”



“မဖြစ်ဘူး ထင်တယ် ဝိုင်း၊ အဲဒီလို နှစ်ခုတွဲပြီး လုပ်နေ သမျှ ရုံးလုပ်ငန်း ရုံးတာဝန်တွေ ပျက်ကွက်မှာပဲ၊ စာရေး တယ်ဆိုတာက သူ့ဇာတ်လမ်း ဇာတ်ကွက်အရ ဒေသန္တရ ခရီးထွက်ရတာမျိုးရှိတယ်၊ ဥပမာ ... ကချင်ပြည်နယ်ထဲက အကြောင်းဆိုရင် ကိုယ်တိုင်က ကချင်ပြည်နယ်ကို သွား လေ့လာရမယ်၊ ရှမ်းပြည်နယ်ဆိုလည်း ရှမ်းပြည်နယ်၊ မြိတ်ဆိုမြိတ် သွားရတာမျိုး၊ ရုံးအလုပ်တစ်ဖက်နဲ့ ဘယ် ဖြစ်ပါ့မလဲ”

“ကိုမျိုး သိပ်ခေါင်းမာတယ်”

“မမာပါဘူး ဝိုင်း၊ တို့ဝါသနာနဲ့ စိတ်ဝင်စားမှုအပေါ်မှာ မူတည်ပြီး ပြောနေတာပါ”

“ဒါဆိုရင်တော့ ဝိုင်းနဲ့ ကိုမျိုး လက်ထပ်ဖို့ကိစ္စဟာ တစ် မျိုးတစ်မည် ဖြစ်လာလိမ့်မယ် ကိုမျိုး”

“တို့ကတော့ လက်ထပ်ဖို့ကိစ္စမှာ တစ်မျိုးတစ်မည် မဖြစ် ဘူး ဝိုင်း၊ ဖေဖေနဲ့မေမေ မကွယ်လွန်ခင်က ပေးထားတဲ့ တို့ကတိအတိုင်း တစ်သမတ်တည်းပဲ”

ဝိုင်း ထိုင်ရာမှ ဆိုးခနဲ ဆတ်ခနဲပင် ထရပ်လိုက် သည်။

“ဒီမယ် ကိုမျိုး၊ ဝိုင်း နောက်ဆုံးစကား ပြောမယ်၊ ဒီနေ့ စနေနဲ့ နက်ဖြန် တနင်္ဂနွေနှစ်ရက် ကိုမျိုးမှာ စဉ်းစားချိန် ရပါတယ်၊ စဉ်းစားပါဦး၊ အဲ ... တနင်္လာနေ့မှာ ကိုမျိုး ထွက်စာတင်ပြီ ဆိုတာနဲ့ ဝိုင်းနဲ့ ကိုမျိုး လက်ထပ်ဖို့ကိစ္စ ကို ဝိုင်းကဖျက်တ[illegible]ရုပ်သိမ်းတယ်ပဲ ကိုမျိုး”

www.burmeseclassic.com

www.burmeseclassic.com



"သဘောပဲ ဝိုင်း၊ ဒါဆိုရင် ဝိုင်းဘက်ကစပြီး ဖျက်သိမ်းတာ ဖြစ်သွားတာပေါ့၊ တို့က ဖျက်သိမ်းတာမှ မဟုတ်တာ"

ဝိုင်းသည် နှုတ်ပင်မဆက်တော့ဘဲ ချာခနဲလှည့်ကာ ခြေသံလေး တမင်ပြင်းပြင်းနင်းပြီး ထွက်သွားတော့သည်။

ကားတံခါး ဆောင့်ပိတ်သံ၊ နံပါတ်တစ်ဂီယာကို လိုသည်ထက် ပိုမောင်းပြီး ဂူးခနဲ မောင်းထွက်သွားသံကို ရန်မျိုးနောင် အတိုင်းသား ကြားရပါ၏။

"မမဝိုင်း တော်တော် စိတ်ဆိုးသွားပုံပဲ ဆရာ"

"အင်း ... သူနဲ့ ငါနဲ့ ကိစ္စပြတ်သွားတယ် ပေါ့ဦး"

"ဆရာ့ရင်ထဲမှာ မထိနိုက်ဘူးလား ဆရာ"

"ခင်မင်နေတဲ့ မိတ်ဆွေတစ်ယောက် လျော့နည်းသွားတာလောက်တော့ ဖြစ်မိတယ်ပေါ့ကွာ"

"နှမြောစရာကြီးပါ ဆရာ"

"မင်းက ဘာကို နှမြောတာလဲ ပေါ့ဦး"

"ဩော် ... မမဝိုင်းက ရုပ်လည်းချောတယ်။ တက္ကသိုလ်ဘွဲ့လည်း ရပြီးသား၊ မိဘလည်းချမ်းသာတယ်၊ ကိုယ်လုံးကိုယ်ထည်ကလည်း အယ်နေတာပဲ၊ ဒါကို ဆရာလက်လွှတ်ပစ်တာ နှမြောစရာကြီးလို့ ပြောတာပါ"

ရန်မျိုးနောင် ပြုံးပါ၏။

"မင်းနှမြောတာတွေ အားလုံးက အပေါ်ယံမြင်ကွင်းတွေပဲ ပေါ့ဦး၊ တကယ်တော့ လူမှာ တကယ် အဖိုးအတန်ဆုံးက ဗီဇစိတ်ဓာတ်ကွ၊ နောက်ပြီး လူမှာ တကယ်လိုအပ်တာက နှလုံးသားမေတ္တာပဲ ပေါ့ဦး၊ ငါ့အဖို့ ဝိုင်းမှာ အဲဒီနှစ်ချက်



စလုံး မပြည့်စုံဘူးလေကွာ၊ တကယ်လို့ လက်ထပ်ဖြစ်သွားရင်တောင် တကျက်ကျက် စကားများရမယ့်ကိန်းပါ ပေါ့ဦး"

ရန်မျိုးနောင်သည် ဘာဆိုဘာမှ မခံစားရသလို ရှိနေသည်။

"ကဲ ... ငါ အပြင်သွားဦးမယ်"

"ဆရာ့ကြည့်ရတာ ဘာမှမဖြစ်သလိုပဲနော်"

"ဟ ... ဘာမှမှ မဖြစ်တာ၊ ဘာမှ မဖြစ်သလိုပဲပေါ့ ပေါ့ဦးရာ"

❋ ❖ ❋

www.burmeseclassic.com



ရန်မျိုးနောင်သည် သူ၏ကားဖြူကြီးကိုမောင်းကာ အင်းစိန်ဆေးရုံသို့ ဦးတည်မောင်းလာခဲ့သည်။

ယနေ့နံနက် အိပ်ရာမှ ထလာကတည်းက စိတ်မကောင်းစရာနှင့် စိတ်ပျက်စရာနှစ်ခု ရန်မျိုးနောင် ဆုံစည်းရသည်။

စိတ်မကောင်းစရာမှာ မနေ့က မိမိကိုယ်တိုင် လမ်းတွင်ကယ်ဆယ်ပြီး မွေ့မွေ့ပိုက်ပိုက် ပြုခဲ့ရသော ကိုတင်မောင်ကြည် ဆိုသူသည် ကုသလိုက်ရသော်လည်း ကွယ်လွန်သွားခြင်းအတွက်ဖြစ်သည်။

စိတ်ပျက်စရာမှာ ဝိုင်းနှင့် မချေမင် ဖြစ်ခဲ့ရခြင်းဖြစ်ပါ၏။

ရန်မျိုးနောင်၏နှလုံးသားသည် ယနေ့အချိန်ထိ အဖြူခံသက်သက်ပင် ရှိသေးသည်။ မည်သည့်အမျိုးသမီး တစ်ဦးတလေမှ ရန်မျိုးနောင်၏ နှလုံးသားတွင် နေရာမယူနိုင်သေးပေ။

ဖေဖေနှင့် မေမေ့အား ပေးထားသော ကတိကြောင့် တစ်နေ့ကျလျှင် ဝိုင်းနှင့်လက်ထပ်ရမည်ဟု စိတ်အစွဲကြောင့်လည်း ရန်မျိုးနောင်သည် သူ့နှလုံးသားကို အဖြူခံသက်သက်ပင် ထား ရှိလိုက်သည်မျိုးလည်း ဖြစ်ပါ၏။



တစ်နည်းဆိုသော် ရန်မျိုးနောင်၏ နှလုံးသားကို ဝိုင်းက လေးဖက်လေးတန် ဘောင်ခတ်ထားသလို ရှိနေသည်ဟု ဆိုနိုင်သည်။

ယခုမူ ခတ်ထားသောဘောင် မရှိတော့ပြီ။ ဝိုင်းကိုယ်တိုင်ကပင် လက်ထပ်ရေးကို ဖျက်သိမ်းသွားလေပြီ။

ဝိုင်းက ဖျက်သိမ်းခြင်းမို့ ကွယ်လွန်သွားသော ဖေဖေနှင့် မေမေ့အပေါ်တွင် ရန်မျိုးနောင် ကတိဖျက်ရာမရောက်၊ အစွာပျက်ရာ မရောက်ဟု ရန်မျိုးနောင် ရင်ထဲက မှတ်ချက်ချသွားလိုက်သည်။

ဘာပဲပြောပြော ရန်မျိုးနောင်အဖို့ လွတ်လပ်သွားခြင်းတော့ အမှန်ပင်။

မိမိဘာသာ ဝါသနာအလျောက် သွားချင်ရာသွား လုပ်ချင်ရာလုပ်ပေမင့် ဝိုင်းနှင့် ဝိုင်းမိဘက မိမိအပေါ် အရိပ်လို ခွမ်းမိုးနေသလို တထင့်ထင့် ခံစားရသည်။

ယခုမူ ဒါတွေ မခံရတော့ပြီ။ အရိပ်မည်းကြီးအောက်မှ လွတ်သွားပေပြီ။

တစ်ခုပဲ စိတ်ပျက်မိသည်။

ဖေဖေနှင့်မေမေ အသက်ရှင်စဉ်က ရင်းနှီးခင်မင်ကြသည့် ညွန်ကြားရေးမှူးချုပ် ဦးဘ[redacted]ခနီး ဒေါ်ခင်ဝိုင်းနှင့်သမီး ဝိုင်း မိသားစုနှင့်တော့ ရန်မျိုးနောင် အဆက်အသွယ် အခင်အမင် ပျက်သွားရသည်။

မတတ်နိုင်ပြီ။

အင်းစိန်ဆေးရုံကို အဝေးမှ လှမ်းမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံထဲအထိ မိမိကားကို ယူမသွားဘဲ မနီးမဝေး လမ်းဘေးကုက္ကိုပင်ကြီးအောက်တွင် ကားရပ်သည်။ မှန်ပိတ် သော့ပိတ်ထားခဲ့ပြီး ဆေးရုံကြီးသို့ လျှောက်လာခဲ့သည်။

သေဆုံးသွားသူ ကိုတင်မောင်ကြည်၏မိခင် ဒေါ်ရင်ကြည်နှင့် ညီမ စိုးစိုးကြည်တို့ မည်သူတွေ ဖြစ်မည်လဲဟု အဓေး ကပင် အကဲခတ်ကြည့်မိသည်။

လောလောဆယ် ကိုတင်မောင်ကြည်၏အလောင်း ကို ကြံတောအအေးတိုက်သို့ ပို့ဆောင်ရန် လူ ဆယ့်လေးငါး ယောက်လောက် ဝိုင်းအုံပြီး အစီအစဉ်များ ပြုနေသည်။ ဝိုင်းဝန်း ဆောင်ရွက်နေသူများမှာ အများအားဖြင့် လူကြီးပိုင်းနှင့် လူရွယ် သုံးလေးဦးခန့် တွေ့ရသည်။ အသက်အစိတ်ဝန်းကျင်ခန့် အမျိုး သမီးသန့်သန့် သုံးလေးဦးကိုလည်း လှမ်းမြင်ရပါ၏။

မနေ့ညက ကိုတင်မောင်ကြည် ဆုံးသွားသည်။ သူ၏လိပ်စာကို ရှာဖွေခြင်း စုံစမ်းခြင်းဖြင့် ကာယကံရှင် ဒေါ်ရင် ကြည်နှင့် စိုးစိုးကြည်တို့ ကိုတင်မောင်ကြည် ဆုံးဆုံးချင်း မသိ တန်ရာ။ အသိနောက်ကျပုံရသည်။ ညတွင်းချင်း သတင်းစာတွင် နာရေးထည့်ချိန် ရမည်မဟုတ်။ ယနေ့သတင်းစာတွင် မပါနိုင်။

ထို့ကြောင့် ဒေါ်ရင်ကြည်နှင့် စိုးစိုးကြည်တို့၏အနီး ကပ်ဆွေမျိုးမိတ်သင်္ဂဟလောက်သာ ရောက်ရှိဆောင်ရွက်နေခြင်း ဖြစ်တန်ရာသည်။

ဒေါ်ရင်ကြည်နှင့် စိုးစိုးကြည် မည်သူတွေလဲဟု ရှာ ဖွေရန်မှာ လွယ်ကူပါ၏။ ငိုယိုထားသော မျက်နှာနှစ်ခုကို လိုက်ရှ ကြည့်လိုက်ခြင်းဖြင့် ထင်းခနဲ သိသာသည်။



ဒေါ်ရင်ကြည်သည် အသက်(၅၀)ခန့်အရွယ် ရှိသည်။ ဦးခေါင်းတွင် ငွေရောင်ဆံပင် တချို့တစ်ဝက် ရှိနေသည်။ အရပ် ရှည်ရှည် အသားဖြူဖြူဖြင့် ကိုယ်ဟန်သွယ်သည်။ ကထိကတစ်ဦး ပီပီ မြင်ရုံနှင့် လေးစားလောက်သော ရုပ်သွင်ရှိပါ၏။

စိုးစိုးကြည်မှာ အသက်(၂၃)လောက်ဟု ရန်မျိုးနောင် ခန့်မှန်းသည်။ မိခင်ဒေါ်ရင်ကြည်လောက် အသားမဖြူ။ အညို ဘက်သို့ သမ်းသည်။ အစ်ကိုဆုံးပါးမှုကို ငိုကြွေးထားခြင်းကြောင့် မျက်နှာတွင် ပကတိအသားရောင် ပေါ်လွင်နေသည်။

စိုးစိုးကြည်သည် ညိုသော်လည်း စိုစိုပြည်ပြည်ရှိလှ သည်။ အညိုရောင် အသားလေးကပင် ဝင်းဝင်းပပ ရှိနေသည်။ ကော်ကိုင်းအနက်ရောင်ဖြင့် ပါဝါမျက်မှန် တပ်ထားသည်။

မျက်မှန်ထဲက မျက်ဝန်းများပင်လျှင် ကြည့်ကောင်း သည်။ မျက်ခုံးထူပြီး မျက်တောင်ကော့သည်။

စိုးစိုးကြည်၏ ကိုယ်ထည်မှာ ကြော့ရှင်းသည်။ မျက ကျောပြင်မှာဖြစ်စေ ဝမ်းဗိုက်မှာဖြစ်စေ အသားပို အသားဆီများ ဆစ်အစ်နေခြင်း လုံးဝမရှိ။ ရင်နှင့်တင်များမှာ ဆူဖြိုးမို့မောက် ခြင်း မဟုတ်သော်လည်း သူမ၏အရပ်မောင်းဖြင့် လိုက်ဖက်ကြည့် ကောင်းအောင် စို့စို့ပို့ပို့လေးတွင် ရှိသည်။

ပညာပြည့်မိန်းကလေးမို့လားမသိ၊ ဝတ်စားဆင်ယင် မှာ ရိုးရိုးယဉ်ယဉ်လေး ဝတ်ထားသည်။ ရင်ဖုံးအင်္ကျီ မထူမပါး အဖြူကို ဝတ်ထားသည်။ ထဘီမှာ အနက်ခံတွင် အဖြူရောင် ပန်းပွင့်လေးများပါသော ထဘီဖြစ်သည်။ ထဘီကို ခြေမျက်စိသို့ အနားရောက် ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံကေသာမှာ နက်မှောင်ပြီး အုံကောင်းသည်။ နောက်တွင် တစ်ပတ်လျှိုထုံးပြီး ဆံဖျားကို တွဲလွဲချထားသည်။ တစ်ပတ်လျှိုထုံးသော အထုံးသည်ပင် ထန်းသီးလုံးခန့်ရှိသည်။

ညိုပြီး လှသည်။ အသားချောသည်။ ကိုယ်ဟန်ကြော့ရှင်းသည်။ ဣန္ဒြေရသည်။ များစွာ မြန်မာဆန်သော စိုးစိုးကြည်ပါပေ။

လာစဉ်ကတော့ မိမိသည် ညက ကိုတင်မောင်ကြည်အား လူဆိုးလက်မှ ကယ်တင်ပြီး ဆေးရုံသို့ပို့ပေးသော ရန်မျိုးနောင်ပါဟု ဒေါ်ရင်ကြည်နှင့် စိုးစိုးကြည်ကို မိတ်ဆက်ရန်ဖြစ်ပါ၏။

သို့သော် သူတို့သားအမိတွင် ကမ္ဘာမီးလောင် ခံစားနေရပုံရသည်။ မိမိသွားရောက်မိတ်ဆက်မှုသည် ဆီမီးခွက်ဝင်တောက်သလို ဖြစ်သွားမှာစိုးသည်။ နောက်မှ အေးအေးဆေးဆေးကျမှ တွေ့ဆုံမိတ်ဆက်ရန် ဆုံးဖြတ်လိုက်သည်။

မလှမ်းမကမ်းမှပင် အတန်ကြာ ရပ်ကြည့်နေမိသည်။ ပုံသဏ္ဌာန်မှာ ကိုတင်မောင်ကြည်၏ အလောင်းကို ကြံတောအအေးတိုက်ပို့ပြီး ကြံတောလောင်တိုက်မှာပင် မီးသဂြိုဟ်မည့် အစီအစဉ်များ ပြုနေပုံရသည်။

ဝန်းကျင်တွင် ကိုယ်ပိုင်ကား ဆယ်စီးခန့် ရပ်ထားသည်ကို တွေ့ရသည်။ ကားတွေမှာ တစ်စီးလျှင် သုံးသိန်းအထက်တန်ဖိုးရှိ ကားတွေချည်း ဖြစ်သည်။ ဒါကိုထောက်လျှင် ကထိက ဒေါ်ရင်ကြည်နှင့် မဟာဝိဇ္ဇာတန်း နည်းပြဆရာမလေး စိုးစိုးကြည်တွင် မိတ်ကောင်းဆွေကောင်းနှင့် အောက်မကျသော ဆွေမျိုးအသိုက်အဝန်း ရှိနေပုံရသည်။



အုံ့သြစရာပင်။

ကထိက ဒေါ်ရင်ကြည်၏သား၊ နည်းပြဆရာမလေး စိုးစိုးကြည်၏ အစ်ကိုသည် အထက်တန်းကျကျ၊ ဣန္ဒြေရရ မိသားစုမှ ပေါက်ဖွားသူ ဖြစ်ပါလျက် အဘယ်ကြောင့် လူသတ်သမားတွေနှင့် ပတ်သက်ရလေသနည်း။ အဘယ်ကြောင့် လူသတ်သမားတွေက ကိုတင်မောင်ကြည်ကို သတ်ခဲ့သနည်း။

ရန်မျိုးနောင်သည် ကိုတင်မောင်ကြည်၏ အလောင်းကို ကားပေါ်တင်နေစဉ်မှာပင် ဆေးရုံကြီးပေါ်သို့ တက်ခဲ့သည်။

ရုံးခန်းတွင် တာဝန်ကျနေသော ထဘီပြာနှင့် သူနာပြုဆရာမလေးနှင့် ရန်မျိုးနောင် တွေ့ဆုံပါ၏။

ဆရာမလေးထံတွင် ညက အင်မာဂျင်စီ တင်မောင်ကြည်ကို ခွဲစိတ်ကုသပေးသော ဆရာဝန်ကို မေးကြည့်သည်။

"ညက နိုက်ဂျူတီကျပြီး အင်မာဂျင်စီကုသတာ ဒေါက်တာရဲမြင့်ပါရှင်၊ နံနက်ခြောက်နာရီကပဲ ဂျူတီပြီးလို့ ပြန်သွားပါပြီ"

"အဲဒီ ဒေါက်တာရဲမြင့်ရဲ့ အိမ်လိပ်စာလေးများ ကျွန်တော်သိခွင့်ရမလား ဆရာမ"

"ရပါတယ်ရှင်"

ဆရာမလေးက သဘောကောင်းပြီး ဖော်ရွေသည်။ ပြည်သူအများနှင့် ဆက်ဆံရသော ဆေးရုံလို နေရာမျိုးတွင် ဤသို့သော ဆရာမလေးမျိုးတွေချည်းရှိလျှင် ကောင်းပေမည်ဟု ရန်မျိုးနောင်က တွေးရင်း မော်တော်ကားရှိရာသို့ တဖြည်းဖြည်းလျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးသော့ဖွင့်ပြီး တံခါးဖွင့်စဉ်မှာပင် နောက်မှ အသံတစ်ခုကြားသဖြင့် လှည့်ကြည့်လိုက်သည်။

“အစ်ကို ဘယ်သွားမှာလဲဟင်”

ကောင်မလေး တစ်ယောက်ကို တွေ့ရသည်။

ကောင်မလေးဟုပင် ခေါ်ရမည် ဖြစ်ပါ၏။ သူမသည် ရှိလှပါမှ ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်မျှသာ။

ကောင်မလေး၏ နှာသီးထိပ်ဖျားကလေး နီနေသည်။ နားရွက်လေးများလည်း ပန်းနုရောင်ပြေးနေသည်။ မျက်ခွံလေးတွေ မို့နေသည်။ သူမ၏မျက်ဝန်းထဲတွင် ရီဝေနေသည်။ နှုတ်ခမ်းစုံမှာ ထူထူအမ်းအမ်းလေး ဖြစ်နေသည်။

ကောင်မလေး ငိုထားပါ၏။

“တို့ ပြန်မှာကတော့ စမ်းချောင်း။ ဒါပေမဲ့ စမ်းချောင်း မပြန်ခင် အင်းစိန်ရွာမ အေးသိဒ္ဓိလမ်းထဲကို ခဏသွားမယ်၊ နေပါဦး၊ အမိလေးက တို့ကို ဘာလို့လာမေးတာလဲ”

“နွေပွင့် ကားကြုံလိုက်ပါရစေလား အစ်ကို”

သူမ၏နာမည်မှာ နွေပွင့်ဟု ရန်မျိုးနောင် အမှတ်သညာ ထားလိုက်မိသည်။

နာမည်လေးက မဆိုးပေ။ နာမည်လေးထဲတွင် ချစ်စရာနှင့် ကရုဏာသက်စရာလေးများ ပါဝင်နေသလို ထင်ရသည်။

သူမ၏ငိုထားသော မျက်နှာလေးက သိသာသောကြောင့် ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသလို သူမ၏နာမည်လေးအပေါ်တွင် ရန်မျိုးနောင် ကရုဏာသက်မိခြင်းပေလားတော့ မပြောတတ်။



“ဒီကနေ တည့်တည့်ကြီး လျှောက်သွားရင် လမ်းမကြီးကို ရောက်သွားမယ်၊ လမ်းမကြီးမှာ ဟိုင်းနိုးဘတ်(စ်)ကားကြီးတွေ ဥဒဟိုသွားဆွဲနေသားပဲ”

“အဲဒါကို နွေပွင့် သိပါတယ် အစ်ကို၊ အလာတုန်းကလည်း အဲဒီ ဟိုင်းနိုးဘတ်(စ်)ကားနဲ့ပဲ နွေပွင့်လာခဲ့တာပါ၊ ဒါပေမဲ့ မကောင်းဘူး အစ်ကို”

“ဘာမကောင်းတာလဲ”

“နွေပွင့်က သတင်းကြားကတည်းက ငိုမိတယ်၊ ငိုလျက်သားကြီးနဲ့ ထွက်လာခဲ့တယ်၊ ဒီတော့ ငိုထားတဲ့ နွေပွင့်ကို ဘေးကလူတွေက အထူးအဆန်းလုပ်ပြီး ကြည့်တယ်၊ တချို့ ကောင်လေးတွေက နွေပွင့်ကို အမြင်သေးပြီး ထိကပါး ရိကပါးတွေ လိုက်လုပ်တယ်၊ ဒါကြောင့် အပြန်ကို ဒီအတိုင်းပြန်ရမှာ ကြောက်လို့ပါ အစ်ကို၊ နွေပွင့် ကမာရွတ်မီးပွိုင့်နားမှာ ဆင်းမှာပါ၊ အစ်ကို စမ်းချောင်းကိုပြန်တဲ့လမ်း ကြုံပါတယ်”

မှန်၏။ ကောင်မလေးက ချောချောလှလှလေးဖြစ်သည်။ အဝတ်အစားက နွမ်းပါးသည်။ မျက်နှာက ငိုယိုထားသည်။ အဖော်မပါ။ တစ်ယောက်တည်း ဘတ်(စ်)ကား[illegible] လမ်း ဆေါ်လျှောက်ဆိုလျှင် ရန်ကုန်မြို့ပေါ်တွင် အမဲလိုက် အချဉ်ဖမ်းနေသည့် သရဲလေးတွေ မုဆိုးလေးတွေ အုပ်နှင့် သင်းနှင့် နေရာအနှံ့ ရှိနေတတ်သည်။

“ကဲ ... တက်”

ရန်မျိုးနောင်က ရှေ့ဟိုဘက်တံခါးကို တွင်သွား ဖွင့်ပေးလိုက်သည်။

www.burmeseclassic.com



လွယ်လွယ်ကူကူ ဖွင့်ပေးသည်မို့ ရှေ့တံခါးဖွင့်ပေးခြင်းသာဖြစ်သည်။ နောက်တံခါးတွေက သော့ခတ်ထားပြီမို့ ဖွင့်ရသည်မှာ တကူးတကရှိသောကြောင့်ပင်။

နွေပွင့် ဆိုသည့် ကောင်မလေးသည် မော်တော်ကားကြီး၏ အတွင်းခန်း ထည်ဝါသော အရှိန်အဝါကြောင့် တက်ထိုင်ဖို့ပင် မရွံ့မရဲလေး ဖြစ်နေပုံရသည်။

သူမလေးအဖို့ ဤမော်တော်ကားကြီးပေါ် တက်စီးရသည်မှာ အိပ်မက်ထဲတွင် ပန်းရထား စီးရသည်ထက်ပင် ပိုမိုထည်ဝါနေသလားဟု ထင်မိသည်။

"ကဲ … လိုက်မယ်ဆိုလည်း တက်လေ၊ စိတ်ချ၊ တို့က အမိလေးကို လက်ဖျားနဲ့တောင် မတို့ဘူး"

"အို … အစ်ကိုလိုရုပ်မျိုးက အင်မတန် စိတ်ထားမြင့်မြတ်မှန်း နွေပွင့် မြင်ရုံနဲ့ သိပြီးသားပါ၊ နွေပွင့်လိုလူနဲ့ ကားကြီးပေါ် တက်ထိုင်ရမှာ အားနာနေလို့"

"ကဲ … တက်ဟာ၊ အချိန်ကုန်တယ်၊ မော်တော်ကားဆိုတာ လူစီးဖို့ပဲ"

နွေပွင့် တက်ထိုင်သည်။

ရန်မျိုးနောင်လည်း ကားထဲဝင်ပြီး မောင်းထွက်လာခဲ့သည်။

ဖော်ရွေကူညီတတ်သော ထဘီပြာ ဆရာမလေးပေးသည့် လိပ်စာအတိုင်း တစ်ထပ်တိုက်လှလှလေးရှိသော ခြံဝင်းထဲသို့ ကားကို ချိုးကွေ့ ဝင်ခဲ့သည်။

ဒေါက်တာရဲမြင့်က ညက လူနာလာပို့သော ရန်မျိုးနောင်ကို မှတ်မိနေပါ၏။



အိမ်ထဲသို့ ဖိတ်ခေါ်ပေးသည်။

"ဆောရီးပဲဗျာ၊ ညကလူနာ ကိုတင်မောင်ကြည်ရဲ့အသက်ကို ဘယ်လိုမှ မကယ်တင်နိုင်ခဲ့ဘူး၊ ခေါင်းက ဒဏ်ရာက အကြောင်းမဟုတ်ဘူး၊ ရင်ဘတ်က ဓားဒဏ်ရာက နှလုံးကို ထိသွားတယ်၊ ဆေးရုံရောက်ပြီး ကုသတဲ့အထိ အသက်ရှင်နေတာကပဲ အဲဒီလူဟာ စိတ်ဓာတ်ပြင်းထန်ပြီး စိတ်ဆောင်လွန်းလို့ဗျာ"

"မတတ်နိုင်ဘူးပေါ့ ဒေါက်တာ၊ သူ့ကံပဲပေါ့၊ အခု ကျွန်တော်လာတာ အဲဒီ ကိုတင်မောင်ကြည်ဟာ မသေမီ ဒေါက်တာတို့ကို တစ်ခုခု ပြောသွားသလားလို့ပါ"

ဒေါက်တာရဲမြင့်က ခေါင်းမှဆံပင်များထဲသို့ လက်ထိုးသွင်းလိုက်သည်။

"အေးဗျ၊ ဒီလူဟာ တစ်ခုခုတော့ သုံးခါလောက် ဆက်ပြောတယ်၊ ဒါပေမဲ့ သူပြောတိုင်း ပါးစပ်ထဲက သွေးတွေ ထွက်တယ်"

"သူပြောတာ ဘာလဲ ဒေါက်တာ"

"ဂူးဝေါင်ဝိန်းတဲ့"

"ဗျာ … ဂူးဝေါင်ဝိန်း … ဟုတ်လား"

"ကျွန်တော့်နားထဲတော့ သုံးခါစလုံး ဂူးဝေါင်ဝိန်းတဲ့လို့ပဲ ကြားတာပဲ"

ရန်မျိုးနောင် စဉ်းစားသည်။ ဘယ်လိုစဉ်းစားစားကာမှ ဂူးဝေါင်ဝိန်း ဆိုသည့် စကားသည် ဘာအဓိပ္ပာယ်မှ ထွက်မလာပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တစ်ခုတော့ စဉ်းစားမိတယ် ကိုရန်မျိုးနောင်၊ ကျွန်တော်တို့ မြန်မာလိုတော့ သေအံ့ဆဲဆဲလူဟာ မေးစေ့ နေပြီဆိုတဲ့ စကားမျိုး ကိုရန်မျိုးနောင် ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဒေါက်တာ"

"အဲဒီ မေးစေ့နေပြီဆိုတဲ့ စကားက သေခါနီးလူဟာ မေးကြောတွေ လျှာတွေ အလုပ်မလုပ်တော့တာကို ဆိုလိုတာပဲ၊ ဒီတော့ ကိုတင်မောင်ကြည်ဟာ သေအံ့မူးမူး မေးစေ့နေပြီး နာမည်တစ်ခုခုကို သူက ထုတ်ပြောတာ ဖြစ်နိုင်မလားဘဲ၊ ဒါပေမဲ့ မေးကြော သေနေတာနဲ့ လျှာသေနေတာကြောင့် သူပြောချင်တဲ့ နာမည်ကို ပီပီသသ မဖြစ်တော့ဘဲ ပူးဝေါင်ဝိန်း ဆိုတဲ့ အသံထွက်တာလို့ ထင်စရာပဲ၊ ပူးဝေါင်ဝိန်းဆိုတာကို ကိုရန်မျိုးနောင် အသံထွက်ကြည့်လေ၊ မေးကြော၊ မေးစေ့ လှုပ်စရာမလိုဘူး၊ နှုတ်ခမ်းနှစ်ခု လှုပ်စရာ မလိုဘူး၊ လျှာလှုပ်စရာ မလိုဘူး"

ရန်မျိုးနောင်သည် သူ့ဟာသူ ပူးဝေါင်ဝိန်းဟု တိုးတိုးလေး ခေါ်ကြည့်သည်။

ဟုတ်ပါ့။ ဘာမှလှုပ်စရာမလိုပေ။

"ဒီပြင်ကော ကိုတင်မောင်ကြည်နဲ့ ပတ်သက်ပြီး ဒေါက်တာ့အနေနဲ့ ထူးထူးခြားခြားလေးတွေ သတိထားသေးလား ဒေါက်တာ"

ဒေါက်တာရဲမြင့်က ခေါင်းခါပြသည်။

ဒေါက်တာရဲမြင့်မှာ နိုက်ဂျူတီယူခဲ့သဖြင့် ယခုမှီးလင်းတွင် အနားယူချင်ပေမည်။

ဩော် ... သနားစရာပါလား နွေပွင့်။



ကောင်မလေးသည် မော်တော်ကား၏ ဘေးပေါင်ကို ခေါင်းမှေးပြီး အိပ်ပျော်နေရှာသည်။

ပါးပေါ်တွင် မျက်ရည်စီးချောင်းလေးများ အရာထင်းနေသည်။ ဝိုင်းစက်ပြီး မို့သောရင်ကလေးမှာ အသက်ရှူလေတိုင်း နိမ့်တုံမြင့်တုံ ဖြစ်နေသည်။

ကားစက်နှိုးလိုက်သောအခါ နွေပွင့် လန့်နိုးသွားသည်။

"ဟင် ... ဟင် ... ဟဲ"

ကောင်မလေး အိပ်ရာမှလန့်အနိုးတွင် ကယောင်ကတန်းလေးဖြစ်သည်။ အိပ်ရာမှ ဖျတ်ခနဲ နိုးသူများသည် ဖြုန်းခနဲ ကိုယ့်ဟာကိုယ် ဘယ်ရောက်လို့ ရောက်မှန်းမသိသောအဖြစ်မျိုးပင်။

"နွေပွင့် အိပ်သွားသလား၊ တို့ နည်းနည်းကြာသွားကယ်၊ ဆရာဝန်နဲ့ စကားကောင်းနေလို့"

"ဩော် ... ဟုတ်ကဲ့ အစ်ကို၊ နွေပွင့် မှေးခနဲ ဖြစ်သွားတယ်၊ ကားကူရှင်ကြီး အိစက်နေတော့ ဓိမ်ကျပြီး အိပ်ပျော်သွားမိတယ် အစ်ကို"

ရန်မျိုးနောင် ဘာမှဆက်မပြောတော့ဘဲ အေးသိဒ္ဒိလမ်းမှထွက်သည်။ ရွာလမ်းမကြီးမှ အင်းစိန်ကားလမ်းမကြီးပေါ် တက်ခဲ့သည်။

"နွေပွင့်က ဘာလို့ ဆေးရုံကြီးနားကို ရောက်လာတာလဲ၊ ဘာဖြစ်လို့ ငိုထားတာလဲ"

"ဘာလို့ ငိုထားတာလဲက စပြောရမှာပဲ အစ်ကို၊ အစ်ကို တင်မောင်ကြည် ဆုံးသွားတာကို ဝမ်းနည်းလို့ပါရော၊ နွေပွင့်

www.burmeseclassic.com

www.burmeseclassic.com



တို့ သားအမိမှာ အားကိုးရာမဲ့ ဖြစ်သွားတာရောကြောင့် ငိုတာပါ၊ ဘာလို့ ဆေးရုံနားကို ရောက်လာတာလဲ ဆိုတာကတော့ အစ်ကိုတင်မောင်ကြည်ရဲ့သတင်းကို ဒီနေ့မနက် ကြားရတယ် အစ်ကို၊ ဒါကြောင့် လာကြည့်တာ၊ ဒါပေမဲ့ အဝေးကပဲ ကြည့်ရဲတယ်၊ အစ်ကိုတင်မောင်ကြည်ဆီလာတဲ့ လူတွေက အစ်ကို့လိုပဲ ကားကြီးတွေနဲ့၊ တကယ့် လူကုံထံတွေ၊ နွေပွင့် အနားမကပ်ရဲဘူး၊ ဒီအထဲမှာ အစ်ကို့ကို ကြည့်ရတာ တစ်မျိုးပဲလို့ နွေပွင့် မြင်တယ်လေ”

“ဘယ်လိုမြင်တာလဲ”

“အစ်ကိုက ကားကို ဆေးရုံနဲ့အဝေးကြီးမှာရပ်ပြီး လမ်းလျှောက်လာတယ်၊ နောက်ပြီး နွေပွင့်လိုပဲ အစ်ကိုတင်မောင်ကြည်ရဲ့အလောင်းကို အဝေးကပဲ ကြည့်တယ်၊ နွေပွင့်ကတော့ အဆင့်အတန်းမတူလို့ မကပ်ရဲတာ၊ အစ်ကိုကတော့ သူတို့လိုပဲ အဆင့်အတန်း ရှိသားနဲ့ အဝေးကကြည့်တာ ဘာလို့ပါလဲလို့ နွေပွင့် တွေးနေမိတာ”

“ဪ ... နွေပွင့်က တို့ကို အစအဆုံး ကြည့်နေတာပါလား”

“ဟုတ်တယ် အစ်ကို၊ အစ်ကို့ကြည့်ရတာ တစ်မျိုးထူးခြားနေလို့”

ရန်မျိုးနောင် မောင်းရင်း စဉ်းစားသည်။ သည်ကောင်မလေးသည် ကိုတင်မောင်ကြည် သေဆုံးသွားသည့်အတွက် ငိုသည်။ အားကိုးမဲ့သွားသည်ဟုလည်း ပြောသည်။

နေပွင့်နှင့် တင်မောင်ကြည် ဘယ်လိုများ ပတ်သက်နေကြပါလိမ့်။



ကောင်မလေးကို ကြည့်ရသည်မှာ တကယ့် အပျိုည် အပျိုသွေး အပြည့်ရှိနေသည်။ ငုံရာမှ တအားပွင့်နေသော န်းပွင့်လေးသဏ္ဌာန်သာ ရှိသည်။ အိမ်ထောင်သည် တစ်ယောက်၏ အသွင်အပြင် လုံးဝမတွေ့ရ။

ပြီး သည်ကောင်မလေးထံမှ တင်မောင်ကြည်၏ အကြောင်း သိရှိနိုင်သည်။

“တို့ မေးမယ်၊ အခု ဆုံးသွားတဲ့ ကိုတင်မောင်ကြည်နဲ့ နွေပွင့် ဘယ်လိုပတ်သက်လဲ”

“အစ်ကိုတင်မောင်ကြည်က ကိုကိုသက်ရဲ့ သူငယ်ချင်းလေ၊ သိပ်ခင်တဲ့ သူငယ်ချင်းတွေ၊ ကိုကိုသက် ထောင်ကျသွားတော့ အစ်ကိုတင်မောင်ကြည်က ကိုကိုသက်ကိုယ်စား နွေပွင့်တို့ကို ထောက်ပံ့တယ်၊ အခု အစ်ကိုတင်မောင်ကြည် ဆုံးသွားတော့ နွေပွင့်တို့ သားအမိ ထမင်းငတ်မလားဘဲ”

ပြောရင်းပင် နွေပွင့် ငိုသည်။ ရှိုက်သံလေးထွက်လာသည်။

ရန်မျိုးနောင်က ငိုသည့်အရှိန် တန့်သွားသည်အထိ စောင့်ပြီးမှ ထပ်မေးသည်။

“ကိုကိုသက် ဆိုတာက ဘယ်သူလဲ”

“နွေပွင့်ရဲ့ အစ်ကိုအရင်းပါ၊ အမေနဲ့နွေပွင့်ကို ကိုကိုသက်ကပဲ လုပ်ကျွေးနေတာ၊ ကိုကိုသက် ထောင်ကျသွားတော့ အစ်ကိုတင်မောင်ကြည်က ကိုကိုသက် ကိုယ်စား နွေပွင့်တို့ကို ထောက်ပံ့နေတာ”

“နွေပွင့်ရဲ့ ကိုကိုသက် နာမည်ကကော”

“ကိုသက်ညွန့်တဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ထောင်ကျတာလဲ"

"ကိုမြတ်သင်း ဆိုတဲ့လူနဲ့ စကားများ ရန်ဖြစ်ပြီး ကိုကိုသက်က ဓားနဲ့ထိုးတယ်၊ အမှုဖြစ်တယ်၊ ကိုကိုသက်ကို ထောင်နှစ်နှစ်ချလိုက်တယ်"

"ဓားထိုးခံရတဲ့ ကိုမြတ်သင်းရော ဘာဖြစ်သွားလဲ"

"ဘာမှမဖြစ်ဘူးလို့ အစ်ကိုတင်မောင်ကြည်က ပြောတယ်၊ သိပ်ထိုးမိတာလည်း မဟုတ်ပါဘူးတဲ့၊ ဒါပေမဲ့ အမှုဖြစ်တော့လည်း ထောင်ကျတာပေါ့ အစ်ကို"

"နွေပွင့်ကကော ကျောင်းတွေ ဘာတွေ မနေဘူးလား"

"ပြီးခဲ့တဲ့ နှစ်ကတည်းက နွေပွင့် ဆယ်တန်းအောင်ပါတယ်"

"ဘယ်ဆိုးလို့လဲ၊ တက္ကသိုလ် ဆက်မတက်ဘူးလား"

"ကိုကိုသက် ထောင်မကျရင်တော့ တက်နိုင်မှာပေါ့၊ နွေပွင့်တို့ ဆယ်တန်းအောင်စာရင်းထွက်ပြီး တစ်လလောက်အကြာမှာ ကိုကိုသက်က အမှုဖြစ် ထောင်ကျတာပဲ အစ်ကို"

ရန်မျိုးနောင် စိတ်ထဲတွင် နွေပွင့်အား ကရုဏာသက်မိသည်။

ပင်ရင်းစိတ်ဓာတ်ကိုကပင် သနားစရာကို သနားတတ်သောစိတ် ရန်မျိုးနောင်တွင် ရှိထားပြီးသား ဖြစ်ပါ၏။

"ဟိုရှေ့မှာ ကမာရွတ်မီးပွိုင့်ပဲ၊ နွေပွင့်ရဲ့အိမ်က ဘယ်မှာလဲ"

"အဲဒီမီးပွိုင့်နားမှာ၊ အစ်ကို ကားရပ်ချင်တဲ့နေရာ ရပ်ပါ အစ်ကို။ နွေပွင့် ဆင်းလျှောက်သွားရင် မဝေးတော့ပါဘူး"



"တို့ နွေပွင့်အိမ်ကို အလည်လာချင်လို့၊ ဘယ်လမ်းလဲ ဆိုတာသာပြော"

"အားနာလို့ပါ အစ်ကို"

"ဘာကို အားနာတာလဲ"

"နွေပွင့်တို့ အိမ်မျိုးကို အစ်ကို့လိုလူ လာမလည်သင့်ပါဘူး၊ အိမ်လေးက သေးသေးလေး၊ နောက်ပြီး နွေပွင့်တို့ လမ်းက အစ်ကို့ကား ဝင်လို့ရမှာ မဟုတ်ဘူး"

"လမ်းထိပ်မှာ ထားခဲ့ရင်ကော"

"ထားခဲ့ရင်တော့ ရတယ်၊ လမ်းထိပ်နဲ့လည်း သိပ်မဝေးပါဘူး၊ ဒါပေမဲ့ အစ်ကို့ကားကို လက်အငြိမ်မနေတဲ့ ကလေးတွေ တစ်ခုခုလုပ်မှာစိုးလို့ပါ"

"ရတယ်လေ၊ ကဲ ... ဘယ်ကိုကွေ့ရမယ်၊ ဘယ်မှာရပ်ရမယ်သာပြော"

"တကယ်ပဲ၊ အစ်ကိုက တစ်မျိုးကြီးပဲ"

နွေပွင့် ပြောသည့်အတိုင်း ကွေ့ပတ်မောင်းလာရာ ည်းတန်းလမ်းကြီး၏ လမ်းသွယ်လေးထိပ်တွင် နွေပွင့်က ကား ပ်ခိုင်းသည်။

"အဲဒီလမ်းလေးပဲ အစ်ကို"

"ကားဝင်လို့ ရသားပဲ"

"မဝင်ပါနဲ့ အစ်ကို၊ လမ်းက ကားတစ်စီးပဲ ဝင်လို့ရတယ်၊ ပြန်အထွက်လည်းခက်မယ်၊ တခြားကားတစ်စီး လာရင်လည်း ရှောင်စရာမရှိဘူး၊ နောက်ပြီး ..."

နွေပွင့်က စကားမဆက်ဘဲ ရပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"တချို့လူတွေက မြွေနီမ့်ရာ လုံစိုက်ချင်တယ် အစ်ကို၊ နွေပွင့်က ဆင်းရဲတော့ အထင်သေးကြတယ်၊ နွေပွင့်ကို အကျင့်ပျက်တယ်လို့ ထင်ကြတယ်၊ အစ်ကိုတင်မောင်ကြည် မော်တော်ဆိုင်ကယ်နဲ့ လာနေတာတောင် အမနာပ ပြောချင်တယ်၊ ဒါပေမဲ့ ကိုကိုသက် ရှိကတည်းက အစ်ကိုတင်မောင်ကြည်က လာနေကျဆိုတော့ တော်သေးတာပေါ့ အစ်ကို၊ ကဲ ... လာ အစ်ကို၊ နွေပွင့်ကို ဘယ်သူက ဘာ ထင်ထင် အစ်ကို တကူးတက လိုက်လည်တာကို နွေပွင့် ဝမ်းသာပါတယ်"

နွေပွင့်က ရှေ့ဆောင်ပြီး လမ်းသွယ်လေးထဲသို့ ခေါ်သွားသည်။

သုံးပင်နှစ်ခန်း ပျဉ်ကာသွပ်မိုး အိမ်ကလေးတစ်အိမ် ရှေ့ ရောက်သည်နှင့် နွေပွင့်က ခါးသာသာမြင့်သော ခြံစည်းရိုး တံခါးလေးကိုဖွင့်ကာ အထဲသို့ ဝင်လိုက်သည်။

"မေမေရေ ... မေမေ၊ သမီး ပြန်လာပြီ"

"အေး ... အေး၊ မေမေ စိတ်ပူနေတာ၊ အခုမှပဲ ရင်အေး ရတယ်"

ဘုရားစင်ရှေ့မှ အမျိုးသမီးကြီးတစ်ဦး ထလာသည်။ ယောဂီရောင်ပိတ်အင်္ကျီလက်ရှည်နှင့် ယောဂီရောင်ထဘီကို ဝတ် ဆင်ထားသည်။ ပခုံးတွင်လည်း ယောဂီရောင်ထဘီကို ဝတ်ဆင် ထားသည်။ ပခုံးတွင်လည်း ယောဂီရောင်တဘက် တင်ထားပါ၏။

အမျိုးသမီးကြီးသည် ပိန်ပေသည်။

လမ်းလျှောက်လာပုံကို မြင်ရသည်နှင့် မျက်စိတော် တော်ကြီး မှုန်နေကြောင်း သိသာသည်။



အမျိုးသမီးကြီးက အတွင်းမှ ခတ်ထားသောသော့ ကို လက်ဖြင့်စမ်းပြီး ဖွင့်ပေးလိုက်သည်။

"ဟုတ်ရဲ့လား သမီး၊ မောင်တင်မောင်ကြည် ဆုံးပြီဆိုတာ လေ"

"ဟုတ်တယ် မေမေ၊ နွေပွင့် ကိုယ်တိုင် အစ်ကိုတင်မောင် ကြည်ရဲ့အလောင်းကို တွေ့ခဲ့တယ်"

"ဘုရား ... ဘုရား၊ အနိစ္စ ဒုက္ခ အနတ္တပါလား နွေပွင့် လေးရယ်"

အမျိုးသမီးကြီးသည် ပြောရင်းပင် မှုန်သော မျက်စိ အိမ်မှ မျက်ရည်များ ကျလာသည်ကို ရန်မျိုးနောင် တွေ့ရသည် ရင်ထဲ နင့်ခနဲ ခံစားလိုက်ရပါ၏။

"ကဲပါ မေမေ၊ ဟောဒီမှာ ဧည့်သည်ပါလာတယ်၊ နွေပွင့် အပြန်မှာ တစ်ယောက်တည်း အပြန်စက်နေလို့ ဒီအစ်ကိုက လိုက်ပို့တာ"

"ကျေးဇူးပါပဲကွယ်၊ သမီးပဲ ဧည့်သည်ကို ဧည့်ခံပါ။ မေမေ ဘုရားအာရုံပြုပြီး မောင်တင်မောင်ကြည်အတွက် ကောင်း ရာသုဂတိလားဖို့နဲ့ အမျှအတန်းဝေပေးချင်လို့"

အမျိုးသမီးကြီး ဘုရားစင်သို့ ပြန်သွားသည်။

နွေပွင့်သည် အခန်းထောင့်မှ သင်ဖျူးဖျာချောလေး ခင်းလိုက်သည်။

"အစ်ကို ထိုင်နော်၊ နွေပွင့်တို့မှာ ကုလားထိုင်ဆိုလို့ ပက် လက်ကုလားထိုင် တစ်လုံးပဲရှိတယ်"

"ရတယ် နွေပွင့်၊ ဖျာချောချောလေးပေါ်မှာ ထိုင်ရတာ အရသာရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးနောင်သည် ဖျာပေါ်တွင် တင်ပျဉ်ခွေ ထိုင် လိုက်သည်။

အိမ်လေးကို အကဲခတ်လိုက်သည်။

အိမ်လေးကသေးသေး တစ်ထပ်အိမ်လေး ဖြစ် ကာမူ ပင့်ကူအိမ်မရှိ၊ ဖုန်မရှိ၊ ကြမ်းပြင်မှာ ပါလစ်တိုက်ထားသည် မဟုတ်ဘဲ နဂိုပျဉ်ပြားအရောင်အတိုင်း သန့်ရှင်းပြောင်လက် သည်။

နွေပွင့်သည် ထိုင်ရာမှထပြီး မီးဖိုဘက်လှမ်း ခြေလှမ်းပြင်သည်။

"ဘာလုပ်မလို့လဲ နွေပွင့်"

"ခတ်ဘူးထဲမှာ ရေနွေးရှိတယ် အစ်ကို၊ ရေနွေးကြမ် ထည့်မယ်လေ၊ ထန်းလျက်ဖြူဖြူလေးတွေလည်း ရှိတယ်

"လာပါ ... ထိုင်စမ်းပါ၊ တို့ ဘာမှမစားချင် မသောက် ချင်ဘူး နွေပွင့်"

နွေပွင့် ပြန်လာထိုင်ရှာသည်။

"အခု ကိုတင်မောင်ကြည် ဆုံးသွားပြီဆိုတော့ နွေပွင့် ဆက်ပြီး စားရေး သောက်ရေး ဘယ်လိုလုပ်မလဲ"

"နွေပွင့် အလုပ်တစ်ခုခု ထွက်လုပ်ရမှာပဲ အစ်ကို၊ ကို သက် ထောင်ကျကတည်းက နွေပွင့် အလုပ်လုပ်မလို့ ထောင်ထဲကနေပြီး ကိုကိုသက်က အစ်ကိုတင်မောင်ကြ ကတစ်ဆင့် ပြောတယ်၊ နွေပွင့် အလုပ်ထွက်မလုပ်နဲ့ မေမေ့အနားမှာပဲနေတဲ့၊ မေမေက မျက်စိကောင်းကော မမြင်တော့ နွေပွင့် အလုပ်ထွက်လုပ်နေတဲ့ အချိန်မှာ ခုခုဖြစ်မှာ စိုးတယ်တဲ့၊ နွေပွင့်တို့ လိုအပ်တဲ့ စရိတ်အား



သူ့သူငယ်ချင်း အစ်ကိုတင်မောင်ကြည် ထုတ်ပေးဖို့ ကိုကို သက်က မှာထားတယ်တဲ့၊ ဒါကြောင့် နွေပွင့် ထွက်ပြီး အလုပ်မလုပ်တာ၊ အခုတော့ လုပ်ရတော့မှာပဲ အစ်ကို"

"အလုပ်ထွက်လုပ်တော့ နွေပွင့်ရဲ့မေမေကို ဒီအတိုင်းထား ခဲ့ရမှာပေါ့၊ မပြောကောင်း မဆိုကောင်း မီးတွေ ဘာတွေ လောင်ရင် ဘယ့်နှယ်လုပ်မလဲ၊ နွေပွင့်တို့ရပ်ကွက်က လောင်ပြီဟေ့ဆို မလွယ်ကြောပဲ၊ အိမ်လေးတွေက စိပ်စိပ် လေးတွေ၊ ထရံကာ ဓနိမိုးအိမ်တွေလည်း အများကြီးပဲ"

"အဲဒါလည်း နွေပွင့် ထည့်စဉ်းစားပါတယ် အစ်ကို၊ မေမေ့ကို တစ်နေ့လုံး ပြုစုပေးနိုင်တဲ့လူလည်း မရှိဘူး၊ နောက်တစ်နည်း စဉ်းစားတာက နွေပွင့်တို့ရဲ့ဒီအိမ်လေးကို ရောင်းပြီး တစ်နေရာရာမှာ အိမ်ပြန်ငှားနေမယ်၊ အိမ်ဆိုင် လေးတည်ပြီး ဈေးရောင်းရင် ကောင်းမလားလို့လည်း နွေပွင့် အစ်ကိုကားနဲ့ လိုက်လာရင်း စဉ်းစားသေးတယ်"

ရန်မျိုးနောင်၏ရင်ထဲမှာရော ဦးနှောက်ကရော ချက် ချင်းအဆုံးအဖြတ် ပေးလိုက်သည်။

"ဒါဆို နွေပွင့် အလုပ်လည်း မလုပ်နဲ့၊ အိမ်လည်းမရောင်း နဲ့၊ လတ်တလော လိုအပ်တာကို တို့ကူညီမယ်၊ တဖြည်း ဖြည်း နွေပွင့် ဘာလုပ်ရင် ကောင်းမယ်ဆိုတာ တို့တတ်နိုင် သလောက် စီစဉ်ပေးမယ်"

"မဟုတ်တာပဲ အစ်ကိုရယ်၊ ဘုန်းကြီးအမှု ရှာပတ်ဖြစ်နေ မယ်၊ လောလောဆယ်လည်း နွေပွင့်တို့သားအမိသုံးဖို့ငွေ လေးငါးရာလောက် ရှိပါတယ်၊ ဆန်တို့ ဆီတို့လည်း တစ်လစာ ဝယ်ထားပြီးသား ရှိတယ်အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ၊ တို့အကူအညီကို လက်မခံချင်လို့လား၊ တို့က ဘာအမြော်အမြင်နဲ့မှ ကူညီတာ မဟုတ်ဘူး၊ သန့်သန့်ရှင်းရှင်း စေတနာသက်ရောက်ပြီး ကူညီမှာ၊ ကဲ ... တို့သွားမယ်၊ နက်ဖြန် သန်ဘက်လောက် တို့ တစ်ခေါက်လာခဲ့ဦးမယ်၊ ကိုတင်မောင်ကြည် ဆုံးသွားတာကို ဝမ်းနည်းတာတော့ ဝမ်းနည်းပေါ့ နွေပွင့်၊ ဒါပေမဲ့ အားတော့မငယ်နဲ့၊ အားကိုးမရှိဘူးဆိုပြီး စိတ်ဓာတ်မကျနဲ့၊ ကဲ ... သွားမယ်”

ရန်မျိုးနောင်သည် နွေပွင့်တို့အိမ်လေးမှ ထွက်လာခဲ့သည်။

အပြန်တွင် မိမိစာအုပ်ထုတ်ဝေနေသော စာအုပ်တိုက်မှ ထုတ်ဝေသူ ဦးစိန်စိုနှင့် ဝင်တွေ့သေးသည်။

ဝါသနာအရ စာအုပ်တိုက်တွင် တော်တော်ကြာအောင် စကားထိုင်ပြောနေမိသည်။

မွန်းလွဲညနေပိုင်းလောက်မှ စမ်းချောင်း၊ မဟာမြိုင်လမ်းအိမ်သို့ ပြန်ရောက်ပေသည်။

❋ ❖ ❋



(သုံး)

ထုတ်ဝေသူကလည်း ကော်ပီလိုချင်လှပြီ ဆိုသဖြင့် ရန်မျိုးနောင်သည် ညဦးပိုင်း ပေါင်ဦးစိမ်ပေးသော ညစာထမင်းစားပြီး စာရေးစားပွဲတွင် ထိုင်သည်။

ရန်မျိုးနောင်လိုလူအဖို့ ကော်ပီစာမူသည် အဓိကမဟုတ်။ မိမိရေးထုတ်လိုက်သောစာအုပ် ထွက်သည်နှင့် ပရိသတ်က လက်ခံသည်၊ ချီးကျူးသည်၊ ဩဘာပေးသည်ဆိုလျှင် စာရေးသူ ရန်မျိုးနောင် ပီတိဖြစ်ရသည်။ ကြည်နူးမှုအရသာ ခံစားရသည်။

ယင်းသို့ ပီတိနှင့် ကြည်နူးမှုအရသာ ခံစားရသည်ကို အခြားအရသာများနှင့် ရန်မျိုးနောင် မလဲနိုင်အောင်ပင်။

ငိုင်းဖြစ်ဖြစ် ဝိုင်းမိဘတွေဖြစ်ဖြစ် ဤအရသာမျိုးကို စားလည်း မခံစားတတ်၊ သည်အပေါ်တွင် အထင်လည်းမကြီးလှပေ။ သို့သော် ...

ယနေ့ညအဖို့ စာရေးစားပွဲကိုသာ ထိုင်သည်၊ ရန်မျိုးနောင် စာတစ်လုံးမှ မရေးဖြစ်သေး။

ခေါင်းထဲတွင် စာမူဆက်ရေးရန် ချာန်ငင်၍မရ။ နေ့တွေ့ကြုံခဲ့သမျှသာ ခေါင်းထဲတွင် ပလုံစီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မောင်ကြည် သေဆုံးရသည်ကို စဉ်းစားသည်။

ကိုတင်မောင်ကြည်ကို လူဆိုး သုံးယောက်သည် အဘယ်ကြောင့် သတ်လေသနည်း။

အကြမ်းအားဖြင့် ရန်မျိုးနောင် တွက်ကြည့်သည်။ ကိုတင်မောင်ကြည်က မော်တော်ဆိုင်ကယ်ဖြင့် လာမည်။ ကိုတင်မောင်ကြည် ဘယ်ကလာသနည်း။ ကိုတင်မောင်ကြည် စီးလာသော မော်တော်ဆိုင်ကယ်သည် လဲနေစေကာမူ ရန်ကုန်ဘက်သို့ ခေါင်းတည်ထားသည်။

လင့်ရီဗာကားကလည်း ရန်ကုန်ဘက် ဦးတည်လျက် ရှိသည်။ လူဆိုးသုံးဦး ထွက်ပြေးတော့လည်း ရန်ကုန်ဘက်မောင်း ပြေးသည်။

ဒါဆိုလျှင် ...

ပဲခူး၊ အင်းတကော်၊ ထုံးကြီး၊ ကဝ၊ လှည်းကူး စသည့် တစ်နေရာရာမှ ကိုတင်မောင်ကြည် မော်တော်ဆိုင်ကယ် ဖြင့်လာမည်။

*ဘယ်ကစပြီး လိုက်လာမှန်းတော့ မခန့်မှန်းတတ်။*

လင့်ရီဗာနှင့် လူဆိုးသုံးဦးသည် ကိုတင်မောင်ကြည်၏နောက်မှ လိုက်လာကြမည်။

ထောက်ကြံ့မရောက်မီ သုံးမိုင်ခန့်အကွာတွင် ကိုတင်မောင်ကြည်ကို မိသွားမည်။

ကောင်းပြီ၊ ကိုတင်မောင်ကြည်ကို မိပြီ။

ဘာကြောင့် လူဆိုးတွေ ကိုတင်မောင်ကြည်၏နောက်သို့ လိုက်ကြသနည်း။ အဘယ်ကြောင့် ကိုတင်မောင်ကြည်ကို ရန်ပြုလေသနည်း။



ခန့်မှန်းကြည့်လျှင် ကိုတင်မောင်ကြည်၏ အကျႌအိတ်ထဲမှ ပစ္စည်းတွေ လမ်းပေါ်ပြန့်ကျဲနေသည်မှာ လူဆိုးတွေက နှိုက်ယူပြီး သူတို့လိုချင်သောပစ္စည်း မဟုတ်သဖြင့် နှိုက်ယူကြည့်လိုက်၊ လိုချင်သောပစ္စည်းမဟုတ်၍ ဘေးလွှင့်ပစ်လိုက်လုပ်သည့် သဏ္ဌာန် ရှိနေသည်။

ဒါဆို ကိုတင်မောင်ကြည်ထံမှ ပစ္စည်းတစ်ခုခုကို သူတို့လိုချင်ကြ၍ ကိုတင်မောင်ကြည်၏နောက်သို့ ခြေရာခံလိုက်လာခြင်းဖြစ်မည်။

ဘာပစ္စည်း လိုချင်သလဲဟူ၍မူ ရန်မျိုးနောင်လို သူစိမ်းသက်သက် ဘေးလူအနေနှင့် မသိနိုင်။ ကိုတင်မောင်ကြည်နှင့် သူတို့လူဆိုးသုံးဦး အချင်းချင်းသာ သိကြမည်။

ဘာကြောင့် ကိုတင်မောင်ကြည်ကို သတ်သွားသနည်း။

လိုချင်သောပစ္စည်း ရသွားပြီးနောက် နှုတ်ပိတ်သည့် အနေဖြင့်လည်းကောင်း နောက်ပိုင်းရန် အေးရန်လည်းကောင်း သတ်သွားခြင်း ဖြစ်နိုင်ပါသည်။

သို့မဟုတ်ပါကလည်း ကိုတင်မောင်ကြည်က သူတို့ကို ခုခံမည်။ ခုခံသူကို အနိုင်သတ်ရင်း ပုတ်ရင်း လွန်သွားသည်မျိုးလည်း ဖြစ်နိုင်သည်ပင်။

ရန်မျိုးနောင် ခေါင်းကုတ်မိသည်။

တကယ်ဆိုမူ မိမိနှင့် ကိုတင်မောင်ကြည်၏ကိစ္စသည် ဘာဆိုဘာမျှမဆိုင်။ ကိုတင်မောင်ကြည် ဓားဒဏ်ရာဖြင့် သေဆုံးသွားခြင်းအတွက် ဆက်လက်စုံစမ်း အရေးယူဖို့မှာ သက်ဆိုင်ရာရဲအဖွဲ့၏ တာဝန်သာ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က စာရေးဆရာ တစ်ယောက်ဘဝ်ရှိနေခြင်း ဖြစ်ပါ၏။

အကြောင်းအရာ တစ်ခုပေါ်တွင် အတွေးခေါင်ချင်သည်။ သိချင် စပ်စုချင်သည်။ စိတ်ဝင်စားတတ်သည်။

မတွေးဘဲ နေမည်ဟု ဆိုသည့်ကြားကပင် သည်အကြောင်း ခေါင်းထဲ ပြန်ဝင်လာပြန်သည်။

ကိုတင်မောင်ကြည်၏မိခင် ဒေါ်ရင်ကြည်သည် လေးစားအပ်သော တက္ကသိုလ်မှ ကထိကတစ်ဦး ဖြစ်သည်။

ကိုတင်မောင်ကြည်၏ညီမ စိုးစိုးကြည်ကလည်း လေးစားအပ်သူပင်။

သည်ကြားထဲ ကိုတင်မောင်ကြည်က စုန်းပြူးပြီး လူဆိုးလူမိုက်တွေနှင့် အဆက်အသွယ်ရှိနေသည်။

ကိုတင်မောင်ကြည်သည် ဘယ်လိုလူလဲ။

အဲ ... ကိုတင်မောင်ကြည် ဘယ်လိုလူ ဆိုသည်ကို သေချာသိရလျှင် ကိုတင်မောင်ကြည်ကို ဘယ်သူက ဘာကြောင့် သတ်သလဲ ဆိုသည်ကို ခြေရာခံနိုင်မည်။

ကိုတင်မောင်ကြည်သည် ဘယ်လိုလူ ဖြစ်သည်ကို သူ၏မိခင် ဒေါ်ရင်ကြည်နှင့် ညီမစိုးစိုးကြည်က သိတန်သရွေ့ သိမည်။

ဒေါ်ရင်ကြည်နှင့် စိုးစိုးကြည်တို့ ကိုတင်မောင်ကြည်အတွက် အပူမီး အသင့်အတင့် ငြိမ်းအေးလောက်သည့် အချိန်ကျမှ သွားရောက်တွေ့ဆုံ မေးမြန်းရန် ရန်မျိုးနောင် ဆုံးဖြတ်လိုက်သည်။

ခြော် ... တစ်ယောက် ရှိသေးသည်။



နွေပွင့်။

သည်ကောင်မလေးလည်း တင်မောင်ကြည်နှင့် ပတ်သက်နေသည်။

ကောင်မလေး၏အစ်ကို ကိုကိုသက်ခေါ် ကိုသက်ညွန့်နှင့် ကိုတင်မောင်ကြည်သည် အလွန်ရင်းနှီးသော အပေါင်းအသင်းတွေ ဖြစ်သည်ဟု ဆိုသည်။

ဒါဆိုလျှင် ကိုတင်မောင်ကြည်သည် ဘာတွေလုပ်သည်ဆိုသည်ကို နွေပွင့်ထံမှ သိနိုင်မည်။

ကိုတင်မောင်ကြည်သည် ဘယ်လိုလူစားဆိုသည်ကိုလည်း နွေပွင့်ထံမှ သိနိုင်မည်။

သည်ကောင်မလေးနှင့် မျက်စိမကောင်းသော မိခင်ကို တွေ့ရပြီး မိမိကိုယ်တိုင် ကရုဏာစိတ်တွေ များနေသဖြင့် ကိုတင်မောင်ကြည်၏ အကြောင်းတွေ နွေပွင့်ကို မမေးမိ။

ယနေ့ လတ်တလော ပူပူနွေးနွေးကြီးတွင် ကောင်မလေး နွေပွင့် မျက်ရည်တဝဲဝဲ ပူဆွေးနေသေးသည်မို့ ကိုတင်မောင်ကြည်၏အကြောင်း မေးလည်းမမေးသင့်ပေ။

နက်ဖြန် သန်ဘက်လောက်ဆိုလျှင် နွေပွင့်ဆီလည်း သွားရန် စိတ်ကူးထားသဖြင့် နောက်ထပ်တွေ့မှ မေးတော့မည်ဟု ဆုံးဖြတ်ရပြန်သည်။

ကဲ ... အပိုတွေ တွေးနေ စဉ်းစားနေမယ့်အစား ကိုယ်ရေးလက်စ ကော်ပီစာမူလေး ရေးဦးမှဟု ရန်မျိုးနောင် ရေးလက်စစာမူဆီသို့ စိတ်လည်သွားပြန်သည်။

စာရေးမည်ဆိုကာမှ အိတ်(စ်)ပို့ဒူးယားကို ညှိသည်။ ဖွာသည်၊ ရှူရှိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရေးသေးမီ စီးကရက်ကိုဖွာပြီး ရေးတော့မည့် အကြောင်းအရာကို စဉ်းစားသည်။

ထို့ပြင် ရေးနေလျက်ကပင် ဓာတ်ကွက်မှာဖြစ်ဖြစ်၊ ဓာတ်လမ်းမှာဖြစ်ဖြစ် ထစ်သွားလျှင် စီးကရက်မီးညှိရှူဖွာပြီး ဓာတ်လမ်းဓာတ်ကွက်ကို စဉ်းစားသည်။ ဒါက အကျင့်ကြီးကို ပါနေသည်။

ယခုလည်း စားပွဲပေါ်တွင် အသင့်ရှိနေသော ဘူးဝါဝါမှ စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်။

မီးညှိရန် မီးခြစ်ရှာသည်။

မတွေ့။

စာရေးစားပွဲပေါ်တွင် ရန်မျိုးနောင်သည် အိတ်(စ်)ပို့ ဒူးယားစီးကရက်ဘူးနှင့် ဂက်(စ်)မီးခြစ်တစ်ခု အဆင်သင့်အမြဲ ထားလေ့ရှိသည်။ ယခု မီးခြစ်ရှာမတွေ့ပြန်ပေ။

ပေါ်ဦးလက်ချက်ပင် ဖြစ်မည်။

အိမ်တွင် လျှပ်စစ်မီး မှန်မှန်လာနေလျှင် ပေါ်ဦးက လျှပ်စစ်မီးဖိုကို အသုံးပြုပြီး တည်စရာ ချက်စရာများ တည်ချက်သည်။

တည်ချက်ချိန်တွင် လျှပ်စစ်မီး မလာပါက ပေါ်ဦးသည် မီးသွေးမီးဖိုကို မီးမွှေးပြီး တည်ချက်လေ့ရှိသည်။

မီးသွေးမီးဖို မီးမွှေးပြီဆိုလျှင် ပေါ်ဦးသည် အလွယ်တကူ စာရေးစားပွဲပေါ်မှ ဂက်(စ်)မီးခြစ်ကိုယူပြီး အသုံးပြုလေ့ရှိသည်။

ပြီး ... ဘယ်တော့မှ မီးခြစ်ကို စားပွဲပေါ်ပြန်လာမထားတတ်။ ယခုလည်း ပေါ်ဦးလက်ချက်ပင် ဖြစ်မည်။



"ပေါ်ဦး ... ဟေ့ ... ပေါ်ဦး"

အသံမကြားရ။ ရန်မျိုးနောင်သည် မီးမပါသော စီးကရက်ခဲရင်း ပေါ်ဦး အိပ်ခန်းသို့ ထလာခဲ့သည်။

ခွေးကောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရသည်။

ကိုယ် စီးကရက်သောက်ရုံလေးနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ပေါ်ဦးအား မနှိုးချင်သဖြင့် ထွက်လာကာ မီးဖိုခဲ ဝင်ခဲ့သည်။ ဂက်(စ်)မီးခြစ်ကို ရှာသည်။

မတွေ့ပါလေ။

ပြန်ထွက်လာခဲ့သည်။ စားပွဲအေးတွင် ခဏရပ်စဉ်းစားသည်။ လူ့စိတ်ဆိုသည်က ခက်လှသည်။

မီးခြစ်မရှိပါဆိုမှ ဆေးလိပ်က ပိုပြီးသောက်ချင်လာသည်။ ရန်မျိုးနောင်သည် အိပ်ခန်းနံရံတွင် ချိတ်ထားသော အင်္ကျီများဆီသို့ လျှောက်သွားသည်။

ဤအိမ်တွင် ရန်မျိုးနောင်က ပေါ်ဦးအား စည်းကမ်းတစ်ခု သတ်မှတ်ပေးထားသည်။

ပေါ်ဦးက ရန်မျိုးနောင်၏ အဝတ်များကိုလျှော်သည်။ မီးပူတိုက်သည်။ အစကနဦးက ပေါ်ဦးသည် နံရံချိတ်တွင် ချိတ်ထားသော အဝတ်ရော၊ အဝတ်ညစ်ခြင်းထဲမှ အဝတ်ရော အားလုံးယူပြီး လျှော်သည်။

"ဟေ့ကောင် ... အင်္ကျီချိတ်မှာ ချိတ်ထားတဲ့ အဝတ်ဆို မလျှော်နဲ့ဦးကွ၊ ချိတ်ထားတဲ့သဘောက ငါ နောက်တစ်ကြိမ် ပြန်ဝတ်မှာမို့ ချိတ်ထားတာ၊ အဝတ်ခြင်းထဲထည့်တဲ့ အဝတ်ကိုသာလျှော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ထုတ်ထားရသည်။ ရုပ်အင်္ကျီ၊ စွပ်ကျယ်၊ စပို့ရှပ် ဆိုသည်မျိုးက တစ်ခါဝတ် တစ်ခါလျှော်သင့်ပါ၏။

ဂျာကင်လို တိုက်ပုံအင်္ကျီလိုမျိုးကျတော့ တစ်ခါ နှစ်ခါဝတ်ရုံနှင့် လျှော်ရသည်မျိုးမဟုတ်။

ထို့ကြောင့် ချိတ်တွင် ဂျာကင်နှင့် အပေါ်အင်္ကျီချိတ် လျက်သား ရှိနေသည်။

ချိတ်ထားသော ဂျာကင်အိတ်ထဲ မီးခြစ်ရှာသည်။ မရှိ။ တိုက်ပုံအင်္ကျီအိတ်တွင် ထပ်ရှာသည်။

မီးခြစ်တစ်လုံး ထွက်လာသည်။

မီးခြစ်က ဂက်(စ်)မီးခြစ်မဟုတ်။ မြန်မာလုပ်တိုင်း ရင်းဖြစ် မီးခြစ်အပေါ်စားလေး ဖြစ်ပါ၏။ တရုတ်မှလာသော မီးခြစ်ပုံကို အတုခိုးလုပ်ထားခြင်းပင်။

မီးခြစ်ပေါ်တွင် အနက်ခံပြီး အနီပွင့်လေးများ ခြယ် ထားသည်။ အရှည်အလျားမှာ နှစ်လက်မခွဲလောက် ရှိသည်။ ထု အမြင့် ဗျက်မှာ တစ်စင်တီမီတာလောက် ရှိမည်။ အဖုံးမှာ စွပ် လိုက် ပိတ်လိုက် အဖုံးမျိုးဖြစ်သည်။

ဤမီးခြစ်သည် ကိုတင်မောင်ကြည်ကို လမ်းပေါ် တွင် ဓားဒဏ်ရာ ဦးခေါင်းဒဏ်ရာဖြင့် လဲကျနေသည်ကို သွား ရောက်ပွေ့ယူစဉ် ကိုတင်မောင်ကြည်က သွေးရူးသွေးတန်းဖြင့် လက်လှမ်းမီရာ မိမိဝတ်ထားသည့် အပေါ်အင်္ကျီအိတ်ထဲသို့ ထည့် လိုက်သော မီးခြစ်မှန်း ရန်မျိုးနောင် သတိရလိုက်သည်။

ဘာမီးခြစ်ပဲဖြစ်ဖြစ် ယခု လတ်တလော ဆေးလိပ် မီးညှိရလျှင် ပြီးရောဟုတွက်ပြီး မီးခြစ်အဖုံးကိုဖွင့်ကာ လက်မဖြင့် မီးခြစ်ဘီးကို ဖိခြစ်လိုက်သည်။



ဘာမီးမှမတောက်ရုံမက လက်မဖြင့် ဘီးကိုလှည့် ခြစ်သည်နှင့် စပရိန်မရှိ၊ ကျောက်မရှိ။ မီးခြစ်ဘီးမှာ ဗိုးခနဲချာ သဂတ် လည်နေတော့သည်။

"ဟာ ... အစုတ်အပဲ့"

ရန်မျိုးနောင် စိတ်တိုစွာဖြင့် မီးခြစ်ကို ပစ်ပေါက် လိုက်သည်။

မီးခြစ်လေးမှာ အိပ်ခန်းနံရံကိုထိပြီး ကြမ်းပြင်ပေါ် သို့ ကျသွားတော့သည်။

"ကဲ ... တော်ပြီ၊ အိပ်တာ ကောင်းတယ်"

ရန်မျိုးနောင်သည် နှုတ်ခမ်းတွင် တွဲလွဲချိတ်ထား သည့် စီးကရက်ကိုဖြုတ်ကာ စားပွဲပေါ် ပစ်တင်ပြီး အိပ်ရာပေါ် ဝင်လှဲအိပ်ချလိုက်တော့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

မှေးခနဲ အိပ်ပျော်သွားရာမှ ဆတ်ခနဲ နိုးလာသည်။

လူတချို့တွင် အလိုအလျောက် သိစိတ်တစ်မျိုး ရှိ နေတတ်သည်။ ဆန်းလည်းဆန်းကြယ်ပါ၏။

ဥပမာ မိမိအိပ်ပျော်နေစဉ် ဗီရိုပေါ်မှဖြစ်စေ၊ စားပွဲ ပေါ်မှဖြစ်စေ ပစ္စည်းတစ်ခုခု လိမ့်ကျတော့မည့် အခြေအနေတွင် မိမိက ဘာမသိ ညာမသိ အိပ်ပျော်နေသည့်ကြားကပင် အုန်းပင် တွေအောက်၌ လမ်းလျှောက်နေသည့် အိပ်မက်မျိုး မက်နေသည်။

အပြင်တွင် တကယ်ပင် ပစ္စည်းက လိမ့်ကျပြီး ဒုန်းခနဲ ဒုန်းခနဲ မြည်ချိန်တွင် မိမိကလည်း အိပ်မက်ထဲ၌ အမြင့် အုန်းပင်မှ အုန်းသီး ကြွေကျသည်ကိုမက်ကာ ကမန်းကတန်း ရှောင်တိမ်းရာမှ လန့်နိုးလာရသည်မျိုး ဖြစ်ပါ၏။

www.burmeseclassic.com



(ဤသို့ဖြစ်တတ်သူများအဖို့တော့ ဤဥပမာကို လွယ်လွယ်နှင့် သဘောပေါက်မည် ထင်ပါသည်။)

ရန်မျိုးနောင်သည် အိပ်မက်ထဲတွင် ရန်သူနှင့်ရင်ဆိုင်နေရစဉ် လန့်နိုးလာသည်။

မျက်လုံးကို မေးဖွင့်ကြည့်သောအခါ တကယ်ပ မိမိအိပ်ခန်းထဲသို့ ရန်သူ(၃)ဦး ရောက်ရှိနေသည်ကို တွေ့ရသည်။

ရန်သူ(၃)ဦးစလုံးသည် အင်္ကျီအမည်း ဘောင်းဘီအမည်းနှင့် ခေါင်းစွပ်အမည်းကိုယ်စီ ဝတ်ဆင်ထားကြသည်။ ခေါင်းစွပ်တွင် မျက်လုံးပေါက် နှစ်ပေါက်သာ ဖောက်ထားသည်။

တစ်ယောက်က အိပ်ရာပေါ်တွင် အိပ်နေသော ရန်မျိုးနောင်ဘေးတွင်ရပ်ကာ ဓားမြှောင်အသင့် ကိုင်ထားသည်။

ကျန်နှစ်ယောက်က ရန်မျိုးနောင်၏ဗီရိုကို ဖွင့်သူကဖွင့်။ စားပွဲအံဆွဲများ ဖွင့်သူကဖွင့်နှင့် တစ်ခုခုကို အသဲအသန် ရှာနေကြဟန်တူသည်။

ညက ရန်မျိုးနောင်သည် မီးခြစ်မရသည့်အ စိတ်ပျက်လက်ပျက် အိပ်ရာတွင် လှဲချအိပ်ပျော်သွားသည်မို့ ကြည့်စားပွဲပေါ်မှ စားပွဲတင်မီးအိမ်မှ မီးခလုတ်ကို မပိတ်မိ။

ထိုစားပွဲတင်မီးအိမ်မှ မီးအလင်းဖြင့် သူတို့(၃)ယောက်ကို ထင်ထင်ရှားရှား တွေ့နေရသည်။

ရန်မျိုးနိုင် မျက်လုံးမေးဖွင့်ကြည့်ချိန်တွင် သူ့အနီး သူ့ကို တာဝန်ယူထားသည့် ဓားသမားသည် အိပ်မောကျပုံရသည့် ရန်မျိုးနောင်ကို မျက်နှာလွှဲထားပြီး သူ့လူနှစ်ယောက် ဖွင့် သည်ဖွင့် ရှာဖွေနေသည်ကို လှမ်းကြည့်နေခိုက် ဖြစ်ပါ



ဓားသမားက မိမိဘက် ပြန်လှည့်ကြည့်သည်နှင့် ရန်မျိုးနောင်က နဂိုအတိုင်း မျက်စိမှိတ် အိပ်မောကျ ဟန်ဆောင်လိုက်သည်။

သည်အတိုင်း ငြိမ်နေမည်လား။

ထပြီး (၃)ယောက် (၁)ယောက် ယှဉ်ပြိုင်မည်လား။

မိမိ၏ပစ္စတိုသေနတ်မှာ ကားဒက်(ရှ်)ဘုတ်ထဲတွင် ရောက်နေသည်။ မိမိလက်ထဲ သေနတ်ရှိလျှင် ဤ(၃)ယောက်ကို ရင်ဆိုင်ဖို့ ဝန်မလေး။

ယခုမူ အမြင်အားဖြင့် ဓားကိုင်ထားသူမှာ တစ်ယောက်။

ကျန်နှစ်ယောက်တွင် ဘာလက်နက် ပါဦးမည်မသိ။ အနည်းဆုံး ဓားမြှောင်ကိုယ်စီတော့ ပါလိမ့်မည် ထင်သည်။

အဝတ်ဗီရိုထဲမှ ပစ္စည်းတွေ၊ စားပွဲအံဆွဲဆီမှ ပစ္စည်းတွေ ကြမ်းပေါ်တွင် ပရပွကျဲနေသည်။

ရန်မျိုးနောင် မိုက်ရူးရဲ ထမလုပ်သေးဘဲ မသိမသာ အိပ်ပျော်ဟန်ဆောင်လျက်ကပင် အကွက်ချောင်းနေသည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ ဒုန်းဒုန်းဒိုင်းဒိုင်းအသံ တစ်ခု ထွက်လာသည်။

မိမိအနီးတွင် ဓားကိုင်ထားသူက ဟိုနှစ်ယောက်ကို လှမ်းပြောသည်။

"ဟောကောင် ဘယ်ကျော်၊ အပြင်ဘက် သွားကြည့်စမ်း၊ မင်းတို့ ကြိုးချည်ထားခဲ့တဲ့ကောင် လွတ်သွားပြီး ထွက်ပြေးတာ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပုပ်ပန်းမှာ သူတို့(၃)ယောက် အိမ်ထဲသို့ ဝင်ရောက ပြီးနောက် ပေါ်ဦးကို အလျင်ဖမ်းကာ ကြိုးတုပ်ချည်နှောင်ထား ရသည်။ ယခု ပေါ်ဦးသည် ကြိုးလွတ်ပြီး ထပြေးသွားလေ သလားမသိ။

ဓားမြှောင်ကိုင်သူ၏ အမိန့်ကြောင့် ကျန်နှစ်ယောက် အနက်မှ တစ်ယောက်သည် အပြင်သို့ ထွက်သွားသည်။

ဤအချိန်တွင် (၂)ယောက်နှင့် (၁)ယောက်။

ရန်မျိုးနောင်၏ ဘယ်ခြေသည် မြန်မှမြန်။

အိပ်ရာဘေးတွင် ရပ်နေသော ဓားသမား၏ဝမ်းဗိုက် ကို မြားစိုက်ဝင်သွားသလား ထင်ရအောင် ခြေဦးဖြင့် တစ်ချက် ကန်လိုက်သည်။

ဓားသမားမှာ မြင်းတစ်ကောင် ကန်လိုက်သည့် ခံရသည့်အလား အွတ်ခနဲ နှုတ်မှအသံထွက်လာရင်း နောက် လေးငါးပေခန့် မတ်တတ်ကြီး လွင့်သွားတော့သည်။

ရန်မျိုးနောင် အိပ်ရာပေါ်မှ ထပြီးလေပြီ။

ထင်သည့်အတိုင်းပင် ကျန်လူကလည်း ဓားမြှော ဆွဲထုတ်ပေသည်။

ရန်မျိုးနောင်သည် ဖျတ်ခနဲ စာကြည့်စားပွဲပေ စုန်တက်လိုက်သည်။ ဓားနှင့် ထိုးသူသည် အောက်မှနေ၍ ဓား ပေါ် ရောက်နေသူအား ထိုးရန်ခက်ခဲလှမည် ဖြစ်ပါ၏။

ခြေထောက်နှင့်ပေါင်ကို ထိုးလျှင်တော့ ရသည် ကိစ္စမရှိ။

ခြေထောက်နှင့်ပေါင်ကို ထိုးမိလည်း သေလောက် သောနေရာမဟုတ်။



နောက်တစ်ခု ရန်မျိုးနောင်ဘက်မှ တစ်ပန်းသာသည် မှာ ရန်မျိုးနောင်၏ စာကြည့်စားပွဲသည် ရှေးခေတ်စန္ဒကူးပုံစံဖြစ် သည်။ အရှည်အမြင့် ရင်စို့လောက်ရှိပြီး နံရံကိုကပ်ထားသည်။

ရန်သူသည် နောက်မှဝင်၍ မရနိုင်ပေ။

အခြေအနေမှာ ရန်မျိုးနောင်ကို ဓားဖြင့်ထိုး၍ မရ နိုင်မှန်း လူဆိုးခေါင်းဆောင်က သဘောပေါက်သည်။

ဂိုးခနဲ ဓားမြှောင်ဖြင့် လှမ်းပေါက်သည်။

ဒါမျိုးတော့မရ။

ရန်မျိုးနောင် လွတ်အောင်ပင် ကျင်လည်စွာရှောင် လိုက်သည်။ ဓားမြှောင်သည် အိပ်ခန်းအုတ်နံရံကိုထိပြီး စန္ဒကူး စားပွဲပေါ်သို့ပင် ခေါက်ခနဲ ကျလာသည်။

ရန်မျိုးနောင်က ဓားကို ကုန်းမကောက်နိုင်သေးပေ။

အပြင်ထွက်သွားသော ဘယ်ကျော်ဆိုသူ အိပ်ခန်း ထဲသို့ ပြန်ဝင်လာသည်။

ယင်းတပည့်နှစ်ယောက်သည် ဓားကိုယ်စီကိုင်ပြီး စားပွဲအနီး ချဉ်းကပ်လာသည်။

ရန်မျိုးနောင်က ခြေလှမ်းမီသော ရန်သူ၏ဦးခေါင်း ကို ကန်ပစ်လိုက်သည်။

အကန်ခံရသူ ချာလပတ်လည်သွားပြီး ဒယီးဒယိုင် ဖြစ်သည်။

ယင်းအခိုက်မှာပင် ပေါ်ဦးသည် အိပ်ခန်းဝသို့ ရောက်လာသည်။ သူ့လက်ထဲတွင် ပစ္စတိုသေနတ် ကိုင်ထားပါ၏။

ကားဒက်(ရှ်)ဘုတ်တွင် ယားရှိသော ပစ္စတိုသေနတ် ကို သွားယူလာခြင်း ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ(၃)ဦးအား ချိန်မိချိန်ရာချိန်ပြီး သေနတ်မှ လက်ညှိုးကွင်းခလုတ်ကို ဆွဲလိုက်သည်။

ရန်သူ(၃)ဦးမှာ အတိတ်တလန့် အားလျားမှောက် လိုက်ကြသည်။

ပေါ်ဦး အရှုံးလေပြီ။ သည်ကောင် ပစ္စတိုသေနတ် မပစ်တတ်ပေ။ ပြောင်းကို ငုံထားသော ဆွဲမောင်းကို ပေါ်ဦးမဆွဲဘဲ ဖြစ်နေခြင်းဖြစ်သည်။

အဘယ်မှာလျှင် ကျည်ဆန်ထွက်ပါမည်နည်း။

ရန်သူ(၃)ယောက်စလုံး ပေါ်ဦးအခြေအနေကို ရိပ်မိသွားသည်။ အားလုံး မတ်တတ်ရပ်ကြလေပြီ။

"ရော့ ... ဆရာ"

ဒါကျတော့လည်း ပေါ်ဦးသည် အကင်းပါးပါ၏။ သူပစ်၍မရသော ပစ္စတိုကို ရန်မျိုးနောင်ဆီသို့ လူဆိုးသုံးဦးကို ကျော်ပြီး ပစ်ပေးလိုက်သည်။

ရန်မျိုးနောင် ဖမ်းယူပြီး ဆွဲမောင်းကို ဆွဲသည်နှင့် လူဆိုးသုံးယောက်သည် ပေါ်ဦးကို တိုးဝှေ့ကာ အပြင်သို့ပြေးထွက်ကြသည်။ ပွင့်နေသောတံခါးမှ အတင်းပြေးထွက်သွားကြသည်။

ရန်မျိုးနောင် နောက်မှ လိုက်သေးသည်။

လူဆိုးများသည် ဝင်လာကတည်းက ထွက်ပေါက် ထွက်လမ်းကို အသင့်ပြုလုပ်ထားသည့်သဘောရှိသည်။ ခြံတံခါးကြီး ပွင့်နေပါ၏။

ရန်မျိုးနောင် အပြင်ဘက်ရောက်သောအခါ သူတို့နှစ်ယောက် ခြံဝသို့ ရောက်နေပြီ။

ခြံမီး၊ လမ်းမီးဖြင့် လှမ်းမြင်နေရသည်။



နောက်ဆုံးလူ၏ တင်ပါးအောက်ကို ရန်မျိုးနောင် ချိန်ပြီး ဒိုင်းခနဲ တစ်ချက်ပစ်လိုက်သည်။

ထိသွားပါ၏။ နောက်ဆုံးလူ ခွေခနဲ ဒူးညွှတ်ကျသွားသည်။

သို့သော် ရှေ့မှနှစ်ယောက်သည် ချက်ချင်းပင် ထိသွားသူကို တစ်ဖက်တစ်ချက်တွဲပြီး ခြံစည်းရိုးအကွယ်ဘက်သို့ ဆွဲခေါ်သွားသည်။

ရန်မျိုးနောင် ဆက်၍လိုက်သည်။

ရန်မျိုးနောင် ခြံတံခါးဝအရောက်တွင် ဆလွန်းကားတစ်စီး မောင်းထွက်သွားတော့သည်။

မည်သည့်ကားအမျိုးအစားမှန်းပင် မသိနိုင်။ လူဆိုးများသည် လာစဉ်ကတည်းက အပြင်ဘက်တွင် မော်တော်ကား ရပ်ထားခဲ့သည်ပဲဖြစ်မည်။ မောင်းပြေးသွားတော့လည်း မီးမှိတ်ပြီး မောင်းပြေးသည်။

"တစ်ယောက်တော့ ထိသွားပုံပဲ ဆရာ၊ ဆရာက လက်ဖြောင့်သားနဲ့ ဒီကောင့်နောက်ကျောကို ပစ်ရောပေါ့၊ အခုတော့ ... ထော့နင်း ထော့နင်း ထွက်ပြေးနိုင်တာပေါ့"

ရန်မျိုးနောင်က ပခုံးကိုသာ တွန့်ပြလိုက်သည်။

"ကျောကိုပစ်ရင် သေသွားမှာပေါ့"

ဟုလည်း ကိုယ့်ဟာကိုယ် ကျိတ်ပြော့လိုက်သည်။

"ခြံတံခါးပြန်ပိတ် ပေါ်ဦး"

အိမ်ပေါ်ထပ် ပြန်တက်ခဲ့ပြီး ဧည့်ခန်းဆိုဖာတွင်ထိုင်ကာ ပေါ်ဦး ပြန်အလာကို စောင့်နေသည်။

တစ်ခဏအတွင်း ပေါ်ဦး ပြန်ရောက်လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦး ပေါ်ဦး၊ ဒီကောင်တွေ အိမ်ထဲကို ဘယ်လို ရောက်လာလဲ၊ မင်းကို ဘာလုပ်သွားသေးလဲ၊ ဘာတွေ ပြောသွားသေးလဲ"

"အိမ်ထဲကို ဘယ်လိုရောက်လာမှန်းတော့ မသိဘူး ဆရာ၊ အိပ်နေတဲ့ ကျွန်တော့်ကို ခြေနဲ့ကန်နှိုးပြီး ဓားနဲ့တော့ထား တယ်၊ လက်နောက်ပြန် ကြိုးတုပ်ထားတယ်၊ ဘာမှမပြော ဘဲ ခေါင်းကို လက်သီးနဲ့ထိုးတယ်၊ ကျွန်တော် ခဏလောက် သတိမေ့သွားတယ်ထင်တယ်၊ ကျွန်တော် သတိပြန်ရတော့ လက်နောက်ပြန် ကြိုးတုပ်ထားတာက တင်ပါးနဲ့ခြေထောက် လက်ခွင်ထဲရောက်အောင် သွင်းယူတော့ ကျွန်တော်က အကောင်သေးသေးလေးပဲရတယ်၊ အဲဒီတော့ ကြိုးတုပ်ထား တဲ့ လက်ရှေ့ကို ရောက်လာတယ်၊ သူတို့သုံးယောက်လုံး ဆရာ့အခန်းထဲ ရောက်နေမှန်း ကျွန်တော် သိတယ်၊ ထမင်းစားခန်းထဲက သားလှီးဓားနဲ့ တုပ်ထားတဲ့ကြိုးကို ကျွန်တော်ဖြတ်ပြီး အိမ်ရှေ့ကို စွတ်ပြေးတာပဲ၊ အိမ်ရှေ့ တံခါးက အဆင်သင့် ပွင့်နေတယ်၊ ဆရာ့ကားထဲမှာ သေနတ်ရှိမှန်း ကျွန်တော် သိတယ်၊ ဆရာက ကားကို ဆင်ဝင်အောက်မှာ ရပ်ထားတာလည်း ကျွန်တော့်ခေါင်းထဲ မှာ အမှတ်ရတယ်၊ ဒါကြောင့် ကားကိုယ်ထည်ကိုကွယ်ပြီး ကားထဲက သေနတ်ကိုယူဖို့ လုပ်နေတုန်း အထဲက တစ် ယောက်ထွက်လာတယ်၊ ကျွန်တော် ငြိမ်ငြိမ်လေး ပုန်းနေ တယ်၊ ကျွန်တော် ခြံပြင်ဘက် ထွက်ပြေးပြီထင်လို့ အဲဒီ လူ အထဲပြန်ဝင်အသွား ကားထဲက သေနတ်ယူပြီး ဆရာ့



ကိုကယ်ဖို့ သူတို့ကို သေနတ်နဲ့ပစ်တာပဲ ဆရာ၊ သေနတ် က ကျွန်တော် ပစ်လို့မရဘူး"

"မင်း ငါ့တပည့်ဖြစ်ပြီး ညံ့သေးတယ်"

"ဟာ ... ဆရာကမှ ကျွန်တော့်ကို သေနတ်ပစ်သင်မပေး တာပဲ"

နှစ်ယောက်သား အိမ်ကိုလျှောက်ကြည့်သည်။

ထမင်းစားခန်းမှ မှန်ပြတင်းကို ကော်ကပ်ခွဲ၍ သက်သွင်းကန့်လန့်ဖြုတ်ပြီး လူဆိုးသုံးဦး ဝင်လာခြင်းဖြစ်သည်။ အိမ်ထဲရောက်ပြီးမှ ပေါ်ဦးကိုကြိုးတုပ်၊ အဝင်တံခါးပေါက်သော့တွဲ ယူပြီး သော့ခလောက်နှင့် သံတံခါးကို အသင့်ဖွင့်ထားခြင်းဖြစ်ပေ သည်။

"မင်း ခြံတံခါးကိုကော သော့ခတ်မထားဘူးလား ပေါ်ဦး"

"သော့မခတ်တာ ကြာပြီ ဆရာ"

"အေး ... နောက်ကို အမြဲတမ်း သော့ခတ်"

မှန်ကွဲပြတင်းတံခါးကို ပေါ်ဦးက ယာယီအားဖြင့် သစ်သားချောင်းများကန့်၍ သံရိုက်နေစဉ်မှာပင် ရန်မျိုးနောင်သည် အိပ်ခန်းသို့ ပြန်ဝင်လာခဲ့သည်။

လူဆိုးသုံးယောက်ထဲမှ တစ်ယောက်၏ တင်ပါးကို ဖြစ်ဖြစ် တင်ပါးအောက်ပိုင်း ပေါင်တံကိုဖြစ်ဖြစ် မိမိပစ်လိုက် သောကျည်ဆန် ထိမှန်သည်ကတော့ သေချာသည်။

ယခုည လူဆိုးသုံးဦး လာရောက်ကြောင်း သက်ဆိုင် ရာသို့ တိုင်ကြားရလျှင် ကောင်းမည်လားဟု ရန်မျိုးနောင် ခေါ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ တိုင်ကြားလျှင် မိမိအနေနှင့် လူဆိုးတွေကို ဂဃနဏ ဘာမျှမပြောနိုင်။ တစ်ကိုယ်လုံး အဝတ်မည်းတွေ ဝတ်ထားရုံမက ခေါင်းစွပ်အမည်းကိုပါ စွပ်ထားသဖြင့် ရုပ်ကို ဘယ်လိုမှ မဖော်ပြနိုင်။

ရန်မျိုးနောင်သည် လူဆိုးခေါင်းဆောင် ပစ်ပေါက်ခဲ့သော ဓားမြှောင်ကို ဓားသွားဘက်မှ ကောက်ကိုင်ပြီး ကြည့်သည်။

ဓားမြှောင်မှာ ရိုးရိုးသာမန် ဓားမြှောင်သာ ဖြစ်သည်။ လက်ကိုင်ရိုး၏ ဟိုဘက်သည်ဘက်တွင် အောက်ပိုင်း သုံးရစ်ခွေထားပြီး ပါးပျဉ်းက ဦးခေါင်းထောင်နေသော မြွေဟောက်ပုံ ပါရှိပေသည်။

ဓားမြှောင်ကို လက်ကိုင်ပဝါနှင့် အုပ်ကိုင်ပြီး ဓားပွဲအံဆွဲထဲ ထည့်ထားလိုက်တော့သည်။

ဤလူဆိုးသုံးဦးသည် ကိုတင်မောင်ကြည်အား သတ်ခဲ့သော လူဆိုးတွေပဲလား။

ဓားမြှောင်ကို ကိုင်ခြင်းအားဖြင့် ကိုတင်မောင်ကြည်ကို ဓားဖြင့်ထိုးခဲ့သည့် လူဆိုးတွေပင် ဖြစ်နိုင်သည်။

သူတို့သည် ကိုတင်မောင်ကြည်ထံမှ တစ်ခုခု ရယူလိုပြီး မရသဖြင့် ကိုတင်မောင်ကြည်ကို သတ်ခဲ့သည်။

ယခုလည်း သူတို့သည် မိမိထံမှ တစ်ခုခု ရယူလို၍ လာရောက်ရှာဖွေကြခြင်း ဖြစ်ရမည်။

သူတို့ မိမိထံမှ ဘာများလိုပေသနည်း။

❋ ❖ ❋



(လေး)

"မင်းဟာက လဲချင်လဲ အပိုင်လဲကွာ ရန်မျိုးနောင်"

"မင်း နာနေပါ့မယ် လှတိုး၊ စဉ်းစားပါဦး"

ရန်မျိုးနောင်က သူ၏အက်(စ်)အီးကားနှင့် မြေနီကုန်းရှိ သူငယ်ချင်း လှတိုးဆီသို့ သွားသည်။ ခဏခေတ္တ မိမိကားနှင့် လှတိုး၏ မော်တော်ဆိုင်ကယ် လဲစီးရန် ပြောသဖြင့် သူငယ်ချင်းချင်း နောက်ပြောင်နေခြင်း ဖြစ်ပါ၏။

လှတိုး၏မော်တော်ဆိုင်ကယ်မှာ ဟွန်ဒါအမျိုးအစားဖြစ်သည်။ ခြေကန်နှိုးတံလည်းပါသည်။ ခလုတ်နှိပ်နှိုးစတက်တာလည်း ပါသည်။

မော်တော်ဆိုင်ကယ်ကို သေချာကြည့်ရာ ဟိုနေ့က ကိုတင်မောင်ကြည်စီးပြီး လမ်းဘေးတွင် လဲကျနေသော မော်တော်ဆိုင်ကယ်နှင့် အမျိုးအစားချင်း တူနေသည်။ တိုင်ကီအနီနှင့် မော်ကတ်နီကယ်ရောင်ကစ၍ တူနေပါ၏။ နံပါတ်မှတ်မထားသော ကိုတင်မောင်ကြည်၏ အသိအကျွမ်းများဖြစ်လျှင် ဤမော်တော်ဆိုင်ကယ်သည် ကိုတင်မောင်ကြည်၏ မော်တော်ဆိုင်ကယ်ဟုပင် ထင်ကြပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိက မော်တော်ဆိုင်ကယ်နှင့် အက်(စ်)အီးကားကို ခေတ္တလဲစီးခြင်းမှာ ရန်မျိုးနောင်သည် နွေပွင့်ထံသို့ သွားလို၍ဖြစ်သည်။

နောက်တစ်ချက်မှာ ရန်သူသည် မိမိ၏စမ်းချောင်းမဟာမြိုင်လမ်း အိမ်နှင့် ခြံကိုပင် သိသွားပြီဆိုတော့ မိမိကားနံပါတ်ကို သိမည်မှာ မုချမလွဲ။

မိမိအိမ်လိပ်စာကို သိသည်ပင်လျှင် ကားနံပါတ်မှ တစ်ဆင့် စုံစမ်းသိရှိခြင်း ဖြစ်နိုင်သည်။

ပြီး မော်တော်ဆိုင်ကယ်သည် အရေးရယ် အကြောင်းရယ် အမြန်လိုလျှင် ခေါင်းဝင်ကိုယ်ဆံ့ ရှုတ်ခနဲ ကျော်တက်ကြားဝင်များလုပ်ရန် လွယ်ကူသည်။ ပိုမိုစရိတ်ရောက်သည်။ နှစ်ဝေခန့် လမ်းအကျယ်ရှိလျှင် မော်တော်ဆိုင်ကယ်က သွားလို့ရသည်။

ထို့ပြင် မော်တော်ဆိုင်ကယ် စီးနေသည့်အခါ ဖိုက်ဘာဦးထုပ် ဆောင်းထားရသည်။ မျက်နှာလုံးသဖြင့် ဘေးမှကြည့်လျှင် မည်သူမည်ဝါမှန်းမသိ။

အစတုန်းကတော့ ကိုတင်မောင်ကြည်၏ကိစ္စသည် ပြီးလျှင်ပြီးရော သက်ဆိုင်ရာများက ဆက်လက်လုပ်ကိုင်လိမ့်မည်ဟု သဘောထားမိသေးသည်။

ယခုမူ ရန်သူက မိမိကို စတင်ပတ်သက်လာပြီမို့ မိမိအနေနှင့် ရန်သူကို ခြေရာကောက်ချင်လာသည်။

ရန်သူ၏ခြေရာနှင့် သဲလွန်စများ မည်မည်ရရ ကောက်မိရမိပြီဆိုမှ ကိုတင်မောင်ကြည်၏ အမှုကို ကိုင်တွယ်နေသော သက်ဆိုင်ရာများထံ တွေ့ဆုံပြီး သတင်းပေးမည်။ ညှိနှိုင်းမည်။



ယင်းသို့ လုပ်ဆောင်ရမည်ကိုပင် ရန်မျိုးနောင် စိတ်ထဲတွင် တစ်မျိုးပျော်နေမိသည်။

ဝါသနာကိုက အမဲလိုက်ချင်သည်။ စွန့်စားသော အလုပ်မျိုး လုပ်ချင်သည်။ နေ့ပိုင်းတွင် ခြေအငြိမ်မနေ ဟိုဟိုသည်သည် သွားချင်လာချင်သည်။ အိမ်မှာနေလျှင် စာဖတ်မည်။ စာရေးမည်။

ယင်းဝါသနာကြောင့်ပင် ဗိုင်းနှင့် ခွာပြဲခဲ့ပြီ မဟုတ်ပါလေလား။

ရန်မျိုးနောင်သည် လှတိုးထံမှ ဖိုက်ဘာဦးထုပ်အပိုတစ်လုံးကိုပါယူပြီး နွေပွင့်ထံ လာခဲ့သည်။

လှည်းတန်းလမ်းသွယ် လမ်းကျဉ်းလေးထဲဝင်ပြီး နွေပွင့်အိမ်အရှေ့အရောက် မော်တော်ဆိုင်ကယ် စီးဝင်သွားသည်။

"ဟော ... အစ်ကို"

နွေပွင့်သည် ကလေးသဖွယ် အိမ်ပေါ်မှ ခုန်ပေါက်ပြေးဆင်းလာပြီး မည်ကာမတ္တ ခြံစည်းရိုးသစ်သား တံခါးလေးဖွင့်ပေးသည်။

"အတော်ပဲ၊ နွေပွင့်က အစ်ကို့ကို မျှော်နေတာ"

"တို့ကို နွေပွင့်က ဘာလို့မျှော်တာတဲ့လဲ"

"လာ ... အစ်ကို။ အိမ်ပေါ်ကျမှ နွေပွင့် ပြောပြမယ်၊ မော်တော်ဆိုင်ကယ်ကို ခြံဝင်ထဲအထိ သွင်းပါလား အစ်ကို၊ ကိုတင်မောင်ကြည်တုန်းကလည်း ခြံဝင်းထဲ သွင်းတာပဲ"

သူမ၏ သစ်သားခြံတံခါးလေးသည် မော်တော်ဆိုင်ကယ် တွန်းဝင်စီးဝင်ဖို့လောက်တော့ ကျယ်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဆိုင်ကယ်သွင်းပြီး အိမ်ပေါ်ရှိ ဗျာချော် လေးတွင် ထိုင်မိသည်နှင့် နွေပွင့်က အတူလာထိုင်ကာ စတင် ပြောဆိုသည်။

သူ၏လက်ထဲတွင် ကတ္တီပါစ အနက်လေးတစ်ရ လည်း ကိုင်ထားသည်။

"ကဲ ... ပြော၊ တို့ကို နွေပွင့်က ဘာလို့မျှော်နေလဲ"

"ပြောစရာရှိလို့ အစ်ကို"

"ပြော"

"မနေ့ညရှစ်နာရီလောက်မှာ ကိုမြတ်သင်းဆိုတဲ့လူ နွေပွင့် တို့အိမ်ကို လာတယ်အစ်ကို၊ အဖော်တစ်ယောက်လည်း ပါတယ်"

"နေပါဦး၊ မြတ်သင်းဆိုတာ"

"မြတ်သင်း ဆိုတာက ကိုကိုသက်နဲ့ ရန်ဖြစ်ပြီး ကိုကိုသက် က ဓားနဲ့ထိုးလိုက်တဲ့လူပဲ အစ်ကို၊ သူ့ကို ကိုတင်မောင် ကြည်ပြောလို့ နာမည်သာ နွေပွင့် ကြားဖူးတာ၊ လူကိုယ် တိုင်တော့ ညက သူလာမှ မြင်ဖူးတယ် အစ်ကို"

"ဘာလဲ ... မြတ်သင်းဆိုတဲ့လူက နွေပွင့်ကို အန္တရာယ် ပေးလို့လား"

"ဟင့်အင်း၊ အန္တရာယ်တော့ မပေးပါဘူး၊ ဒါပေမဲ့ နိုင် ထက်စီးနင်း လုပ်သွားတယ် အစ်ကို"

"ဘယ် နိုင်ထက်စီးနင်းလဲ နွေပွင့်"

"အိမ်ပေါ်ရောက်တာနဲ့ နင်တို့တစ်အိမ်လုံး ငါရှာချင်တယ် တဲ့၊ သူ့မှာပါလာတဲ့ ဓားမြှောင်ကိုလည်း ကြမ်းပေါ်မှာ စိုက်ပြထားတယ်၊ ဒါ သက်ညွှန့်အိမ် ဖြစ်တယ်တဲ့၊ သက်



ညွှန့် ထောင်ကျသွားတော့ တင်မောင်ကြည်က ဒီအိမ်ကို အလာများတယ်တဲ့၊ သွေးညီနောင်ဟာ ဒီအိမ်မှာပဲ ရှိရမယ် တဲ့"

"ဘာရယ် နွေပွင့်၊ သွေးညီနောင် ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ အဲဒီလို ပြောတာ ကြားတာပဲ"

"ဘာလဲ သွေးညီနောင်ဆိုတာ"

"နွေပွင့် ဘယ်သိမလဲ အစ်ကို"

"နွေပွင့်က ဒီလူနှစ်ယောက်ကို ဘာလို့ တံခါးဖွင့်ပေးလဲ"

"ဖွင့်ပေးတာ မဟုတ်ဘူး အစ်ကို၊ ပွင့်နေတာကို သူတို့ တန်းဝင်လာတာ၊ နွေပွင့် အပြင်သွားတဲ့အခါမှာသာ မေမေ က မျက်စိကောင်းလို့ အိမ်တံခါးသော့ပိတ်တာ၊ နွေပွင့်ရှိ နေရင်တော့ တံခါးဖွင့်ထားတာပဲ၊ နွေပွင့်တို့အရပ်က ဆင်းရဲသား ရပ်ကွက်ပဲ အစ်ကို၊ ဘယ်သူမှ အိမ်တံခါး ပိတ်ထားလေ့ မရှိဘူး၊ ပိတ်ထားမိရင် ကောင်မတွေက ဘယ်လောက်ချမ်းသာနေလို့ အိမ်တံခါး ပိတ်ထားရတာလဲ လို့ အပြောခံရတယ်၊ ရပ်ကွက်သဘောအရ အချိန်မရွေး သူ့အိမ်ကိုယ်ဝင် ကိုယ့်အိမ်သူဝင် နေကြတာပါ အစ်ကို"

"အဲဒီလူ ကိုမြတ်သင်းမှန်း နွေပွင့် ဘယ်လိုသိလဲ"

"သူက ငါ မြတ်သင်းတဲ့၊ နင့်အစ်ကို သက်ညွှန့်က ငါ့ကို ဓားနဲ့ထိုးတာတဲ့၊ ဟိုတုန်းက သက်ညွှန့်ရော၊ တင်မောင် ကြည်ရော ငါတို့နဲ့ အဖွဲ့တူတွေတဲ့၊ သက်ညွှန့်နဲ့ တင်မောင် ကြည်က ငါတို့ကို နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး သစ္စာ ဖောက်လို့ သက်ညွှန့်နဲ့ ငါ စကားများပြီး ငါ့ကိုဓားနဲ့ထိုး တာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မြတ်သင်းနဲ့ အဖော်ပါလာတဲ့လူကကော ဘယ်သူတဲ့လဲ"

"အဲဒါတော့ မသိဘူး အစ်ကို"

"ကဲ ... ဆက်ပြောပါဦး၊ သူတို့နှစ်ယောက် နွေပွင့်အိမ်ထဲ ရောက်လာပြီး လုပ်ပုံတွေကို"

"တစ်အိမ်လုံး လိုက်ရှာတာပဲ အစ်ကို၊ အထူးသဖြင့် ကိုကိုသက်ရဲ့သေတ္တာကို အသေးစိတ်ရှာတယ်၊ ကိုကိုသက်ရဲ့သေတ္တာထဲက ဟောဒီကတ္တီပါအိတ်လေး သူတို့တွေ့သွားတယ်"

နွေပွင့်က လက်ထဲတွင် ကိုင်ထားသော ကတ္တီပါအိတ်လေးကို ရန်မျိုးနောင်လက်သို့ ပေးလိုက်သည်။

ရန်မျိုးနောင်က ယူကြည့်သည်။

အလွန်အသားကောင်းသော ရေးကတ္တီပါသားအနက်ရောင်ကို လက်ဝါးခန့် အိတ်ကလေးချုပ်ထားခြင်း ဖြစ်သည်။ ထိပ်တွင် ပိုးကြိုးအနီလေးကို ထည့်သွင်းထားသည်။ ပိတ်လိုလျှင် ပိုးကြိုးစကို ဟိုဘက်သည်ဘက် ဆွဲလိုက်လျှင် ရှုံ့ဝင်ပြီး ပိတ်သွားသည်။ အလွယ်တကူ ခေါ်ရလျှင် ရှုံ့အိတ်ဟု ခေါ်နိုင်ပေသည်။

ယင်းကဲ့သို့ အိတ်ပုံစံမျိုးကို ပဲခူးမှ ဘိုးဘိုးဘွားဘွား အိမ်တွင် ရန်မျိုးနောင် မကြာခဏ တွေ့ဖူးသည်။

ဘွားဘွားမကွယ်လွန်မီက ပိုက်ဆံထည့်သည်ကိုပင် ယင်းသို့သော ရှုံ့အိတ်လေးထဲထည့်ပြီး သုံးစွဲတတ်သည်ကို ရန်မျိုးနောင် အမှတ်သညာ ထားမိသည်။

ရှေးခေတ်ကို အခြေခံပြသော နိုင်ငံခြားရုပ်ရှင်များတွင် စိန်ရှာသူတွေ ရွှေရှာသူတွေသည် ရရှိသော ရွှေတုံးလေးတွေ စိန်တုံးလေးတွေကို ဤသို့သော ရှုံ့အိတ်မျိုး လေးမျိုးတွင် ထည့်ထားသည်ကိုလည်း ပြတတ်ကြသည်။



"ကဲ ... ဆက်ပြောပါဦး"

"အဲဒီ ကိုမြတ်သင်းဆိုတဲ့လူက အဲဒီကတ္တီပါ အိတ်ကလေးကိုပြပြီး ဒီအထဲကပစ္စည်းတွေ ဘယ်မှာလဲလို့ နွေပွင့်ကို မေးတယ်၊ နွေပွင့်က မသိဘူး၊ ဒီကတ္တီပါအိတ်လေးကိုတောင် အခုမှမြင်ဖူးတာ၊ ကိုကိုသက်ရဲ့သေတ္တာကို နွေပွင့် ဘယ်တုန်းကမှ မကိုင်ဘူးလို့ပြောတယ်၊ ဒီတော့ သူတို့နှစ်ယောက် ပြောကြတယ်၊ ဒီကောင်မလေး မသိတာဟုတ်မယ်တဲ့၊ အဘွားကြီးကလည်း မျက်စိမှမကောင်းတာတဲ့၊ သက်ညွန့်က သူ့လုပ်ငန်းကိစ္စကို သူ့အမေနဲ့ သူ့ညီမ ချာတိတ်ကို ပြောမယ့်ကောင် မဟုတ်ဘူးတဲ့"

"တော်သေးတာပေါ့၊ နွေပွင့်တို့ သားအမိကို သံသယဖြစ်ပြီး ရိုက်နှက်မသွားတာ"

"ဟုတ်တယ် အစ်ကို၊ ကိုမြတ်သင်းနဲ့ ပါလာတဲ့အဖော်က ဒါဆိုရင် သွေးညီနောင် ဘယ်ရောက်သွားလဲတဲ့၊ တင်မောင်ကြည်ရဲ့ကိုယ်မှာရော မော်တော်ဆိုင်ကယ်မှာရော ရှာလို့မှ မတွေ့တာတဲ့၊ ထောက်ကြံ့ရဲစခန်းမှာ အပ်ခဲ့တဲ့ တင်မောင်ကြည်ရဲ့ပစ္စည်းတွေ အားလုံးဟာ သူတို့ တင်မောင်ကြည်ရဲ့ အိတ်ထဲရှာပြီး လွှင့်ပစ်တဲ့ပစ္စည်းတွေတဲ့၊ အဲဒီတော့ ကိုမြတ်သင်းဆိုတဲ့လူက ပြန်ပြောတယ် အစ်ကို၊ ဒါဆို ဟိုကောင် ရန်မျိုးနောင်ဆိုတဲ့ကောင်ပဲ သွေးညီနောင်ကို တွေ့သွားတာ ဖြစ်နိုင်တယ်တဲ့"

"သြော် ... သြော် ... တို့နာမည်တောင် သူတို့က ထုတ်ပြောသတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို၊ အဲဒီနောက် ရန်မျိုးနောင်နဲ့ ကိုကို သက်ဟာ ထောင်မကျခင် ကိုကိုသက် ထောင်ကျပြီးမှ တင်မောင်ကြည်နဲ့ ရန်မျိုးနောင် ဆက်သွယ်ကြတာလားလို့ မေးတယ်"

"နွေပွင့်က ဘာပြန်ဖြေလဲ"

"နွေပွင့်က ရန်မျိုးနောင် ဆိုတာ ဘယ်သူလဲလို့ ပြန်မေးတယ် အစ်ကို၊ နွေပွင့် တကယ်မသိတာပါနော်၊ အစ်ကိုက နွေပွင့်ကို အိမ်အထိ လိုက်ပို့ပေမယ့် အစ်ကို့နာမည် ဘယ်သူဆိုတာရော၊ အစ်ကို ဘယ်မှာနေတယ် ဆိုတာရော ပြောသွားတာမှ မဟုတ်တာ"

ဟုတ်ပါ့၊ ရန်မျိုးနောင်သည် နွေပွင့်အား မိမိ၏အိမ် တယ်လီဖုန်းနံပါတ်နှင့် လိပ်စာကို မပြောခဲ့မိပေ။

"ဒါဆို အခုမှတ်ထား နွေပွင့်၊ ကို့နာမည် ရန်မျိုးနောင်တဲ့ စမ်းချောင်း၊ မဟာမြိုင်လမ်း၊ ခြံနံပါတ်( ... )မှာ နေတယ် ကို့ ဖုန်းနံပါတ်က( ...... )"

နွေပွင့်က ကမန်းကတန်းထပြီး မှတ်စုစာအုပ်လေး နှင့် ဘော(လ်)ပင်ယူကာ ရန်မျိုးနောင် ပြောသမျှကို လိုက်မှတ် ပေသည်။

"ကဲ ... ဆက်ပြောပါဦး၊ မြတ်သင်းတို့က အဲဒီနောက် ဘာပြောသေးလဲ"

"နွေပွင့်က အစ်ကို့ကို နဂိုက တကယ်မသိတဲ့အကြောင်း အင်းစိန်ဆေးရုံကအပြန် ကားကြုံစီးတဲ့အကြောင်းလောက် ပဲ ပြောပြလိုက်တယ်"



"တို့ အေးသိဒ္ဓိလမ်းထဲက ဒေါက်တာရဲမြင့်နဲ့ သွားတွေ့ တာကော နွေပွင့် ထည့်ပြောသေးလား"

"အဲဒါ မပြောမိဘူး အစ်ကို၊ ကိုမြတ်သင်းနဲ့ သူ့အဖော် ဟာ မျက်စိမကောင်းတဲ့ မေမေနဲ့ ဘာမှတကယ်မသိတဲ့ နွေပွင့်အပေါ်မှာ သံသယဖြစ်ပုံမရဘူး၊ နောက်ဆုံး သူတို့ ပြောတာက ဒါဆို ဒီပစ္စည်းဟာ ရန်မျိုးနောင်ဆီမှာရှိနေဖို့ များတယ်လို့ ပြောပြီး ကြမ်းပေါ်က ဓားမြှောင် ပြန်နုတ် ယူပြီး ဆင်းသွားကြတာပဲ အစ်ကို ..."

ဆက်စပ်ကြည့်လိုက်လျှင် ...

နွေပွင့်ထံသို့ သူတို့ညဦးပိုင်း လာစုံစမ်းပြီး ညသန်း ခေါင်ကျော် မိမိအိမ်သို့ လာကြခြင်းပင် ဖြစ်နိုင်နေသည်။

"နွေပွင့်ကို ကို့မေးမယ်နော်၊ မှန်မှန်ပြောမလား"

"သိပ်ကို မှန်မှန်ပြောတာပေါ့ အစ်ကို၊ ဘာလို့မှန်းတော့ မသိဘူး၊ နွေပွင့် အစ်ကို့ကို ရင်ထဲက ခင်နေတယ်၊ ညက လည်း အစ်ကို့အကြောင်းတွေ နွေပွင့် စဉ်းစားနေတာ၊ အစ်ကိုတင်မောင်ကြည် ကွယ်လွန်တာကိုတောင် အခိုက် အတန့် မေ့သွားတယ်"

"အေး ... ကို့ မေးချင်တာကလည်း ကိုတင်မောင်ကြည်ရဲ့ အကြောင်းပဲ၊ နွေပွင့်နဲ့ ကိုတင်မောင်ကြည်ရဲ့ ခင်မင်မှုဟာ အတိုင်းအတာ ဘယ်လောက်ထိရှိလဲ။ မှန်မှန်ပြောနော်"

"အတိုင်းအတာ ဆိုတာ အစ်ကို ဘာကို ဆိုလိုတာလဲ ဟင်"

ယခု ခေါင်းကုတ်ရသူမှာ ရန်မျိုးနောင်ပင် ဖြစ် သည်။ မိမိကိုယ်ကိုလည်း အံ့သြမိသည်။ အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် နွေပွင့်အား ဤမေးခွန်းမျိုး မေးမိလေသနည်း။ ကို
မောင်ကြည်နှင့် နွေပွင့်တို့ အဘယ်သို့သော အတိုင်းအတာ
ခင်မင်ခဲ့သည်ကို မိမိက ဘာဆိုင်လို့ သိချင်ရသနည်း။

"တို့မေးတာက ဒီလိုပါ၊ နွေပွင့်နဲ့ ကိုတင်မောင်ကြည်
ဟို ... ဟို ... အိုဟာ ချစ်နေကြလား၊ လက်ထပ်
အထိ ချစ်ခဲ့ကြသလားလို့ မေးတာ"

"တောက်တီးတောက်တဲ့၊ မဟုတ်ကဟုတ်က"

"အဲဒီစကားက ဘာစကားလဲ၊ ဘာသာပြန်ပြပါဦး နွေ

"အို ... ဘာဆိုင်လဲ၊ အစ်ကိုတင်မောင်ကြည်ဟာ
သက်ရဲ့သူငယ်ချင်းမို့ စကတည်းက အစ်ကိုလို့ပဲ ခင်
ကိုကိုသက် ထောင်ကျတာ အစ်ကိုတင်မောင်ကြည်
ထောက်ပံ့နေလို့ ကိုကိုသက်ကိုယ်စား အစ်ကိုတစ်
လို အားကိုးတယ် ဒါပဲ၊ ဒီပြင် အစ်ကိုတင်မောင်
နွေပွင့် ကြားမှာ ဘာမှမရှိဘူး၊ ပြီးတော့ အစ်ကိုတင်
ကြည်မှာ ချစ်သူရှိတယ်တဲ့၊ သူတို့နဲ့ အဆင့်အတ
တယ်တဲ့၊ နာမည်က သိင်္ဂီရွှေစင်တဲ့၊ တက္ကသိုလ်ရိ
လမ်း၊ ခြံနံပါတ်( ... ... )မှာ နေတယ်တဲ့"

"အေး ... ဒါဆို ပြီးရော"

ရန်မျိုးနောင်သည် ဘာကြောင့်မှန်း ကိုယ့်ဟာ
မသိဘဲ ဇွဲးခနဲ သက်ပြင်းချရင်း အေး ... ဒါဆို ပြီးရောဟု
လိုက်မိသည်။

"ကဲ ... ဒါဆို နောက်ထပ် မေးစရာလေးတွေကို
ဆက်မေးမယ်"

"မေးပါ အစ်ကို"



"ကိုသက်ညွှန့် ထောင်မကျခင်က ကိုတင်မောင်ကြည်နဲ့
တွဲခဲ့တယ်နော်"

"သိပ်တွဲတာပေါ့ အစ်ကို"

"ကျောင်းနေဖက် ငယ်သူငယ်ချင်းလို ခင်မင်ပြီး တွဲတာမျိုး
လား၊ လုပ်ငန်းနဲ့ပတ်သက်ပြီး တွဲတာမျိုးလား နွေပွင့်"

"လုပ်ငန်းနဲ့ တွဲတာပဲ ဖြစ်မယ် အစ်ကို၊ ကိုကိုသက်က
ဆယ်တန်းတောင် မအောင်ဘူး၊ ကိုကိုသက် ကျောင်းသား
ဘဝက အစ်ကိုတင်မောင်ကြည်နဲ့တွဲတာ နွေပွင့် တစ်ခါမှ
မမြင်ဖူးဘူး"

"ဘာလုပ်ငန်းတွေလုပ်ပြီး တွဲမိကြတာလဲ"

"အဲဒါတော့ သူတို့ ဘာတွေတွဲပြီး လုပ်သလဲဆိုတာ
နွေပွင့် မသိဘူး၊ မေမေ့ကိုဖြစ်ဖြစ် နွေပွင့်ကိုဖြစ်ဖြစ် ကိုကို
သက်က သူ့လုပ်ငန်းအကြောင်း ပြောလေ့မရှိဘူး၊ မေမေ
လက်ထဲသာ အိမ်စရိတ် လုံလောက်အောင်အပ်တာ၊ နွေပွင့်
အတွက် ဝတ်ဖို့ အင်္ကျီစတွေ၊ ထဘီစတွေ၊ ခေါက်ထီးတွေ၊
စပို့ရှပ်အင်္ကျီတွေ၊ ဘလောက်(စ်)အင်္ကျီတွေလည်း ခရီးသွား
ပြီး ပြန်လာရင် ပါလာတတ်တယ်"

"နိုင်ငံခြားဖြစ် ပစ္စည်းတွေလား"

"ဟုတ်တယ် အစ်ကို"

"ဒါဆို နွေပွင့် အစ်ကို ကိုကိုသက်ဟာ မှောင်ခိုလုပ်ငန်း
လုပ်နေတာ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ် အစ်ကို၊ ကိုကိုသက် ခရီးတစ်ခါထွက်သွား
ရင် ဆယ်ရက် ဆယ့်ငါးရက် ကြာတဲ့အခါ ကြာတယ်၊
တစ်ခါတလေ တစ်လလောက်လည်း ကြာတယ်၊ ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ရင် နွေပွင့်အတွက် အဲဒါမျိုးတွေ ပါလာတတ်တ
တစ်ခါတလေ သူ့အပေါင်းအသင်းတွေနဲ့ စကားပြော
အခါ ဒီတစ်ခေါက်မှာ ဘယ်လို၊ နောက်အခေါက်ကျ
ဘာလုပ်မယ် ဆိုတာမျိုး ပြောသံကြားတယ်၊ တောယ
ထွက်ပြေးခဲ့ရတဲ့ အကြောင်းမျိုးတွေကိုလည်း ပြောတ
တယ်"

ဟုတ်ပြီ။ ဒါဆိုလျှင် တောင်ကျသွားသော ကိုသ
ညွန့်သည် ဟိုဘက်နယ်ခြား နယ်စပ်အထိ မှောင်ခိုကုန်ကူး
ဖြစ်ရမည်။

"အဲဒီတုန်းက ကိုတင်မောင်ကြည်နဲ့ တွဲပြီလား"

"မတွဲသေးဘူး အစ်ကို၊ တရုတ်တွေ ကုလားတွေနဲ့ အ
များတယ်၊ နောက် လွန်ခဲ့တဲ့ နှစ်လလောက်က
ကိုတင်မောင်ကြည်နဲ့ တွဲကြတယ်"

"ကိုတင်မောင်ကြည်နဲ့ ကိုသက်ညွန့် တွဲတဲ့အချိန်မှာ အ
က တရုတ်တွေ ကုလားတွေနဲ့ ဆက်တွဲသေးလား"

"ဟင့်အင်း၊ ကိုတင်မောင်ကြည်နဲ့ပဲ တွဲတော့တယ်၊ အ
က လူတွေနဲ့ မတွဲတော့ဘူး အစ်ကို"

ရန်မျိုးနောင် စဉ်းစားကြည့်သည်။ ဆက်စပ်ကြ
သည်။

ရေးတေးတေး ကွင်းဆက်လေးများ တွေးမိသ
ဤအတိုင်းဆိုလျှင် မြတ်သင်းဆိုသူသည် များ
စဉ်းစားစရာ ဖြစ်လာသည်။

ညဦးပိုင်းက နွေပွင့်တို့အိမ်သို့ လာသွားသည်။
နောက်ရှာဖွေသွားသည်။



မိမိနှင့် ကိုတင်မောင်ကြည် ယခင်က ဆက်သွယ်မှု ရှိမရှိ မေးသွားသည်။

သူတို့လိုချင်သောပစ္စည်းသည် တခြား ဘယ်မှာမှ တွေ့သည့်အဆုံး မိမိထံတွင်ရှိနိုင်သည်ဟု မြတ်သင်း တွက်ဆသည်။

ထို့ကြောင့် ညဉ့်နက်ပိုင်းတွင် မိမိ၏မဟာမြိုင်လမ်း အိမ်ကို ဖောက်တွင်းပြီး သူတို့လိုချင်သောပစ္စည်း ရှာဖွေခြင်းဖြစ်သည်။

သူတို့လိုချင်သောပစ္စည်းကို သွေးညီနောင်ဟု အမည် ပေးထားသည်။

"ဘာလဲ ... သွေးညီနောင်ဆိုတာ"

အကယ်၍သာ ညက မိမိအိမ်ကို ဖောက်ထွင်းသူ သုံးယောက်သည် မြတ်သင်းအဖွဲ့သားဆိုပါက ခြေရာကောက်ရန် သဲလွန်စ ရလေပြီ။

မြတ်သင်းဆိုသည့် အမည်ရှိသူ။

ညက ပေါင်ကိုသေနတ်ထိမှန်သူ။

ထိုသူ တစ်ဦးဦးကိုတွေ့ရလျှင် ကိုတင်မောင်ကြည်၏ လူသတ်မှုကို ဖော်ထုတ်နိုင်စရာလမ်း ဖြစ်နိုင်သည်။

"မြတ်သင်းရဲ့နေရပ်လိပ်စာကို နွေပွင့် သိသလား"

"ဟင့်အင်း၊ မသိဘူး အစ်ကို"

နွေပွင့် မသိပါဆိုသည်မှာ ယုတ္တိရှိသည်။ မြတ်သင်း ကိုယ်တိုင် နဂိုက နွေပွင့် မြင်ဖူးခဲ့သည် မဟုတ်။ ညကမှ သူ့အိမ်သို့ မြတ်သင်းလာသောကြောင့် မြင်ဖူးခြင်းဖြစ်မည်။

"ဒါဆို မြတ်သင်း ပုံပန်းကို ပြောပြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"အရုပ်အမောင်းက သူလို ကိုယ်လိုလောက်ပဲ အစ်ကို"

သူလိုကိုယ်လို အရုပ်ဆိုသည်မှာ ငါးပေနှင့် လေး ငါးခြောက်လက်မ ဖြစ်လောက်သည်။ သာမန်မို့ ထူးခြားမှုမရှိ သိပ်ပုလျှင်လည်းကောင်း၊ သိပ်ရှည်လျှင်လည်းကောင်း ထူးခြား သောသင်္ကေတ ဖြစ်နိုင်သည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း၊ နားရွက် စသည်တို့ကို နွေပွင့် ဆက်ပြောသည်။

သာမန်မှလွဲပြီး မထူးခြား။

ရန်မျိုးနောင် ခေါင်းကုတ်မိသည်။ နွေပွင့် ပြောပြ သော မြတ်သင်းလို လူပုံပန်းတွေသည် များစွာရှိနေသောကြောင့် ဖြစ်ပါ၏။

"သြော် ... အစ်ကို"

"ပြော ... နွေပွင့်"

"ကိုမြတ်သင်းနဲ့ အတူပါလာတဲ့ အဖော်ကတော့ ညဦးပိုင်း မှာတောင် နေကာမျက်မှန် တပ်ထားတယ် အစ်ကို"

"ဒါလည်း ဘာဆန်းလို့လဲ နွေပွင့်။ ခုခေတ်မှာ ရုပ်မြင် သံကြားမှာ သီချင်းဆိုတဲ့ အဆိုတော်တွေတောင် နေကာ မျက်မှန်တွေ တပ်နေကြတာပဲဟာ၊ ဒါက ဖက်ရှင်တစ်ခု ဖြစ်နေတာပဲ"

"ဟုတ်ဘူး အစ်ကို၊ အဲဒီ ကိုမြတ်သင်းနဲ့ ပါလာတဲ့အဖော် က နွေပွင့်တို့အိမ်မှာ ပစ္စည်းရှာတော့ နေကာမျက်မှန်ချွတ် လိုက်တယ်၊ အဲဒီလူဟာ မျက်လုံးတစ်ဖက် ပျက်နေတယ်"

"ဟုတ်လား၊ အဲဒါ ထူးခြားချက်ပဲ၊ သူ့ရဲ့ပျက်တဲ့မျက်လုံး ဟာ ဘယ်ဘက်လား၊ ညာဘက်လား"



နွေပွင့် ရုတ်တရက် မဖြေတတ်။

ရန်မျိုးနောင်နှင့် မျက်နှာချင်းဆိုင် တည့်တည့်သို့ နွေပွင့် နေရာပြောင်းထိုင်လိုက်သည်။

"အဲဒီလို တည့်တည့်ဆိုရင် ဟောဒီမျက်လုံးပဲ အစ်ကို"

ပြောပြောဆိုဆို သူမ၏လက်ညှိုးလေးနှင့် ရန်မျိုး နောင်၏ မျက်လုံးတစ်ဖက်ရှိရာဘက် နားထင်ကိုထိအောင်ပင် ထောက်ပြပေသည်။

လက်ဝဲမျက်လုံးဘက် ဖြစ်ပါ၏။

ရန်မျိုးနောင်သည် နွေပွင့် ပြသပုံလေးကို သဘောကျ စွာ ရယ်မိသည်။

ကောင်မလေး တမင်အပိုလုပ်သည်မဟုတ်။

တစ်ခါတစ်ရံ မိမိနှင့် မျက်နှာချင်းဆိုင်လူ၏ လက်ဝဲ ဘက် လက်ယာဘက်ကို ဖြန့်းခနဲ အပြောရခက်တတ်သည်။ မိမိ ၏ညာဘက်သည် မျက်နှာချင်းဆိုင်လူ၏ ဘယ်ဘက်ဖြစ်နေပြီး မိမိ၏ဘယ်ဘက်သည် မျက်နှာချင်းဆိုင်လူ၏ ညာဘက်ဖြစ်နေ သောကြောင့်ပင်။

နွေပွင့် သတိထားမိသည်မှာ ထိုလူနှင့် မျက်နှာချင်း ဆိုင် အနေအထားတွင် ဖြစ်ခဲ့ဟန်တူသည်။ ထို့ကြောင့် ရန်မျိုး နောင်နှင့် မျက်နှာချင်းဆိုင် ရွှေ့ထိုင်ပြီးမှ လက်ညှိုးထောက်ပြ ပြခြင်းဖြစ်သည်။

မျက်နှာချင်းဆိုင် တည့်တည့်လာထိုင်ပြီး လက်ညှိုး လေးထောက်ပြသည်ကို ရယ်မောရင်း ရန်မျိုးနောင်သည် နွေပွင့် ကို အနီးကပ် မြင်မိသည်။

မြင်မိတော့လည်း ကြည့်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်မိခြင်းနှင့် ကြည့်မိခြင်းမှာ ကွာခြားပါ၏။

မြင်မိခြင်းမှာ အလိုအလျောက် မျက်စိရောက်သွား... ပြီး မြင်ခြင်းဖြစ်သည်။

ကြည့်မိခြင်းမှာ တမင်တကာကိုပင် မြင်လိုသော... ဖြင့် ကြည့်ခြင်းဖြစ်သည်။

နွေပွင့်ကို ရန်မျိုးနောင် တမင်တကာကြည့်၍ မြ... ရခြင်း ဖြစ်တော့သည်။

တမင်အာရုံစိုက်မိသောကြောင့်လား မပြောတတ်... နွေပွင့်ထံမှ ပျံ့လွင့်လာသော သင်းနေသည့် သနပ်ခါးနံ့လေး ... ရှိုက်မိသည်။

ကောင်မလေး၏ဆံပင်မှာမည်းနက်ရုံမက အုံကော... လှသည်။ ကုပ်ဝဲတော့ မဟုတ်။

ပန်းဝဲဟု ဆိုရလေမလား။

နက်မှောင်ထူထဲသော ဆံပင်တို့သည် နွေပွင့်၏ပ... အောက် ကျောပြင်တွင် ဖွာရာရာလေးတွေ ဖြစ်နေသည်။

ကောင်မလေး၏မျက်နှာတွင် သနပ်ခါးလေး ကွ... တိကွက်ကျား လိမ်းထားသည်မှအပ အခြားနိုင်ငံခြားဖြစ်သေ... လည်းကောင်း၊ ပြည်တွင်းဖြစ်သော်လည်းကောင်း မိတ်ကပ်ပေါင်... လုံးဝလိမ်းကျံထားခြင်း မရှိပေ။

မျက်ခုံးမှာလည်း ဆံပင်ကောင်းသလို ထူထဲမည်... နက်နေပါ၏။ ငှက်တောင်ပံ ဖြန့်ထားသလို ကွေးယောင်ယော... မျက်ခုံးမှာ နုတ်ခြင်း ပုံဖော်ခြင်းမပြုဘဲ ပကတိအတိုင်း ကွေး... နက်မှောင် ထူထဲနေပေသည်။



မျက်တောင်မှာ ကော့ရွန်းနေသည်။ အကယ်၍သာ အလှပြုပြင် ခြယ်သဖြီးလိမ်းထားသည် ဆိုပါလျှင် သည်ကောင်မလေး မျက်တောင်အတု တပ်ထားသည်ဟု ပြောရမည်။ ယခုမှ ဘာမှမခြယ်မသ မဖြီးလိမ်း မပြုပြင်ထားသောကြောင့် ပင်ကိုပကတိ မျက်တောင်နှစ်ဖက် ကော့ရွန်းနေသည်မှန်း သိသာ သည်။

"ဒီကောင်မလေး မျက်တောင်ကော့လိုက်တာ မီးခြစ်ဆံ တင်လို့ရတယ်တဲ့"

ဟု လူကြီးတွေ ပြောသည်မှာ နွေပွင့်၏ မျက်တောင် ကော့မျိုးပင် ဖြစ်ရမည်။

နှာတံကလေးကလည်း အရှေ့တိုင်းသူ၏ နှာတံ အလှမျိုး ဖြစ်သည်။ နှာသီးထိပ် ချွန်နေသည်လည်းမဟုတ်။ လုံးနေသည်လည်း မဟုတ်မူဘဲ မချွန်မလုံးလေး တည်ရှိနေသည်။

အသားရောင်ကလည်း ဆံပင်အမည်း၊ မျက်ခုံးမျက်တောင်အမည်းတို့က အောက်ခံထား၍လား မပြောတတ်။ ဝင်းပ ဖြူမွတ်ခြင်း ပိုမိုပေါ်လွင်နေသည်။

ရှေ့တည့်တည့်တွင် ရန်မျိုးနောင်ကဲ့သို့ပင် တင်ပျဉ် ခွေဖြင့် ပခုံးကိုင်း ထိုင်ခြင်းမျိုး ထိုင်နေသော်လည်း စို့ပို့သော ရင်ကလေးက မတိမ်းမယိုက် ပကတိ အဝန်းအဝိုင်းအတိုင်း ရှိနေ သည်။

ခါးကိုင်းမိုက်ကွေး ထိုင်နေသော်လည်း ဝမ်းဗိုက်မှာ အထင်ကြောင်းမထင်။

ရှပ်ရှပ်ဟိုက်ဟိုက်လေးပင် ရှိနေသည်။

အို ... ကြည့်လေ မြင်လေ ဖြစ်နေပါ၏။

www.burmeseclassic.com



နွေပွင့်သည် လှကိုလှသည်။ ချောကိုချောသည်။ မျက်နှာကွက်ကွက်လေး ချောခြင်းလှခြင်းမျိုးမဟုတ်။ အချိုးအဆစ် ပြေပြေကြော့ကြော့ရှင်းရှင်းနှင့် တစ်ကိုယ်လုံးလှသော အလှမျိုးဖြစ်သည်။

ဟိုစဉ်က တစ်ခါတစ်ရံ ဗိုင်း၏အလှကိုလည်း ရန်မျိုးနောင် ကြည့်သည့်အခါ ကြည့်မိပါ၏။

ဗိုင်းလည်းလှသည်။ ချောသည်ပင်။

ဗိုင်းလှပုံ ချောပုံက အဖိုးတန်လှပသော ဖန်အိုးထဲတွင် တမင်လှအောင် ပန်းပွင့်လေးများကို လက်နှင့်ကိုင် နေရာချပြီး ဖန်အိုး၏အလှနှင့် ပေါင်းစပ်၍ စားပွဲပေါ် အလှတင်ပန်းလေးလို လှသည်ဟု ဆိုပြားအံ့။

နွေပွင့်က အပင်တွင် သူ့ဘာသာ ငုံရာမှပွင့်ပြီး နေဒဏ်လေဒဏ်ကြားတွင် သဘာဝအတိုင်း လှနေသော ပန်းပွင့်လေးနှင့်တူသည်ဟု ဆိုရပါလိမ့်မည်။

ရန်မျိုးနောင်က ကြည့်လွန်းတော့ ပထမ နွေပွင့် အံ့အားလေးသင့်ပြီး ငေါင်သွားသည်။

ပြီး ... ခေါင်းလေးငုံ့ကာ ဖျာချောကို လက်သည်းလေးများနှင့် ခြစ်နေပါလေ၏။

ရန်မျိုးနောင် သူ့ဟာသူ သတိကို ပြန်ထိန်းလိုက်နိုင်ပေသည်။ တခြားသို့ မျက်နှာလွှဲလိုက်သည်။

"ကဲ ... ပြောပါဦး နွေပွင့်၊ တခြား ဘယ်လိုဝိသေသထူးတာတွေ အဲဒီနစ်ယောက်မှာ တွေ့သေးလဲလို့"

"ဩ ... ကိုမြတ်သင်းမှာ တစ်ခုရှိသေးတယ်"

"ဘာလဲ နွေပွင့်"



"သူက စားမြွောင်နဲ့ ကြမ်းပြင်ကို စိုက်လိုက်တော့ သူ့စားမြွောင်ကိုင်စိုက်တဲ့ ညာလက်မောင်းအောက်က လက်ဖျံကို နွေပွင့် ကြည့်လိုက်မိတယ်၊ သူက စပို့ရှပ်လက်တိုဝတ်ထားတော့ ထင်ထင်ရှားရှား မြင်လိုက်ရတယ် အစ်ကို"

"ဘာကို ထင်ထင်ရှားရှား နွေပွင့်က မြင်တာလဲ"

"ကိုမြတ်သင်း လက်ဖျံအိုးမှာ မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်ပြီး ကျန်တဲ့ကိုယ်အောက်ပိုင်းမှာ မြွေက ခွေရစ်နေတဲ့ပုံပဲ အစ်ကို၊ တက်တူး(ဆေးမင်ကြောင်)ထိုးထားတာ"

ညက လူဆိုးခေါင်းဆောင် မိမိကိုပစ်ပေါက်ပြီး ကျန်ခဲ့သော စားမြွောင်အရိုးတစ်ဖက်တွင်လည်း ယခု နွေပွင့်ပြောပုံနှင့် တစ်ထပ်တည်းတူသော မြွေဟောက်ပါးပျဉ်းပုံ ပါရှိသည်ကို ရန်မျိုးနောင် အမှတ်ထားရှိလိုက်ပါ၏။

"ကဲ ... ကိုတင်မောင်ကြည်နဲ့ ပတ်သက်ပြီး တို့ မေးစရာမရှိတော့ဘူး၊ နွေပွင့်နဲ့ ပတ်သက်တာတွေ နည်းနည်းထပ်မေးမယ်၊ တို့မေးတာကို နွေပွင့်က အလိမ္မာမ[illegible]က်နဲ့၊ တကယ့်စိတ်ထဲဝမ်းထဲရှိတဲ့အတိုင်း အမှန်ပြောရမယ်နော်"

နွေပွင့် ခေါင်းညိတ်ပြသည်။

"နွေပွင့်တို့မေမေဟာ နွေပွင့် အစီအစဉ်အတိုင်း ဆက်နေမယ်၊ နွေပွင့်ပြောတာကို လက်ခံမယ်မဟုတ်လား"

"မေမေက ဒုက္ခိတပဲ အစ်ကို၊ အခုလောလောဆယ်အခြေအနေမှာ နွေပွင့်ကလွဲလို့ အားကိုးမှမရှိတာ။ နွေပွင့် စီစဉ်သမျှ မေမေက လိုက်မှာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တို့အမြင်ပြောမယ်နော်၊ မြတ်သင်းတို့ရဲ့ရန်ဟာ မအေးဘူး၊ ညက သန်းခေါင်ကျော်မှာ တို့အိမ်ကို လူဆိုးသုံးယောက် ဖောက်ထွင်းဝင်ရောက်ပြီး တို့ပစ္စည်းတွေကို မွှေနှောက်သေးတယ်"

ရန်မျိုးနောင် ညက ဖြစ်ပျက်ခဲ့သမျှကို အားလုံးပြောပြသည်။ နွေပွင့်သည် မျက်လုံးလေးပြူး ပါးစပ်လေးဟဖြင့် နားထောင်ပေသည်။

"ဒါဆို ကိုမြတ်သင်းတို့အဖွဲ့ပဲ ဖြစ်နိုင်တာပေါ့နော် အစ်ကို"

"သိပ်ကိုဖြစ်နိုင်နေတယ်၊ နွေပွင့်ပြောတဲ့အတိုင်း မြတ်သင်းလက်မှာ မြွေဟောက်ရုပ် ဆေးမင်ထိုးထားတာနဲ့ တို့ဆီမှာကျန်ခဲ့တဲ့ ဓားမြှောင်ရိုးပေါ်မှာ မြွေဟောက်ရုပ် ရှိနေတာထပ်တူထပ်မျှ တူနေတယ်"

ကောင်မလေး ခေါင်းညိတ်ပြသည်။

"သွေးညီနောင်ဆိုတာ ဘာမှန်းတော့ မသိသေးဘူး၊ ဒါပေမဲ့ သူတို့လိုချင်နေတဲ့ သွေးညီနောင်ပစ္စည်းကို နွေပွင့်အိမ်မှာလည်း ရှာမတွေ့၊ တို့အိမ်မှာလည်း ရှာမတွေ့ ဖြစ်နေသေးတယ်၊ ဒီကြားထဲ တို့ပစ်လိုက်တာ သူတို့ထဲက တစ်ယောက်ကို ထိသွားတယ်၊ သူတို့အနေနဲ့ မကျေနပ်စရာ၊ စိတ်ဆိုးစရာ ဖြစ်သွားတာ သေချာတယ် နွေပွင့်"

နွေပွင့်က ပုတ်သင်ညိုမလေးကို ခေါင်းညိတ်ပြပြန်သည်။

"ဒီတော့ ကိုတင်မောင်ကြည်နဲ့ ပတ်သက်ခဲ့တဲ့ နွေပွင့်ဆီကိုလည်း တစ်ကျော့ပြန်မလာဘူး မပြောနိုင်ဘူး၊ ခုတစ်ခါလာရင်လည်း အကြမ်းဖက်နိုင်စရာရှိတယ်"



"နွေပွင့် ကြောက်တယ် အစ်ကို"

"အေး ... အခြေအနေက ကြောက်စရာ စိုးရိမ်စရာ အခြေအနေပဲ၊ ဟောဒီအိမ်လေးနဲ့ ဟောဒီနေရာမှာ နွေပွင့်တို့အတွက် မလုံခြုံတော့ဘူး"

"ဒီအိမ် ဒီနေရာကလွဲပြီး နွေပွင့်တို့မှာ တခြားနေစရာမရှိတာ"

"အဲဒါကို တို့ပြောမလို့၊ တို့ စမ်းချောင်း မဟာမြိုင်လမ်းက အိမ်မှာ တို့နဲ့ တပည့်ပေါ်ဦး နှစ်ယောက်တည်းနေတယ်၊ အိမ်က အကျယ်ကြီးပဲ၊ အခန်းပိုတွေရှိတယ်၊ ဒီတော့ နွေပွင့်တို့ သားအမိ တို့အိမ်မှာ ဗုလတ်တလော အခြေအနေမှာ လိုက်နေပါလား၊ အကြောင်းအချက်နှစ်ခု ကောင်းသွားမယ်၊ ပထမအချက်က နွေပွင့်တို့ သားအမိ မြတ်သင်းရန်က လုံခြုံသွားမယ်၊ ဒုတိယအချက်က နွေပွင့်တို့ စားစရိတ်လုံးဝမကုန်တော့ဘူး၊ အဲဒါ တို့က ရိုးရိုးသားသား စေတနာနဲ့ ကူညီတာ ဆိုတာတော့ နွေပွင့် ရင်ထဲက ခံယူထားမှနော်"

"အစ်ကို့စေတနာကို နွေပွင့် လေးလေးနက်နက် ခံယူထားပါတယ် အစ်ကို၊ နောက်ပြီး အစ်ကို့ရဲ့သိက္ခာ သမာဓိကိုလည်း နွေပွင့် ယုံကြည်လေးစားပြီးသားပါ၊ ဒါပေမဲ့ ... အစ်ကို"

နွေပွင့် ဆက်မပြောဘဲ စကားကို ရပ်ထားသည်။

"ဆက်ပြောလေ၊ ဒါပေမဲ့ ဘာဖြစ်လဲ"

"အစ်ကို့အတွက် ဘ[illegible]ကောင်းမလဲ"

"ဘယ်လိုမကောင်းတာလဲ"

www.burmeseclassic.com



"အဆင့်ချင်း သိပ်ကွာတယ် အစ်ကို၊ အစ်ကို့ရဲ့အဆင့်၊ အစ်ကို့ရဲ့ပတ်ဝန်းကျင် အသိုက်အဝန်းက အစ်ကိုနဲ့ညီမျှတဲ့ အဆင့်ရှိသူတွေ၊ နွေပွင့်တို့ကို ခေါ်ထားတာနဲ့ အစ်ကို့မှာ နာမည်ထိခိုက်မယ်၊ နောက်ပြီး နွေပွင့်အတွက်လည်း နဂို ကမှ လူတွေ အထင်သေးနေတာ"

ဒါတော့ ဟုတ်၏။ ရန်မျိုးနောင်၏ ရင်ထဲက ထောက်ခံမိသည်။ မိမိအိမ်သို့ လူပျိုသူငယ်ချင်းတွေ လာတတ်သည်။ အားလုံးလိုလို လောင်ကောင်တွေဖြစ်၏။

နွေပွင့်လေးကလည်း လှသည်၊ ချောသည်။

လောင်ကောင်တွေစိတ်ထဲ တစ်မျိုးထင်ပြီး ဗရွတ်ရွတ်တွေ ပြောကြ လုပ်ကြမည် စိုးရသည်။

ပြီး မိမိအိမ်သို့ စာပေအသိုက်အဝန်းမှ အပေါင်းအသင်းတွေလည်း လာတတ်သည်။ စာပေဘက်မှ လူတွေသည် အလွန်စပ်စပ်စုစု နိုင်လှသည်။ စပ်စု၍ ရရှိသမျှကိုလည်း ကလော်သရမ်းချင်တတ်သည်။

မိမိကိုတော့ တယ်စွံပါလားဟု ပြောကြမည်။ နွေပွင့်ကိုတော့ အထင်သေးပေလိမ့်မည်။

"ကဲ … ဒါဆို ဒီလိုလုပ်၊ ပဲခူးမှာ တို့ဘိုးဘိုးရှိတယ်၊ ခြံကြီး ဝင်းကြီးနဲ့ နှစ်ထပ်တိုက်အိမ်ကြီးမှ အကြီးကြီး၊ အဲမှာ နွေပွင့်တို့သားအမိ သွားနေ"

"အစ်ကိုကတော့ ရန်ကုန်မှာ နေမှာပေါ့နော်"

"ဒါပေါ့ …၊ တို့ စိတ်ဆုံးဖြတ်လိုက်ပြီ နွေပွင့်၊ အစ်ကိုတင်မောင်ကြည်နဲ့ ပတ်သက်ပြီး ရန်သူက တို့ကိုတိုက်ခိုက်နေပြီ၊ ဒီတော့ ရန်သူ ဘယ်သူလဲဆိုတာ သိအောင်



တို့ စုံစမ်းရမယ်၊ အခုဆိုရင် ရန်သူက တို့ကို သိနေတယ်၊ တို့က ရန်သူဟာ ဘယ်သူဘယ်ဝါ ဆိုတာ မသိရတော့ တစ်ပန်းရှုံးနေတယ်၊ ဒါကြောင့် ရန်သူ ဘယ်သူဆိုတာ စုံစမ်းမယ်"

"အစ်ကိုရယ် … အန္တရာယ် များလိုက်တာ၊ အစ်ကို့ကို နွေပွင့် စိုးရိမ်တယ်"

"တို့ကို နွေပွင့်က စိုးရိမ်တယ် ဟုတ်လား"

ကောင်မလေးနှုတ်မှ လွှတ်ခနဲ စိတ်ထဲ ရင်ထဲရှိသည့်အတိုင်း ပြောလိုက်ခြင်း ဖြစ်ဟန်တူသည်။

ရန်မျိုးနောင်က တို့ကို စိုးရိမ်တယ် ဟုတ်လားဟု ပြန်မေးလေမှ မျက်နှာလေးတွင် သွေးရောင်သမ်းပြီး ခေါင်းလေးငုံ့သွားပေသည်။

တစ်ဦးအတွက် ကျန်တစ်ဦးက စိုးရိမ်ပါသည်ဆိုခြင်းမှာ ရင်ထဲတွင်ရှိနေသော သံယောဇဉ်ကြောင့်ပင် မဟုတ်ပါလေလား။

"ဒီလိုလုပ်ပါလား အစ်ကို"

"ဘယ်လိုလုပ်ရင်လဲ"

"အန္တရာယ်ကို ရှောင်နေတဲ့ သဘောပေါ့၊ ပဲခူးကို အစ်ကိုပါ လိုက်နေလေ၊ အစ်ကိုပါ လိုက်နေတော့ ပဲခူးက အစ်ကို့ဘိုးဘိုးအိမ်မှာ နေပွင့်တို့ အနေမစိမ်းဘူး၊ နို့မို့ရင် အစ်ကို့ဘိုးဘိုးက နွေပွင့်တို့ သားအမိကို ဘုမသိ ဘမသိနဲ့"

"စိတ်ချ၊ တို့ဘိုးဘိုးက တို့ရဲ့မိတ်ဆွေမို့ လာနေတယ်ဆိုရင် ဂရုတစိုက်ရှိမှာ သေချာတယ်၊ ဘိုးဘိုးက တို့ကို သိပ်ချစ်တာ၊ နောက်ပြီး တို့ပါ ပဲခူးလိုက်နေရင် ဘာထူးမလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က တို့ကိုရော နွေပွင့်ကိုရော မဟာမြိုင်လမ်းကအိမ်မှာ လိုက်နေသလိုပဲ ထင်ကြမှာ၊ နွေပွင့်အတွက် နစ်နာမယ်၊ နွေပွင့်က အခုမှ တက်သစ်စ မိန်းမပျိုလေး၊ နောက်တစ်ခု ရှိသေးတယ် နွေပွင့်၊ ရန်သူကို ရှောင်ပြေးတယ်ဆိုတာ သတ္တိမရှိတဲ့ လူပျော့ လူညံ့တွေရဲ့အလုပ်ပါ နွေပွင့်၊ တို့တစ်သက်မှာ သတ္တိမရှိတဲ့ယောကျ်ား ဘယ်တော့မှ မဖြစ်စေရဘူး”

“ဒါဆိုလည်း အစ်ကိုသဘောပါ အစ်ကို”

“နက်ဖြန်မနက်ပိုင်း တို့ ကားနဲ့လာခေါ်မယ်၊ နွေပွင့်အသင့်လုပ်ထား၊ နွေပွင့်မေမေကိုလည်း အကျိုးအကြောင်း ရှ…လည်အောင် ပြောထား၊ တို့အိမ်လိပ်စာနဲ့ တယ်လီဖုန်းနံပါတ် မှတ်မိတယ်နော်”

နွေပွင့်က ခေါင်းညိတ်ပြသည်။

ရန်မျိုးနောင် ပြန်ရန် ထိုင်ရာမှထရင်း နွေပွင့်အား တစ်ခုမေးလိုက်သည်။

“သြော်… နွေပွင့်ရဲ့ကိုကိုသက် ဘယ်ထောင်မှာလဲ နွေပွင့်”

“အစကတော့ အင်းစိန်ထောင်မှာပဲ အစ်ကို၊ လွန်ခဲ့တဲ့ တစ်လလောက်က ကိုကိုသက်ကို တောင်ငူထောင်ကို ပြောင်းတယ်လို့ အစ်ကိုတင်မောင်ကြည်က ပြောတယ် နွေပွင့်ကို အင်းစိန်ထောင်မှာကတည်းက ကိုကိုသက်က… မလာနဲ့တဲ့ ကိစ္စရှိရင် အစ်ကိုတင်မောင်ကြည်နဲ့ တစ်ဆင့် ပြောဆိုလို့ နွေပွင့် ကိုကိုသက်ဆီ မသွားရဘူး အစ်ကို”

“အင်း … အလှမ်းဝေးပြန်ပြီ”ဟု ရန်မျိုးနောင်စိတ်ထဲက မှတ်ချက်ပြုမိသည်။



ယခုကိစ္စများအားလုံး ကိုသက်ညွန့်ကို သွားတွေ့ပြီး မေးမြန်းလျှင် ရန်သူမြွေဟောက်အဖွဲ့သည် မည်သူမည်ဝါတွေဖြစ်သည်၊ သူတို့၏စခန်းလိပ်စာကို သိနိုင်မည်။

ဒါတောင် ကိုသက်ညွန့်ကို သွားတွေ့လျှင် နွေပွင့်ကို ခေါ်သွားရဦးမည်။ မိမိဘာသာ တစ်ယောက်တည်းသွားလျှင် တစ်ခါမှ မမြင်ဘူးသည့် သူစိမ်းသက်သက်မို့ ကိုသက်ညွန့်က ဘာမျှပြောမည်မဟုတ်။ သူ့ညီမ နွေပွင့်က ရှင်းပြမှ ကိုသက်ညွန့်က မိမိကို ယုံကြည်နိုင်လိမ့်မည်။

ယခုမူ ကိုသက်ညွန့်ကိုတွေ့ရန် တောင်ငူသွားရမည်။ နွေပွင့်ကိုပါ ခေါ်သွားရမည်။ မလွယ်ကြောပါလား။

“ကဲ … တို့ပြန်မယ် နွေပွင့်”

နွေပွင့်က မော်တော်ဆိုင်ကယ် တံခါးပေါက်ကျဉ်းလေးက ထုတ်သည်အထိ လိုက်ပို့ပေးရှာသည်။

နွေပွင့်တို့အိမ်မှ ထွက်လာပြီး ကမာရွတ် လှည်းတန်းလမ်းမကြီးပေါ် ရောက်သည်နှင့် တစ်ခု စဉ်းစားမိသည်။

ကိုတင်မောင်ကြည်၏အဆက် သိင်္ဂီရွှေစင်သည် တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ်(……)တွင် နေထိုင်သည်ဟု နွေပွင့်က ပြောသည်။

မီးပွိုင့်မှ တည့်တည့်မောင်းလျှင် တက္ကသိုလ်ရိပ်သာလမ်း သွားရာလမ်းမို့ ရန်မျိုးနောင် တည့်တည့်ပင် မောင်းလာခဲ့သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



(ငါး)

"ဟော့ ... ဒီမှာ မောင်တင်မောင်ကြည်"

ခြံတံခါးသည် အသင့်ပွင့်နေပါ၏။

ရန်မျိုးနောင်က ကွေ့ဝင်သည်နှင့် သစ်ပင်ကွယ် အမျိုးသမီးကြီးတစ်ဦး ပုန်းလျှိုးကွယ်လျှိုး ထွက်လာပြီး လက်တ ရင်း "ဟော့ ... ဒီမှာ မောင်တင်မောင်ကြည်"ဟု မတိုးမကျ အသံနှင့် ခေါ်လိုက်ခြင်းဖြစ်ပါ၏။

ဖိုက်ဘာဦးထုပ် ဆောင်းထားသည်။ မော်တော် ကယ်မှာ တင်မောင်ကြည် စီးခဲ့သော မော်တော်ဆိုင်ကယ် ဆင်တူနေသည်။

ကိုတင်မောင်ကြည်သည် ဤခြံ ဤအိမ်မှ သ ရွှေစင်ထံ လာနေကျ ဖြစ်ပုံရသည်။

အမျိုးသမီးကြီးသည် ကိုတင်မောင်ကြည် ဆုံး သိဟန်မတူသေး။ သီရိရွှေစင်တို့အိမ်တွင် နေထိုင်သော အမျိုးသ ကြီး ဖြစ်ဟန်တူသည်။

"မင်း ... မော်တော်ဆိုင်ကယ်ကြီး စက်ရပ်လိုက်၊ ဆ မောင်းသွားရင် မော်တော်ဆိုင်ကယ်ရဲ့စက်သံကို သ ကြားသွားမယ်"



ရန်မျိုးနောင်စိတ်ထဲတွင် တစ်ခုခုတော့ တစ်ခုခုပဲ နားလည်လိုက်သဖြင့် စက်ရပ်ပစ်လိုက်သည်။

"အပေါ်မှာ သီရိတို့ သားအဖသုံးယောက်စလုံးကို ကြိုးနဲ့ တုပ်ပြီး ရိုက်မောင်းပုတ်မောင်း လုပ်နေတယ်၊ ဒေါ်ဖွားသီ မီးဖိုပေါက်က တိတ်တိတ်ကလေး ဆင်းပြေးလာတာ၊ ဘာလုပ်ရမှန်းမသိဘူး၊ အခု မင်းရောက်လာတာနဲ့အတော် ပဲ"

"ဘယ်သူတွေက သီရိတို့ကို ကြိုးတုပ်ထားတာလဲ"

"လူဆိုးဓားပြတွေ ဖြစ်မှာပေါ့၊ ဟိုမှာလေ သူတို့စီးလာတဲ့ ကား အိမ်ရှေ့မှာ ရပ်ထားတာ"

ရန်မျိုးနောင် ချက်ချင်းသဘောပေါက်သည်။

မြွေဟောက်အဖွဲ့ပင် ဖြစ်ရမည်။

သီရိရွှေစင်က တင်မောင်ကြည်၏ချစ်သူမို့ သူတို့ လိုရှိသောပစ္စည်း သွေးညီနောင်သည် သီရိရွှေစင်ထံတွင် တင် င်ကြည်က ပေးအပ်ထားနိုင်သည်ဟု ထင်ပြီး လာရောက်ရှာ စူးစမ်းခြင်းဖြစ်မည်။

မြွေဟောက်အဖွဲ့သည် ကိုတင်မောင်ကြည်နှင့်ပတ် က်ခဲ့သူမှန်သမျှထံသို့ ယခုလိုပင် လိုက်လံပြီး သွေးညီနောင် သည့် ပစ္စည်းကို ရှာဖွေနေခြင်းပင်။

ရန်မျိုးနောင်သည် မော်တော်ဆိုင်ကယ်ကို ခေါက် ထောက်ပြီး ထားခဲ့သည်။

အိမ်ဆီသို့ သစ်ပင်များ အပုန်းအကွယ်ယူပြီး ချဉ်း ဝင်ခဲ့သည်။

အိမ်ရှေ့တံခါး ပွင့်နေစေကာမူ ဝင်၍မဖြစ်။

www.burmeseclassic.com



ဒေါ်ဖွားသီဆိုသည့် အမျိုးသမီးကြီး ထွက်ပြေးလာခဲ့သည်မှာ မီးဖိုတံခါးမှဟု ဆိုသဖြင့် ထိုတံခါး ပွင့်နေရမည်။

ရန်မျိုးနောင်သည် နောက်ဖေးဘက်သို့ ကူးခဲ့သည်။ မှန်ပြတင်းပေါက်များ ဖြတ်ကျော်ရာတွင် လေးဖက်နီးပါးကုန်းကွ သွားစေကာမူ မှန်ပြတင်းမှ အထဲကိုမြင်ရုံလေး ချောင်းကြည့်သည်။

ဧည့်ခန်းတွင် ကြိုးတုပ်ထားသော သုံးယောက်ကို လူဆိုးတစ်ယောက်က စောင့်နေသည်။

သေနတ်မကိုင်၊ ဓားမြှောင်ကိုသာ ကိုင်ထားသည်။ ခေါင်းစွပ် စွပ်မထား၊ သားရေဂျာကင် ဘောင်းဘီရှည် ဝတ်ထားသည်။

ကျောပေးထားသဖြင့် မျက်နှာကို မမြင်ရ။

ရန်မျိုးနောင် ဆက်၍ရွေ့လျားသည်။ နောက်အခန်းမှ မှန်ပြတင်းကပင် ချောင်းကြည့်ပြန်သည်။

အိပ်ခန်း ဖြစ်ပါ၏။

အထဲတွင် လူဆိုးတစ်ယောက်တည်း တွေ့ရသည်။ ဒေါ်ဖွားသီ အပြောအရ လူဆိုး(၃)ယောက်ဟု ပြောသည်။ ယခုနှစ်ယောက် တွေ့ရပြီ။

သူတို့လူခွဲပြီး လိုချင်သောပစ္စည်း လိုက်ရှာနေခြင်း ဖြစ်ပုံရသည်။

အိပ်ခန်းထဲတွင် အမှိုက်ပုံလား ထင်ရသည်။ ခေါင်းအုံးတွေ ဓားနှင့်ခွဲထား၍ မှို့တွေ၊ ငှက်မွေးတွေ ပြန့်ကျဲနေသည်။ ဗီရိုထဲ၊ မှန်တင်ခုံထဲမှ ပစ္စည်းတွေ ကြမ်းပြင်ပေါ် ပြန့်ကျဲနေသည်။

ဒါလောက်ဆို အခြေအနေကို ရန်မျိုးနောင် ရိပ်မိပြီ။



မီးဖိုဘက်သို့ ကူးလာခဲ့သည်။

နောက်ဖေးပေါက်တံခါး၊ မစေ့တစေ့ ပိတ်ထားသည်ကို တွေ့ရသည်။

ရန်မျိုးနောင် နားစွင့်လိုက်သည်။

မီးဖိုထဲမှ အသံဗလံတွေ ကြားရသည်။ လူဆိုးတစ်ဦးက မီးဖိုထဲ မွှေနှောက်ရှာဖွေနေသည်ပဲ ဖြစ်မည်။

ဒါဆို သုံးယောက်သည် နေရာသုံးနေရာတွင် တကွဲစီရောက်နေသည်။

တံခါး၏မစေ့တစေ့၊ မဟတဟလေးမှ ရန်မျိုးနောင် အတွင်းသို့ ချောင်းကြည့်သည်။

လူဆိုးသည် ကြောင်အိမ်ဖွင့်ပြီး သံဘူး၊ ပလတ်စတစ်ဘူးတွေကို ဖွင့်ကြည့်နေသည်။

ဖြုန်းခနဲဝင်၊ ဖြုန်းခနဲ တိုက်ကွက်ဆင်ရန် ရန်မျိုးနောင် တစ်မုဟုတ်ချင်း ဆုံးဖြတ်လိုက်သည်။

ရိပ်ခနဲ တံခါးဖွင့်လိုက်သည်နှင့် ရန်မျိုးနောင်၏ ညာခြေသည် ဝါးလုံးထိုး ရန်သူ့ဆီသို့ တန်းသွားသည်။

လူဆိုးကလည်း တံခါးချပ် ပွင့်သွားသဖြင့် ပြင်ပအလင်းရောင် ရိပ်ခနဲ ဝင်လာသည်ကို လှည့်ကြည့်ရင်း ခါးကြားတွင် ထိုးထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်ပေသည်။

သို့သော် လူဆိုးအတွက် စက္ကန့်ပိုင်းမျှ နောက်ကျသွားလေသည်။

ရန်မျိုးနောင်၏ ဝါးလုံးထိုး ခြေဖျားသည် ရန်သူ၏ရင်ဝကို တည့်တည့်တန်းတန်းကြီး မြားဦးစိုက် ဝင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှိန်နှင့် ထိုးဝင်လာသည့်ဒဏ်ကို အဘယ်မှာလျှင် ရှောင်ခံနိုင်တော့နည်း။

လူဆိုး ပက်လက်ကြီးလဲသည်။

မီးဖိုထဲမှ လူဆိုးလဲပြိုရာတွင် တိုက်မိခိုက်မိသော အိုးခွက်ပန်းကန်သံတွေ ထွက်ပေါ်လာသည်။

ချက်ချင်းပင် ရန်မျိုးနောင်သည် လူဆိုးအပေါ်ခွစီး ကာ မျက်နှာသို့ ဘယ်လက်သီး ညာလက်သီးနှစ်ချက် ပစ်သွင်း ကာ လူဆိုးလက်ထဲမှ ဓားမြှောင်ကို ရယူလိုက်သည်။

လာမယ့်ဘေး ပြေးတွေ့ရမည်။

အထဲမှ သတ်ပုတ်သံတွေ ကြားသည်နှင့် အပြင်မှ လူဆိုးနှစ်ယောက် ဝင်လာမည်မှာ သေချာသည်။

ဓားမြှောင်ကိုင်ပြီး မီးဖိုမှ ဧည့်ခန်းသို့ထွက်သည့် စင်္ကြံလမ်းအတိုင်း ရန်မျိုးနောင် ပြေးထွက်လာသည်။

ဧည့်ခန်းထဲမှ လူဆိုးနှင့် ထမင်းစားခန်းထိပ်တွင် ရင်ဆိုင်တွေ့သည်။

သူ့ဓား၊ ကိုယ့်ဓားဖြင့် ရင်ဆိုင်တိုက်ခိုက်တော့သည်။

တစ်ယောက်ချင်း လက်နက်တူ တိုက်ပွဲမျိုးတွင် ရန်မျိုးနောင်ကို တော်ရုံလူ တန်ရုံလူသည် အဘယ်မှာပင် ကြာ မြင့်စွာ ယှဉ်ပြိုင်နိုင်အံ့နည်း။

တစ်မိနစ်ပင် မပြည့်လိုက်။

လူဆိုး၏ဓားကိုင်လက်ကို နောက်ပြန်လိမ်ထားပြီး လူဆိုး၏လည်ပင်းကို ကျန်လက်ဖြင့် ဓားမြှောင်ဦးထောက်ထား နိုင်လေပြီ။

အိပ်ခန်းထဲမှလူဆိုး ထွက်လာသည်။



"ဟာ ... ဒီကောင် ရန်မျိုးနောင်"ဟု ရန်မျိုးနောင် ကို သိရှိပြီးအလား နှုတ်မှအသံထွက် ရေရွတ်လိုက်သည်။

"ဟေ့လူ ... ခင်ဗျားလက်ထဲကဓားကို အောက်ချလိုက်၊ မချရင် ဒီလူ့လည်ပင်းကို ဓားနဲ့ထိုးဖောက်လိုက်မယ်"

ရန်မျိုးနောင်က လှမ်းအော်လိုက်သည်နှင့် နောက် ဆုံးလူဆိုးသည် ကြိုးတုပ်ထားသော သိင်္ဂီရွှေစင်ကို ဆွဲထုကာ ရင်ဝသို့ သူ့ဓားမြှောင် တေ့ထားလိုက်သည်။

"ငါ့လူကို မင်းလွှတ်လိုက် ရန်မျိုးနောင်၊ မလွှတ်ရင် ဒီ အမျိုးသမီး ရင်ဝထဲကို ဓားထိုးသွင်းလိုက်မယ်၊ မင်း ငါ့လူနဲ့ ဒီအမျိုးသမီးကို အသက်ချင်း လဲချင်လဲလေ၊ ငါ တို့အဖွဲ့ထဲမှာ မင်းလက်ထဲက ကောင်မျိုးတွေ အများကြီး ရှိတယ်၊ ဒီကောင် သေသွားလည်း ငါတို့က မမှုဘူး၊ ဟောဒီအမျိုးသမီး မသေစေချင်ရင် မင်း ငါ့လူကိုလွှတ် လိုက်"

ရန်မျိုးနောင် စဉ်းစားစရာပင်။

လက်ထဲမှလူဆိုးကို မိမိက ဓားနှင့်ထိုးသည်နှင့် သိင်္ဂီရွှေစင်ကိုလည်း ဟိုလူဆိုးက တကယ် ဓားနှင့်ထိုးနိုင်သည်။

အသက်ချင်း လဲသင့်သလား။ မလဲသင့်။

ပြီး ... မိမိလက်ထဲမှ လူဆိုးကို လွှတ်လိုက်သည် နှင့် ယင်းလူဆိုး နှစ်ယောက်သည် မိမိကို အသက်အန္တရာယ်ပြု မည်လား။

မိမိကို အသေမသတ်ဖို့က များသည်ဟု ရန်မျိုးနောင် တွက်ရပြန်သည်။

သူတို့လိုချင်သောပစ္စည်း ယခုတိုင် မရသေး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လိုချင်သောပစ္စည်း မိမိထံတွင် ရှိနိုင်သည်ဟ
လည်း သူတို့ ထည့်တွက်ထားသည်။ မိမိကို အသေသတ်လျှ
သူတို့အလိုရှိသောပစ္စည်း လက်စပျောက်နိုင်သည်။

လူဆိုးက ပွေ့ပိုက်ပြီး ရင်ဝကို ဓားထောက်ခံထား
ရသော သီဂီရွှေစင်သည် မိမိ၏မျက်စိသူငယ်နှင့် သနားစဖွယ်
လှမ်းကြည့်နေသည်။

သီဂီရွှေစင်၏ အဖေနှင့် အမေလည်း မိမိကို သူ
သမီးလူဆိုးလက်မှ လွှတ်ပေးရေးအတွက် တောင်းပန်သောအကြည့်
များဖြင့် ကြည့်နေကြသည်။

သီဂီတို့အားလုံးအား လူဆိုးများက ပါးစပ်တွ
ပလတ်စတာ ကပ်ထားသဖြင့် အသံမထွက်နိုင်၊ စကားမပြောနိုင်

ရန်မျိုးနောင်သည် သတိကြီးစွာထားပြီး လက်ထဲ
လူဆိုးကို လွှတ်လိုက်သည်။

မိမိလက်မှလွှတ်သွားသည့် လူဆိုးသည် အော
လွှတ်ချထားသော ဓားမြှောင်ကို လက်ဝဲလက်ဖြင့် ကောက်
ကာ ရန်မျိုးနောင်အားထိုးရန် ဟန်ပြင်သည်။

"ဟေ့ကောင် ... ဘယ်ကျော်၊ မလုပ်နဲ့၊ နောက်ကိစ္စ
ရှိသေးတယ်"

ဘယ်ကျော်ဆိုသည့်လူဆိုး တန့်ခနဲ ရပ်သွားသ
ထိုလူဆိုးကပင် ဆက်၍အမိန့်ပေးသည်။

"မီးဖိုထဲကကောင်ကို ဘယ်ကျော်သွားထုတ်ခဲ့စမ်း၊ အ
ကို မင်းတို့နှစ်ယောက် လိုက်ခဲ့"

ဘယ်ကျော်သည် မီးဖိုထဲ ဝင်သွားသည်။

ထိုလူဆိုးသည် သီဂီရွှေစင်ကို တရွတ်တိုက်ဆွဲရင်း



"ဒီမယ် ရန်မျိုးနောင်၊ မင်းကို ဘာမှမလုပ်နဲ့ဦးဆိုတဲ့အမိန့် တို့ ရထားလို့ ဘာမှမလုပ်တာ၊ မင်း ကြပ်ကြပ်သတိထား၊ အခု ဒီအမျိုးသမီးကို တို့ ခြံပေါက်ဝအထိ ခေါ်သွားမယ်၊ မင်း ဆက်ပြီး အနှောင့်အယှက်ပေးရင် ဒီအမျိုးသမီးကို အသေထိုးသတ်မယ်၊ မင်းအနှောင့်အယှက် မပေးရင် ခြံပေါက်ဝမှာ ဒီအမျိုးသမီးကို ထားခဲ့မယ်၊ ဒါပဲ"

ပြောပြောဆိုဆို သီဂီရွှေစင်ကို ဒရွတ်တိုက်ဆွဲခေါ်သွားသည်။

ဘယ်ကျော်ဆိုသူက မီးဖိုထဲမှ လူဆိုးကို တွဲခေါ်လာသည်။

သူတို့အားလုံး အိမ်ရှေ့တွင် ရပ်ထားသော ကားပေါ်တက်ကြသည်။

သီဂီရွှေစင်ကိုလည်း ကားပေါ်ဆွဲတင်ပြီး မောင်းထွက်သွားသည်။

ရန်မျိုးနောင် လှမ်းကြည့်ပြီး ကားနံပါတ်နှင့် ကားအမျိုးအစားကို မှတ်ထားလိုက်သည်။ "ချ"အက္ခရာဖြင့် ဂဏန်းလေးလုံးကို အလွတ်ကျက်ထားလိုက်သည်။ ကားမှာ အနီရောင် ဆီဒင်ဆလွန်းကား ဖြစ်ပါ၏။

လူဆိုးများသည် ပြောသည့်အတိုင်းပင် ခြံဝရောက်သည်နှင့် သီဂီရွှေစင်ကို ကားရပ်၍ တွန်းချခဲ့ပြီး တစ်ရှိန်ထိုး မောင်းထွက်သွားတော့သည်။

ရန်မျိုးနောင်သည် ခြံဝသို့ပြေးသွားပြီး ထိုင်လျက်သားလေး ကျကျန်ခဲ့သည့် သီဂီရွှေစင်၏လက်ပြန်ကြိုးကို ဖြေပေးသည်။ ပါးစပ်မှ ပလတ်စတာကို ခွာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... မေမေ"

သိင်္ဂီရွှေစင်က သူမ၏ ဖေဖေနှင့် မေမေကို စိုးရိမ်စိတ်ဖြင့် ပြောသည်။

"ကဲ ... လာ ... လာ"

သိင်္ဂီရွှေစင်ကို တွဲခေါ်ပြီး ရန်မျိုးနောင်သည်အိမ်ထဲသို့ အမြန်ဝင်လာသည်။

အိမ်ထဲတွင် ဘယ်အချိန်က ဘယ်ချောင်ကဝင်ပြီး ရောက်နှင့်နေသည်မသိ။

ဒေါ်ဖွားသီ ရောက်နှင့်နေပြီ။ သိင်္ဂီရွှေစင်၏ဖေဖေနှင့်မေမေကို ကြိုးဖြေပေးနေသည်။ ပါးစပ်ပိတ်ထားသော ပလတ်စရာများ ခွာနေသည်။

သိင်္ဂီရွှေစင်သည် သူမ၏ဖေဖေနှင့် မေမေထံ ပြေးသွားပြီး ငိုရှိုက်ရင်း ကူညီ၍ ကြိုးဖြေပေးသည်။

ထိုအခါကျမှပင် ရန်မျိုးနောင်သည် ဆောင့်လျက် တန်းလန်းရှိနေသော ဖိုက်ဘာဦးထုပ်ကို ချွတ်လိုက်သည်။

"ဟင် ... မောင်တင်မောင်ကြည်လည်း မဟုတ်ဘူး"

ဒေါ်ဖွားသီက အံ့သြစွာ အော်ပြောလိုက်သည်။

ရန်မျိုးနောင်က ဒေါ်ဖွားသီကိုပြုံးပြီး ပခုံးတွန့်ပြလိုက်သည်။

"ဟုတ်ပါ၊ မောင်ရင်က ဘယ်သူလဲကွယ်၊ အင်းလေ ... မောင်ရင် ဘယ်သူပဲဖြစ်ဖြစ် ဦးတို့ သိပ်ကျေးဇူးတင်တယ်၊ မောင်ရင်သာ ရောက်မလာရင် ဒီလူဆိုးကောင်တွေ ဦးတို့ သားအမိ သားအဖ သုံးယောက်ကို ဘာဆက်လုပ်ကြမလဲ မပြောနိုင်ဘူး"



"ကျွန်တော့်နာမည် ရန်မျိုးနောင်ပါ၊ ကိုတင်မောင်ကြည်နဲ့ ပတ်သက်မိခဲ့တဲ့ လူတစ်ယောက်ဆိုပါတော့၊ ကိုတင်မောင်ကြည်ရဲ့အကြောင်းကိုတော့ ဦးတို့ ကြားပြီးလောက်ရောပေါ့"

"ကားပြီးပါပြီကွယ်၊ သမီး ရွှေစင်ဆီကို စိုးစိုးကြည်ကဖုန်းဆက်ပြောပါတယ်၊ ကဲ ... အကျိုးအကြောင်းတွေ ပြောကြရအောင်၊ ထိုင် ... မောင်ရန်မျိုးနောင်"

အားလုံး ဧည့်ခန်းထဲရှိ ပါလစ်သုတ်ကျွန်းသားနှင့် ကြိမ်လိုးဆက်တီကိုယ်စီတွင် ထိုင်လိုက်ကြသည်။

"မဖွားသီ အားလုံးအတွက် လိမ္မော်ရည်အေးအေးလေး လုပ်ပေးပါ၊ နှလုံးခုန် ရင်တုန်လွန်းလို့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဒေါ်ဖွားသီ ရေခဲသေတ္တာရှိရာ ထမင်းစားခန်းသို့ ဝင်သွားသည်။

ဒေါ်ဖွားသီသည် ဤအိမ်မှ ဟောက်(စ်)ကီပါခေါ် အထွာစိုး ခန့်ထားသည့် အမျိုးသမီးကြီး ဖြစ်ဟန်တူပါ၏။

"ဦးနာမည်က ဦးမြင့်ထူးတဲ့၊ အငြိမ်းစားပါမောက္ခပါ၊ ဟောဒါက ဦးဇနီး ဒေါ်ကလျာတဲ့၊ တင်မောင်ကြည်ရဲ့မိခင် ကထိကဒေါ်ရင်ကြည်နဲ့ ကလျာက ခင်မင်တယ်၊ ဒေါ်ရင်ကြည်ရဲ့ခင်ပွန်း ဦးဘုန်းဝေ အသက်ရှင်စဉ်ကလည်း ဦးနဲ့ မိတ်ဆွေပဲ၊ ဟောဒါက ဦးတို့ရဲ့သမီး သိင်္ဂီရွှေစင်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က ခရိုန်ထိတောင် ဆောက်လုပ်ရေး ရုံးက လက်ထောက်အင်ဂျင်နီယာပါ၊ ဒါပေမဲ့ နက်ဖြန် တနင်္လာနေ့စပြီး အလုပ်က ထွက်တော့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးနောင်က သူ၏စမ်းချောင်းနေအိမ် လိပ်စာကိုပါ ပြောပြပေသည်။

ထို့နောက် တင်မောင်ကြည် အကြောင်းကို ဆက်ပြောသည်။ မိမိ ပဲခူးမှ ပြန်လာစဉ် ထောက်ကြံ့အနီး၌ လူဆိုးသုံးယောက် တင်မောင်ကြည်ကို အနိုင်အထက် လုပ်နေသည်ကိုတွေ့၍ မိမိက ဝင်ရောက်ကူညီပြီး ထောက်ကြံ့ရဲစခန်းနှင့် အင်းစိန်ဆေးရုံ ရောက်သည်အထိ ဆောင်ရွက်ခဲ့သည်တို့ကို ပြောပြလိုက်သည်။

"အဲဒါ ကျွန်တော် သတင်းတစ်ခုကြားတယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံနံပါတ်(......)မှာနေတဲ့ သိဂီရွှေစင်နဲ့ ကိုတင်မောင်ကြည်ရဲ့ အခင်အမင်ပေါ့လေ၊ ဒါကြောင့် မသိဂီရွှေစင်ဆီမှာ ကိုတင်မောင်ကြည်ရဲ့အကြောင်းတွေ မေးချင်လို့ ခြံထဲဝင်အလာမှာ ဒေါ်ဖွားသီက ခြံပေါက်ဝထ ဆီးပြီးပြောပြလို့ ကျွန်တော် ဝင်ပြီး လူဆိုးတွေနဲ့ ရင်ဆိုင်တာပါ"

တစ်ဆက်တည်း ညကလည်း မိမိအိမ်သို့ လူဆိုးသုံးယောက် လာခဲ့သေးကြောင်းကိုပါ အတိုချုံး ပြောပြလိုက်သည်။

"အင်း ... မောင်ရန်မျိုးနောင် သတင်းကြားတာ မမှားပါဘူး၊ မောင်တင်မောင်ကြည်ရဲ့ မိဘတွေနဲ့ ဦးတို့မိသားစုတွေက တော်တော်လေး ခင်မင်ကြတယ်၊ ဟောဒီ ဦးရဲ့သမီး သိဂီရွှေစင်နဲ့ မောင်တင်မောင်ကြည်ကလည်း ငယ်ငယ်တည်းက ခင်မင်ကြတယ်ပေါ့ကွယ်၊ အရွယ်ရောက်လာတော့လည်း နောက်တစ်မျိုး ခင်မင်ကြပြန်ရော ဆိုပါတော့ ဒါပေမဲ့ ခက်တာက မောင်တင်မောင်ကြည်က ပညာ



လိုလိုလားလား မရှိဘူး၊ တက္ကသိုလ်ရောက်ပြီး ဒုတိယနှစ်လောက်က ကျောင်းဆက်မတက်တော့ဘဲ စီးပွားရေးဖြစ်လမ်းတွေ လုပ်ခဲ့တယ်"

"ဘယ်လိုစီးပွားရေးဖြစ်လမ်းလဲ ဦး"

"ကျောက်မျက်ရတနာတွေကို မှောင်ခိုပြီး နိုင်ငံခြားခိုးထုတ်ရောင်းဝယ်တဲ့ ဖြတ်လမ်းလေ၊ မောင်တင်မောင်ကြည်ရဲ့အဖေ ဦးဘုန်းဝေက ကျောက်မျက်ရတနာဘက်မှာ သိပ်ကျွမ်းကျင်တယ်၊ ဦးဘုန်းဝေဆီက ပညာတွေကို မောင်တင်မောင်ကြည်က ရခဲ့တယ်၊ ဒါကြောင့် မောင်တင်မောင်ကြည်ဟာ ပြည်တွင်းအနှံ့မှာ ကျောက်မျက်ရတနာတွေကို ဈေးချောင်ချောင်နဲ့ လိုက်ဝယ်တယ်၊ နောက်ပြီး နိုင်ငံခြားခိုးထုတ်တယ်"

"အဲဒါကို မသိဂီရွှေစင်က မဟန့်တားဘူးလားဗျာ"

ရန်မျိုးနောင်က သိဂီရွှေစင်ဘက်သို့လှည့်၍ မေးမြန်းလိုက်သည်။

သိဂီရွှေစင်က ရန်မျိုးနောင်ကိုကြည့်ပြီး ဦးခေါင်းယမ်းခါပြသည်။

"သိဂီ တားပါတယ်၊ တွေ့တာမှ အပြင်းအထန် တားမြစ်တာပါ၊ ဒါပေမဲ့ ကိုကြည် အဲလေ ကိုတင်မောင်ကြည်က မလိုက်နာပါဘူး၊ သူ့ရဲ့ဆင်ခြေက တက္ကသိုလ်ဘွဲ့ရပြီး အလုပ်လုပ်လို့ရမှာက အိမ်ထောင်တစ်ခုခုကို ထည်ထည်ဝါဝါ မတည်ဆောက်နိုင်ဘူးတဲ့၊ အခု သူလုပ်နေတဲ့အလုပ်က သိန်းပေါင်းများစွာ ပက်ခနဲ ပက်ခနဲ ရနိုင်တယ်တဲ့၊ တင့်တင့်တယ်တယ် လက်ထပ်ပြီး ထည်ထည်ဝါဝါနေနိုင်

www.burmeseclassic.com



ဖို့ သူလုပ်နေတာပါတဲ့၊ ဒီလုပ်ငန်းကို သူ ကျွမ်းကျင်ပြီး သားပါလို့ ဆင်ခြေပေးပြီး လုပ်မြဲလုပ်တာကိုပဲ ကိုရန်မျိုး နောင်”

ဒေါ်ဖွားသီသည် လိမ္မော်ရည်ဖန်ခွက်များနှင့်အတူ ရောက်လာသည်။

“ကဲ ... မောင်ရန်မျိုးနောင်၊ အမောပြေ သောက်လိုက် ကြစို့”

လိမ္မော်ရည်ချိုချိုအေးအေးကို အားလုံးသောက်ကြ သည်။

“ဒါဆိုရင် မြွေဟောက်အဖွဲ့ပဲ ဆိုပါစို့၊ ဒီလူဆိုးအဖွဲ့နဲ့ ပတ်သက်တဲ့ ကျောက်မျက်ရတနာ ကိစ္စတစ်ခုခုကို ကိုတင် မောင်ကြည် လုပ်ခဲ့တာဖြစ်မယ်၊ ဘာလို့လဲဆိုတော့ လူဆိုး အဖွဲ့ဟာ ကိုတင်မောင်ကြည်နဲ့ ပတ်သက်တဲ့ လူမှန်သ ဆီမှာ သွေးညီနောင်ဆိုတဲ့ ပစ္စည်းကို လိုက်ရှာနေတယ် အခုလည်း ကိုတင်မောင်ကြည်နဲ့ မသိဂီရွှေစင်ဟာ အဆ အသွယ်ရှိခဲ့တာကို သူတို့သိမယ်၊ မသိဂီရွှေစင်မှာ ကိုတ မောင်ကြည်က သူတို့လိုချင်တဲ့ပစ္စည်း အပ်ထားမလာ ပေးထားမလားဆိုပြီး လာရှာတာဖြစ်မယ်”

“သွေးညီနောင် ... ဘာလဲကွယ့် သွေးညီနောင်ဆိုတာ”

“ကျွန်တော်လည်း အဲဒါကို စဉ်းစားနေတာပဲ ဦး”

ဒေါ်ကလျာက ဝင်၍ ထင်မြင်ချက်ပေးသည်။

“နေဦးကွယ့် မောင်တင်မောင်ကြည်က ကျောက်မျက်ရတ တွေနဲ့ ပတ်သက်ပြီးလုပ်တယ်၊ သွေးဆိုတာ အနီရော ဒီတော့ အနီရောင်ရှိတဲ့ ကျောက်မျက်ရတနာထဲမှာ ပတ္တ



ဟာ အနီရောင်ပဲ၊ သွေးညီနောင်ဆိုတာ ပတ္တမြားညီနောင် များ ဖြစ်မလား”

ရန်မျိုးနောင်သည် ဒေါ်ကလျာ၏ ထင်မြင်ချက်ကို ခေါင်းညိတ် ထောက်ခံမိသည်။

“ဖြစ်နိုင်တယ် ဒေါ်ဒေါ်၊ ဒါဆို သွေးညီနောင်ဆိုတဲ့အဓိပ္ပာယ် က ညီအစ်ကိုလို့ အဓိပ္ပာယ်ယူရင် သွေးညီနောင်ဆိုတာ ပတ္တမြားညီအစ်ကိုလို့ အဓိပ္ပာယ်ကောက်နိုင်ပြန်တယ်၊ ညီ အစ်ကို ဆိုတာတော့ ညီရယ် အစ်ကိုရယ် နှစ်ယောက်၊ ပတ္တမြားဟာလည်း နှစ်လုံးများလား ဒေါ်ဒေါ်”

“နှစ်လုံးအနည်းဆုံး ဖြစ်နိုင်တာပေါ့၊ သုံးလုံးလေးလုံးလည်း ဖြစ်နိုင်တာပဲ၊ ညီအစ်ကိုဆိုတာ သုံးလေးယောက်လည်းရှိ တာပဲ မဟုတ်လား”

မှန်ပေသည်။

နောက်ဆုံး ဒေါ်ကလျာ၏ ထင်မြင်ယူဆချက်သာ မှန်ကန်လျှင် ကိုတင်မောင်ကြည်သည် မြွေဟောက်အဖွဲ့နှင့် မကောင်း သော သို့မဟုတ် မြွေဟောက်အဖွဲ့နှင့် ပတ်သက်သော ပတ္တမြား အချို့ကို လက်ဝယ်ရယူထားမည်။ ဒါမှမဟုတ် ပတ္တမြားတချို့နှင့် ပတ်သက်ပြီး မြွေဟောက်အဖွဲ့အပေါ် ကလိမ်ကျ အရယူထားမည်။

ဒါကို မြွေဟောက်အဖွဲ့က မကျေနပ်၍ ကိုတင်မောင် ကြည်ကို အမိဖမ်းကာ ပတ္တမြားတွေ ရှာဖွေမည်။ ကိုတင်မောင် ကြည်၏ ကိုယ်ပေါ်တွင်လည်းကောင်း၊ မော်တော်ဆိုင်ကယ်တွင် လည်းကောင်း ရှာဖွေ၍ မတွေ့ရှိဘဲ ဖြစ်မည်။

ရှာဖွေစစ်ဆေးစဉ် ကိုတင်မောင်ကြည်ကို လက်လွန် သွားခြင်းမျိုး ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မောင်ကြည်၏ကိုယ်ပေါ်တွင် ရှာဖွေတွေ့ သော ပတ္တမြားတွေသည် ကိုတင်မောင်ကြည်နှင့် ပတ်သက်သူ တစ်ဦးဦးထံတွင် အပ်နှံထားသည်ဟု သူတို့ယူဆမည်။

ထို့ကြောင့် နွေပွင့်အိမ်တွင် သူတို့သွားရှာမည် မတွေ့။ ရှုံ့အိတ်ဗလာကိုသာ တွေ့သည်။

ပြီး ... နွေပွင့်လိုလို ရိုးရိုးအအ မိန်းကလေးကိုလည်း ကောင်း၊ နွေပွင့်မိခင် ဒုက္ခိတကိုလည်းကောင်း တင်မောင်ကြည် ပတ္တမြားတွေ မအပ်တန်ရာဟုလည်း မြွေဟောက်အဖွဲ့က ယုံကြည် ပုံရသည်။

ထို့ကြောင့် တင်မောင်ကြည်ကို နောက်ဆုံး ပူးပူးက ကပ် နေခဲ့သူ ကိုတင်မောင်ကြည်ကို ကယ်တင်သူ မိမိရန်မျိုးနောင် အား ကိုတင်မောင်ကြည်က ပတ္တမြားတွေ အပ်သွားသည်ဟုယူ ပြီး မိမိအိမ်ကို ဝင်ရောက်ရှာဖွေခြင်း ဖြစ်မည်။

ဒါလည်း သူတို့ တွေ့မသွား။

နောက်တစ်ဆင့် ကိုတင်မောင်ကြည်သည် သူ ချစ်သူ သိင်္ဂီရွှေစင်ထံသို့လည်း ပတ္တမြားတွေ အပ်နှံသွားသည် ထည့်သွင်းယူဆနိုင်ပြန်သည်။

ယင်းကြောင့် ယခု သိင်္ဂီရွှေစင်တို့အိမ်သို့ ဝင်စီး ပတ္တမြားတွေ ရှာဖွေခြင်း ဖြစ်နိုင်ပြန်ပါ၏။

ရန်မျိုးနောင်က ယင်းသို့ဖြစ်နိုင်စရာ ရှိသည်ဟုလ ဦးမြင့်ထူးကို အကျဉ်းရုံး ပြောပြသည်။

"ဒီပုံအတိုင်းဆိုရင် မောင်တင်မောင်ကြည်ရဲ့အမေနဲ့ည ဖြစ်တဲ့ ဒေါ်ရင်ကြည်နဲ့ စိုးစိုးကြည်အိမ်ကိုလည်း ဒီကော တွေ သွားမွှေမယ်ထင်တယ်"



"ကျွန်တော်တော့ ဒီရက်အတွင်းမှာ ဒီလူတွေ ဒေါ်ရင်ကြည် အိမ်ကို သွားရဲမယ် မထင်ဘူး ဦး၊ ဘာလို့လဲဆိုတော့ ရက်လည်တဲ့နေ့အထိ ဒေါ်ရင်ကြည်တို့အိမ်မှာ ကူညီသူတွေ၊ သတင်းမေးသူတွေ အများကြီး ရှိနေမှာမို့၊ ကျွန်တော် တောင် ဒေါ်ရင်ကြည်နဲ့ မစိုးစိုးကြည်ကို သွားတွေ့မလို့၊ ဒါပေမဲ့ သူတို့ ပူဆွေးသောက ဖြစ်နေချိန်မှာ သွားပြီး တောင်မေး မြောက်မေး မမေးသင့်ဘူး ထင်တာနဲ့မသွား သေးတာ"

ဦးမြင့်ထူးက ခေါင်းညိတ်ပြပေသည်။

"ဒါထက် ကျွန်တော် မေးပါရစေ၊ အခု ဒီလူဆိုး သုံး ယောက် ဒီအိမ်လာသွားတဲ့ကိစ္စ ရဲကို ဦးအနေနဲ့ တိုင်ချက် ဖွင့်မလားဟင်"

"အဲဒါကို ဦး စဉ်းစားနေတယ်၊ မောင်ရန်မျိုးနောင်ရဲ့ အာသီသက ဘယ်လိုရှိလို့လဲ"

"ရဲကိုတိုင် အမှုဖွင့်လိုက်ရင် ဒီလူဆိုးတွေ ခြေရာဖျောက် ပြီး ယာယီအားဖြင့် နောက်ဆုတ်သွားမယ်၊ ဒါပေမဲ့ သူတို့ရန်က အေးမှာမဟုတ်ဘူး၊ မသိင်္ဂီရွှေစင် လက်ထဲမှာ ပတ္တမြားတွေ ရှိနေတယ် ထင်နေသမျှ ထပ်ပြီး သူတို့ နှောင့်ယှက်နေဦးမယ်လို့ ကျွန်တော် ထင်တယ်၊ သွေးအေး သွားရင် ထပ်လာနိုင်တယ် ဦး"

"အင်း ... ဒါလဲ စဉ်းစားစရာပဲ"

"နောက်တစ်ခုက ရဲကိုအမှုဖွင့်တာနဲ့ ကျွန်တော်ကလူဆိုး တွေနဲ့ ပြိုင်သတ်တဲ့လူမို့ ကျွန်တော့်နာမည် တိုင်ချက်ထဲ မှာ ထည့်ပြောရမှာပဲ၊ ဦးအနေနဲ့ ရဲမှာ တိုင်ချက်ဖွင့်မယ် ဆိုရင် သက်ဆိုင်ရာနယ်မြေ ရဲစခန်းမှာပဲ ဖွင့်ရမယ်"

www.burmeseclassic.com



"အဲဒါ မှန်သားပဲ၊ မောင်ရန်မျိုးနောင်ရဲ့ဆန္ဒကို ဆက်ပြော[...]
ပြလေ"

"ဒီလိုပါဦး၊ ဒီကိစ္စမှာ ပထမဆုံး ထောက်ကြံ့ရဲစခန်း[...]
အမှုဖွင့်ခဲ့တယ်၊ ဒီတုန်းက ကိုတင်မောင်ကြည် အသ[...]
မသေသေးဘူး၊ အင်းစိန်ဆေးရုံရောက်ပြီး ကုသမှုအတွ[...]
မှာ ကိုတင်မောင်ကြည် ဆုံးသွားတာ၊ ဒီတော့ ဒီကိ[...]
အင်းစိန် စီအိုင်ဒီစုံထောက်အဖွဲ့က ဆက်ပြီးအရေးယူ[...]
တွယ်တယ်၊ ကျွန်တော်က အဲဒီစုံထောက်အဖွဲ့နဲ့ သွား[...]
မယ်၊ ကျွန်တော် ကြုံခဲ့တွေ့ခဲ့သမျှကို ပြောပြမယ်၊ စုံထော[...]
အဖွဲ့နဲ့ ကျွန်တော် ညှိနှိုင်းတိုင်ပင်ပြီး ဒီမြွေဟောက်[...]
ကို ဖမ်းမိအောင် ဆောင်ရွက်မလားလို့ပါ"

"သိပ်ကောင်းပါတယ် မောင်ရန်မျိုးနောင်၊ အခုနေ သ[...]
ဆိုင်ရာနယ်မြေရဲ့စခန်းမှာ ဦး အမှုဖွင့်လည်း လူဆိုး[...]
အကြောင်း ဘာမှရေရေရာရာ ဦးပြောမပြနိုင်ဘူး၊ တ[...]
တိုက်ပါတယ်လို့ ဆိုရအောင်လည်း ဦးဆီက ဦးပစ္စည်း[...]
ဦးရဲ့ငွေကြေးကို တစ်ခုမှ ယူသွားတာလည်း မဟုတ်[...]
အမှုဖွင့်ရင်တောင် အူကြောင်ကြောင် အမှုဖြစ်နေမှာ၊ [...]
ရန်မျိုးနောင် ပြောသလို လူဆိုးတွေ ခဏငြိမ်ပြီး [...]
ဖျောက်ကြမှာ၊ အဲဒီနောက် ဦးတို့ကို ရန်ပြန်လု[...]
သေချာတယ်၊ လုပ်ပါ၊ မောင်ရန်မျိုးနောင်ရဲ့ဆန္ဒ[...]
ကောင်းပါတယ်၊ ဆက်လုပ်ပါ၊ ဦး အမှုမဖွင့်ပါဘူး"

"နောက်တစ်ချက်က မသီဂီရွှေစင်ကို ကျွန်တော် မေး[...]
တယ်၊ မေးတော့ မမေးအပ်တဲ့ မေးခွန်းပဲ၊ ဒါပေမဲ့ [...]
တော့်အနေနဲ့ အမှန်ကို သိထားချင်လို့ပါ"



"မေးပါ ကိုရန်မျိုးနောင်၊ သီဂီ ဖြေနိုင်တာဆိုရင် အမှန်အတိုင်း ဖြေပါ့မယ်"

"အဲ ... ကိုတင်မောင်ကြည်က မသီဂီရွှေစင်ကို ပစ္စည်းတစ်ခုခု ... အင်းလေ ... ဥပမာ အဲဒီလို ပတ္တမြားတွေပဲ ဖြစ်ဖြစ် သူ မသေခင်က ပေးထားတာများ ရှိခဲ့သလားဟင်"

သီဂီရွှေစင်က ချက်ချင်းပင် တွေဝေခြင်းမရှိဘဲ [...]ခေါင်းကို သွက်သွက်လေး ယမ်းပြလိုက်သည်။

"ဘာဆိုဘာမှ ပေးမထားခဲ့ပါဘူး၊ တကယ်လို့ပေးလာရင်လည်း သီဂီက လုံးဝလက်ခံမှာမှ မဟုတ်တာ၊ ဒီအလုပ်ကို သီဂီကိုယ်တိုင်က အပြင်းအထန် ကန့်ကွက်တားမြစ်ထားတာပဲ၊ သူ့ရဲ့ဥပဒေမကင်းတဲ့ ပစ္စည်းမျိုးကို သီဂီက ဘယ်မှာလက်ခံပါ့မလဲ"

"ဒါလောက်သိရရင် ကျွန်တော် ကျေနပ်ပါပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက်တော့ ရန်မျိုးနောင်သည် အားလုံးကို [...]ဆက်ပြီး ပြန်လာခဲ့သည်။

မော်တော်ဆိုင်ကယ်စီးရင်း ရန်မျိုးနောင် စဉ်းစား[...]ည်။

သွေးညီနောင်ပစ္စည်းသည် နွေပွင့်ထံတွင် မရှိ။

မသီဂီရွှေစင်ထံတွင် မရှိ။

ဒါဆိုလျှင် အဘယ်မှာ ရှိလေသနည်း။

တစ်နေရာတွင်သာ ကျန်တော့သည်။ ဘောက်ထော်[...]လွှန်းဂူကျောင်းလမ်းနေ ကထိကဒေါ်ရင်ကြည်နှင့် သမီးစိုးစိုး[...]ည်ထံတွင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင် ရန်မျိုးနောင်သည် ယခု သီ
ရွှေစင်တို့အိမ်တွင် ရင်ဆိုင်ခဲ့ရသော လူဆိုးသုံးဦးကို စဉ်းစားကြ
သည်။

ယခုတစ်ကြိမ်တွင် လူဆိုးသုံးဦးစလုံး မျက်နှာတွ
ခေါင်းစွပ် စွပ်မထား။ နဂိုမျက်နှာအတိုင်း တွေ့ရသည်။ 
သာမန်အဝတ်မျိုး ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

သည်မျက်နှာမျိုးတွေကို ရှေးမဆွက ရန်မျိုးနော
မမြင်စဖူးခဲ့။ မျက်နှာစိမ်းတွေသာဖြစ်သည်။

တစ်ဦးတစ်ယောက်၏ လက်ဖျံလက်မောင်းတွ
မြွေဟောက်ရုပ် ဆေးမင်ထိုးထားသည်ကို မတွေ့။

ဒါဆိုလျှင် သူတို့သုံးဦးထဲတွင် နွေပွင့်အိမ်ကို လ
သည့် လက်ဖျံလက်မောင်းတွင် မြွေဟောက်ရုပ် ဆေးမင်ထိုးထ
သော မြတ်သင်း မပါဝင်။

မျက်စိတစ်ဖက်ပျက်နေသူလည်း မပါဝင်။

အဲ ... မိမိအိမ်ကို ခေါင်းစွပ်ဖြင့် လာစဉ်က ဘ
ကျော်ဆိုသောသူတော့ ပါဝင်နေပေသည်။ သူတို့သုံးဦး၏ရုပ်
ကို ထပ်မံတွေ့ရှိပါက ရန်မျိုးနောင် မှတ်မိနိုင်လောက်ပါ၏။

တွက်ကြည့်လျှင် မြတ်သင်းနှင့် မျက်စိတစ်ဖက်
သူအပြင် ယခု သုံးဦးပါဆိုလျှင် မြွေဟောက်အဖွဲ့ဝင် ငါးဦးရှိနေ

မိမိအိမ်တွင် သေနတ်နှင့်ပစ်လိုက်၍ ထိသွားသူ
ပါ ထည့်တွက်လျှင် ခြောက်ဦးရှိလာသည်။

မြတ်သင်းသည် သူတို့အဖွဲ့ခေါင်းဆောင်ပေလာ

မျက်လုံးတစ်ဖက်လစ်သည် ခေါင်းဆောင်ပေလာ
ဘယ်ကျော်ကတော့ နှစ်ကြိမ် နှစ်ခါတွေ့တိုင်း နောက်လို
တပည့်အသွင်သာ ရှိသည်။



ယခု သီဂီရွှေစင်အိမ်သို့ လာရောက်ခဲ့သူများသည်
ွေဟောက်အဖွဲ့၏ တပည့်လက်သားတွေ ဖြစ်ဖို့များသည်။

မိမိက လူဆိုးတစ်ဦးကို ချုပ်နှောင်ကိုင်တွယ်ထား
း ဓားနှင့်တော့ထားစဉ် သီဂီရွှေစင်ကို ပြန်လည်ချုပ်နှောင်ထား
ည့် လူဆိုးက မိမိချုပ်ကိုင်ထားသော လူဆိုးအား ဓားနှင့်ထိုးချင်
ိုးလိုက်၊ သူတို့တွင် ယင်းကဲ့သို့ တပည့်တွေအများကြီး ရှိသည်
ု ပြောပြသွားသည်။

မြွေဟောက်အဖွဲ့တွင် ကိုင်းဖျားကိုင်နား တပည့်တွေ
ားများရှိနေဟန်တူသည်။

ဒါဆိုလျှင် ပင်စည်ရေသောက်မြစ်သည် မည်သူနည်း။

သွေးညီနောင်ပစ္စည်းသည် မည်မျှလောက် တန်ဖိုး
ကြီးမားနေသောကြောင့် သူတို့ သဲသဲမဲမဲ လိုက်နေကြသနည်း။

တစ်ခုတော့ ရှိနေသည်။

သူတို့သည် ကိုတင်မောင်ကြည်နှင့် ပတ်သက်နေသူ
ားကို အသေသတ်ခွင့် ရစေကာမူ မသတ်ဘဲ ထားခဲ့သည်။

ပတ်သက်သူတွေ သေသွားလျှင် သွေးညီနောင်ပစ္စည်း
ဓမ်းစပျောက်သွားမည်ကို သူတို့ မလိုလားကြောင်း ထင်ရှားနေ
ါ၏။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



## (ခြောက်)

လာပြန်လေပြီ၊ ဒါက တစ်မျိုး။

ရန်မျိုးနောင်သည် သိင်္ဂီရွှေစင်ထံမှ ထွက်လာပြီ
အင်းစိန်စီအိုင်ဒီရုံးသို့ မောင်းသွားခဲ့သည်။

ကိုတင်မောင်ကြည်၏ အမှုကို ကိုင်ထားသော
သီးသန့်အထူးစုံထောက် ရဲအုပ်ဦးလတ်ဆွေနှင့် တွေ့ခွင့်ရခဲ့သည်

"လာဗျာ ကိုရန်မျိုးနောင်၊ ကျွန်တော် ဖုန်းဆက်တာ နာ
ဝက်တောင် မပြည့်သေးဘူး၊ ကိုရန်မျိုးနောင် ချက်ချင်
ရောက်လာတာပါပဲလား"

"ဗျာ"

ရန်မျိုးနောင် အံ့သြသွားသည်။ ယခုလာခြင်းမှ
ဦးလတ်ဆွေ ဖုန်းဆက်၍ လာခြင်းမဟုတ်။ မိမိဘာသာ တက္ကသိုလ်
ရိပ်သာလမ်းအိမ်မှ တန်းလာခြင်း ဖြစ်ပါ၏။

"စောစောက ကျွန်တော် မဟာမြိုင်လမ်းက ခင်ဗျားအိမ်
ဖုန်းဆက်သေးတယ်ဗျ၊ ခင်ဗျားတပည့်က ဆရာလာလ
ချင်း ပြောပါ့မယ်လို့ ပြန်ပြောတယ်၊ ခု ခင်ဗျားနာရီဝ
အတွင်း ရောက်လာလို့ ပြောတာ၊ မဟာမြိုင်လမ်းနဲ့ ကျ
တော့်ရုံးက ခရီးအတော်လေး ဝေးတယ် မဟုတ်လား"



ရန်မျိုးနောင်က ချော်လဲရောထိုင် လုပ်လိုက်ရပေသည်။ မိမိက တပည့်ပေါ်ဦးနှင့် မတွေ့သေး။ အိမ်မရောက်သေး။ ဦးလတ်ဆွေ ဖုန်းဆက်သည်ကို မသိသေးဘဲလျက် မိမိသဘောဖြင့် လာသည်ဟု ဆိုပါလျှင် ဦးလတ်ဆွေ သိက္ခာကျမည်စိုးသည်။ ပြီးထိုအကြောင်း ရှင်းပြနေ၍လည်း ဘာမှအကျိုးမရှိ။ ထို့ကြောင့် ဦးလတ်ဆွေခေါ်၍ လာခဲ့သည့် ပုံသဏ္ဍာန်ပင် နေလိုက်သည်။

"ဒီလိုဗျ ကိုရန်မျိုးနောင်၊ မားတန်းလန်းနဲ့ ဆေးရုံရောက်ပြီး ဆုံးသွားတဲ့ ကိုတင်မောင်ကြည်ရဲ့ အမှုဟာ လူသတ်မှုတော့ ထင်ရှားနေပြီ၊ ဒါပေမဲ့ ထောက်ကြံ့ရဲစခန်းက အတူပေးအပ်တဲ့ ကိုတင်မောင်ကြည်ရဲ့အဝတ်အထွာ ပစ္စည်းတွေမှာရော၊ မော်တော်ဆိုင်ကယ် တစ်စီးလုံးမှာရော လူသတ်မှုနဲ့ ပတ်သက်တဲ့ သဲလွန်စမျိုး၊ အထောက်အထားမျိုး ဘာမှမတွေ့ဘူး ဖြစ်နေတယ်၊ မားမြှောင်ရိုးက လက်ဗွေပုံစံယူပြီး သက်ဆိုင်ရာမှာ စစ်ဆေးကြည့်တယ်၊ ရရှိတဲ့ လက်ဗွေပုံစံဟာ ရာဇဝင်လူဆိုး လက်ဗွေပုံစံတွေနဲ့ တိုက်ကြည့်တာ၊ တစ်ခုမှမတူဘူး၊ အမှုက လမ်းစပျောက်နေသလို ဖြစ်နေတယ်"

ရဲအုပ်ဦးလတ်ဆွေသည် ရာထူးအရ "ဦး"တပ်ခေါ်ရသော်လည်း အသက်(၃၀)ခန့်သာ ရှိဦးမည်။ ရဲယူနီဖောင်းနှင့် ကြည့်ကောင်းသူ ဖြစ်သည်။ ဒေါက်၊ ရပ်၊ အလုံးအထည်၊ ကျစ်လျစ်ကြံ့ခိုင်ပုံရသည်။ လှုပ်ရှားမှု သွက်လက်ပြီး တက်တက်ကြွကြွ ရှိသည့် လက္ခဏာတွေ ပေါ်လွင်နေသည်။ ဟိတ်ဟန်မရှိဘဲ စကားပြောလျှင် ပြုံး၍ ရယ်၍ ပြောသည်ကို တွေ့ရသည်။

မြင်ရုံ စကားပြောရုံမျှနှင့် ဦးလတ်ဆွေသည် လူတည်လူခန့် လူတော် လူကောင်းတစ်ယောက်မှန်း ထင်ရှားစေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရန်မျိုးနောင်ကတော့ ဖြတ်သွားဖြတ်လာ လမ်းကြုံလို့ ကိုတင်မောင်ကြည်ကို ကားပေါ်တင်လာတယ်၊ ဆေးရုံပို့ပေးတယ်၊ ဒီအခါရင်က ကိုတင်မောင်ကြည်နဲ့ ဘာမှမပတ်သက်ဘူးဆိုတာ သိလို့ ကျွန်တော်က သာမန်သက်သေအဖြစ်နောက်မှပဲ စစ်မေးတော့မယ်လို့ ယူဆပြီး မဆက်သွယ်သေးတာ၊ အင်း... ကိုတင်မောင်ကြည်ရဲ့မိခင် ကထိက ဒေါ်ရင်ကြည်နဲ့ ညီမစိုးစိုးကြည်ကိုတော့ အားနာနာနဲ့ပဲ တာဝန်အရသွားပြီး မေးမြန်းခဲ့တယ်၊ ဒါပေမဲ့ ဒေါ်ရင်ကြည်ရော၊ စိုးစိုးကြည်ရောက ရိုးရိုးသားသားတွေပဲ၊ ကိုတင်မောင်ကြည်ဟာ ဥပဒေနဲ့မကင်းတဲ့ အလုပ်တွေ လုပ်ခဲ့တယ်ဆိုတာကလွဲပြီး တခြားထွေထွေထူးထူး ဘာမှမသိရှာကြဘူး၊ ဒါကြောင့် ကိုရန်မျိုးနောင်ဆီက ထူးထူးခြားခြားလေးများ သိရလို သိရငြား ဖုန်းဆက်ခေါ်ရတာပါ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ထောက်ကြံ့က ရဲကြပ်ကြီး ကိုညိုမောင်ကို မေးမြန်းပြီး ဒီအမှုကိုင် စုံထောက်အဖွဲ့နဲ့ လာတွေ့သင့်တယ်လို့ ယူဆပြီးသားပါ၊ ကျွန်တော့်မှာတော့ ကိုတင်မောင်ကြည် ဆုံးသွားမှ ကျွန်တော်ပတ်သက်ရတာတွေ တော်တော်များများ ရှိလာခဲ့ပြီ ဦးလတ်ဆွေ"

ရန်မျိုးနောင်က နွေပွင့်နှင့် တွေ့ခဲ့သည်မှအစ ဒေါက်တာရဲမြင့်နှင့် တွေ့ခဲ့ပုံ၊ မိမိမဟာမြိုင်လမ်းအိမ်သို့ လူဆိုးသုံးဦး ဝင်ရောက်ပုံ၊ နွေပွင့်တို့အိမ်သို့ မြတ်သင်းနှင့်အဖော် ဝင်ရောက်ရှာဖွေပုံ၊ တက္ကသိုလ်ရိပ်သာလမ်းမှ သိင်္ဂီရွှေစင်၏အိမ်သို့ ယနေ့ ယခု မကြာသေးမီကပင် လူဆိုးသုံးဦး ဝင်ခဲ့သဖြင့် မိမိနှင့်တွေ့ဆုံ တိုက်ခိုက်ပုံတွေကို အစအဆုံး ပြောပြလိုက်သည်။



"အား ... ဒါဆို ကိုရန်မျိုးနောင်ဆီက ကျွန်တော် အများကြီး အဖိုးတန်သတင်းတွေ ရတာပဲ၊ ဒါနဲ့တောင် ကိုရန်မျိုးနောင်က ကျွန်တော့်ဆီဖြစ်ဖြစ် သက်ဆိုင်ရာနယ်မြေရဲစခန်းကိုဖြစ်ဖြစ် မတိုင်ကြားဘဲကိုး"

"သက်ဆိုင်ရာကို တိုင်ကြားသတင်းပို့ရမယ်မှန်း၊ ကျွန်တော်သိပါတယ် ဦးလတ်ဆွေ၊ ဒါပေမဲ့ အဖြစ်အပျက်တွေက ဆက်တိုက်လည်း ဖြစ်နေတယ်၊ သိပ်မြန်လည်း မြန်ဆန်လွန်းနေတယ်၊ သောကြာနေ့ည မိုးချုပ်မှ ကိုတင်မောင်ကြည်ကို လမ်းပေါ်မှာတွေ့တယ်၊ စနေနေ့မနက် အင်းစိန်ဆေးရုံမှာ နွေပွင့်နဲ့တွေ့တယ်၊ စနေနေ့ညမှာ လူဆိုးသုံးယောက် ကျွန်တော့်အိမ်ဝင်မွှေတယ်၊ အခု ဒီနေ့ တနင်္ဂနွေနေ့ပိုင်းမှာပဲ မသိင်္ဂီရွှေစင်အိမ်မှာ တိုက်တိုက်ဆိုင်ဆိုင် လူဆိုးတွေနဲ့ ကျွန်တော် ထပ်တွေ့တယ်၊ အခု မသိင်္ဂီရွှေစင်အိမ်က ထွက်လာတာနဲ့ ဦးလတ်ဆွေဆီ လာခဲ့တာပဲ"

"ဩော် ... ဒါဆို ကိုရန်မျိုးနောင် မဟာမြိုင်လမ်းကအိမ်ကိုတောင် ပြန်မရောက်သေးဘူးပေါ့၊ တပည့်က ကျွန်တော် ဖုန်းဆက်တာကို ပြောမပြရသေးဘူးပေါ့"

ရန်မျိုးနောင်က ခေါင်းညိတ်ပြသည်။

"နောက်တစ်ချက် ရှိသေးတယ် ဦးလတ်ဆွေ၊ အမှန်တော့ မနေ့ညက လူဆိုးသုံးယောက် ကျွန်တော့်အိမ်ကို ဝင်မွှေသွားကတည်းက သက်ဆိုင်ရာရဲစခန်းကို ကျွန်တော်တိုင်ကြားရမလားလို့ တွေးမိသေးတယ်၊ ဒါပေမဲ့ ရဲကြပ်ကြီး ကိုညိုမောင်က ကိုတင်မောင်ရဲ့ကေ့(စ်)ကို အင်းစိန်အထူးစုံထောက်အဖွဲ့က ကိုင်ထားတယ်လို့ ပြောတာရော၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုယ်တိုင်က ဒီအမှုမှာ ကျွန်တော့်ကိုပါ ရန်သူက ထိပါးလာပြီမို့ ဆက်စုံစမ်းချင်တာရောကြောင့် အင်းစိန် စုံထောက်အဖွဲ့နဲ့တွေ့ပြီးမှ ညှိနှိုင်းတိုင်ပင်မယ်ဆိုတဲ့ ဆန္ဒ ရှိတယ် ဦးလတ်ဆွေ"

ဦးလတ်ဆွေသည် ကျေနပ်စွာ ခေါင်းညိတ်ရုံမက ထိုင်ရာမှထ လက်တစ်ဖက်ကမ်းပေးကာ လက်ဆွဲနှုတ်ဆက်လိုက် သေးသည်။

"ကိုရန်မျိုးနောင်ရဲ့ စိတ်ကူးလည်း အင်မတန်မှန်ပါတယ်၊ လူဆိုးတွေနဲ့ ရင်ဆိုင်နိုင်တာကိုလည်း သိပ်ချီးကျူးပါတယ်၊ ဟုတ်ပြီ၊ ကိုရန်မျိုးနောင် ဆက်ပြီးသာ ဒီအတိုင်း လုပ်သွားပါ၊ ရှင်းရှင်းပြောရရင် ကိုရန်မျိုးနောင်ဟာ တည်ကြက်ပေါ့ဗျာ၊ ကျွန်တော်တို့က နောက်က ရှဲဒိုးလိုက်ပေးထားမယ်၊ ကိုရန်မျိုးနောင်က ကျွန်တော်တို့ကို ကူညီတဲ့သဘောပါ"

"ရပါတယ်၊ ကျွန်တော်ကိုယ်တိုင်က သိပ်စိတ်ဝင်စားနေပြီလေ၊ ကိုတင်မောင်ကြည် အသက်ထွက်လုဆဲဆဲမှာ သုံးကြိမ်သုံးခါ ပြောသွားတဲ့ ဂူးဝေါင်ဝိန်းဆိုတာ ဘာအဓိပ္ပာယ်လဲ၊ သွေးညီနောင်ဆိုတာ ဘာလဲဆိုတာကို သိပ်သိချင်နေမိတယ်"

သည်နောက်တော့ ဦးလတ်ဆွေနှင့် ရန်မျိုးနောင်တို့ တိုင်ပင်စရာရှိသည်တို့ကို တိုင်ပင်ကြသည်။

မွန်းလွဲ(၂)ချက်တီးမှ ရန်မျိုးနောင်သည် မဟာမြိုင် လမ်းအိမ်သို့ ပြန်ခဲ့သည်။

အိမ်ပြန်ရောက်သည်နှင့် "လာပြန်ပြီ၊ ဒါကတစ်မျိုး" ဟု ရန်မျိုးနောင် ရေရွတ်လိုက်မိတော့သည်။



မဟာမြိုင်လမ်းခြံ၏ တိုက်ရှေ့ဝယ် မိမိ၏အက်(စ်) အီးကားဖြူကြီး ရပ်ထားသည်ကို တွေ့ရသည်။ မှန်တံခါးတွေ ပိတ်ထားသည်။ အရောင်မှိုင်း ကပ်ထားသော မှန်တံခါးတွေမို့ အထဲကို မမြင်ရပေ။

မော်တော်ဆိုင်ကယ်ကို ကားဖြူနောက်တွင်ရပ်ပြီး အိမ်ထဲသို့ ရန်မျိုးနောင် ဝင်ခဲ့သည်။

လား ... လား။

သူငယ်ချင်းလှတိုးသည် ဆက်တီကုလားထိုင်တွင် မှောက်ငိုင်,ထိုင်ပြီး လင်းတမှိုင် မှိုင်နေသည်ကို တွေ့ရသည်။

ပေါ်ဦးက လှတိုးဘေးတွင်ရပ်ပြီး ဆရာရန်မျိုးနောင် ကို ဆီးကြိုနှုတ်ဆက်စေကာမူ ပေါ်ဦးလည်း မျက်နှာမကောင်း။

"ဟော့ကောင် လှတိုး၊ ဘယ်လိုလဲ၊ ငါ့ကားကြီးစီးရတာ ငြိမ့်နေတာပဲ မဟုတ်လား"

"ဟေ ... အေး၊ ငြိမ့်ပါ၊ ငြိမ့်ပါ ရန်မျိုးအောင်၊ ဘယ် လောက်ငြိမ်သလဲဆိုရင် တစ်ခါတည်း ကောင်းကင်ဘုံ ရောက်အောင် ငြိမ့်မသွားတာပဲ ကံကောင်းလို့ဟ"

"ဟ ... မင်းဟာက ဘယ်လိုဖြစ်တာလဲ၊ ပြောပုံကြီးက အောက်ကလိအာသံကြီးနဲ့"

"ဒီမှာကြည့် ရန်မျိုးနောင်"

လှတိုးက သူ့အကျႌလက်မောင်းပင့်ပြီး ပြသည်။ လက်မောင်းတွင် ဆေးပြာတွေ လိမ်းထားသော နေရာသုံးနေရာကို တွေ့ရသည်။

"ငါ့ကို စီးကာရက်မီးနဲ့ ထိုးတာလေ"

"ဟာ"

"မဟနဲ့ဦး ရန်မျိုးနောင်၊ ငါ့ခေါင်းကို ဒီမယ်စမ်းကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးနောင်က လှတိုး လက်နှင့်ထောက်ပြသော နေရာကို ဆံပင်ဖြဲကြည့်သည်။ လက်နှင့် စမ်းကြည့်သည်။

ဆီးဖြူသီးခန့် ဘုလုံးတက်နေသည်ကို တွေ့ရသည်။

"ငြိမ့်တာတွေလေကွာ၊ မင်းကားကြီး ငါစီးပြီး ငြိမ့်သွားတာလေ"

ရန်မျိုးနောင်က ဆက်တီကုလားထိုင်တွင် ထိုင်ချလိုက်သည်။

"ပြောစမ်းပါဦး၊ မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့ ဒဏ်ရာတွေပြနေတာ ငါ ဘာမှနားမလည်ပါလား လှတိုး"

"အေး ... ပြောမယ်။ ငါ မင်းကားကို ကန်တော်ကြီး တစ်ပတ် ဒိမ်ခံမောင်းမယ်ဆိုပြီး ထွက်လာတယ်၊ ငါကဒိမ်နဲ့ ဖြည်းဖြည်းမောင်းလာတာ နတ်မောက်လမ်းဘက် လူရှင်းတဲ့နေရာရောက်တော့ နောက်က ပါပလစ်ကာကားတစ်စီး ကျော်တက်ပြီး ရှေ့ကပိတ်ရပ်တယ်၊ ငါက ကားရပ်လိုက်ရတာပေါ့၊ ဟိုကားပေါ်က အကောင်သုံးကောင် ဆင်းလာတယ်၊ ဘာမပြော ညာမပြော ငါ့ခေါင်းကို ခားမြောင်ရိုးနဲ့ ခေါက်တယ်၊ ငါက မူးခနဲ မိုက်ခနဲ ဖြစ်သွားတယ်၊ အဲဒီနောက် ငါ့ကို အလယ်မှာထားပြီး တစ်ယောက်ကမောင်းတယ်၊ ဒီပြင်တစ်ယောက်က ငါ့ဘေးမှာထိုင်ပြီး နံကြားသို့ ခားမြောင်ထောက်ထားတယ်၊ ငါ့မျက်လုံးတွေကိုလည်း အဝတ်စည်းပြီး ပိတ်ထားတယ် အဲဒီနောက် သူတို့က ကားကိုမောင်းတယ်၊ ဆယ့်ငါးမိနစ်လောက်မောင်းပြီး ခြံဝင်းတစ်ခုထဲက နှစ်ထပ်တိုက်တစ်ခုထဲရောက်မှ ငါ့မျက်နှာ စည်းထားတဲ့ အဝတ်ကို ဖြေပေးတယ်"



"တိုက်ထဲခေါ်ပြီး ငါ့ကို ထမင်းစားကုလားထိုင်မှာ ထိုင်ခိုင်းပြီး ကြိုးတုပ်တယ်၊ နောက်ပြီး ငါ့ကို စစ်လားမေးလားတွေ လုပ်တာပဲကွ"

"ဘာတွေစစ်၊ ဘာတွေမေးတာလဲ"

"ရန်မျိုးနောင်ဟာ မင်းနဲ့ ဘယ်လိုပတ်သက်သလဲတဲ့၊ ရန်မျိုးနောင်က မင်းကို ပစ္စည်းတစ်ခု ပေးခဲ့သေးတယ် မဟုတ်လား စတဲ့ မေးခွန်းတွေပဲ ရန်မျိုးနောင်၊ ငါက မင်းနဲ့ငယ်သူငယ်ချင်းဖြစ်တာ ပြောပြတယ်၊ မော်တော်ကားကြီးကို ခဏ မော်တော်ဆိုင်ကယ်နဲ့ လဲစီးကြတာလို့ ပြောတယ်၊ အဲ ... မင်းက ငါ့ကို ဘာပစ္စည်းမှ မပေးပါဘူး ဆိုတာကို မယုံဘဲ စီးကရက်မီးနဲ့ထိုးလိုက် ထပ်မေးလိုက်နဲ့ ငါခံရတာပဲ ရန်မျိုးနောင်ရေ့"

"ကျန်တဲ့နှစ်ယောက်က မင်းအက်(စ်)အီးကားကြီးကို မွှေနှောက်ရှာကြတယ်၊ မင်းကားကူရှင်တွေကို ဓားမြ[illegible]င်နဲ့ ခွဲပြီး အထဲမှာ ရှာကြတယ်၊ ကားတစ်စီးလုံး သူတို့မွှေထားတာ မွနေတာပဲ သူငယ်ချင်း"

"အမှန်တော့ မင်းကို လုပ်ချင်လို့လုပ်တာ မဟုတ်ဘူး လှတိုး၊ ငါ့ကို ဒီကောင်တွေ ချောင်းနေတာ၊ ငါ့ကားနောက်ကို ငါမောင်းလာတာထင်ပြီး လိုက်လာကြတာ၊ ငါမဟုတ်ဘဲ ငါ့ကားကို မင်းမောင်းတာတွေ့တော့ မင်းဟာ ငါနဲ့ ပတ်သက်တဲ့လူပဲဆိုပြီး ဖမ်းခေါ်စစ်ဆေးတာပဲ၊ ငါနဲ့တိုးရင်လည်း မင်းကိုလုပ်သလို ငါ့ကိုလုပ်ပြီး သူတို့လိုချင်တဲ့ ပစ္စည်းကို မေးမှာပဲ လှတိုး"

"မင်းကွာ မရှင်း မရှင်းနဲ့ ကြားထဲက ငါက [illegible]ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ သူငယ်ချင်း၊ ဒါထက် မင်းနဲ့ ဒီကောင်တွေ ဘယ်အချိန်လောက်က တွေ့ကြတာလဲ"

"မွန်းလွဲတစ်နာရီလောက်ကလေကွာ၊ ငါ ထမင်းစားသောက်ပြီး ကန်တော်ကြီးဘက် ထွက်တာ"

မွန်းလွဲတစ်နာရီလောက်တွင် ရန်မျိုးနောင်သည် အင်းစိန်တွင် ရဲအရာရှိ ဦးလတ်ဆွေနှင့် တွေ့ဆုံစကားပြောနေချိန် ဖြစ်သည်။ ဒါဆိုလျှင် သိင်္ဂီရွှေစင်အိမ်မှ သူတို့ထွက်သွားပြီးမှ ဖြစ်ပါ၏။

သိင်္ဂီရွှေစင်အိမ်တွင် မိမိမော်တော်ဆိုင်ကယ်နှင့်လာသည်ကို သူတို့မသိပေ။ ခြံဝတွင် ဒေါ်ဖွားသီနှင့်တွေ့ပြီး မော်တော်ဆိုင်ကယ်ကို ခြံဝသစ်ပင်အောက်တွင် ထားခဲ့သဖြင့် သူတို့ မမြင်ကြခြင်း ဖြစ်မည်။

သိင်္ဂီရွှေစင်အိမ်သို့ သူတို့လာစဉ်က "ချ" အက္ခရာဖြင့် ဆီဒင်ဆလွန်းကားအနီ ဖြစ်သည်။ ကားနံပါတ်ကိုပင် ရန်မျိုးနောင် မှတ်သားထားသည်။

ယခု လှတိုးကို ခေါ်ဆောင်သူများမှာ ပါပလစ်ကာကားနှင့်ဟု ဆိုသည်။

ထောက်ကြံ့အနီး ကိုတင်မောင်ကြည်နှင့် ဆုံစဉ်က သူတို့သည် လင့်ရှိဗာကားကို အသုံးပြုသည်။

ထောက်ကြံ့ ရဲကြပ်ကြီးကိုညိုမောင်က သူတို့စီးသွားသော လင့်ရှိဗာမှာ ခိုးလာသောကား ဖြစ်သည်ဟု ဆိုသည်။

ယခု ဆီဒင်ဆလွန်းကားအနီနှင့် ပါပလစ်ကာကားမှာလည်း သူတို့ ခေတ္တခဏ အလစ်သုတ်လာသော ကားများပင် ဖြစ်နိုင်ပါ၏။



လှတိုးအား သူတို့စီးလာသော ပါပလစ်ကာ ကားအရောင်၊ နံပါတ် စသည်တို့ကို မေးလည်း အကြောင်းထူးမည် မဟုတ်ပေ။

"ဒီမယ် လှတိုး၊ မင်းကို ခေါ်သွားတဲ့ကောင် သုံးကောင်ကို မင်း မှတ်မိလား"

"မှတ်မိတယ်"

"သူတို့ တစ်ယောက်ချင်းဆီမှာ ထူးခြားချက် တစ်ခုခုကိုကော မင်း တွေ့လား"

"တွေ့တယ်၊ ငါ့ကို စီးကရက်မီးနဲ့ထိုးပြီး စစ်မေးတဲ့ကောင်ရဲ့ လက်မောင်းလက်ဖျံ တစ်ဖက်မှာ မြွေဟောက်ပါးပျဉ်းထောင်နေတဲ့ တက်တူးထိုးထားတာ တွေ့တယ်"

သည်ကောင် မြတ်သင်းပဲဟု ရန်မျိုးနောင် သိလိုက်သည်။

"နောက်တစ်ယောက်က နေကာမျက်မှန် တပ်ထားတယ်၊ မင်းကားမှာ ပစ္စည်းရှာမယ်ဆိုပြီး နေကာမျက်မှန်ချွတ်လိုက်တော့ အဲဒီလူဟာ မျက်တစ်ဖက်လပ်နေတယ်၊ တစ်ဖက်ကန်း ဆိုပါတော့ကွာ။

ဒါဆိုလျှင် နွေပွင့် အိမ်သို့ လာသွားသော မြတ်သင်းနှင့် သူ့အဖော် ငရမန်ကန်းပင် ဖြစ်နေပြန်သည်။

"ဒီမယ် လှတိုး၊ ဒီကောင်တွေ မင်းကို ဘယ်နေရာ ဘယ်လမ်း ဘယ်တိုက်အိမ်ကို ခေါ်သွားတယ်ဆိုတာ မင်းမသိဘူးလား သူငယ်ချင်း"

"သိသားပဲ"

"ဟင် ... ဒါနဲ့ မင်းကို ခေါ်သွားတုန်းက မျက်စိကို အဝတ်စည်းပြီး ခေါ်သွားတာဆို"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ခေါ်သွားတုန်းကတော့ သူတို့စည်းထားတာ ဘာမှမမြင်ရဘူး၊ အပြန်ကျတော့ စည်းတဲ့အဝတ် သူ ဟာ သူတို့ ဘယ်မှာထားမိမှန်း ရှာမတွေ့ဘူး၊ အလွ တက္က လက်ကိုင်ပဝါခေါက်ပြီး ငါ့မျက်နှာကို စည်းတာ မမိတမိနဲ့ ငါ မြင်ရတယ်"

"ဒါဆို သူတို့က မင်းကို ဘယ်ခေါ်သွားတာလဲ လှတိုး"

"ဘောက်ထော်က ပြည်တော်အေးလမ်းထဲ ခေါ်သွားတာ ကွ"

"အဲဒီအိမ်နဲ့ ခြံကော မင်း မှတ်မိလား"

"သိပ်မှတ်မိတာပေါ့"

"ဒါဆို ဟုတ်ပြီ"

ရန်မျိုးနောင်သည် တယ်လီဖုန်း ကောက်ကိုင် စုံထောက်အရာရှိ ဦးလတ်ဆွေအား အကျိုးအကြောင်း ပြော လိုက်သည်။

ဦးလတ်ဆွေက ချက်ချင်း သူ့လူတွေနှင့် လာခဲ့မ ဟု အကြောင်းပြန်သည်။

မိနစ်(၃၀)မှာပင် ဦးလတ်ဆွေနှင့် ငယ်သားလေ ယောက် ရဲဂျစ်ကားအပြာနှင့် ရောက်လာသည်။

ဘောက်ထောက် ပြည်တော်အေးလမ်းရှိအိမ်သို့ မျိုးနောင်၊ လှတိုးတို့နှင့်အတူ သွားရောက်စစ်ဆေးရန် ဖြစ်သည်

သွားရန် အက်(စ်)အီးကားတံခါးကို ဖွင့်လိုက် ရှေ့နောက်ကူရှင်တွေ ကျောမှီတွေအားလုံး ဖွာဆန်ကြဲအော ဓားနှင့်ခွဲထားသည်ကို တွေ့ရသည်။

ရန်မျိုးနောင်က သူ့ကားကူရှင်တွေကိုကြည့်ပြီး ပ တွန့်မိသည်။



ဦးလတ်ဆွေကလည်း ခေါင်းတညိတ်ညိတ်ဖြင့်နှမြော ကြည့်ပေးသည်။

"ကဲ ... ပေါ်ဦးရေ၊ လတ်တလော စီးလို့ဖြစ်အောင်လုပ် ကွ"

ပေါ်ဦးက တစ်ယောက်အိပ် အိပ်ရာခင်းတွေယူလာ စုတ်ပြဲနေသော ကူရှင်များအပေါ် အုပ်ခင်းလိုက်သည်။

လှတိုးနှင့် ရန်မျိုးနောင်က ရှေ့မှမောင်းပြီး ဦးလတ် ဆွေ၏ရဲကားပြာက နောက်မှ လိုက်လာသည်။

ဘောက်ထော် ပြည်တော်အေးလမ်း၊ ခြံအမှတ်(...) ရောက်လာကြသည်။

"ဒီခြံပဲ ရန်မျိုးနောင်"

ရန်မျိုးနောင်က လှတိုး လက်ညှိုးထိုးပြသော ခြံထဲ ကွေ့မဝင်သေးဘဲ ကားရပ်ကာ ကြည့်လိုက်သည်။

"ဦးမောင်သိန်း"

ခြံတံခါးမှာ ပွင့်လျက်သားရှိသည်။

ခြံတံခါးအုတ်တိုင်တစ်ဖက်တွင် ဦးမောင်သိန်းဟု သတ်စတစ်အနီခံတွင် အဖြူစာလုံးကပ်ဖြင့် ဆိုင်းဘုတ်ဆွဲချိတ် ားသည်ကို တွေ့ရသည်။

ရန်မျိုးနောင်က ခြံထဲသို့ ကားကွေ့ဝင်ခဲ့သည်။ က်မှ ဦးလတ်ဆွေ၏ရဲကားလည်း ဝင်လိုက်လာသည်။ ကား စီးစလုံး ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။

ကောင်မလေးတစ်ယောက် ထွက်လာသည်။

အသက်ဆယ့်ရှစ်နှစ် အရွယ်ခန့်ရှိသည်။ ရှပ်အကျႌ ကြီး ဝတ်ထားပြီး ထဘီကို ဒူးဆစ်လောက်အထိ တိုဝတ် ားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ပါပါရေ ... ဒီမှာ ဧည့်သည်တွေ”

ကောင်မလေးက အထဲသို့ လှမ်းအော်လိုက်သည်။

လှတိုးက ကောင်မလေးကို ငေးကြည့်နေသည်။

ကောင်မလေး အော်လိုက်သည်နှင့် အထဲမှ အမျိုးသားကြီးတစ်ဦး ထွက်လာသည်။

အသက်(၅၀)ခန့် ရှိအံ့သည်။ အသားဖြူသည်။ ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ရှိသည်။ သန့်ပြန့်သော ဥပဓိရုပ်ရှိသည်။ အကောင်းစား စွပ်ကျယ်လက်စက ဝတ်ထားပြီး ချည်ချောပလေ… ကပ်အပြာနှင့် အဖြူကွက်ကြီး ဝတ်ထားသည်။ မြင်ရုံနှင့်မြန်မာ… စစ်စစ် မဟုတ်မှန်း သိသာသည်။

“ဩော် ... ဧည့်သည်တွေပါလား၊ ရဲကားလည်း ပါလာတယ်”

ပြောပြောဆိုဆို အမျိုးသားကြီးက သံတံခါးဆွဲဖွင့်သည်။

ရဲအရာရှိ ဦးလတ်ဆွေကပင် ဦးစီးခေါင်းဆောင်ပြုပါ၏။

“အထဲကို ကြွကြပါ”

အမျိုးသားကြီး ဖိတ်ခေါ်ချက်အရ ဦးလတ်ဆွေက ရှေ့မှဝင်ပြီး ရန်မျိုးနောင်နှင့် လှတိုးက နောက်မှ လိုက်လာသည်။

ဧည့်ခန်းထဲတွင် မွေးပွကော်ဇောကြီးတွေ ခင်းထားသည်။ အိစက်နေသော ဆိုဖာတွေရှိသည်။ ရှိုးကေ့(စ်)ထဲတွင် အဖိုးတန်လှပသော ပစ္စည်းတွေရှိသည်။ (၂၈)လက်မအရွယ် ရုပ်မြင်သံကြားစက်နှင့် အောက်စက်ရှိသည်။

“ဟော့ကောင် ရန်မျိုးနောင်”



“ဘာလဲ လှတိုး”

“ငါကို ခေါ်လာတုန်းက ဒီဧည့်ခန်းမှာ ဘာမှမရှိဘူးကွ၊ ဟော(လ်)ကြီး သက်သက်ပဲ၊ စားပွဲတစ်လုံးနဲ့ ငုတ်တုတ် ကုလားထိုင် သုံးလေးလုံးပဲရှိတယ်”

“ဟော”

“နောက်ပြီး ခုနကောင်မလေးရော၊ ဒီအဘိုးကြီးကော ငါ မတွေ့မိဘူး”

လှတိုးက ရန်မျိုးနောင်အား တိုးတိုးပြောသော်လည်း [illegible]
…အားပါးသော ဦးလတ်ဆွေက ကြားပေသည်။

ဆိုဖာအသီးသီးတွင် ထိုင်ကြသည်။

“ဦးလေးနာမည်က ဘယ်လိုခေါ်ပါသလဲ”

“ဦးမောင်သိန်းပါ”

“ဇနီးကကော”

“ဒေါ်ယဉ်ယဉ်ပါ၊ ဟောဒါက သမီးအငယ်ဆုံး ရီစီသိန်းပါ”

“ဒီပြင်ကော သားသမီး ရှိသေးလား”

“ရှိပါတယ်၊ ရီစီတက် အကြီးနှစ်ယောက် ရှိပါတယ်၊ ဒါပေမဲ့ အတူနေ မဟုတ်ပါဘူး၊ အိမ်ထောင်ကွဲတွေပါ၊ အဲ မြန်မာပြည်မှာလည်း မရှိကြပါဘူး”

“ဘယ်တိုင်းပြည်တွေ ရောက်နေလို့လဲ”

“သားအကြီး ပီတာက ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာပါ၊ သားအလတ် သောမတ်(စ်)ကတော့ စင်ကာပူမှာပါ”

“ဦးမောင်သိန်းက မြန်မာလူမျိုးတော့ မဟုတ်ဘူး ထင်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"အင်ဂလို အင်ဒီယန်းကပြားပါ၊ ဒါပေမဲ့ မြန်မာပြည်မွေး မြန်မာပြည်ကြီးတာပါ၊ အက်(ဖ်)အာ(ရ်)စီ မဟုတ်ပါဘူး နိုင်ငံသား မှတ်ပုံတင်ပါ၊ ကျွန်တော့်ဇနီး ဒေါ်ယဉ်ယဉ်က မြန်မာအစစ်ပါ"

"ဦးမောင်သိန်းရဲ့ အလုပ်အကိုင်ကကော"

"သဃ်န်းကျွန်းဘက်မှာ ဒန်အိုးစက် ရှိပါတယ်၊ တောင် ဥက္ကလာမှာ ပလတ်စတစ်စက်ရုံ ရှိပါတယ်"

"တခြားလုပ်ငန်း ရှိသေးလား"

"အဲ ... အဲ ... ရှိပါတယ်၊ ရွှေဘုံသာလမ်းထဲမှာ ရွှေဆိုင် ဖွင့်ထားပါတယ်၊ ဒါကလည်း သမီးငယ်ရိုစီအတွက် ဖွင့် ပေးထားတာပါ၊ ရိုစီက ငယ်သေးတော့ လုပ်ငန်းအကြီး ကြီး မလုပ်သေးပါဘူး"

ဦးလတ်ဆွေက သူ၏လက်ပတ်နာရီကို ကြည့်လိုက် သည်။

ညနေ(၄)နာရီခွဲ ရှိပြီဖြစ်ပါ၏။

"ဦးမောင်သိန်းတို့ ဒီနေ့ မွန်းတည့်ပိုင်းလောက်က အပြင် ဘက်တွေ ဘာတွေ အိမ်တံခါးပိတ်ပြီးများ သွားကြသေး လား"

"ဟင့်အင်း ... ဒီနေ့ တနင်္ဂနွေနေ့လေ၊ အလုပ်ပိတ်တယ် ဒန်အိုးစက်ရုံရော၊ ပလတ်စတစ်စက်ရုံရော ပိတ်တယ် ကျွန်တော်တို့ မိုးလင်းကတည်းက ခုချိန်ထိ ဘယ်ဆိုဘယ် ကိုမှ မသွားကြသေးဘူး"

"ရွှေဘုံသာလမ်းက ရွှေဆိုင်ကော ပိတ်တာပဲလား"

ဦးမောင်သိန်းက ရှင်းလိုက်ပေးသည်။



"ရွှေဘုံသာလမ်း ရွှေဆိုင်ကတော့ ရိုစီက ပိတ်ချင်တဲ့နေ့ ပိတ်ပြီး ဖွင့်ချင်တဲ့နေ့ ဖွင့်တာပဲ၊ တစ်ခါတလေ ဆိုင်ဖွင့် ထားရာက သူ့သူငယ်ချင်းတွေ ရောက်လာပြီး လျှောက် လည်ကြစို့ဆိုရင် ချက်ချင်းဆိုင်ပိတ်ပြီး လိုက်ချင်လိုက်သွား တာ၊ ဒီနေ့ တနင်္ဂနွေဆိုရင် ရိုစီက ပိတ်ပြီပေါ့၊ သူငယ် ချင်းတွေနဲ့ ထွက်လည်နေကျပဲ"

ဦးလတ်ဆွေနှင့် ရန်မျိုးနောင်သည် လှတိုးကို ပြိုင် တူကြည့်မိကြသည်။

လှတိုးမှာ အူကြောင်ကြောင် ဖြစ်နေရှာသည်။

ဤခြံ ဤအိမ်သို့ သူ့အား လူဆိုးသုံးဦးက ခေါ် လာသည်ဟု ဆိုခဲ့သည်။

ယခု ဤအိမ် ဤခြံတွင်နေသော ဦးမောင်သိန်း မိသားစုက ယနေ့ မိုးလင်းကတည်းက ယခုအချိန်ထိ အိမ်မှာပင် ရှိနေကြသည်ဟု ပြောသည်။

လှတိုး ရောက်ခဲ့စဉ်က အိမ်မှာ ဘာအိမ်ထောင်ပရိ ဘောဂပစ္စည်းမှ မရှိဘဲ ဟောလ်ကြီးဖြစ်သည်။

ယခု ကြေးရုတတ် ခမ်းနားထည်ဝါသော ပရိဘောဂ အစုံ ညှော်ခန်းဖြစ်နေသည်။

"ကဲ ... ဦးမောင်သိန်းရော၊ ဒေါ်ယဉ်ယဉ်ရော ကျွန်တော် တို့ကို သွားခွင့်ပြုပါ၊ ကျွန်တော်တို့ အခုလို လာမေးတာ မြန်းတာ အနှောင့်အယှက် ဖြစ်တယ်ဆိုလည်း ခွင့်လွှတ်ပါ"

"ရပါတယ်၊ ရဲအရာရှိတစ်ဦးအနေနဲ့ အကြောင်းမရှိဘဲ အခုလို လာရောက်မေးမြန်းခြင်း မပြုဘူးဆိုတာ ကျုပ်နား လည်ပါတယ်၊ အဲ ... ကျုပ်အံ့သြတာက ကျုပ်အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



တန်းတန်းမတ်မတ်လာပြီး အခုလို မေးတာမြန်းတာဘာ အကြောင်းကြောင့်ပါလဲ ဆိုတာကိုပဲ အံ့ဩနေတာပါ"

ဦးလတ်ဆွေက ပခုံးတွန့်ပြလိုက်သည်။

"မှားယွင်းမှုတစ်ခုလို့ပဲ သဘောထားလိုက်ပါ ဦးသိန်းမောင်၊ ကဲ ... ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ"

အားလုံး ထ၍ပြန်ခဲ့ကြသည်။

ကားများရပ်ထားရာသို့ အရောက်တွင် အသင့်စောင့်နေသော ရဲကြပ်ကြီးက သူ့ဆရာ ဦးလတ်ဆွေအနီးသို့ ကပ်ပြီး တစ်စုံတစ်ခု ပြောသည်။ ပြီး ... လက်ထဲမှ ပစ္စည်းလေးတစ်ခု ဦးလတ်ဆွေအား ပေးသည်။

ရဲကြပ်ကြီးပေးသော ပစ္စည်းကို ဦးလတ်ဆွေက လက်ဝါးတွင် ဆုပ်ကိုင်ပြီး ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်သည်။

ဘာပစ္စည်းမှန်း ဘယ်သူမှ မမြင်ရပေ။

ဦးမောင်သိန်းနှင့် ဒေါ်ယဉ်ယဉ်က အောက်အထိ လိုက်လာပြီး ဦးလတ်ဆွေကို နှုတ်ဆက်သည်။

ဦးလတ်ဆွေကပင် ရှေ့မှ မောင်းထွက်လာသည်။

ရန်မျိုးနောင်က နောက်မှမောင်းလိုက်ရင်း သူငယ်ချင်းလှတိုးအား ပျစ်ပျစ်နှစ်နှစ် ပြောနေသည်။

"မင်းကွာ မသေချာဘဲနဲ့မှား ဟုတ်တိပတ်တိ ခေါ်လာသေးတယ်၊ ဦးလတ်ဆွေကိုလည်း အားနာစရာ၊ အိမ်ရှင်ဦးမောင်သိန်းတို့ကိုလည်း မျက်နှာပူစရာ၊ တကယ် သောက်သုံးမကျတဲ့ကောင်"

"ဟ ... ငါ သေချာမှတ်မိတယ် ရန်မျိုးနောင်၊ ဒီအိမ်နဲ့ ဒီခြံမှာ ငါ့ကိုခေါ်လာတာ"



"တော်စမ်းပါ၊ မျက်စိပိတ်ထားတာ မမြင်မကန်းနဲ့ မင်းစိတ်ထဲ ထင်တာတွေ လျှောက်ပြော လျှောက်ပြနေတာ"

"ဟေ့ကောင်၊ ငါမမှားဘူးကွ"

"ဟေ ... ငါမမှားဘူးဆိုတာ လာသေးတယ်"

သူငယ်ချင်းနှစ်ယောက် အချီအချ ပြောနေစဉ်မှာပင် ခြံပြင်ရောက်ပြီးနောက် ဦးလတ်ဆွေက ကားရပ်လိုက်သဖြင့် ရန်မျိုးနောင်က နောက်မှ ရပ်လိုက်သည်။

ဦးလတ်ဆွေ ဆင်းလာသည်။

"ကဲ ... ကျွန်တော် အင်းစိန်ပြန်တော့မယ်၊ ဒီကပဲ လမ်းခွဲကြစို့၊ ကိစ္စရှိရင် ဖုန်းဆက်ပါ ကိုရန်မျိုးနောင်၊ ခင်ဗျားနဲ့ ကျွန်တော် တပူးတွဲတွဲနေလို့ မကောင်းဘူး"

"ခုနကဗျာ ... ဟောဒီကောင် လှတိုး မသေမချာ မရေမရာနဲ့ လုပ်တာ၊ ဦးလတ်ဆွေကို ကျွန်တော်အရမ်းအားနာတယ်ဗျာ"

ဦးလတ်ဆွေက ပြုံးလိုက်သည်။

"ကိုလှတိုး မမှားပါဘူး ကိုရန်မျိုးနောင်၊ အခုဟာက ကျွန်တော်တို့အားလုံး မျက်လှည့်ပြခံလိုက်ရတာပါ"

"ဗျာ ... ဦးလတ်ဆွေ ကိုယ်တိုင် ဦးမောင်သိန်းကို မှားယွင်းမှုတစ်ခုလို့ ပြောခဲ့တာပဲ"

"အင်း ... အဲဒီအချိန် အဲဒီနေရာမှာ ကျွန်တော် အပြောသင့်ဆုံး စကားဟာ မှားယွင်းသွားတာပါလို့ပဲ၊ ပြောသင့်လို့ ပြောလိုက်တာ၊ ဒီမှာကြည့် ကိုရန်မျိုးနောင်"

ဦးလတ်ဆွေက ဘောင်းဘီအိတ်ထဲသို့ ခြံဝင်းထဲမှာ ထည့်လိုက်သော ပစ္စည်းလေးကို ထုတ်ပြသည်။

"ရဲကြပ်ကြီးရှာတွေ့တာလေ၊ ကိုရန်မျိုးနောင်ရဲ့ ဆော်တော်ကားက ကူရှင်အစပိုင်းလေးပဲ၊ ဦးမောင်သိန်းရဲ့တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝင်ထောင့်မှာ ပန်းအိုးနဲ့ ကွယ်နေတဲ့ ဒီအစကို ရဲကြပ်ကြီးကတွေ့တာ၊ ဒါကိုကြည့်ရင် ဒီအိမ်ထဲက ဆင်ဝင်အောက်မှာပဲ ကိုရန်မျိုးနောင်ရဲ့ကားကူရှင်တွေကို ဓားနဲ့ခွဲခဲ့တယ်လို့ ယူဆနိုင်တယ်၊ လွင့်ကျတဲ့ ကူရှင်အစပိုင်းတွေကိုသိမ်းပြီး ဖျောက်ဖျက်ပေမယ့် ဒီအစလေးက ပန်းအိုးကွယ်နေလို့ သူတို့မြင်ပုံမရတာ"

ရန်မျိုးနောင် ခေါင်းညိတ်ပြသည်။

ဦးလတ်ဆွေသည် ကားပြတင်းပေါက်ထဲသို့ ဦးခေါင်းသွင်းပြီး ရန်မျိုးနောင်အား တိုးတိုးလေး နားကပ်ပြီး ထပ်ပြောသည်။

"ဒီမယ် ကိုရန်မျိုးနောင်၊ ဦးမောင်သိန်းဆိုတဲ့ နာမည်ကိုခင်ဗျား အာမထိ လျှာမထိ ရွတ်ကြည့်စမ်း၊ "ပူးပေါင်းဝိန်း" လို့ အသံထွက်နိုင်တယ် မဟုတ်လား"

ရန်မျိုးနောင် မျက်လုံးပြူး အံ့သြနေစဉ်မှာပင် ဦးလတ်ဆွေက ပြုံး၍ပြောလိုက်သည်။

"ကဲ ... ကျွန်တော် သွားမယ်၊ ကျွန်တော့်ဆီ ခင်ဗျားမလာနဲ့၊ ခင်ဗျားဆီကို ကျွန်တော် လိုအပ်ရင် လာခဲ့မယ်၊ သတင်းတစ်ခုခုရှိရင် ဖုန်းဆက်ပါ၊ ကဲ ... ခင်ဗျားကားမောင်းရင်း အာမထိ လျှာမထိ ရွတ်ကြည့်ပေတော့"

ဦးလတ်ဆွေ သူ့ကားနှင့် ထွက်သွားသည်။

ရန်မျိုးနောင်သည် ကားကို ဆက်မောင်းရင်း အာမထိ လျှာမထိ အခါခါ ရွတ်ကြည့်ပါ၏။

"ဦးမောင်သိန်း ... ပူးပေါင်းဝိန်း"

❋ ❖ ❋



(ခုနစ်)

"ပေါ်ဦးရေ"

"ဗျာ ... ဆရာ"

"ဟောဒီကားကူရှင်တွေကို ကနေ့ညတွင်းချင်း အပြီးချုပ်ချင်တယ်၊ ရနိုင်မလား"

"ရတာတော့ ရတယ် ဆရာ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ပြောရမှာက နှစ်ခုတောင် ဆရာ"

"ပြော ... ပထမတစ်ခုက ဘာလဲ"

"နဂိုအတိုင်း ပုံစံတော့ ချက်ချင်းမရနိုင်ဘူး ဆရာ၊ ရိုးရိုးသားရေမြောင်း ချုပ်ရိုးဖော်ကူရှင် ဆိုရင်တော့ ညတွင်းချင်းရအောင် ကျွန်တော် ထိုင်စောင့်ချုပ်ခိုင်းမယ်"

"အေး ... ရတယ်၊ အကောင်းဆုံးနဲ့ အမြန်ဆုံးရအောင်သာချုပ်"

"အော်ရီဂျင်နယ်ပုံစံကို အချိန်ရလို့ ပြန်ချုပ်တဲ့အခါ အခုချုပ်ထားတာ ကုန်ကျမှာကို နှမြောစရာကြီး ဆရာ၊ နောက်ပိုင်း ညတွင်းချင်း အပြီးဆိုရင် ချုပ်ခအနေနဲ့ အမြန်ကြေးပိုယူလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ငါ အခုလောလောဆယ်မှာ အချိန်လည်းမရဘူး အခုချုပ်တဲ့ ကူရှင်ကိုပဲ ဆက်သုံးနေမယ်၊ နောက်သုံးလေး လကြာမှ ပြန်လဲချင်လဲမယ်၊ ချုပ်ခ အမြန်ကြေးလည်းပေး မယ်၊ ကဲ ... နောက်တစ်ခုက ဘာလဲ"

"မြေနီကုန်း လေဟာပြင်ဈေးရှေ့က ယာဉ်ကွတ်ဆိုင်မှာ ကျွန်တော် သွားချုပ်မယ်၊ မပြီးမချင်း ထိုင်စောင့်မယ်၊ ဆိုင်တွေက ကာယကံရှင် ထိုင်စောင့်နေမှ ချုပ်တာ၊ အဲဒီ တော့ သန်းခေါင်ကျော်ရင် ကျော်သွားမယ်၊ ဆရာ့မှာ အဖော်မရှိဘဲ ဖြစ်နေမယ်၊ မနေ့ညကကောင်တွေ ထပ်လာ ချင်လာမှာ ဆရာ့ကို ကျွန်တော် စိတ်မချလို့"

"အံမယ်ကွာ၊ ငါ့အတွက် စိတ်ချစမ်းပါ၊ ငါ့သေနတ်ထဲ ကျည်ဆန်တွေ ထပ်ဖြည့်ထားရုံ မကဘူး၊ အပိုမဂ္ဂဇင်းနှစ် ကပ်ထဲမှာလည်း ကျည်ဆန်အပြည့် ဖြည့်ထားတယ်၊ မင်း ငါ့လက်ကို သိတယ်မဟုတ်လား၊ ကျည်တစ်တောင့်ဆို တစ်ယောက်မလွဲဘူး၊ အဆင်သင့်ကျည်ဆန်ထည့်ပြီးသား နှစ်ဆယ့်တစ်တောင့်ရှိတယ်၊ လူဆိုးနှစ်ဆယ့်တစ်ယောက် တောင် ငါ့ဆီမလာနိုင်ပါဘူး ပေါ်ဦး"

"ဒါဆိုလည်း ကျွန်တော် သွားမယ်လေ"

"ငွေ ဘယ်လောက်ယူသွားမလဲ"

"ခန့်မှန်းခြေ သုံးထောင်ပေးလိုက် ဆရာ"

"အေး ... ယူသွား"

ငွေသုံးထောင်ယူပြီး ကားကို ပေါ်ဦး မောင်းထွက် သွားသည်။

ရန်မျိုးနောင် တစ်ယောက်တည်း ကျန်ခဲ့ပါ၏။



စာမူကော်ပီလက်စတွေ ရှိနေသော စာရေးစားပွဲကို လှမ်းကြည့်မိသည်။

သို့သော် ယခုလောလောဆယ်တွင် စာရေးချင်စိတ် လုံးဝမရှိ။

ဒရင်းဘက်(ဒ်) ခေါက်ကုလားထိုင်ပေါ်တွင် လဲတစ် ဝက် ထောင်တစ်ဝက်ထိုင်ရင်း ရန်မျိုးနောင်သည် လောလောဆယ် တွေ့ကြုံနေရသည်များကို စဉ်းစားသည်။

ရဲအရာရှိဦးလတ်ဆွေက ဘောက်ထော် ပြည်တော် သာလမ်းမှ ဦးမောင်သိန်းသည် မိမိတို့အား မျက်လှည့်ပြလိုက် သည်ဟု ဆိုသည်။ လှတိုး မမှားပါဟုလည်း ပြောသည်။ အဓိပ္ပာယ်မှာ လူဆိုးသုံးဦးသည် လှတိုးအား အမှန်ပင် ဦးမောင် သိန်း ခြံနှင့်တိုက်သို့ ခေါ်သွားခဲ့သည်။ ဧည့်ခန်းပစ္စည်းတွေ ရွှေ့ ပြောင်းပြီး ဟောလ်အသွင် လှတိုးကို မြင်စေသည်။ လှတိုးကို ပြန်လွှတ်သည်နှင့် ဦးမောင်သိန်းက အိမ်ဧည့်ခန်းကို ပုံမှန်အတိုင်း ဧည့်ခန်းအဆင်အပြင် ပစ္စည်းတွေ ပြန်ထားသည်။ ဒါကို မျက်လှည့် ပြသည်ဟု ဦးလတ်ဆွေ ဆိုလိုခြင်းဖြစ်မည်။

ပြီး ဦးလတ်ဆွေက ဦးမောင်သိန်း နာမည်ကို အာ ထိ လျှာမထိ ခေါ်ကြည့်ပါ။

ဂူးဝေါင်ဝိန်းဟု ထွက်လာနိုင်သည်။ ကိုတင်မောင် ကြည်သည် မသေမီ ဒေါက်တာရဲမြင့် ကြားသည်အထိ ဂူးဝေါင် ဝိန်းဟု သုံးကြိမ်သုံးခါ ပြောခဲ့သည်။ ဦးမောင်သိန်းကို မသင်္ကာ စရာ စဉ်းစားစရာ ဖြစ်လာသည်။

ရဲအုပ်စုံထောက် ဦးလတ်ဆွေကိုယ်တိုင် ဦးမောင် သိန်းကို မသင်္ကာပုံ ရသွားသည်။ ဦးလတ်ဆွေ မည်သို့ ဆက်လက်

www.burmeseclassic.com



ဆောင်ရွက်လေမည်နည်း။ ထူးခြားလာလျှင် ဦးလတ်ဆွေက မိမိ ထံ ဖုန်းဆက်လိမ့်မည် ထင်ပါ၏။

နွေပွင့်။

နွေပွင့်တို့သားအမိကို နက်ဖြန် ပဲခူးမှ ဘိုးဘိုးထံ ပို့ပေးရဦးမည်။ ထို့ကြောင့်ပင် ညတွင်းချင်း ကားကူရှင်များကို ချုပ်ခိုင်းရခြင်းဖြစ်သည်။

သို့မဟုတ်ပါက နွေပွင့်လေးခမျာ ကူရှင်တွင် အထိုင် ရ ကသိကအောက် ဖြစ်ရှာမည်။

နွေပွင့် အကြောင်း စဉ်းစားလိုက်လျှင် ဘာကြောင့် မှန်းမသိ၊ ရန်မျိုးနောင် ရင်ထဲတွင် ခံစားမှုတစ်မျိုး ခံစားရသည်။ သိမ့်သိမ့်လေး ခံစားရသည့်မျိုး ဖြစ်နေသည်။ ရှိန်းမြမြခံစားရ မျိုး ဖြစ်နေသည်။ ကြည်နူးသလိုလည်း ခံစားရသည်။ ပြ ကောင်မလေးကို မျက်စိထဲ မြင်ယောင်ပြီး ကရုဏာ အကြင်နာ တွေ ရင်ထဲတွင် တဖွားဖွား ဖြစ်ရသည်။

တစ်မျိုးပဲ။ ရှေးမဆွက အမျိုးသမီး တစ်ဦးဦးနှင့် ပတ်သက်ပြီး ယခုလို ခံစားမှုပေါင်းစုံလေးတွေ တစ်ခါမျှ မခံစား ခဲ့မိ။

"ကလင် ... ကလင် ... ကလင်"

ဖုန်းမြည်သံ ထွက်လာသည်။ ရန်မျိုးနောင်သည် ပျင်းရိပျင်းတွဲထကာ ဖုန်းကို ကောက်ယူနားထောင်သည်။

"အမိန့်ရှိပါ၊ ကျွန်တော် ရန်မျိုးနောင်ပါ"

"ဩော် ... မောင်ရန်မျိုးနောင် အိမ်မှာပဲ ရှိနေသကို အန်ကယ်က မောင်ရန်မျိုးနောင် ပြန်မရောက်သေးဘူးထ နေတာ၊ ပေါ်ဦးနဲ့တွေ့ရင် မောင်ရန်မျိုးနောင် ဖုန်းပြန်ဆ



ပါလို့ ပြောမလို့၊ အခုတော့ အတော်ပဲ၊ မောင်ရန်မျိုးနောင် နဲ့ တိုက်ရိုက်ပြောရတာ၊ အေး ... သမီးပိုင်းက မောင်ရန် မျိုးနောင်ရဲ့ဆန္ဒ အန်ကယ့်ကို ပြောပြပါတယ်၊ နက်ဖြန်ဆို တနင်္လာ ရုံးဖွင့်ပြီလေ"

ဝင်ဒါမီယာမှ ပိုင်းဖခင် ဦးဘပိုင်း ကိုယ်တိုင် ဖုန်း ဆက်ခြင်း ဖြစ်နေပါ၏။

"အဲဒါ မောင်ရန်မျိုးနောင် ရုံးတက်မလားလို့ အန်ကယ် မေးချင်လို့ပါ"

ရန်မျိုးနောင် မသိမသာလေး သက်ပြင်းချမိသည်။

"ကျွန်တော် ရုံးမတက်တော့ပါဘူး အန်ကယ်"

"ဒါဆို နုတ်ထွက်မယ်ပေါ့ ဟုတ်လား"

"ကျွန်တော် ရုံးလုပ်ငန်းမှာ စိတ်မဝင်စားလို့ပါ အန်ကယ်၊ ဆက်လုပ်ရင် ကျွန်တော့်ကို အလုပ်သွင်းပေးတဲ့ အန်ကယ့် မှာ မျက်နှာပူစရာ ဖြစ်နေမှာမို့ပါ"

"မောင်ရန်မျိုးနောင် ယတိပြတ် ဆုံးဖြတ်ပြီးပြီလား၊ ထပ် ပြီး စဉ်းစားဦးမလား"

"ကျွန်တော် ထပ်ပြီး မစဉ်းစားတော့ပါဘူး အန်ကယ်၊ ယတိပြတ် ဆုံးဖြတ်ပြီးပြီဆိုပါတော့"

"အေးလေ ... ဒါကတော့ လူငယ်စိတ်နဲ့ လူငယ်ရဲ့ အယူ အဆတွေပေါ့လေ၊ ဒီအလုပ်ထဲမှာ စိတ်မဝင်စားဘူး၊ မပျော် ပိုက်ဘူးဆိုလည်း မလုပ်တော့ဘဲ ထွက်လိုက်တာကပဲ ကောင်းပါတယ်"

"အန်ကယ် ဒီလိုခွင့်ပြုတာ ကျေးဇူးသိပ်တင်ပါတယ် အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အန်ကယ် တစ်ခုတော့ စဉ်းစားတယ်"

"ဘာများပါလိမ့် အန်ကယ်"

"ဩော် ... မောင်ရန်မျိုးနောင်ရဲ့ ကွယ်လွန်သွားတဲ့ မိဘ
တွေမရှိတဲ့နောက် မောင်ရန်မျိုးနောင်ကို ကြည့်ရှုဖို့ အန်ကယ်
နဲ့ အန်တီ့မှာ တာဝန်ရှိတယ်လို့လေ"

"ဟုတ်ကဲ့ အန်ကယ်"

"အန်ကယ့်မှာ ဂျပန်မှာဖြစ်ဖြစ်၊ ဟောင်ကောင်မှာဖြစ်ဖြစ်
အမေရိကားမှာဖြစ်ဖြစ် အဆက်အသွယ်တွေရှိတယ်၊ အဲ
မှာ ရှိုးရှော့(မ်)တစ်ခုခု မောင်ရန်မျိုးနောင် သွားလုပ်မလား
ကိုယ်က ဘီအီးအောင်လို့ အင်ဂျင်နီယာဘွဲ့ ရထားတော့
မခဲယဉ်းလှဘူးလေ"

"ဟာ ... မဖြစ်ပါဘူး အန်ကယ်၊ ကျွန်တော် ကိုယ့်နိုင်ငံ
လွဲပြီး တခြားနိုင်ငံမှာ နေလို့ရမှာ မဟုတ်ဘူး၊ ယဉ်ကျေး
လည်းမတူ၊ ဓလေ့စရိုက်ချင်းလည်းမတူ၊ ပေါင်းသင်း
ဆက်ဆံရေးလည်း မတူတဲ့ ပတ်ဝန်းကျင်မှာ ကျွန်တော်
နေတတ်မှာ မဟုတ်ဘူး အန်ကယ်၊ နောက်တစ်ချက်
ဖေဖေနဲ့မေမေ ကျန်ခဲ့တဲ့ အိမ်တွေပစ္စည်းတွေ ထားခဲ့
လည်း ဘယ်သွားလို့ ဖြစ်မလဲ"

"အေး ... ဒါလည်း ဟုတ်တာပဲ၊ ဒါဆိုလည်းကွာ သဘော
လိုက်ပါလား၊ သင်္ဘောမှာ အင်ဂျင်နီယာ အဆင့်တ
နှစ်၊ သုံးထဲက တစ်ဆင့်ဆင့်ရအောင် အန်ကယ်လုပ်
မယ်၊ ဒါဆို မောင်ရန်မျိုးနောင် ဒေသန္တရဗဟုသုတလို
တာရယ်၊ စွန့်စွန့်စားစား လုပ်ချင်တဲ့ ဝါသနာရယ် ကို
ညီသားပဲ"



"ဒေသန္တရဗဟုသုတ ရှာချင်တာက ကိုယ့်ပြည်တွင်းက
ပြည်နယ်တွေ၊ တိုင်းတွေ၊ အစွန်အဖျား ဒေသတွေပါ
အန်ကယ်၊ စာရေးတဲ့နေရာမှာ ကိုယ့်ပြည်တွင်းအကြောင်းပဲ
ရေးရတာ၊ ပြည်ပအကြောင်း လျှောက်ရေးလို့ ရနိုင်တာမှ
မဟုတ်တာ၊ နိုင်ငံခြားသင်္ဘောလည်း ကျွန်တော် မလိုက်
ချင်ဘူး အန်ကယ်၊ စေတနာနဲ့ လုပ်ပေးချင်တဲ့ အန်ကယ်
ရဲ့စေတနာကိုတော့ လေးစားပါတယ်"

တစ်ဖက်မှ အန်ကယ့်ဦးဘစိုင်း သက်ပြင်းချသံကို
သဲသဲသာသာကြီးပင် ရန်မျိုးနောင် ကြားရတော့သည်။

"အေးကွယ် ... ဟောဒီမှာ မင်းအန်တီက မင်းနဲ့ပြောချင်
လို့တဲ့"

တစ်ဖက်မှ အန်တီဒေါ်တင်ပိုင်းလက်သို့ တယ်လီဖုန်း
အားအပ်လိုက်ပေသည်။

"အဲ ... မောင်ရန်မျိုးနောင်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် နားထောင်နေပါကယ်"

"မင်းအန်ကယ် ပြောတာတွေ မင်း တစ်ခုမှ လက်မခံပါ
လား မောင်ရန်မျိုးနောင်"

"အဲဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး အန်တီ၊
ကျွန်တော်က ဝါသနာမပါတဲ့အလုပ်ကို မလုပ်ချင်လို့ပါ၊
အထူးသဖြင့် လခစားအလုပ်ကို ကျွန်တော် မလုပ်ချင်ပါ
ဘူး အန်တီ"

"မင်းဖေဖေနဲ့ မေမေသာ ရှိနေသေးတယ် ဆိုရင်တော့
သူတို့က မင်းကို ရာထူးရာခံ အလုပ်တစ်ခုခု လုပ်စေချင်
မှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အန်တီမှားနေပြီ၊ ဖေဖေနဲ့မေမေက ကျွန်တော်
ဆယ်တန်းအောင်တဲ့နှစ်ကပဲ ငါ့သား တက္ကသိုလ်ဘွဲ့ရရင်
အထိတော့ မင်းသင်ပါ၊ ဘွဲ့ရပြီးရင် ငါ့သားနှစ်သက်တဲ့
အလုပ်ကို လုပ်ပါလို့ ပြောခဲ့ဖူးပါတယ် အန်တီ"

"တယ်ခက်ပါလား မောင်ရန်မျိုးနောင်၊ မင်း စာရေးဆရာ
အလုပ်ကလွဲပြီး တခြားအလုပ် မလုပ်တတ်တော့ဘူးလား
ကွယ်"

"မလုပ်ချင်တာပါ အန်တီ၊ ကျွန်တော် စာရေးဆရာအလုပ်
ကိုပဲ ဝါသနာပါပြီး မြတ်နိုးလို့ပါ"

"ဒါဆို ပိုင်းနဲ့မင်းကိစ္စ ဘယ်လိုလုပ်မလဲ၊ လက်ထပ်ကြ
ကိစ္စလေ"

"ကျွန်တော် အဆင်သင့်ပါပဲ အန်တီ။ အန်တီတို့ကြိုက်တဲ့
အချိန်မှာ စီစဉ်ပါ"

"ခုပုံအတိုင်းဆိုရင်တော့ အန်တီတို့ ကြိုက်တဲ့အချိန်ဆိုတာ
ရောက်မလာနိုင်တော့ဘူး မောင်ရန်မျိုးနောင်"

"ဗျာ ... ဘာလို့ပါလိမ့်"

"မောင်ရန်မျိုးနောင် ခုန အန်ကယ်ပြောခဲ့တဲ့ အလုပ်တ
ခုခုကို မလုပ်ဘဲ စာရေးဆရာ လုပ်တော့မယ်ဆိုရင်တော့
ပိုင်းနဲ့ လက်ထပ်ပေးဖို့ အန်တီတို့ သဘောမတူနိုင်လို့
ကွယ်၊ သမီးပိုင်းရဲ့ဆန္ဒကလည်း အဲဒီအတိုင်းပဲကွယ်
အခု မင်းအန်ကယ်ကိုယ်တိုင် မင်းရဲ့သဘောထားကို မေ
တာဟာ နောက်ဆုံးပဲ မောင်ရန်မျိုးနောင်"

ရန်မျိုးနောင်သည် ဦးခေါင်းကို ဖြည်းလေးစွာယမ်း
လိုက်မိသည်။



ပိုင်းတို့မိသားစုသည် လစာငွေဖြင့် သတ်မှတ်သော
ရာထူးကိုမှ အထင်ကြီးပြီး နိုင်ငံခြားမှာလုပ်သော အလုပ်ကိုပင်
အန်ဖိုးထားကာ နိုင်ငံခြားကို အထင်ကြီးလှသော မိသားစုပါ
တကား။

"ဟုတ်ကဲ့ အန်တီ၊ ပိုင်းနဲ့ ကျွန်တော့်ကိစ္စကို အန်တီတို့
ဘက်ကပဲ ဖျက်တယ်ဆိုလည်း ပြီးရောပါ့ခင်ဗျာ၊ ဒါပေမဲ့
ကျွန်တော်ကတော့ အန်တီနဲ့ အန်ကယ်ကို ဦးလေးလို
အဒေါ်လိုနဲ့ ပိုင်းကို မောင်နှမလို ဆက်ပြီး ..."

တစ်ဖက်မှ ဂလောက်ခနဲ တယ်လီဖုန်းချသံ ကြား
လိုက်ရသဖြင့် ရန်မျိုးနောင်ခမျာ စကားပင် ဆုံးအောင်မပြောလိုက်
ရပေ။

ရန်မျိုးနောင်က ပြုံးပြီး တယ်လီဖုန်းကို ဖြည်းညင်း
စွာ ပြန်ချထားလိုက်တော့သည်။

လွတ်လပ်ပြီ ... လွတ်လပ်ပြီ ... တိုင်းပြည်လွတ်လပ်ပြီ ...
အောင်သပြေကို ဆွတ်ခါတည် ... ငါတို့ ကိုင်ဆောင်မည်။

ဟူသောသီချင်းလေးကို ရန်မျိုးနောင်က လေချွန်
ပြီး သူ၏လဲလျောင်းရာ ဒရင်းဘက်(ဒ်)ဆီသို့ ပြန်လျှောက်လာကာ
ခြေပစ်လက်ပစ် လဲလျောင်းလိုက်ပေတော့သည်။

ပိုင်းနှင့်ပတ်သက်ပြီး စိတ်လွတ်ကိုယ်လွတ် ရှိသွား
ခြင်း၊ ပေါ်ဦးအပြန်ကို စောင့်ရခြင်းတို့ကြောင့် အသင့်တွေ့
သော ဗီဒီယိုခွေကို စက်သွင်းပြီး ကြည့်လိုက်သည်။

ပေါ်ဦးသည် သူ့ဆရာသမားအတွက် ဗီဒီယိုတစ်ခွေ
အမြဲငှားထားပေးလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အခွေငှားဆိုင်ကို ပေါ်ဦး အဘယ်မျှ မီးသေသည်
မသိ၊ တစ်ခါတစ်ရံ ရန်မျိုးနောင်က မကြည့်ဖြစ်ဘဲ နှစ်ရက်သုံး
ရက် ကြာစေကာမူ ပြန်မအပ်ဘဲ သည်အတိုင်း ထားသည်။

ရန်မျိုးနောင် ကြည့်ပြီးသွား၍ ပြန်အပ်လျှင် နိုင်ငံခြားအခွေ(၂၄)နာရီ ငှားနှုန်း ၁၀/-ပင် ပေးရသည်။

ပေါ်ဦးသည် မိမိအပေါ် အလွန်ကျိုးနွံပြီ အသိုက်
အလွန်သိသည်။ မိမိကို အစ်ကိုရင်းလိုလည်း ခင်တွယ်သည်။

ပေါ်ဦးတွင် ဖခင်ရင်းမရှိရှာ။ မိခင်ကလည်း နောက်
အိမ်ထောင်ပြုသဖြင့် ပထွေးနှင့် နေရသည်။

လွန်ခဲ့သည့် (၂)နှစ်ခန့်က လမ်းပေါ်တွင် ပထွေးက
ပေါ်ဦးကို မတ်တတ်တံမြက်စည်းရိုးဖြင့် မတရားရိုက်နှက်နေသည်
ကို ရန်မျိုးနောင် ကားနှင့်ဖြတ်သွားရင်း ကြုံရသည်။

ပထွေးက သူ့လမ်း သူ့ရပ်ကွက်တွင် လူမိုက်တစ်ဦး
ဟု ဆိုသည်။

အရက်မူးနေသော လမ်းလူမိုက်ပထွေးက မယားတ
သားအား ရိုက်နှက်နေသည်ကို ရပ်ကွက်မှ လူတွေပင် မဖျန်ရဲ

ရန်မျိုးနောင်က မျက်စိအောက်တွင် မတရားကြ
မြင်ရသည်မို့ မနေနိုင်ဘဲ ဝင်၍ဖျန်ဖြေသည်။

ပထွေးအရက်သမား လူမိုက်က ရန်မျိုးနောင်ကို
ဖျန်ရကောင်းလားဆိုပြီး သူ့လက်ထဲမှ တံမြက်စည်းရိုးဖြင့် ရိုက်
ရန် ကြိုးစားသည်။

သည်လောက်ဖြစ်လာမှတော့ ရန်မျိုးနောင်က တ
ချက်ကောင်း နှစ်ချက်ကောင်းပင် ပထွေးလူမိုက်ကို လက်သီးနှ
လက်ဝါးစောင်း ပေးလိုက်သည်။



ပထွေးလူမိုက် ငုတ်တုတ် ပက်လက် ဖြစ်သွားရှာ
သည်။

လူမိုက်တို့၏ဝသီအတိုင်း ကြောက်သူကို ဖြဲခြောက်
ပြီး သူ့ကို တကယ်တီးသူကျတော့ ငုတ်တုတ်ထိုင်ရှိခိုးဖို့ ဝန်မ
လေး။

ပေါ်ဦးက မျက်ရည်စက်လက်ဖြင့် ဆက်ပြီးမနေရဲ
တော့ပါဟု ဆိုသဖြင့် ရန်မျိုးနောင်က ရပ်ကွက်လူကြီးတွေရှေ့မှာ
ပင် မိမိ၏လိပ်စာကို အတိအကျပေးပြီး ပေါ်ဦးကို ခေါ်လာခဲ့
သည်။

ထိုသည်မှစ၍ ပေါ်ဦးသည် ရန်မျိုးနောင်၏ အာနေ
ဒါသိက တပည့်ကောင်းတစ်ဦး ဖြစ်လာခဲ့သည်။

ပေါ်ဦးသည် ရှစ်တန်း(၂)နှစ်ကျ ကျောင်းထွက်ထား
သူဖြစ်သည်။

ရန်မျိုးနောင်က ကျောင်းနေချင်လျှင် ဆက်ပြီး ည
ကျောင်းတက်ဖို့ ပြောသော်လည်း ပေါ်ဦးက ကျောင်းပျင်းသူ
ကျောင်းမနေချင်သူ ဖြစ်သည်။

စာမသင်ချင်သော်လည်း မိခင်နှင့် ပထွေးနှင့် နေခဲ့
ရသူမို့ အိမ်လုပ်ငန်း၊ ထမင်းဟင်းချက်လုပ်ငန်း ပေါ်ဦး ကောင်း
စွာကျွမ်းကျင်သည်။

သို့ဖြစ်၍ပင် ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံ
ကျိုးတို့ အံကိုက်သွားသည်။

ရန်မျိုးနောင်ကလည်း ထမင်းစားချိန်ကျလျှင် ဆိုင်
ထွက်စားရသူဖြစ်သည်။ သူ၏အဝတ်ဟောင်းများကို ပေါ်မင်းပေး
သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦးရောက်လာမှ အိမ်ထမင်းဟင်းကောင်း စားရသည်။ အဝတ်ဟောင်း မရှိတော့။ မီးပူဆိုလည်း ပေါ်ဦးက ကော့နေအောင် တိုက်တတ်သည်။ အိမ်သန့်ရှင်းရေး ဆိုလည်း ပေါ်ဦးက ပင့်ကူတစ်မျှင် ဖုန်တစ်မှုန့်မရှိအောင် သန့်ရှင်းပေးသည်။

ကြာတော့လည်း ဆရာတပည့် ဆိုစကားမှ သံယောဇဉ် အပြန်အလှန် ထားမိတော့သည်။

ရန်မျိုးနောင်သည် အခွေကိုထိုးပြီး ပထမတော့အချိန်ဖြုန်း အပျင်းပြေဟု ကြည့်ရာမှ အခွေ၏ဇာတ်လမ်းလေးကို စိတ်ဝင်စားလာသည်။ အမေရိကန်ဇာတ်လမ်းအခွေ ဖြစ်ပါ၏။

ဇာတ်လမ်းလေးမှာ ...

(၁၈)နှစ်ရွယ် ကောင်မလေးသည် မိဘမဲ့ခိုကိုးရာမရှိသဖြင့် မယ်သီလရှင်ကျောင်းတွင် ခိုကပ်နေရသည်။

သည်ကောင်မလေးကို သီလရှင်ကျောင်းသို့ အလှူဒါနလာပြုသော အသက်(၃၅)နှစ်ရွယ် လူပျိုကြီးတစ်ဦးက တွေ့မြင်သွားသည်။ လူပျိုကြီးက သန်းကြွယ်သူဌေးဖြစ်သည်။

(၁၈)နှစ်ရွယ် ကောင်မလေးက ရုပ်ချောသည်။ ဆယ်ကျော်သက်အရွယ်၏ အပြုအမူ လှုပ်ရှားပုံလေးတွေက ချစ်စရာကောင်းသည်။

ရန်မျိုးနောင်သည် ဇာတ်လမ်းထဲမှ သရုပ်ဆောင် ကောင်မလေးကိုကြည့်ရင်း နွေပွင့်ကို မျက်စိထဲ အလိုလို မြင်ယောင်လာမိသည်။

ရုပ်ချော ရုပ်လှပုံရော၊ ဆယ်ကျော်သက် အပြုအမူ အလှုပ်အရှားလေးတွေရော၊ ဆင်းရဲနွမ်းပါးပုံရော နွေပွင့်နှင့် ဇာတ်လမ်းထဲမှ ကောင်မလေး့ တော်တော်တူသည်။



သည်နောက်တော့ သန်းကြွယ်သူဌေး လူပျိုကြီးက သီလရှင်အကြီးအကဲထံတွင် သည်ကောင်မလေးအား အမွေစား အမွေခံအဖြစ် မွေးရန်တောင်းခံသည်။ သီလရှင်ကြီးက သဘောတူသည်။

ကောင်မလေးသည် သူဌေးလူပျိုကြီး မွေးစားသည် ကစပြီး သူဌေးသမီး ဖြစ်လာသည်။

သူဌေးအသိုက်အဝန်းတွင် ကျင်လည်ရတော့သည်။ ရုပ်ကိုက ရုပ်ချောပြီး ချစ်စရာကောင်းသည့် ကောင်မလေးမှာ အဝတ်အစား အဆောင်အယောင် သူဌေးလူပျိုကြီး၏ အရှိန်အဝါတို့ဖြင့် လူ့ချမ်းသာလောကတွင် ထင်ရှားလှသည်။ ချစ်သူဝိုင်းဝိုင်းလည်တော့သည်။

သူမလေးအား လူ့ချမ်းသာမိဘ၏သားတွေ အမျိုးမျိုး ချဉ်းကပ်ကြသည်။

သည်နေရာတွင် သူဌေးလူပျိုကြီး သရုပ်ဆောင် ကောင်းလှသည်။ ကောင်မလေးကို သူ ချစ်သည်။

သို့သော် သမီးအဖြစ် မွေးထားသဖြင့် သူ၏သိက္ခာကို စောင့်စည်းထိန်းသိမ်းရသည်မှာ ကြည့်ရသူ စိတ်မောဖွယ်ရာ သရုပ်ဆောင်နိုင်သည်။

ကောင်မလေးကလည်း မွေးစားဖခင် သူဌေးလူပျိုကြီး၏ မိမိအား အလိုလိုက်မှု၊ ကြင်နာမှု၊ ချစ်ခင်မှုတွေကြောင့် ရင်ထဲမှာကျိတ်ပြီး လူပျိုကြီးကို ချစ်နေသည်။

လူပျိုကြီးက သိက္ခာစောင့်ထိန်းပြီး သူမအပေါ် တွင် ချစ်ရေးမဆိုသည်ကို ကောင်မလေး ရင်ထဲတွင် မခံချိမခံသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တမင်ရွဲ့ပြီး ရွယ်တူတန်းတူ ကောင်လေးတစ်ဦးနှင့် ချစ်ခင်သယောင် တွဲပြသည်။

လူပျိုကြီး ကျိတ်၍ ခံစားရပါ၏။

နောက်ဆုံး နှစ်ဦးနှစ်ယောက်စလုံး ကြိတ်မှိတ်ခံစားနိုင်စွမ်း မရှိတော့ဘဲ ပေါက်ကွဲကာ ချစ်ကြိုက်သွားကြသည် ဇာတ်သိမ်းဖြစ်ပါ၏။

ဇာတ်လမ်းပြီးသွားသောအခါ ရန်မျိုးနောင် သက်ပြင်းအကြီးကြီး ချမိသည်။

နွေပွင့်ကိုပဲ မျက်စိထဲ မြင်ယောင်နေမိသဖြင့် အိပ်မငိုက်ဘဲ မျက်စိကြောင်နေစဉ်မှာပင် ပေါ်ဦး ပြန်ရောက်လာသည်။

ကူရှင်တွေ ချုပ်ပြီးခဲ့သည်။

ငွေတစ်ထောင် ပြန်အပ်သည်။ ကူရှင်ချုပ်သည်မှာ နှစ်ထောင်သာ ကုန်ကျသည်။

ရန်မျိုးနောင် အိပ်ရာဝင်တော့သည်။

အိပ်ပျော်သွားသောအခါ ရေပြင်ကျယ်ကြီးတွင် နွေပွင့်နှင့်အတူ နှစ်ယောက်တည်း လှေလေးတစ်စင်းဖြင့် အဆုံးအစမရှိ လှော်ခတ်သွားလာကြရသည်ဟု အိပ်မက်လေးမက်သည်။

လှေလေးပေါ်တွင် နွေပွင့်နှင့် မိမိတို့ ချစ်ကြသည်။

အိပ်မက်သည် ချိုမြိန်လှပါတော့၏။

❋ ❖ ❋



## (ရှစ်)

သားအမိနှစ်ယောက် မျက်နှာငယ်လေးတွေနှင့် ထိုင်နေကြသည်။ သူမတို့၏ဘေးတွင် လက်ဆွဲအိတ်နှစ်လုံး၊ ပလတ်စတစ်ခြင်းတစ်ခု ချထားသည်။

"အစ်ကို"

ရန်မျိုးနောင်က နံနက်ရှစ်နာရီလောက်တွင် ရောက်သွားသည်။

ရန်မျိုးနောင်ကို တွေ့သည်နှင့် နွေပွင့်သည် အပြေးကလေး ထလာကာ "အစ်ကို"ဟု ခေါ်သည်။ ရန်မျိုးနောင်၏ လက်မောင်းတစ်ဖက်ကို သူမ၏လက်ကလေးနှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး ကလေးငယ်တစ်ယောက် ငိုသလို ငိုချလိုက်သည်။

မိခင်ပျောက်နေသော သားငယ်သည် ဖြုန်းခနဲ မိခင်ကို ပြန်တွေ့သည်နှင့် ဝမ်းနည်းပက်လက် ငိုချလိုက်သည့်ပုံစံပင်။

"ဟ ... ဘာလို့ငိုတာလဲ နွေပွင့်၊ တကတဲ ကလေးကျနေတာပဲ"

"ညက နွေပွင့်တို့အိမ်ကို သူခိုးဖောက်သွားတယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ဟိုမှာ ကြည့်ပါလား အစ်ကို"

ဘေးဘက်ရှိ သစ်သားပြတင်းပေါက်ကို လေးလက်မ ခန့် စတုဂံ ဖောက်ထားသည်ကို တွေ့ရသည်။ သူခိုးလက်ချောင်းများဝင်သာရုံ လက်သွင်းပြီး ပြတင်းပေါက် မင်းတုပ်တွေကို ဖြုတ်မည်။ ပြတင်းပေါက်မှကျော်ပြီး အိမ်ထဲသို့ဝင်မည် ဖြစ်ပုံရ သည်။ အိမ်လေးက တစ်ထပ်အိမ်နိမ့်လေးမို့ ယင်းပြတင်းပေါက် ကို အပြင်မှ မတ်တတ်ရပ်၍ ဖောက်နိုင်သည်။

"ရပ်ကွက်က မီးကင်းသမား ဦးသာလှိုင်ကြီးက တွေ့တာ အစ်ကို၊ အိမ်ဖောက်နေတာ နှစ်ယောက်တဲ့၊ ဦးသာလှိုင် ကြီးက တွေ့တာနဲ့ သူခိုး သူခိုး အော်တော့ အရပ်ထဲက လူတွေ ထွက်လာလို့ သူခိုးနှစ်ယောက် ထွက်ပြေးကြတယ်"

"မမိလိုက်ဘူးပေါ့"

"ဟင့်အင်း၊ ဦးသာလှိုင်ကြီး အော်တာနဲ့ သူခိုးနှစ်ယောက် က လမ်းထိပ်ကို ထွက်ပြေးပြီး လမ်းထိပ်မှာ အသင့်ရပ် ထားတဲ့ မှန်ကားအနီလေးပေါ်တက်ပြီး မောင်းထွက်ပြေး ကြတယ်တဲ့"

"တစ်ယောက်လောက် မိလိုက်ရင် အကောင်းသား နွေပွင့်"

"ဘယ်မိနိုင်မလဲ အစ်ကို၊ လူတွေက ဦးသာလှိုင်ကြီးအော် မှ အိပ်ရာက နိုးကြတယ်၊ အိမ်တံခါးတွေ ဖွင့်ရတယ်ဆို တော့ သူခိုးတွေ ထွက်ပြေးဖို့ အချိန်ရတာပေါ့၊ နောက်ပြီး ကားက အသင့်စက်နှိုးထားတာတဲ့"

"မှန်ကားအနီ ဟုတ်လား"



"မြင်လိုက်တဲ့လူတွေက အဲဒီလို ပြောကြတာပဲ အစ်ကို"

"ကားနံပါတ်ကော မှတ်မထားလိုက်ကြဘူးလား"

"မီးပိတ်မောင်းသွားတာမို့ ကားနံပါတ်ကို ဘယ်သူမှသဲသဲ ကွဲကွဲ မမြင်ကြဘူးတဲ့"

ရန်မျိုးနောင် ဆက်စပ်တွေးကြည့်သည်။

တက္ကသိုလ်ရိပ်သာလမ်း သီဂီရွှေစင်တို့အိမ်သို့ လာ သော လူဆိုးသုံးယောက်သည် မာဇဒါဆီဒင် ဆလွန်းကားအနီ ဖြင့် လာခဲ့ကြသည်။ ထိုကားနံပါတ်ကို ရန်မျိုးနောင် ကောင်း ကောင်း မှတ်မိသည်။

နွေပွင့်တို့ရပ်ကွက်နေ သာမန်လူတွေသည် ဆလွန်း ကားဆိုလျှင် အလွယ်တကူ မှန်ကားဟု ခေါ်လေ့ရှိသည်။

အကယ်၍ ညက သူခိုးကားသည် သီဂီရွှေစင်တို့၏ အိမ်သို့ လာသွားသောကားသာ ဖြစ်ခဲ့လျှင် ထိုကားအနီသည် လင့်ရှိဗာကားတုန်းကကဲ့သို့ အလစ်သုတ်လာသောကား မဖြစ်နိုင်။

အလစ်သုတ်ကားဆိုလျှင် ဤမျှအချိန်ကြာအောင် လူဆိုးများ ယူထားရဲမည်မဟုတ် အခိုးခံရသော ပိုင်ရှင်က ရဲအဖွဲ့ သို့တိုင်သည်နှင့် နေရာအသီးသီးမှ လမ်းပေါ်တာဝန်ကျရဲများ သည် ထိုကားကို ဂရုတစိုက် သတိထားကြည့်ကြမည်။

အဲ ... နံပါတ်ပြားကို အခြားနံပါတ်နှင့် ပြောင်း ထားလျှင်မူ သံသရာရှည်ပေမည်။

သို့သော် ယခု နွေပွင့် ပြောပုံအရဆိုလျှင် ကားနီ ပေါ်တွင် စက်နှိုးပြီး အသင့်စောင့်နေသူက တစ်ယောက်၊ နွေပွင့် တို့အိမ်ကို ဖောက်ထွင်းသူက နှစ်ယောက်၊ စုစုပေါင်း သုံးယောက်။

www.burmeseclassic.com



မြွေဟောက်အဖွဲ့သည် အစဉ်တစိုက် အလုပ်တစ်ခုကို သုံးယောက်ချည်း လုပ်ခဲ့သည်ကို တွက်ကြည့်လျှင် ညက သူခိုးအဖွဲ့သည် မြွေဟောက်အဖွဲ့ ဖြစ်နိုင်သည်။ ထောင်ကျ ကိုသက်ညွန့်၏အိမ်။ ကိုတင်မောင်ကြည် အများဆုံး ဝင်ထွက်ခဲ့သည့်အိမ်မှ ယခုတစ်ခါထပ်ပြီး မကျေမနပ် သူတို့လိုချင်သော သွေးညီနောင်ပစ္စည်းကို ရှာဖို့ကြိုးစားခြင်းဖြစ်မည်။

အိမ်ထဲဝင်မိလျှင် ဤသားအမိလောက်တော့ အေးအေးလေး အနုကြမ်းစီးထားနိုင်သည်။ နေ့ပိုင်းဆိုလျှင် အိမ်ချင်းကပ်နေသော ရပ်ကွက်မှ သူတို့ထင်သလို ကြမ်းရဲမည်မဟုတ်သဖြင့် ညဘက်လှည့်ဝင်သည်လည်း ဖြစ်နိုင်သည်။

မျက်စိကောင်းကောင်း မမြင်ရှာသော နွေပွင့်၏မိခင်သည် ရှိုက်ခြင်း၊ အသံထွက်ခြင်းမရှိဘဲ မျက်ရည်တွေ ကျနေရှာသည်ကို ရန်မျိုးနောင်ကြည့်ပြီး ရင်ထဲတွင် နင့်ခနဲ ခံစားရပါ၏။

"ကဲ ... လာ သွားကြစို့ နွေပွင့်"

နွေပွင့်၏မိခင်အား ရန်မျိုးနောင်ကပင် တယုတယ လက်မောင်းကိုကိုင်ပြီး ထူမလိုက်သည်။

"ဘာမှအားမငယ်နဲ့ ဒေါ်ဒေါ်၊ ကျွန်တော် အတတ်နိုင်ဆုံး ကူညီမယ်၊ ဒေါ်ဒေါ် စိတ်အေးအေးသာနေ၊ ဘာဆိုဘာမှ မပူနဲ့"

"သမီး ... နွေပွင့်"

"မေမေ"

"အိမ်ကိုသော့ခတ်ပြီး ကိုသာလှိုင်လက်ထဲပဲ အပ်ထားခဲ့နော်၊ ကိုသာလှိုင်က စောင့်ရှောက်ပေးထားမယ်လို့ မေမေကို ပြောထားပြီးပြီ"



"ဟုတ်ကဲ့ပါ မေမေ"

"ဩော် ... ဘုရားစင်ပေါ်က မေမေရဲ့ဘုရားကိုယ်တော်ကော သမီး ပင့်ခဲ့ရဲ့လားဟင်"

"ပင့်ခဲ့မယ် မေမေ၊ ဆွဲအိတ်နဲ့ ပလတ်စတစ်ခြင်းထဲ ထည့်ပြီးပင့်ရင် မသင့်တော်လို့ နွေပွင့် ရင်ခွင်ပိုက်ပြီး ပင့်မလို့ မေမေ"

"အေး ... သာဓုကွယ် ... သာဓု ... သာဓု"

ရန်မျိုးနောင်ကပင် ဆွဲအိတ်နှစ်လုံးကို တစ်ဖက်စီ ဆွဲလိုက်သည်။

"အယ် ... အစ်ကို မဆွဲနဲ့လေ၊ နွေပွင့် ငရဲကြီးတော့မယ်"

"နွေပွင့်ကို ငရဲက ဘာလို့ ကြီးမှာလဲ"

"ဆွဲအိတ်ထဲမှာ ထဘီတွေပါလို့ပါ အစ်ကို"

"ဘာဖြစ်လဲ ပါတော့ကော၊ ထဘီဆိုတာ အမျိုးသမီးက ဝတ်ရင် ထဘီပေါ့၊ အဲဒီအစကိုပဲ အခန်းဆီးလုပ်ရင် ခန်းဆီးပေါ့၊ ယောက်ျားတွေ ခေါင်းပေါင်းရင် ခေါင်းပေါင်းတောင် ဖြစ်သေးတယ်၊ ဒါတွေ အလကား၊ တို့ အယူမသည်းဘူး"

"အစ်ကိုကတော့ တကယ့်ဖွတ်ပဲနော်"

"ကဲ ... နွေပွင့် ပင့်စရာ ဘုရားကိုပင့်၊ ဒေါ်ဒေါ်ရင်ခွင်ထဲ ဘုရားကိုထည့်၊ နွေပွင့်က ပလတ်စတစ်ခြင်းဆွဲပြီး ဒေါ်ဒေါ်ကိုတွဲခဲ့၊ သွားကြစို့"

နွေပွင့် ဘုရားစင်မှ ပလ္လင်ပေါ်တွင် တင်ပျဉ်ခွေ သီတင်းသုံးနေသော ရုပ်ပွားတော် ရုပ်တုကို ရိုရိုသေသေ လက်အုပ်ချီ ရှိခိုးပြီးမှ ပင့်ဆောင်သည်။ မိခင်၏လက်သို့ ဘုရားရုပ်တုကို ပေးအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကို တွဲခေါ်ပြီး အပေါက်ဝတွင် ဆေးပေါ့လိပ်ဖွာရင်း ထိုင်စောင့်နေသော ဦးသာလှိုင်ကြီးလက်သို့ သော့အပ်လိုက်သည်။

"ဦးသာလှိုင်ကြီး စိတ်ချသွားမယ်နော်"

"စိတ်ချ၊ နှင့်အိမ်မှာ ခိုးစရာပစ္စည်း ဘာအဖိုးတန်မှမရှိဘူး ညက သူခိုးဟာ အိမ်နံပါတ်မှားပြီး နှင့်အိမ်ကိုခိုးဖို့ ကြံတာပဲ ဖြစ်မယ်"

ပြောရင်း ဦးသာလှိုင်ကြီးက ရယ်သေးသည်။

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ကိုယ့်အိမ်ဆိုတော့ စိတ်ချရအောင် မှာရသေးတာပေါ့ ဦးသာလှိုင်ကြီးရဲ့"

"အေးပါ ... အေးပါ၊ စိတ်ချပါ၊ နင်တို့သားအမိသားသူတော်ကောင်းနဲ့ တွေ့ပါစေလို့ ငါက ဆုတောင်းပေးမှာပါ"

ရန်မျိုးနောင်ကိုကြည့်ပြီး ဦးသာလှိုင်က ပြောလိုက်ခြင်းဖြစ်ပေသည်။ ဦးသာလှိုင်၏စကားမှာ အနှောင့်အသွား မလွတ်သောစကားပင် ဖြစ်ပါ၏။

ဒါလည်း ဦးသာလှိုင်ကို အဆိုးမဆိုသင့်ပေ။

ခေတ်အဆက်ဆက်ဝယ် ငွေရှင်ကြေးရှင်တချို့သည် နွေပွင့်တို့လို ရုပ်ချော ရုပ်လှ နွမ်းပါးသော မိန်းမပျိုလေးတွေအား ရွှေငွေပစ္စည်းဥစ္စာဖြင့် ဖြားယောင်းကာ ခြေတော်တင်မိခဲ့သည်များက ရှိခဲ့သည် မဟုတ်လား။

ရန်မျိုးနောင်သည် ထိုင်နေသော ဦးသာလှိုင်ကြီးရှေ့တည့်တည့်တွင် ဆွဲအိတ်နှစ်ခု တစ်ဖက်စီဆွဲရင်း မားမားကြီးရပ်လိုက်သည်။



"နွေပွင့်ခေါ်သလိုပဲ ကျုပ် ခေါ်လိုက်မယ်"

"ဒီမယ် ဦးသာလှိုင်ကြီး"

"ဝေး"

ဦးသာလှိုင်ကြီးသည် ရန်မျိုးနောင်ကို မော့်ကြည့်ရင်း ရန်မျိုးနောင်က ဦးသာလှိုင်ကြီးဟု ခေါ်လိုက်သည်ကိုယောင်တောင်ပေါင်တောင် သံယောင်လိုက်ပြီး "ဝေး"ဟုပင် ပြန်ထူးမိသည်။

"မြန်မာစကားပုံတွေ ရှိတယ်ဗျ၊ မြွေမှန်ရင် တွင်းဝင်ဖြောင့်ရမယ်တဲ့၊ လမ်းဆုံးရင် ရွာတွေ့မယ်တဲ့၊ ရွှေအကြောင်း ဖယောင်းမှသိ၊ လူအကြောင်း ပေါင်းမှသိတဲ့၊ လူချင်းတူပေမယ့် အသက်ရှူချင်း ကွာသတဲ့၊ အဲဒီစကားပုံတွေ ဦးသာလှိုင်ကြီး ကြားဖူးတယ် မဟုတ်လား"

"သိပ်ကြားဖူးတာပေါ့ကွာ"

"ဒီမယ် စိတ်ချ၊ နွေပွင့်ကို ကျုပ် မတရားသဖြင့် လက်ဖျားနဲ့တောင် မတို့ဘူး၊ စေတနာမေတ္တာနဲ့ ကူညီတာသက်သက် သိလား"

"သိဘူးလေကွာ၊ နွေပွင့်တို့သားအမိ ဒီမှာနေရင်းက ဘာအကြောင်းမှ မရှိဘဲ မောင်ရင်ခေါ်ရာ လိုက်သွားတော့..."

"အို ... နွေပွင့်တို့က အကြောင်းမရှိဘဲ အစ်ကိုခေါ်ရာလိုက်မတဲ့လား၊ အကြောင်းရှိလို့ပေါ့ ဦးသာလှိုင်ကြီးရဲ့"

နွေပွင့်ကပါ ဝင်၍ ပြောလိုက်သည်။

"စောင့်ကြည့်လေဗျာ၊ ခုန ကျွန်တော် ရွတ်ပြတဲ့စကားပုံတွေလိုပဲ နောက်ဆုံးကျရင် အဖြေပေါ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"သာဓုပါ မောင်ရာ သာဓုလို့ နှစ်ခွန်း ခေါ်ထားလိုက် မယ်၊ နောက်ဆုံးတစ်ခွန်းကတော့ ခေါ်ချိန်တန်တဲ့အခါ ထပ်ခေါ်တော့မယ်လေကွာ"

ရန်မျိုးနောင် ပြုံးလိုက်သည်။

တော်တော်လာတဲ့ ဦးသာလှိုင်ကြီး။

သားအမိတွဲခေါ်ရင်း ရင်ခွင်တွင် ဘုရားပင့်လာခြင်း ဖြင့် ကားဆီသို့ ရောက်လာသည်။

သားအမိနှစ်ယောက်ကို နောက်ခန်းတံခါးကို ဖွင့် ထိုင်စေပြီး ရန်မျိုးနောင် မောင်းထွက်လာခဲ့သည်။

ရန်မျိုးနောင် ကားစထွက်လာကတည်းက ချီတုံချ စဉ်းစားရင်း ကမာရွတ်မီးပွိုင့် ရောက်လာသည်။ မီးနီနေသည် လှမ်းတွေ့ရသည်။

လက်ဝဲဘက် ချိုးကွေ့သော် ပဲခူးသို့ သွားရာလမ်း

လက်ယာဘက် ချိုးကွေ့သော် မိမိအိမ်ရာရှိ စမ်းချောင်း မဟာမြိုင်လမ်း။

တစ်မဟုတ်ချင်း ဆုံးဖြတ်ချက်ဖြင့် ရန်မျိုးနောင် သည် လက်ယာလမ်းကို ယူလိုက်သည်။

ရန်မျိုးနောင် အိမ်ဘက်သို့မောင်းရန် ဆုံးဖြတ်လိုက် ခြင်းဖြစ်ပါ၏။ မှန်ကား သို့မဟုတ် ဆီဒင်ဆလွန်းကားနီ ကိစ္စ ဖုန်းဆက်ပြီး ရဲအရာရှိ ဦးလတ်ခွေထံ ချက်ချင်းပြောချင်သော ကြောင့် ဖြစ်ပါ၏။

"လာ ... နွေပွင့်ရော ဒေါ်ဒေါ်ရော အောက်ခဏဆင်းဦး ဒါ ကျွန်တော့်အိမ်ပဲ၊ ကျွန်တော် တယ်လီဖုန်းပြောစရာ လို့"



"မဆင်းတော့ဘူး အစ်ကို၊ ကားထဲကပဲ စောင့်မယ်နော်၊ မေမေ့ကို တွဲချတွဲခေါ်နဲ့ မေမေ ပင်ပန်းမှာစိုးလို့"

"ဒါဆို ကားထဲမှာစောင့်၊ ခဏလေးနော်"

ရန်မျိုးနောင် အိမ်ပေါ်ပြန်တက်သွားပေသည်။

နွေပွင့်သည် ခြံကျယ်ကြီး ပတ်ပတ်လည်ကို လျှောက်ကြည့်သည်။ ဂိုဒေါင်တန်းလျားမှာ အောက်တွင် ကားနှစ်စီးထားနိုင်အောင် ရှည်လျားသည်။ ယင်းအရှည်အလျားအတိုင်း အပေါ်ထပ် တင်ထားသည်။ ဆေးလှေကားနှင့် ဝရန်တာနှင့် သပ်သပ်ရပ်ရပ် ဖြစ်သည်။ ကားများထားရာ အောက်ခန်းမှာ အုတ်ဖြစ်ပြီး အပေါ်တန်းလျားမှာ သစ်သားနှင့် သွပ်မိုးဖြစ်ပါ၏။

"မေမေ"

"ဘာလဲ သမီး"

"ဟိုက အစ်ကိုဝင်သွားတဲ့ တစ်ထပ်တိုက်ကို တွေ့လား"

"မှုန်ဝါးဝါး တွေ့တယ် နွေပွင့်"

"ဟို ... ခြံဘေးကပ်လျက်က ကားဂိုဒေါင်ကိုကော ကြည့်စမ်း မေမေ"

"အင်း ... ဒါလည်း မှုန်ဝါးဝါးပဲ၊ ဘာလို့ အဲဒါတွေ မေမေ့ကို ကြည့်ခိုင်းတာလဲ သမီး"

"နွေပွင့် ပဲခူးမှာ သွားမနေချင်ဘူး မေမေ၊ အစ်ကို့တိုက်ပေါ်မှာ နေရင်လည်း အစ်ကို့ကိုရော နွေပွင့်ကိုပါ မဟုတ်ကဟုတ်က အမနာပတွေ ပြောကြမယ်၊ ဒီတော့ အစ်ကို့ ကားဂိုဒေါင်အပေါ်ထပ်မှာ နေပါရစေလို့ အစ်ကို့ကိုပြောမယ်၊ ဒါဆို လှည်းတန်းက အိမ်လေးကိုလည်း ခဏခဏ သွားကြည့်နိုင်မယ်၊ တကယ်လို့ အစ်ကိုက နွေပွင့်ပေးရင်

www.burmeseclassic.com



မေမေ နေနိုင်မလားဟင်၊ ကားဂိုဒေါင် အပေါ်ထပ်လေး
နွေပွင့်တို့ အိမ်ထက်တောင် အများကြီး ပိုပြီးသားနားေ
တယ်"

"နေပါတယ် သမီးရယ်၊ မေမေ့အဖို့ သမီးနဲ့အတူတူနေ
ဘယ်နေရာဖြစ်ဖြစ် နေလို့ရပါတယ်"

"ဪ ... သူများဂိုဒေါင်တန်းလျားမှာ နေရလို့ အော
ကျတယ်ထင်ပြီး မေမေ စိတ်ဆင်းရဲမှာစိုးလို့"

"ရပါတယ် သမီးရယ်၊ ဘဝဆိုတာ နိမ့်တုံမြင့်တုံ
ဒီမှာက မေမေတို့အိမ်ထက်တော့ သာတာပဲဟာ၊ အ
အာဝါသနဲ့ အေးအေးချမ်းချမ်း မေမေ တရားမှတ်
တောင် ပိုကောင်းသေး"

ရန်မျိုးနောင် ပြန်ရောက်လာသည်။

ကားပေါ်ပြန်တက် စက်နှိုးရန် ပြင်စဉ်မှာပင် နွေ
က ရှေ့ကူရှင်ပေါ် မေးတင်ပြီး ခေါ်လိုက်သည်။

"အစ်ကို စက်မနှိုးပါနဲ့ဦး၊ နွေပွင့် ပြောစရာရှိလို့"

"ပြော ... နွေပွင့် ဘာပြောချင်လို့လဲ"

"ဟို ... ဟိုမှာလေ၊ ဂိုဒေါင်တန်းလျား"

"အဲဒါ ဘာဖြစ်လဲ နွေပွင့်"

"အပေါ်ထပ်မှာ ဘယ်သူနေလဲဟင်"

"ဘယ်သူမှ မနေဘူး၊ ဖေဖေနဲ့ မေမေ ရှိတုန်းက အ
ဘာလင်မယား နေကြတယ်၊ အခု တို့က ဒရိုင်ဘာမထာ
ဘူး၊ ဘယ်သူမှ နေမယ့်သူ မရှိဘူး၊ ပေါ်ဦးကိုလည်း
နဲ့အတူ တိုက်ထဲမှာပဲ အိပ်ခန်းပေးနေစေတယ်၊ နေပါ
နွေပွင့်က အဲဒါတွေ ဘာလို့ မေးနေတာလဲ"



"နွေပွင့်တို့ သားအမိ အဲဒီတန်းလျားမှာ နေမယ် အစ်ကို၊ ပဲခူးမသွားချင်ဘူး"

"ဟာ ... မဟုတ်တာ"

"နွေပွင့် တကယ်ပြောနေတာပါ အစ်ကို၊ ဒီမှာဆိုတော့ အစ်ကိုနဲ့ နီးနီးနားနား နေရတော့ နွေပွင့် အားရှိတာပေါ့"

"ဒါဆိုလည်း တိုက်ပေါ်မှာပဲနေပေါ့ နွေပွင့်ရယ်၊ သားအမိ နှစ်ယောက် အိပ်ခန်းတစ်ခု အတူနေရင်လည်း ရတာပဲ၊ အိပ်ခန်းတွေက အကျယ်ကြီးတွေပါ၊ တစ်ယောက်အိပ်ခုတင်နှစ်လုံး ချပေးမယ်လေ၊ တို့အနေနဲ့ နွေပွင့်တို့သားအမိကို ဂိုဒေါင်တန်းလျားမှာ မထားရက်ဘူး"

"တိုက်ထဲမှာ အတူမနေသင့်လို့ပါ အစ်ကို၊ အမိုးတစ်ဆက်တည်းအောက်မှာ ညအိပ်ညနေ အတူနေတယ်ဆိုတော့ အစ်ကို့ဂုဏ်သိက္ခာ ထိခိုက်မှာ နွေပွင့် စိုးလို့ အပြင်ဂိုဒေါင်တန်းလျားမှာ နွေပွင့်တို့ သားအမိ နေတယ်ဆိုတော့ အထိုက်အလျောက် အကွဲရဲ့ လွတ်ပါတယ် အစ်ကို"

ရန်မျိုးနောင် တစ်ခဏ စဉ်းစားသည်။

"အင်းလေ ... တို့က နွေပွင့်နဲ့ ဒေါ်ဒေါ် ဂုဏ်ငယ်မှာစိုးလို့ပါ"

"ရပါတယ် မောင်ရန်မျိုးနောင်ရယ်၊ မောင်ရန်မျိုးနောင်ရဲ့ စေတနာ မေတ္တာကို ဒေါ်ဒေါ် သိပ်ကျေးဇူးတင် တန်ဖိုးထားပါတယ်၊ သာဓု ... သာဓု ... သာဓုပါကွယ်"

ရန်မျိုးနောင် ကားပေါ်မှ ပြန်ဆင်းလိုက်သည်။

"ပေါ်ဦးရေ၊ ဟေး ... ပေါ်ဦး"

"လာပြီ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦး အပြေးလေး ထွက်လာသည်။

"မင်း ငါ့ကားယူသွား၊ မြေနီကုန်းဈေးဘက် အလုပ်သမား သုံးယောက် ခေါ်လာခဲ့၊ နောက်ပြီး မင်းကိုယ်တိုင် ဦးစီးပြီး ဂိုဒေါင်တန်းလျား အပေါ်ထပ်ကို သန့်ရှင်းရေးလုပ်၊ ထို စတိုခန်းထဲမှာ ခုတင်အပိုတွေ မွေ့ရာအပိုတွေရှိတယ် မဟုတ်လား"

"ရှိတယ် ဆရာ"

"ခုတင်မွေ့ရာနဲ့ မှန်တင်ခုံကို အလုပ်သမားတွေနဲ့ ဂိုဒေါ တန်းလျားပေါ်ရွှေ့၊ စာကြည့်စားပွဲနဲ့ အိမ်မှာပိုတဲ့ ပရိဘော တွေရွှေ့ပြီး ကြည့်ကောင်းအောင်လုပ်ကွာ၊ ဟောဒီ ဒေါ်ဒေါ် နှင့် နွေပွင့်ကို အဲဒီမှာ ငါ ထားမလို့"

"ရတယ် ဆရာ၊ အားလုံး နှစ်နာရီတွင်း ပြီးအောင်လုပ် မယ်"

ပေါ်ဦးအား ကားပေးလိုက်ရမည်မို့ ...

"လာ ... နွေပွင့်၊ ဒေါ်ဒေါ်ရော တို့တိုက်ထဲမှာ အေးအေး ဆေးဆေး အနားယူပြီးစောင့်၊ ပေါ်ဦး အားလုံးလုပ်သွား လိမ့်မယ်၊ ပေါ်ဦးရေ ကားနောက်အိမ်ထဲက ဆွဲအိတ်တွေ နဲ့ ပလတ်စတစ်ခြင်း ချကွာ"

"ဟာ ... အစ်ကို နွေပွင့်ချပါ့မယ်"

"လာစမ်းပါ ... ဒေါ်ဒေါ်ကိုတွဲခဲ့"

နွေပွင့်မိခင်က ဘုရားရုပ်တုကို ရင်ခွင်ပိုက်ပြီး နွေပွင့်တွဲခေါ်ခဲ့သည်။

ဧည့်ခန်းတွင် ထိုင်ကြသည်။

"နွေပွင့်တို့ ဘာစားခဲ့ပြီးပြီလဲ"



"စောစောကြီးထပြီး ပဲပြုတ်နဲ့ ထမင်းကြော် စားခဲ့တယ် အစ်ကို"

"တစ်ခုခု ထပ်စားပါလား၊ မီးဖိုထဲမှာ အစုံရှိမယ် ထင်တယ်၊ ပေါ်ဦးက ဘာမဆို ဝယ်ထားတတ်တယ်၊ ဒီအချိန် ဆို ဒီကောင် ထမင်းတွေ ဘာတွေတောင် ချက်ပြီးရော မယ်၊ လာ... နွေပွင့်၊ ဒီအိမ်အကြောင်းသိအောင် တို့လိုက် ပြမယ်၊ နောက်ဆို နွေပွင့်နဲ့ ပေါ်ဦးပဲ ချက်ရပြုတ်ရမှာ၊ နေ့ပိုင်း နွေပွင့်ရော ဒေါ်ဒေါ်ရော ဒီမှာပဲ လာနေ၊ ညကျမှ ပြန်အိပ်၊ နေ့ပိုင်းဆို တို့က အပြင်အထွက်များတယ်။ လာ ... လာ၊ ထမင်းစားခန်း၊ ရေချိုးခန်းတွေ အားလုံး လိုက်ပြမယ်"

"မေမေ ခဏထိုင်ဦးနော်"

နွေပွင့်ကို ရန်မျိုးနောင်က ထမင်းစားခန်း အရင် ခေါ်သွားသည်။

ထမင်းစားပွဲမှာ အဝိုင်းဖြစ်ပြီး ဗဟိုတွင် ဆုံလည် ခုံနှင့် ဖြစ်သည်။ စိမ်းနုနု ဖော်မီကာ ကပ်ထားသည်။

ထမင်းစား ကုလားထိုင်လေးလုံး ဝိုင်းထားသည်။ အစိမ်းနုရောင် ကျောမှီနှင့် ဆိုဖာထပ် နီကယ်ကိုင်းဖြင့် ကုလား ထိုင်များ ဖြစ်သည်။

"ဟောဒီမှာ နွေပွင့် ကြိုက်တာယူစား၊ ကြိုက်တာယူ သောက်နော်၊ ဒေါ်ဒေါ်ကိုလည်း နေ့ခင်းနေ့လယ် ဖျော်ရည် ဖျော်တိုက်ချင်တိုက်၊ ဘိလပ်ရည်ပုလင်း ဖောက်ချင်ဖောက် တိုက်နော်"

www.burmeseclassic.com



ရေခဲသေတ္တာ ဖွင့်ပြပြီး အထဲတွင်ရှိသော ထောပတ်၊ ယိုမှအစ ဘိလပ်ရည်ပုလင်းများ၊ ဂျူးစ်ပုလင်းများကို ပြသပြော ဆိုခြင်း ဖြစ်သည်။

"လာ ... မီးဖိုချောင်ထဲ သွားကြည့်ရအောင်"

မီးဖိုမှာ လျှပ်စစ်မီးဖိုနှစ်လုံးတွဲ၊ ခါးအထိမြင့်သည်

မီးဖိုဆိုစေကာမူ အထဲတွင် အိပ်နိုင်လောက်အောင် သန့်ရှင်းဖြူစင်ပါ၏။ ကြောင်အိမ်ကို ဖွင့်ပြသည်။

အထဲတွင် နို့ဆီဘူးသစ်များ၊ ကော်ဖီမှုန့်၊ မိုင်လို ဟောလစ် အစုံရှိသည်။

ကြောင်အိမ်အပေါ်တွင် ခတ်ဘူးများ တင်ထား သည်။

"ဒေါ်ဒေါ်ကို အားရှိအောင် ဟောလစ်တို့ မိုင်လိုတို့ နွေပွင့်ကပဲ ဖျော်တိုက်နော်"

နွေပွင့်သည် မျက်လုံးလေး ကလယ် ကလယ်ဖြင့် ရန်မျိုးနောင်ကို ငေးကြည့်နေသည်။

မိမိတို့သားအမိအပေါ်တွင် အစ်ကို ထားရှိသော စေတနာသည် နွေပွင့် ရင်ထဲ၌ သိမ့်သိမ့်လေး ခါစေတော့သည်။

ပေါ်ဦး မော်တော်ကားနှင့် ပြန်လာသံ ကြားရသည်။

"ဟော ... ကားသံကြားတယ် အစ်ကို၊ ကိုပေါ်ဦး ပြ လာပြီ၊ နွေပွင့်တို့နေရမယ့် အခန်းကို နွေပွင့် သွားမကြည့် မကောင်းဘူး အစ်ကို"

ပြောပြောဆိုဆို နွေပွင့်သည် ပျာယီးပျာယာလေး လှည့်ပြီး အသွားတွင် ကြမ်းပေါ်ရှိ ပေါ်ဦး ချက်ပြုတ်ရန် ချထား သော ဒန်အိုးတစ်ခုကို ခလုတ်တိုက်မိတော့သည်။



"အို ... အမေ့"

နွေပွင့် လဲပြိုမလို ယိမ်းယိုင်သွားသည်နှင့် ရန်မျိုး အောင်သည် နောက်မှနေပြီး နွေပွင့် ကိုယ်လေးကို ဆွဲယူထိန်း လိုက်သည်။

နွေပွင့်တစ်ကိုယ်လုံး ရန်မျိုးနောင်၏ ရင်ခွင်ထဲ ရောက်သွားသည်။

အထိအတွေ့သည် နှစ်ဦးစလုံးအား ရင်ခုန်သွားစေ သည်။ ကြက်သီးမွေးညင်းလေးများ ထောင်ထလာအောင် ခံစားမှု တစ်ရပ်ကို နှစ်ဦးစလုံး ခံစားကြရသည်။

တဒင်္ဂအတွင်း နှစ်ဦးသား ဖက်တွယ်ထားမှုသည် မေ့လျော့လျော့လေးပင် ဖြစ်နေသည်။

သည်နောက်တော့ ...

"အို ... အစ်ကို"

ဟု မောဟိုက်သံလေးနှင့် နွေပွင့်ကပင် ရန်မျိုးနောင် ရင်ခွင်ထဲမှ ရုန်းထွက်သည်။

ရန်မျိုးနောင်ကလည်း နွေပွင့် ရုန်းထွက်လေမှ မေ့ လျော့လျော့မှ သတိပြန်ဝင်လာပြီး ချက်ချင်းလွှတ်ပေးလိုက် သည်။

"တို့ နွေပွင့် လဲကျသွားမှာစိုးလို့ လှမ်းဆွဲတာပါ နွေပွင့်၊ တကယ် ဘုရားစူးပါ၊ တို့ကို တလွဲမထင်နဲ့နော်"

"အိုး ... ဘာမှန်းလဲ မသိဘူး၊ အစ်ကို့ကို နွေပွင့် ဘာပြော တာမှတ်လို့"

ပြောပြောဆိုဆို ကောင်မလေးသည် ကမူးရှူးထိုး နှင့်ပင် အပြင်သို့ ပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့အဖို့ပေါဦး ခေါင်းဆောင်၍ပင် နွေပွင့်နှ
သူမမိခင်တို့အား ထိုက်ထိုက်တန်တန် နေရာအခင်းအကျင်းမျ
ပေးနိုင်ပါ၏။

ရန်မျိုးနောင်ကမူ သူတို့ သန့်ရှင်း လုပ်ကိုင်နေ
စဉ် တန်းလျားသို့ မသွားဖြစ်ပေ။

စိတ်က သိပ်ကိုသွားချင်ပါ၏။

သို့သော် … ရန်မျိုးနောင် ရင်ခုန်မပျောက်သေး

မီးဖိုထဲတွင် ကောင်မလေး နွေပွင့်အား မတော်တ
ပွေ့မိ ပိုက်မိစဉ်ကလည်း ရန်မျိုးနောင် ရင်တထိတ်ထိတ် ခုန်
သည်။

သည့်နောက် ထိုအကြောင်းကို ပြန်တွေးမိတိုင်
လည်း ရန်မျိုးနောင် ရင်ခုန်သည်ပဲ ဖြစ်သည်။

ရန်မျိုးနောင် မိန်းကလေးများနှင့် သိပ်စိမ်းသူလည်
မဟုတ်။

ရန်ကုန်စက်မှုတက္ကသိုလ်ဝယ် ခြောက်နှစ်ခွဲကျေ
ကျော် ခုနစ်နှစ်နီးပါး နေခဲ့သူဖြစ်သည်။ ရန်မျိုးနောင်၏ ရုပ်
ခန္ဓာကိုယ်ကိုက အမျိုးသမီးတွေ သဘောကျ နှစ်သက်ကြသည်
မိဘကလည်း အထိုက်အလျောက် ချမ်းသာသည်။

တက္ကသိုလ်များ၏ အားကစားနှင့် ကာယပညာမျ
တွင်လည်း ရန်မျိုးနောင် ထင်ပေါ်ခဲ့သူဖြစ်သည်။

သည်တော့လည်း တကယ့် ချောပေ့ လှပေ့ ဆိုသ
တက္ကသိုလ်ကျောင်းတော်သူများနှင့် တွဲခဲ့သည်မှာ အများကြီး
ကိုယ့်ကျောင်းသားအချင်းချင်း မနာလိုအောင် တွဲခဲ့သည်။



ထိုတွဲခဲ့သည်များထဲမှ စိတ်ကြိုက်ရွေးပြီး ချစ်ခွင့်ဆိုမည်၊ လက်ထပ်မည်ဆိုလျှင် အမျိုးသမီးကိုယ်တိုင်ကရော၊ သူမ၏မိဘများကရော ချက်ချင်းလိုက်လျောမည်လည်း ဖြစ်သည်။

ခက်သည်က ဘယ်အမျိုးသမီးလေးနှင့်တွဲတွဲ ရန်မျိုးနောင် ရင်မခုန်ခဲ့။

ပြီး … တစ်နေ့ တစ်ချိန်ကျလျှင် ဝိုင်းနှင့် လက်ထပ်ရမည်ဆိုသည့် အရိပ်မည်းကြီးကလည်း ရန်မျိုးနောင်ကို လွှမ်းမိုးထားခဲ့သည်။

ရန်မျိုးနောင်သည် မည်သည့်အမျိုးသမီးကိုမှ တွဲသည်ကလွဲပြီး နှုတ်၏ကျူးလွန်ခြင်း၊ ကိုယ်၏ကျူးလွန်ခြင်းမျိုး မရှိစဖူးခဲ့။

ဝိုင်းနှင့်လည်း မှောင်ထဲတွင် ရုပ်ရှင်အတူကြည့်တွဲထိုင်ခဲ့သည်မျိုးမှအစ ဟိုဟိုသည်သည် အတူသွား အတူလာများလည်း ရှိခဲ့သည်။

သူမ၏အိမ်မှာဖြစ်စေ၊ မိမိ၏အိမ်မှာဖြစ်စေ လွတ်လွတ်လပ်လပ် နှစ်ယောက်တည်း ကြုံဆုံသည်များလည်း ရှိသည်။

အတူသွား အတူလာတွေများတော့ ဝိုင်းနှင့်မတော်တဆ အသားချင်း ထိမိသည်။ လက်ချင်းတွဲမိသည်မျိုးတွေလည်း ရှိခဲ့ပါ၏။

သို့သော် ရန်မျိုးနောင်၏ နှလုံးသည် တစ်ချက်လေးတောင် မခုန်ပေ။

ရင်ခုန်ခြင်း ဆိုသည်မှာ နှလုံးသားသည် သမန်စက်ပိုပြီး လှုပ်ရှားလိုက်ခြင်းပင် မဟုတ်လား။

နွေပွင့်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကောင်မလေးနှင့်ကျတော့ ရန်မျိုးနောင် ရင်ခုန်သည်။

ရန်မျိုးနောင်၏နှလုံးသားသည် နွေပွင့်နှင့်ကျတော့ သာမန်ထက်ပိုပြီး ပြင်းပြင်းထန်ထန်လေး လှုပ်ရှားလိုက်ခြင်းသည် အဘယ်ကြောင့်နည်း။

ကဲ ... ဒါဆို နွေပွင့်ကို မိမိ ချစ်မိပြီလား။

ဒါကျတော့လည်း ပြောရခက်ပါသေး၏။

နွေပွင့်နှင့် တွေ့ဆုံသည်မှာ စနေ၊ တနင်္ဂနွေနှင့် ယနေ့ တနင်္လာ သုံးရက်ပင် တင်းတင်းမပြည့်တတ်သေး။

အချစ်ဆိုသည်မှာ ဤမျှတိုတောင်းသော ကာလအတွင်း ဖြစ်ပေါ်လာတတ်လေသလား။

ဒါဆိုလျှင် အချစ်ဆိုသည်မှာ မည်၍ မည်မျှ ကြာညောင်းသော ရက်တွေ၊ လတွေကျမှ ဖြစ်ပေါ်ရမည်ဟု သတ်မှတ်ချက်ကော ရှိလို့လား။

ကြားဖူးနားဝရှိသလောက် ဆိုပါမူ ရက်တိုတို အချိန်တိုတိုအတွင်း မချစ်ရဘူး၊ ရက်ရှည်ရှည် အချိန်ကြာမြင့်မှ ချစ်ရမည်ဟု သတ်မှတ်ချက် မရှိခဲ့။

တချို့များ မီးရထားပေါ်တွင် ခရီးအတူသွားရင်း ချစ်သွားကြသည်။ သင်္ဘောစီးရင်း ချစ်သွားကြသည်။

ရန်မျိုးနောင်မှာ အချစ်သဘောတရားကို အလေးအနက် ဆန်းစစ်နေမိသည်။

"ဆရာ"

"ဟိတ်"



ပေါ်ဦး မိမိအနားသို့ ရောက်လာသည်ကိုပင် မသိလိုက်ဘဲ အတွေးနက်နေစဉ် ပေါ်ဦးက ဆရာဟု ခေါ်လိုက်သံကို ဖြန်းခနဲ လန့်သွားပြီး "ဟေ"ဟု ထူးရမည့်အစား "ဟိတ်"ဟု အသံထွက်သွားသည်။

"ဘာလဲကွ ... ပေါ်ဦး"

"တန်းလျားလေး သန့်ရှင်းပြီး ပစ္စည်းတွေ နေသားတကျ ထားတာ အဆင့်မြင့် တည်းခိုခန်းက ကော်ဒါဆောင်လား အောက်မေ့ရတယ် ဆရာ"

"မင်းက အဆင့်မြင့် တည်းခိုခန်းမှာ တည်းခိုဖူးလို့လား ပေါ်ဦး"

"ဟာ ... ဆရာကလည်း၊ ကျွန်တော်ကိုယ်တိုင် မတည်းခိုဖူးပေမယ့် မြင်ဖူးတွေ့ဖူးပါတယ်"

ရန်မျိုးနောင် ပြုံးလိုက်သည်။

"တကယ်ပါ ဆရာ ... ပြောလို့ ပြောတာမဟုတ်ဘူး၊ မနွေပွင့် တကယ်တော်တယ်"

"ဘာတော်တာလဲ"

"အိမ်ထောင်အထားအသို နေရာချတာတွေပေါ့ ဆရာ၊ အိမ်ထောင်ပစ္စည်းဆိုတာ အဖိုးတန်တယ် မတန်ဘူး မဟုတ်ဘူး၊ သူ့နေရာနဲ့သူ ထားတတ်ရင် အိမ်လှပြီး ကျက်သရေရှိတာပဲ၊ မနွေပွင့်က အားလုံးစီစဉ်သွားတာ ခွင်ကျလို့ တော်တယ် ပြောတာပါ၊ နောက်ပြီး မနွေပွင့်ဟာ တကယ်လှတယ် ဆရာ၊ လှတာမှ နဂိုရှိလို့ နဂိုင်းထွက်တဲ့အလှ"

"ဟကောင် ပေါ်ဦး၊ မွှမ်းလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးနောင်က ကျေနပ်ပြုံးကြီးဖြင့် ပြန်မေးလိုက်သည်။ လူ၏သဘာဝမှာ ကိုယ်ချစ်မြတ်နိုးသူအား တစ်ပါးသူက ချီးမွမ်းလျှင် ပီတိဖြစ်သည်။ ကျေနပ်သည်။

ဥပမာ ကိုယ့်သားသမီးကို လိမ္မာကြောင်း၊ ရုပ်လှကြောင်း၊ ပညာတော်ကြောင်း ချီးမွမ်းလျှင် မိခင်ဖခင်တို့ ကြည်နူးပီတိဖြစ်သည့်နှယ်။

အဲ ... နောက်တစ်ခု ပြောရလျှင် ကိုယ့်ချစ်သူအား လှကြောင်း၊ တော်ကြောင်း စသည့် အကောင်းတွေ ချီးမွမ်းလျှင်လည်း ကြည်နူးပီတိ ဖြစ်သည်ပင်။

ယခု ပေါ်ဦးက နွေပွင့်ကို ချီးမွမ်းနေသည်ကို ရန်မျိုးနောင် ကြည်နူးပီတိ ဖြစ်ရခြင်းမှာ ကိုယ့်ညီမလေးလို ချစ်ခင်နေသောကြောင့်လား၊ သို့မဟုတ် ကိုယ့်ချစ်သူလို ချစ်ခင်နေသောကြောင့်လား မဝေခွဲတတ်ပါ။

"တန်းလျားခန်းကို သန့်ရှင်းရေးလုပ်တော့ အားလုံးဆေးချတယ်"

"နေပါဦး ... တန်းလျား ရေချိုးခန်းထဲက ဘုံဘိုင်ခေါင်းတွေကော ရေလိုက်ရဲ့လား၊ မသုံးတာကြာလို့ ပိုက်တွေများ ချေးဆို့နေသလားလို့"

"အဲဒါပေါ့ ဆရာ၊ မနွေပွင့်က ဘုံဘိုင်ကိုဖွင့်ပြီး ရေပုံးထဲ ရေခံတယ်၊ ပထမတော့ ဘုံဘိုင်က ဗလွတ် ဗလွတ်နဲ့ လေတွေလိုက်ပြီးမှ ရှူးခနဲ ဒိုင်းခနဲ ရေတွေပန်းထွက်တာ လေတွေလိုက်လို့ ဘုံဘိုင်ခေါင်းကိုကပ်ပြီး ငုံ့ကြည့်နေတဲ့ မနွေပွင့် မျက်နှာရော၊ တစ်ကိုယ်လုံးရော ရွှဲသွားတာပဲ ဟဲ ... ဟဲ ... နွေပွင့် အရမ်းလှတယ် ဆရာ"



"ဟ ... မင်းဟာက ဘာအဆက်အစပ်ရှိလို့လဲ၊ ရွှဲသွားတာနဲ့ အရမ်းလှတာနဲ့"

"သိပ်ဆက်စပ်တာပေါ့ ဆရာ၊ ဝတ်ထားတဲ့ အဝတ်ကို ရေစိုရင် ရေစိုဝတ်က အသားကိုကပ်တယ်၊ အသားကပ်တော့ မိန်းမတို့ရဲ့ပင်ကိုအရှိ ပင်ကိုကိုယ်လုံးအလှ ပေါ်လွင်လာတယ်၊ မနွေပွင့် တကယ်လှတယ် ဆရာ၊ ဗိုလ်ချုပ်ဈေးက ယွန်းထည်ရောင်းတဲ့ ဆိုင်ကြီးတွေရဲ့ မှန်ဗီရိုထဲမှာ ထည့်ထားတဲ့ လက်ရာမြောက် နတ်မိမယ် ပန်းပုရုပ်လို အချိုးအဆစ်အတိုင်းပဲ"

"ပေါ်ဦးရယ် ... မင်းမျက်စိတွေ တယ်စူးရှပါလား"

"ပင်ကိုသဘာဝကို ပြောတာပါ၊ သန့်ရှင်းရေးအလုပ်ဆိုတာက ပင်ပန်းတယ်၊ ချွေးထွက်တယ်၊ လူတွေမှာပင်ပန်းပြီး ချွေးထွက်တဲ့အခါရယ်၊ အသားကို ရေစိုတဲ့အခါရယ်၊ မျက်နှာမှာ အသားရောင်ဟာ စိုပြီးဝင်းလက်တဲ့သဘောရှိတယ် ဆရာ၊ မနွေပွင့်ရဲ့နဖူးပြင်မှာရော၊ နှာသီးထိပ်မှာရော၊ ပါးပြင်မှာရော၊ မေးစေ့နဲ့ လည်တိုင်မှာရော ချွေးသီးချွေးဥလေးတွေထွက်ပြီး အသားရောင်ဟာ စိုပြီးဝင်းနေတယ်၊ ဆံပင်အုံရော၊ မျက်ခုံးရော၊ မျက်တောင်ရောကလည်း ထူပြီးမည်းနေတော့ အသားရောင်က ပိုပြီးဝင်းလာသလား မသိဘူး ဆရာ"

"မသိဘူး ဆရာ ... မသိဘူး ဆရာနဲ့ မင်း ပြောပြတဲ့ အလှဘွဲ့တွေက ကုန်ပါရောလား ပေါ်ဦးရာ၊ ငါစာရေးဆရာတောင် မင်း အခုဖွဲ့သလောက် အမျိုးသမီးအလှကို မဖွဲ့နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ဆရာ၊ ကျွန်တော့်လက်ထဲ ကင်မရာသာ
အသင့်ရှိရင် မနွေပွင့် သန့်ရှင်းရေး လုပ်နေပုံတွေ
ဓာတ်ပုံ ရိုက်ယူထားပြီး ခေါင်းစီးလှလှ နာမည်လေး
ဓာတ်ပုံပြိုင်ပွဲဝင်ရင် ပထမဆု ပြေးမလွတ်ဘူး ဆရာ"

"မင်းက ဘယ်လိုခေါင်းစီးစာတန်းလှလှ နာမည်တတ်
လဲ ခေါ်ဖြိုး"

"ပင်ကိုအလှ ဉာဏ်လုံမလို့လေ"

"အာယိုယို ... အံမာလေး ပေါ်ဦးရယ်"

"ပြောလို့ပြောတာ မဟုတ်ဘူး ဆရာ၊ မနွေပွင့်ဟာ
နာမည်နဲ့လူနဲ့ တကယ်လိုက်ဖက်တယ်"

"ဆိုပါဦး၊ ဘယ်လိုများ လိုက်ဖက်ရပြန်တာလဲ"

"တပေါင်းလမှာ ပွင့်တဲ့ပန်းဟာ ဆောင်းမှာပွင့်တဲ့
တို့ မိုးမှာပွင့်တဲ့ ပန်းတို့ထက် ပိုပြီး အလှပေါ်လွင်တ
ဆရာ"

"ညွှန်းစမ်းပါဦး ပေါ်ဦး"

"ဆောင်းနဲ့မိုးမှာ ရာသီဥတုက နှင်းကျ မိုးကျနဲ့ မှိုင်းထ
ဆရာ၊ တပေါင်လမှာကျတော့ မိုးသားတိမ်လိပ် ကင်
ပြီး နေခြည်ဟာဖြာတယ်၊ ကောင်းကင်က ပြာနေတ
ပန်းပွင့်ရဲ့အလှဟာ နေခြည်အောက်မှာ ပိုလှတယ်၊ အ
အရောင် ပိုပြီးတောက်ပတယ်လို့ ဆိုချင်တာပေါ့"

"ဟုတ်ပ"

"တပေါင်းဆိုတာ နွေပဲ ဆရာ၊ နွေမှာပွင့်တဲ့ ပန်း
သိပ်လှသလို မနွေပွင့်ကလည်း သိပ်လှလို့ နာမည်နဲ့
နဲ့ လိုက်တယ်လို့ ပြောတာပါ"



"အင်း ... ပေါ်ဦး ... ပေါ်ဦး"

ပေါ်ဦး၏ စကားတို့သည် ရန်မျိုးနောင်အား မီး
လောင်ရာလေပင့် ဖြစ်စေသည်။

မစွမ်းရင်းရှိနေသူကို ကန်စွန်းခင်း ငြိပါစေ၏။

ရန်မျိုးနောင်၏ နှလုံးသားထဲသို့ နွေပွင့်သည် တိုး
ဝင်သည်ထက် တိုးဝင်နေပြီကော။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



(ကိုး)

ငြိမ်ချက်သား ကောင်းလှသည်။

ထိုးမည့်ဆင်မို့ နောက်တစ်လှမ်း ဆုတ်ခြင်းပေလား။

မှန်တိုင်းကျခါနီး လေငြိမ်နေခြင်းပေလား။

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့အထိ ရန်သူ၏ လှုပ်ရှားမှုသည် လုံးလုံးလျားလျား ငြိမ်သက်နေသည်။

ရန်သူ၏ လှုပ်ရှားမှု ငြိမ်သက်နေသည်က ထားပါတော့။

ရဲအုပ်ဦးလတ်ဆွေထံမှလည်း လူမလာ သတင်းမကြား ဖြစ်နေသည်။

တနင်္လာနေ့က ဦးလတ်ဆွေထံသို့ နွေပွင့်တို့အိမ် သူခိုးဖောက်သည့်ကိစ္စရော၊ လူဆိုးသုံးဦး မှန်ကားအနီဖြင့်လာခြင်းဖြစ်သည်ရော၊ သိင်္ဂီရွှေစင်တို့အိမ်သို့ လူဆိုးများဝင်စဉ်က မာဇဒါဆီဒင်ဆလွန်းကားအနီနှင့် တိုက်ဆိုင်သည်ရော ၎င်းကား၏ နံပါတ်ကိုရော တယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့သည်။

ယနေ့ ဗုဒ္ဓဟူးနေ့အထိ ဦးလတ်ဆွေထံမှ ဘာမျှ အကြောင်းမပြန်ပေ။



တစ်ခုတော့ စဉ်းစားစရာရှိသည်။

ဘောက်ထော် ရွှေပြည်အေးလမ်းမှ ဦးမောင်သိန်းအိမ်သို့ သွားခဲ့ရာတွင် ရဲအုပ် ဦးလတ်ဆွေသည် ဦးမောင်သိန်းအပေါ်တွင် မသင်္ကာမှုတွေ ရှိခဲ့သည်။

ဆက်လက်ပြီး ဦးမောင်သိန်း၏ လှုပ်ရှားမှုကိုစောင့်ကြည့် အရေးယူနေသည်မို့ ဦးမောင်သိန်းတို့ ငြိမ်နေကြခြင်းလား။

ရဲအုပ်ဦးလတ်ဆွေက ချောင်းမြောင်းနေမှန်းသိ၍ ဦးမောင်သိန်းတို့ ငြိမ်နေသည် ဆိုပါက ကိုတင်မောင်ကြည်နှင့် ပတ်သက်နေသော မြွေဟောက်အဖွဲ့သည် ဦးမောင်သိန်း၏ အဖွဲ့က စွပ်စွဲနိုင်ပြီလား။

ရဲအုပ်ဦးလတ်ဆွေက ခင်ဗျား ကျွန်တော့်ဆီမလာနဲ့၊ ထိစွအကြောင်းထူးရှိလျှင် သူ့ထံ ဖုန်းဆက်ပြောပါ၊ သူကလည်း အကြောင်းထူးလျှင် မိမိထံ ဖုန်းဆက်မည်ဟု ပြောထားသဖြင့် မိမိအနေနှင့် ရဲအုပ် ဦးလတ်ဆွေကို သွားရောက်မတွေ့သာ။

တနင်္လာနေ့က နွေပွင့်တို့ကို ပဲခူးသို့ တန်းမပို့ဖြစ်ဘဲ မဟာမြိုင်အိမ် ပြန်လာပြီး ဦးလတ်ဆွေထံ ဖုန်းဆက်ခဲ့သော်လည်း ယနေ့ ဗုဒ္ဓဟူးနေ့အထိ ဦးလတ်ဆွေက မိမိအား မည်သို့မျှ ဆက်သွယ်ခြင်းမရှိ။

အဲ ... တစ်ခုတော့ ကောင်းသွားသည်။

တနင်္လာနေ့က ရဲအုပ်ဦးလတ်ဆွေထံသို့ ဖုန်းဆက်ရာအကြောင်း မပေါ်လာလျှင် နွေပွင့်ကို ပဲခူးသို့ တန်းခေါ်သွားမည် ဖြစ်သည်။ ယခုတော့ ဖုန်းဆက်မိသည်က ဟန်ပ,ဟန်ဒေး။

နွေပွင့် ရောက်လာပြီးမှ ရန်မျိုးနောင် အလိုလိုပျော်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်း စားသောက်ရသည်မှာလည်း ယခင် ပေါ်ဦးလက်ရာနှင့်မတူ။

နွေပွင့်သည် ရန်မျိုးနောင် အိပ်ရာမှ မထမီကတည်းက တိုက်အိမ်ဘက်သို့ ကူးခဲ့သည်။

ကော်ဖီ ဖျော်သည်၊ ကြက်ဥ မကျက်တကျက်ကြော်သည်၊ ဝက်အူချောင်းကို ဆီထည့် ကြော်သည်မျိုး မဟုတ်ဘဲ အိုးကင်းပူတိုက်လေး ဖြစ်စေသည်။ ပေါင်မုန့်ကို အနီးရောင်သမ်းပြီး မီးကျွမ်းသည် မဟုတ်မူဘဲ ကြွပ်ကြွပ်ရွရွလေး ဖြစ်စေသည်။ မီးကင်ပေါင်မုန့် ပူနွေးနေစဉ် ထောပတ်ကို အချိန်မီ သုတ်သဖြင့် ထောပတ်သည် ပေါင်မုန့်မီးကင် အပူရှိန်လေးဖြင့် အသားထဲစိမ့်ဝင်သွားသည်။

သို့သော် ရန်မျိုးနောင် အိပ်ရာထ ကော်ဖီသောက်ချိန်တွင် နွေပွင့်သည် တန်းလျားသို့ ပြန်သွားပေပြီ။

နွေပွင့်၏မိခင်ကတော့ အိပ်ရာစောစောထပြီး တန်းလျားခန်း၏ ဘုရားစင်မှာပင် သောက်တော်ရေလဲ၊ မီးပူဇော် အမွှေးတိုင်ထွန်းပြီး အာရုံပြု တရားမှတ် တရားထိုင်တော့သည်။

ရန်မျိုးနောင် စိတ်ထဲတွင် အားလပ်သောတစ်နေ့ မျက်စိအထူးကုသမားတော်နှင့် ဆွေးနွေးပြသပြီး နွေပွင့်၏မိခင်ကို ကုသပေးရန် ရည်ရွယ်ထားသည်။

ပေါ်ဦး ဈေးဝယ်ပြီး ပြန်လာလျှင် နွေပွင့် တိုက်အိမ်ဆီသို့ ပြန်လာသည်။ ပေါ်ဦးနှင့်အတူ ချက်ပြုတ်ကြော်လှော်သည်။

ချက်ပြုတ်ပြီးသည်နှင့် နောက်ဖေးပေါက်မှပင် ဆင်းကာ နွေပွင့် တန်းလျားသို့ ပြန်လစ်သွားသည်။



ထမင်းစားလျှင်လည်း ပေါ်ဦးက ရန်မျိုးနောင်မေး ...ည်။

"ပေါ်ဦး ... နွေပွင့်တို့ သားအမိကော"

"ဆရာစားပြီးမှ သူတို့စားမယ်တဲ့ ဆရာ"

နွေပွင့်သည် မိမိကို ခပ်ရှောင်ရှောင်လေး နေသည် ...မ်း ရန်မျိုးနောင် ရိပ်မိသည်။

တနင်္လာနေ့က မီးဖိုထဲတွင် ခလုတ်တိုက်ရာမှ မိမိ ...င့်ပွေ့ဟယ် ပိုက်ဟယ် ဖြစ်ခဲ့ရသည်ကို နွေပွင့် ရှက်သွားပြီး မိမိ ...င့် မျက်နှာချင်း ပြန်ဆိုင်ရန် ဝန်လေးနေပုံရသည်။

နွေပွင့် မပြောနှင့်။

ယောကျ်ားသား မိမိကိုယ်တိုင် နွေပွင့်ကို မျက်နှာ ...င်း ပြန်ဆိုင်ရန် မျက်နှာပူနေသည်။ အမ်းနေသည်။

ထို့ကြောင့်လည်း မိမိကိုယ်တိုင်က ခပ်ရှောင်ရှောင် ...သား နေပေးလိုက်မိသည်။ နံနက်စာ စားသောက်ပြီး မိမိက မြို့ ...ထွက်သေးသည်။

သည်လိုနှင့် ဗုဒ္ဓဟူးနေ့အထိ ရောက်လာသည်။

ရန်မျိုးနောင်သည် ထမင်းစားပွဲတွင် ကော်ဖီသောက်၊ ...ါင်မုန့်စားရင်း ပထမတော့ ရန်သူများ ငြိမ်နေခြင်း၊ ဦးလတ်ဆွေ ...မှ မည်သို့မျှ အဆက်အသွယ်မပြုခြင်းတို့ကို စဉ်းစားသည်။

သည်နောက် နွေပွင့်အကြောင်း ဆက်စဉ်းစားမိပြန် ...ည်။

ယခုရက်အတွင်း နွေပွင့်နှင့် ခပ်စိမ်းစိမ်းလေးနေရ ...သ ရင်ထဲတွင် မချိမဆံ့ ဝေဒနာတစ်မျိုး ခံစားရလေ ဖြစ်လာ ...ည်။

www.burmeseclassic.com

www.burmeseclassic.com



အနာဝမပေါ်ဘဲ အတွင်းကျိတ် သွေးစုပြည်တည်သော အနာကဲ့သို့ နာနာကျင်ကျင်လေး ခံစားနေရသည်။

"ဆရာ ... ကျွန်တော် ဈေးသွားတော့မယ်၊ ဒီနေ့ ဆရာ ဘာစားမလဲ၊ မနွေပွင့်ကတော့ ဝက်သားသုံးထပ်သားဝယ်ခဲ့တဲ့၊ ပုန်းရည်ကြီး ဝယ်ခဲ့တဲ့၊ ရှောက်သီးဝယ်ခဲ့တဲ့၊ ဝယ် သားနဲ့ ပုန်းရည်ကြီးချက်မယ်၊ ရှောက်သီးသုပ်မယ်၊ ဘူးသီး ဟင်းခါး ဟင်းရှိုချက်မယ်၊ ငါးရှင်ငါးပိကောင်နဲ့ ငရုတ်သီး ကြော်မယ်၊ ပဲတီချဉ်တို့စရာ ထည့်ပေးမယ်တဲ့၊ အစ်ကို ကြည့်ရတာ ငူငူငေါင်ငေါင် ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ် နေလို့ ပွင့်သွားအောင် အဲဒီလိုတွေ ချက်ကျွေးချင်တယ် တဲ့"

"ဘာကွ၊ နွေပွင့်က ငါ့ကို ငူငူငေါင်ငေါင် ထိုင်းမှိုင်း တယ်လို့ ပြောလား"

"အခုမနက် ကော်ဖီကိစ္စ လာလုပ်ပေးရင်း ပြောသွားတာ ဟုတ်တယ် ဆရာ၊ ရှောက်သီးသုပ်၊ ငရုတ်သီးကြော် ငရုတ်ကောင်း ဟင်းခါးဆိုတာမျိုးက လူကိုပွင့်သွားစေတဲ့ အာဟာရတွေပဲ ဆရာ၊ ချဉ်ငန်စပ် တစ်မျိုးပေါ့"

"အေး ... နွေပွင့် ပြောတဲ့အတိုင်း ဝယ်ခဲ့ကွာ၊ နွေပွင့် စိတ် တိုင်းကျ ချက်ပစေ"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် သွားမယ် ဆရာ"

"နေဦးကွ"

"ပြောပါ ဆရာ၊ ဘာမှာချင်သေးလဲ"

"မှာစရာ မရှိပါဘူး၊ မေးစရာရှိတာ"

"ဟုတ်ကဲ့ မေးပါ ဆရာ"



"အဲ ... မနွေပွင့်နဲ့ မင်းနဲ့ကတော့ အိမ်ကိစ္စတွေလုပ်ရင်း တွဲမိနေတယ်၊ ဟို ... ဟို ... အဲ ... နွေပွင့်က ငါ့အကြောင်း တွေ ဘာပြောလဲ ပေါ်ဦး"

ဟီးခနဲ ပေါ်ဦးက ရယ်ချလိုက်သည်။ ပေါ်ဦး ရယ်တာကိုကြည့်ပြီး နဂိုကတည်းက အိုးမလုံ့အုံ့ပွင့် ဖြစ်နေသော ရန်မျိုးနောင်သည် မိမိကို ပေါ်ဦး သရော်လေသလားဟု နားရင်းထ ချင်စိတ် ပေါ်လာမိသည်။

"မင်းက ဘာလို့ ဟီးခနဲ ရယ်ချတာလဲ ပေါ်ဦး"

"သြော် ... မနွေပွင့်နဲ့ ဆရာမေးတဲ့ မေးခွန်းတွေက ထပ်တူထပ်မျှ ဖြစ်နေတဲ့ တိုက်ဆိုင်မှုကို တွေးမိပြီး ရယ်လိုက်တာပါ ဆရာ"

"ဘယ်လိုတိုက်ဆိုင်ပြီး ဘယ်လို ထပ်တူထပ်မျှလဲ"

"မနွေပွင့်က မီးဖိုထဲရောက်လာပြီး ကျွန်တော့်ကိုတွေ့တာနဲ့ အစ်ကိုက နွေပွင့် အကြောင်း ဘာပြောလဲဟင်လို့မေးတာ၊ လူချင်းတွေ့တာနဲ့ ဂွတ်မောနင်းလို့ နှုတ်ဆက်တဲ့ အတိုင်း နေ့တိုင်း မပျက်မကွက်ဘဲ ဆရာ"

"သြော် ... သြော် ... နွေပွင့်က သူ့အကြောင်း ငါ ဘာပြောလဲ နေ့တိုင်း မေးသတဲ့လား"

"မေးတယ် ဆရာ၊ မနက်လာရင်လည်း မေးတယ်၊ ညနေလာရင်လည်း မေးတယ်"

ရန်မျိုးနောင် မျက်နှာသည် အလိုလို ပြုံးယောင်သန်း သွားပါ၏။

"သူကမေးတော့ မင်းက ဘာပြန်ပြောလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာက တနင်္လာနေ့က မနွေပွင့်တို့ တန်းလျား သန့်ရှင်းရေးလုပ်တာတွေကို မေးတယ်၊ ပြောတယ်၊ အဲဒီနောက်တော့ မနွေပွင့်အကြောင်း ဘာမှမပြောတော့ဘူးလို့ ပြောလိုက်တယ်"

"အဲဒီတော့ နွေပွင့်က ဘာပြန်ပြောလဲ"

"မျက်နှာလေး ညှိုးသွားတယ် ဆရာ၊ နောက်ပြီး လက်အုပ်လေးချီပြီး ဘဝဆက်တိုင်းမှာ မိန်းမ မဖြစ်ပါရစေနဲ့၊ မဆင်းရဲပါရစေနဲ့လို့ ဆုတောင်းတယ်၊ ပြီးတော့ ကျွန်တော့်ကို မနွေပွင့်က ပြောတယ်"

"ဘာပြောတာလဲ"

"ဩော် ... မိန်းမဘဝဆိုတာ ကိုယ့်ရင်ထဲ နှလုံးထဲမှာရှိနေတဲ့ အမှန်ကို ဖွင့်မထုတ်ရဲတဲ့ ဘဝတဲ့၊ နောက်ပြီး လောကကြီးမှာ ပစ္စည်းဥစ္စာ ငွေကြေး ဆင်းရဲတဲ့သူဟာ အရာရာမှာ သိမ်ငယ်လွန်းတယ်တဲ့၊ အဲဒါကြောင့် နောင်ဘဝတွေမှာ မိန်းမ မဖြစ်ပါစေနဲ့၊ ဆင်းရဲသူ မဖြစ်ပါစေနဲ့လို့ ဆုတောင်းတာတဲ့"

ရန်မျိုးနောင် ငိုင်ကျသွားသည်။

"ကျွန်တော် သွားရတော့မလား ဆရာ"

"နေဦး ... မင်းရပ်နေတာ ညောင်းရင် ကုလားထိုင်ပေါ် ထိုင်စမ်း ပေါ်ဦး"

ပေါ်ဦး ကုလားထိုင်တွင် ထိုင်သည်။

"ငါ မင်းကို မေးချင်လို့၊ မင်းက ငါ့ထက် အသက်ငယ်ပေမယ့် ဘဝအတွေ့အကြုံနဲ့ ပြင်ပဆက်ဆံရေးတွေ ငါ့ထက်ပိုများမှာ သေချာတယ်၊ ပထမဆုံး မင်းကို ငါမေးမယ်



မင်းမှာ ချစ်သူရှိလား ပေါ်ဦး၊ ငါပြောတဲ့ ချစ်သူဆိုတာ အပျော်သဘောသာမှုအတွက် ချစ်တာမျိုးမဟုတ်ဘဲ ရင်ထဲနှလုံးထဲက ယိုစိမ့်ထွက်လာတဲ့အချစ်နဲ့ ချစ်တဲ့ ချစ်သူကိုပြောတာနော်"

"အင်း ... ရှိခဲ့ဖူးပါတယ် ဆရာ"

"ရှိခဲ့ဖူးပါတယ် ဆိုတာဟာ အခုမရှိတော့ဘူးလို့ ဆိုချင်တာလား ပေါ်ဦး"

"ဟုတ်ကဲ့၊ အခု မရှိတော့ပါဘူး"

"ဘာလို့လဲကွာ၊ ကောင်မလေးက မင်းအပေါ် သစ္စာဖောက်သွားလို့လား"

"အဲဒီလို မဟုတ်ပါဘူး၊ ကျွန်တော် ကိုယ်တိုင်က အဆက်ဖြတ်တာပါ"

"ဟေ"

"မနွေပွင့် ညည်းသလိုပေါ့ ဆရာ၊ လောကကြီးမှာ ပစ္စည်းဥစ္စာ ငွေကြေး ဆင်းရဲတဲ့သူဟာ အရာရာမှာ သိမ်ငယ်လွန်းတယ်တဲ့၊ ဒီအတိုင်းပဲ ဆရာ၊ ကျွန်တော်က အိမ်မှာပထွေးနဲ့နေရပြီး အိမ်အလုပ် မီးဖိုချောင်အလုပ်တွေ ကျုံးလုပ်နေရတဲ့ဘဝ၊ စမ်းစမ်းက ကျောင်းမှန်မှန်တက်၊ စာကိုကျက်ဆိုတဲ့အတိုင်း သူ့မိဘက အချမ်းသာကြီးမဟုတ်တောင် စားနိုင် သောက်နိုင်တဲ့ကဆိုတော့ ကျွန်တော်နဲ့ ကွာဟချက်တွေ ရှိနေတယ် ဆရာ၊ နောက်ဆုံး သူက ဆယ်တန်းရောက်သွားတယ်၊ ကျွန်တော်က ရှစ်တန်းနှစ်ခါကျ ကျောင်းထွက်ပြီး အိမ်က မီးဖိုထဲကို ပထွေးက သွင်းလိုက်တယ်"

"ဒါတော့ မင်းကိုက စာမေးပွဲကျတာကိုးကွ"

www.burmeseclassic.com



"စာမေးပွဲ ကျတယ်ဆိုတာနဲ့ ဖြေတဲ့သူ ညံ့တာလို့
ကြစမြဲပေါ့ ဆရာ၊ ဒါပေမဲ့ ကျွန်တော်ကျတော့ တစ်
ပေါ့ ဆရာရယ်"

"ဘယ်လိုတစ်မျိုးလဲကွာ"

"ကျောင်းက ပြန်လာတာနဲ့ ထမင်းချက်ရတယ်၊ အမေ
အုန်းနို့ခေါက်ဆွဲနဲ့ မုန့်ဟင်းခါးဆိုင် လမ်းထိပ်မှာ ဖွင့်
တယ်၊ ညခုနစ်နာရီလောက် ဆိုင်သိမ်းတယ်၊ နော
တစ်နေ့ ဆိုင်ရောင်းဖို့ မုန့်ဟင်းခါးဟင်း ခေါက်ဆွဲဟ
တွေချက်တာ၊ နေ့တိုင်း သန်းခေါင်ကျော်မှ ကျွန်တော်
ရတယ်၊ မနက်ငါးနာရီ ထရတယ်၊ အမေဆိုင်ထွက်
လမ်းထိပ်ကို ပစ္စည်းတွေထမ်းပို့၊ ဆိုင်ခုံခင်းပေးထား
တယ်၊ အိမ်ရောက်တာနဲ့ မနက်စာ ထမင်းတယ်ရတ
ဒီတော့ ကျွန်တော့်မှာ အိပ်ချိန်တောင် နေ့စဉ်နေ့တို
လုံလောက်အောင် မရဘူး ဆရာ၊ ဒီတော့လည်း ဒီစာ
ဘယ်အောင်တော့မလဲ"

"ပြောပါဦး၊ မင်းနဲ့ မင်းချစ်သူ စမ်းစမ်းဆိုတဲ့ ကော
လေးအကြောင်း"

"ဖြစ်ရိုးဖြစ်စဉ်ပေါ့ ဆရာ၊ စမ်းစမ်းနဲ့ အိမ်ချင်း မျက်
ချင်းဆိုင်နေတယ်၊ အဖေမသေခင်ကတော့ အမေ ဆို
ထွက်ဘဲ အဖေက ကောင်းကောင်းရှာကျွေးနိုင်တယ်၊ ကျ
တော့်ကို အိမ်အလုပ် ဘာမှမလုပ်ခိုင်းဘဲ ကျောင်းထ
တယ်၊ စမ်းစမ်းနဲ့ ကျွန်တော်က ငယ်ငယ်ကတည်း
တစ်တန်းတည်း အတူတူတွေ၊ ကျောင်းတက်အတူ
ကျောင်းပြန် အတူတူပေါ့၊ ခုနစ်တန်းရောက်တဲ့နှ



စမ်းစမ်း အပျို၊ ကျွန်တော် လူပျိုဖြစ်တယ်။ အဲဒီကတည်းက စမ်းစမ်းနဲ့ ကျွန်တော်တို့ ချစ်ကြတာပဲ၊ ရှစ်တန်းတက်ပြီး စာမေးပွဲ ဖြေခါနီးကျမှ အဖေဆုံးတယ်၊ အိမ်ကိစ္စ ကျွန်တော် စပြီးကူညီရတယ်၊ အဖေရတဲ့ ဌာနဆိုင်ရာ ဆုကြေးငွေနဲ့ လမ်းထိပ်မှာ အမေက မုန့်ဟင်းခါးနဲ့ အုန်းနို့ခေါက်ဆွဲ ရောင်းတယ်၊ အဲဒီနှစ်မှာ ကျွန်တော်ရှစ်တန်းကျတယ်၊ စမ်းစမ်းကတော့ အောင်တာပေါ့လေ၊ နောက်တစ်နှစ် ရှစ်တန်းပြန်တက်ပြီး နှစ်ဝက်လောက်မှာ အမေက နောက်အိမ်ထောင်ပြုတယ်၊ ပထွေးက လုပ်မကျွေးတဲ့အပြင် အမေ့ဈေးရောင်းရငွေကို အရက်သောက်သေးတယ်၊ အဲဒီနောက်တော့ ဆရာမြင်တဲ့အတိုင်း ကျွန်တော့်ကို မယားပါသားအနေနဲ့ အနိုင်ကျင့်တာပဲ၊ အဲဒီနှစ်လည်း ကျွန်တော် စာမေးပွဲကျပြန်ရော၊ ကျောင်းကထွက်ရပြီး အိမ်မှာ ကူလုပ်ပေးတဲ့ကြားက ဆရာ မြင်ခဲ့တဲ့အတိုင်း ပထွေးက ကျွန်တော့်ကို ရိုက်နှက်တယ် ဆရာ၊ ဆရာ့ဆီ ကျွန်တော်ရောက်ပြီးတဲ့နောက် စမ်းစမ်းက ကျွန်တော့်ကို ကျွန်တော် ဈေးသွားတဲ့အခါ လာလာပြီးတွေ့ပါတယ်၊ ဒီနှစ် စမ်းစမ်း ဆယ်တန်းအောင်တယ် ဆရာ၊ တက္ကသိုလ်ကို သူတက်မယ်"

"ကောင်မလေးက မင်းအပေါ် သစ္စာရှိသားကွ"

"ဘာလုပ်မလဲ ဆရာ၊ ကျွန်တော့်လိုကောင်နဲ့ဆိုရင် စမ်းစမ်း ဘဝဟာ သိပ်နာသွားမှာပေါ့၊ ဒါကြောင့် ကျွန်တော်နဲ့သူ အဆက်ဖြတ်တဲ့အကြောင်း ပြောပြီး တစ်ခါတည်း ရှောင်နေလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖြစ်က ကြေကွဲစရာကြီးပါပဲ၊ ဒါဆို မင်းက ကောင်မလေးကို ငဲ့ညှာပြီး နှလုံးသားကို စတေးလိုက်တဲ့ သဘောပေါ့"

"အဲဒီလိုပြောရင် ရမလားပဲ ဆရာ"

"ဒါဆို ငါ တစ်ခုမေးမယ်၊ မင်းက တော်တော်ချမ်းသာတဲ့ လူတစ်ယောက် ဆိုပါတော့ကွာ၊ စမ်းစမ်းက ဆင်းရဲတယ် ဆိုပါတော့၊ အဲဒါဆိုရင် မင်း ရင်ထဲ နှလုံးထဲက ချစ်နေတဲ့ ဆင်းရဲတဲ့ စမ်းစမ်းကို မင်း လက်ထပ်မလား"

"ဟာ ... သိပ်လက်ထပ်တာပေါ့ ဆရာ၊ နဂိုကတည်းက သူချစ် ကိုယ်ချစ်ပဲဟာ၊ ကျွန်တော် စမ်းစမ်းကို ဖြတ်ရတာက ကျွန်တော်ကိုယ်တိုင်က အိမ်ထောင်တစ်ခုမှာ အားကိုးအားထား ဖြစ်နိုင်တဲ့ အိမ်ထောင်ဦးစီး အရည်အချင်း မရှိဘူး ဆရာ၊ ကျွန်တော့်ကိုယူရင် စမ်းစမ်းဘဝမှာနာသွားမယ်၊ ဒါကြောင့် ရင်နာနာနဲ့ အဆက်ဖြတ်ရတာ၊ ကျွန်တော်က ချမ်းသာတဲ့လူဖြစ်ရင် စမ်းစမ်းကို လက်ထပ်တာဟာ စမ်းစမ်းဘဝကို မြှင့်တင်ပေးရာ ရောက်တာပဲ ဆရာ"

"အေး၊ ငါ သဘောပေါက်ပြီ ပေါ်ဦး၊ မင်း သွားစရာရှိတာ သွားတော့"

ပေါ်ဦး ထွက်သွားသည်။

ရန်မျိုးနောင်သည် ထမင်းစားပွဲမှာပင် ဆက်ထိုင်နေမိသည်။ ပေါ်ဦး ပြောသွားသောစကားကို အပြန်အလှန် စဉ်းစားကြည့်မိသည်။

မိမိနှင့် နွေပွင့်ကို ပေါ်ဦး စကားများတွင် နှိုင်းယှဉ်ကြည့်လိုက်မိသည်။



မိမိသာ နွေပွင့်ကို လက်ထပ်ယူလိုက်လျှင် နွေပွင့်၏ ဘဝကို မြှင့်တင်ရာ ရောက်မည်။ မိမိ၏ရင်ထဲ နှလုံးသားမှ ပေါက်ပွားသော အချစ်မျိုးဖြင့် နွေပွင့်ကို မိမိချစ်နေပြီ။

အဓိကအချက်မှာ နွေပွင့်က မိမိအား မိမိကဲ့သို့ပင် ပြန်လည်၍ ချစ်,မချစ် သိရန်ဖြစ်သည်။

ပေါ်ဦး ပြောပြချက်အရ နွေပွင့်သည် မိမိအကြောင်း ပေါ်ဦးကို ခဏ ခဏ မေးသည် ဆိုခြင်းသည် ကောင်မလေး ကိုယ်တိုင် မိမိကို စိတ်ဝင်စား၍သာ ဖြစ်ရမည်။

"အဲတော့"

ထမင်းစားခန်းဝသို့ မီးဖိုဘက်မှဝင်သည့် အပေါက်ဝမှ နွေပွင့် ရောက်လာပြီး သည်အချိန်ထိ ထမင်းစားခန်းထဲ၌ ငူငူငေါင်ငေါင် ထိုင်နေသော ရန်မျိုးနောင်ကို တွေ့သည်နှင့် အဲတော့ ဟူသော အာမေဍိတ်သံလေး ထွက်လာပြီး အံ့အားသင့်နေရှာသည်။

ပုံသဏ္ဌာန်မှာ ခါတိုင်းနေ့များတွင် ယခုအချိန်ဆိုပါက ပေါ်ဦး ဈေးမှပြန်ရောက်လာသည်။ ပေါ်ဦး ဈေးမှပြန်လာလျှင် နွေပွင့်က နောက်ဖေးမီးဖိုဘက်တံခါးမှ ဝင်လာကာ ပေါ်ဦးနှင့်အတူ ချက်ပြုတ်ကြသည် ဖြစ်သည်။

ယခုလည်း ပေါ်ဦး ရောက်ချိန်ကို မှန်းပြီး နွေပွင့် လာခြင်း ဖြစ်မည်။

ပေါ်ဦး ဈေးသွားသည်မှာ ခြေကျင်ဖြစ်သည်။ မဟာမြိုင်လမ်းနှင့် စမ်းချောင်းဈေးမှာ ဝေးလှသည်လည်း မဟုတ်။

သို့သော် ပေါ်ဦး ဈေးသွားဈေးပြန်ကို တန်းလျားမှ လှမ်းမြင်ချင်မှ မြင်နိုင်သည်။ သစ်ပင်တွေ၊ ပန်းရုံတွေ ကွယ်နေပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး ... နွေပွင့်အဖို့ နံနက်ပိုင်းတွင် မီးခင်၏ဝေယျာ ဝစ္စများ ပြုလုပ်နေသည်မို့ ပေါ်ဦးကို ထိုင်ကြည့်မနေနိုင်။ ပေါ်ဦး ပြန်လာမည့်အချိန်ကိုသာ သတ်မှတ်ထားပုံရသည်။

ယနေ့ ရန်မျိုးနောင်က ပေါ်ဦးအား နာရီဝက်ထ မနည်း စကားတွေ ပြောနေသဖြင့် ပေါ်ဦး ဈေးသွားနောက်ကျ ဈေးပြန်နောက်ကျ ဖြစ်ရသည်။

နွေပွင့်က လာနေကျအချိန်လာပြီး မီးဖိုထဲတွ ပေါ်ဦးကို မတွေ့သဖြင့် ထမင်းစားခန်းထဲ ဝင်ကြည့်ရန် တံခါး ရောက်လာခြင်း ဖြစ်မည်။

"လာလေ နွေပွင့်"

"ကိုပေါ်ဦး ပြန်မလာသေးဘူးလား အစ်ကို"

"မလာသေးဘူး၊ ဒီနေ့ ဒီကောင် ဈေးသွားနောက်ကျတယ်"

"ဒါဆို တော်ကြာမှ နွေပွင့် လာခဲ့တော့မယ်"

နွေပွင့်က မီးဖိုထဲ ပြန်ဝင်ရန် ကိုယ်လုံးလေးလှည့် လိုက်သည်။

"နွေပွင့်"

ရန်မျိုးနောင် အသံကျယ်ကျယ်ဖြင့်ပင် လှမ်းခေါ် သည်။ နွေပွင့် ခြေလှမ်းလေး တုံ့ခနဲ ရပ်သွားသည်။

"လာထိုင်ပါလား နွေပွင့်"

"နွေပွင့် ကော်ဖီသောက်ပြီးပါပြီ အစ်ကို၊ မေမေ့ကိုတော နွေပွင့် ကော်ဖီရော ပေါင်မုန့်ရော ကျွေးပြီးပြီ၊ နွေပွ တန်းလျားကို ခဏပြန်မယ် အစ်ကို၊ ကိုပေါ်ဦး လာမှ ပြ လာမယ်"



"ကော်ဖီမသောက်ချင်လည်း နေပါ၊ နွေပွင့် ဒီကိုခဏလာ ထိုင်ပါလို့ တို့ပြောနေတယ်လေ"

နွေပွင့်သည် ဖြည်းလေးသော ခြေလှမ်းဖြင့် ထမင်း စားပွဲသို့ လျှောက်လာသည်။

ကုလားထိုင်တွင် မထိုင်ဘဲ စားပွဲပေါင်ကို ဝမ်းဗိုက် သား ရှပ်ရှပ်လေးကပ်ကာ ရပ်နေသည်။

"ထိုင်ပါ နွေပွင့်၊ ခုတလော နွေပွင့်က တို့ကို ရှောင်ဖယ် ရှောင်ဖယ် လုပ်နေလို့ တို့ရင်ထဲ တစ်မျိုးကြီး ခံစားရတယ်"

နွေပွင့် ဘာမှပြန်မပြောဘဲ ကုလားထိုင်တွင် ထိုင် သည်။

"ပြောစမ်းပါ နွေပွင့်၊ အခု နှစ်ရက် သုံးရက်လောက်ရှိပြီ၊ တို့ကို နွေပွင့် ဘာလို့ ရှောင်နေတာလဲဟင်"

"ရှောင်တယ်တော့ ဘယ်ဟုတ်မလဲ အစ်ကို"

"ဒါဖြင့် ဘာလို့ မျက်နှာချင်းမဆိုင်တာလဲ"

နွေပွင့် သက်ပြင်းလေး ချသည်။

"အစ်ကိုဟာ နွေပွင့်တို့သားအမိရဲ့ ကျေးဇူးရှင်ပါ"

"အဲဒါ ဘာဖြစ်လဲ"

"နွေပွင့်ဟာ အစ်ကို့ရဲ့လမ်းကြောင်းမှာ ဆူးတို့ ခလုတ်တို့ မဖြစ်သင့်ဘူး အစ်ကို"

"ဘာရယ် နွေပွင့်၊ တို့ရဲ့လမ်းကြောင်းမှာ ဟုတ်လား"

"ဟုတ်ကဲ့၊ မမပိုင်း ဆိုတာရှိတယ်တဲ့၊ လူကြီးတွေသဘော တူတယ်၊ ချမ်းသာတယ်၊ ရုပ်ချောတယ်၊ တက္ကသိုလ်ဘွဲ့ ရပြီးသားတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သြော် ... ပေါ်ဦး ပြောပြီ ထင်တယ်"

"ကိုပေါ်ဦးက ပြောတာမဟုတ်ပါဘူး၊ နွေပွင့်က အတင်း မေးတာပါ၊ အဲဒီ မမပိုင်းနဲ့ အစ်ကိုဟာ အခုလတ်တလော အခြေအနေမှာ သဘောချင်း မတိုက်ဆိုင်ကြဘူးလို့လည်း ပြောပါတယ်"

"အခု လတ်တလော မဟုတ်ဘူး နွေပွင့်၊ ပိုင်းနဲ့ တို့ဟာ လက်ထပ်ဖို့ကိစ္စကတော့ အပြီးအပိုင် ပြတ်စဲသွားပြီ"

ရန်မျိုးနောင်က ပိုင်းနှင့်ရော ပိုင်းမိဘတွေနှင့်ရော ဖြစ်ခဲ့သမျှတွေကို ပြောပြလိုက်သည်။ နွေပွင့်က စူးစူးစိုက်စိုက် လေး နားထောင်ပါ၏။

ရန်မျိုးနောင် ပြောပြပြီးသည်အထိ နွေပွင့်သည် ဘာတစ်ခွန်းမျှ မပြောဘဲ ငြိမ်နေသည်။

"တို့ပြောတာ ယုံရဲ့လား နွေပွင့်"

"အစ်ကိုဟာ ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် လိမ်ညာမပြော တတ်မှန်း နွေပွင့် နားလည်ထားပါတယ် အစ်ကို"

"စကားကို မငေ့နဲ့ နွေပွင့်၊ တို့မေးတာက အခု ပိုင်းနဲ့ပတ် သက်ပြီး တို့ပြောတာကို နွေပွင့် ယုံရဲ့လားလို့ မေးတာ"

"ယုံပါတယ်၊ သိပ်ကို ယုံပါတယ် အစ်ကို"

"ဒါဆိုရင် တို့ ပြောတော့မယ်၊ ပွင့်ပွင့်လင်းလင်းနဲ့ တိုတို နဲ့ပဲ ပြောမယ်၊ ဝေ့ဝိုက်နေရင် မလေးနက်မှာစိုးလို့ နွေပွင့် ကို တို့ ချစ်တယ်"

အရည်လဲ့သော မျက်ဝန်းစုံဖြင့် နွေပွင့်က ရန်မျိုး နောင်ကို စိုက်ကြည့်နေပေသည်။



အံ့ဩသွားသော အမူအရာမရှိ။ အို ... ဟင် ... သည့် ဟန်အမူအရာမရှိ၊ နွေပွင့် အကြည့်မှာ ပကတိ တည်ငြိမ် ည်။

"တို့ကို နွေပွင့်က တစ်ခုခု ပြန်ပြောလေ၊ တို့ သိပ်ကြား ချင်နေတယ်"

"ဘာပြန်ပြောရမလဲ အစ်ကို"

"တို့ကို နွေပွင့် ချစ်ရင် ချစ်တယ်ပေါ့၊ မချစ်နိုင်ရင် မချစ် ဘူးပေါ့"

နွေပွင့်က ဣန္ဒြေရရလေးပင် စကားပြန်ပြောပါ၏။

"ဟိုတလောက နွေပွင့် အိမ်ကနေပြီး လမ်းထိပ်ထွက်တယ် အစ်ကို၊ လမ်းထိပ်ကို နွေပွင့် ရောက်တဲ့အချိန်မှာပဲ တိုက် တိုက်ဆိုင်ဆိုင် မြင်ကွင်းတစ်ခုကို တွေ့ရတယ်"

"ဘာတွေ့လို့လဲ နွေပွင့်"

"အရှိန်နဲ့ မောင်းလာတဲ့ မော်တော်ကားတစ်စီးဟာ ရှေ့ဘီး တစ်ဖက် ကျွတ်သွားပြီး ကျန်ခဲ့တဲ့ သံပိုင်းသံတန်းကြီးက ကတ္တရာလမ်းပေါ်မှာ တရွတ်တိုက်ဆွဲပြီး မီးတွေပွင့်တယ် အစ်ကို"

"အဲဒါ ဘာဖြစ်လဲ နွေပွင့်၊ မော်တော်ကားရှေ့ဘီးက ရုပ် ကျိုးရင် အဲဒီလို ဖြစ်တတ်တာပဲ"

"နွေပွင့် သေချာကြည့်တယ်၊ မော်တော်ကားက သံပိုင်း သံတန်းကြီးက ဘာမှမဖြစ်ပေမယ့် ကတ္တရာလမ်းမကြီးမှာ တော့ အပေါ်က သံဖိအား ဆွဲအားဒဏ်ကြောင့် ရွတ် ကြောင်းအရှည်ကြီး ချိုင့်ဝင်ပြီး ပျက်စီးသွားတဲ့ လက္ခဏာ တွေ့ရတယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"နွေပွင့် ဘာကိုရည်ညွှန်းပြီး ပြောနေတာလဲဟင်"

"သင်ခန်းစာသဘောပေါ့ အစ်ကို၊ နွေပွင့်နဲ့ အစ်ကို ... အချစ်မီးတောက်ရင် အစ်ကို့ဘက်က သိပ်နာမယ် အစ်ကို့ ... အစ်ကို့ဘဝလမ်းကြောင်းနဲ့ အစ်ကို့ပတ်ဝန်းကျင်မှာ နွေပွင့် ... ကြောင့် ဒဏ်ရာစွတ်ကြောင်းကြီး ရှိနေမယ်"

ရန်မျိုးနောင် ပြုံးပါ၏။

"ဒါဆို နေပွင့်က ကိုယ့်ကို ချစ်တာတော့ ချစ်တယ်၊ ဒါပေမဲ့ ကိုယ့်ဘဝ နာသွားမှာစိုးလို့ ချစ်ရက်နဲ့ ရှောင်နေတာပေါ့ ... ဟုတ်လား"

နွေပွင့် ငြိမ်နေသည်။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာ ရောက်သည်။

ရန်မျိုးနောင်သည် နွေပွင့်၏ လက်ဖဝါးလေးနှစ်ဖက် ... ကို တိတိလင်းလင်းပင် တယုတယ ဆုပ်ကိုင်လိုက်သည်။

"ပြောပါ နွေပွင့်၊ ဒီပြင်ဟာတွေ အကုန်ဘေးချိတ်၊ တစ်ခု ... တည်းကိုပဲ မှန်မှန်ပြော၊ ကိုယ့်ကို နွေပွင့် ချစ်သလား"

နွေပွင့် ဟန်မဆောင်၊ အပိုမာယာမရှိ။ ကလေးငယ် ... တစ်ယောက် ခေါင်းညိတ်ပြသလိုပင် ညိတ်ပြသည်။

"ဒါဆို ပြီးရော၊ ကိုယ့်အနေနဲ့ ကိုတင်မောင်ကြည်ရဲ့ကိစ္စတွေ ... ပြီးတာနဲ့ နွေပွင့်ကို ကျကျနန လက်ထပ်မယ်၊ အခုအတော ... အတွင်း ရန်သူရှိနေသေးတော့ လက်ထပ်တောင် ကျီးလန့် ... စာစား ဖြစ်နေမယ်၊ လက်မထပ်ခင် အတွင်းမှာလည်း ... နွေပွင့်ကို ကိုယ့် အနေအထိုင် မမှားအောင် စောင့်စည်းမယ် ... ဒါလည်း အနေအထိုင် လွန်ကဲသွားရင် နွေပွင့် စိတ်ထဲ ... ကိုယ့်ကို အထင်လွဲမှာစိုးလို့နော်နွေပွင့်"



အနေအထိုင် မလွန်ကဲအောင် ထိန်းသိမ်းမည်ဆို ... ကပင် ရန်မျိုးနောင်သည် ထိုင်ရာမှထကာ နွေပွင့်ကို ... သာစွာ ပွေ့ပိုက်ထားမိသည်။

ပြီး ပါးချင်းကပ်ထားမိသည်။

သည်လောက်တော့ ရှိပေမပေါ့၊ ချစ်ကြပြီပဲဟာ။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



(တစ်ဆယ်)

"ဟေး ... မောင်မျိုး ... လူလေး"

မဟာမြိုင်လမ်း ရန်မျိုးနောင်၏ခြံထဲသို့ ဂျစ်ကား တစ်စီး ဝင်ရောက်သွားသည်။

တိုက်အိမ်ရှေ့ တံခါးပေါက် ဆင်ဝင်အောက်တွင် ဂျစ်ကား ရပ်သွားသည်။

ဂျစ်ကားပေါ်မှ အရပ်ခြောက်ပေ မဟုတ်တော ငါးပေ ဆယ်လက်မထက် မနည်းသော အသက်(၆၅)ခန့်ဟု ခ မှန်းရသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ကားရပ်သည်နှင့် အောက်သို့ ဆင်းလိုက်သည်။

တောင်ဝှေးမပါ၊ တုတ်ကောက်မကိုင်ဘဲ အားမာန မတ် သွက်သွက်လက်လက်ပင် လှုပ်ရှားသော ပုဂ္ဂိုလ်ကြီးဖြစ်ပါ၏

ပုဂ္ဂိုလ်ကြီးသည် ယောအစစ် နှစ်နံ့စပ် အနက်ခံတွင် ကျေးရုပ်ဖြူကလေးတွေ ထိုးထားသော နှစ်လက်မခန့် အကျယ် အဖြူလိုင်း ဒေါင်လိုက်ပါသည့် လုံချည်ကို ဝတ်ထားသည်။

တိုက်ပုံအင်္ကျီ မီးခိုးရောင်မှာ ရင်စေ့မဟုတ်သ ဩဘာဆရာများ ဝတ်တတ်သည့် ရင်ဖုံးတိုက်ပုံမျိုး ဖြစ်သည်



ဆံပင်မှာ ငွေရောင် တောက်ပနေပြီး သျှောင်တစောင်း ထုံးထားသည်။ ပိုးပဝါကို ခေါင်းပေါင်းမထားဘဲ လည်ကုပ်မှရင် ဘတ်နှစ်ဖက်ပေါ်တွင် အစချထားသည်။

သဘင်ထဲတွင် မင်းသားကြီးလုပ်သူနှင့် တူသလိုရှိ သည်။

"ဟင် ... ဘိုးဘိုး ရန်ကုန်လာတယ်"

ရန်မျိုးနောင်သည် ဖက်လှဲတကင်း ဂရုတစိုက်ဖြင့် ဂျစ်ကားထဲမှဆင်းကာ အဘိုးကို ပျူငှာစွာ လက်မောင်းကိုင်ရင်း ပြောလိုက်သည်။

"လာ လာ ... ဘိုးဘိုး၊ အိမ်ထဲမှာ အနားယူဦး၊ ခရီးက ပန်းနဲ့ ဘာလို့လာတာလဲ၊ ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်ရင် ကျွန်တော် လာမှာပဲဟာ"

"မဟုတ်ဘူးကွ လူလေးရ၊ ဘိုးဘိုးကိုယ်တိုင်လာမှ ဖြစ်မှာမို့ လာရတာ ရန်ကုန်ဘဏ်ကိုလာတာလေကွာ"

"ရန်ကုန်ဘဏ် ဟုတ်လား၊ ဘိုးဘိုး ပဲခူးဘဏ်မှာလည်း ငွေအပ်ထားတာပဲ၊ ရန်ကုန်ဘဏ်မှာ ဘိုးဘိုး ငွေအပ်တယ်လို့ ကျွန်တော် တစ်ခါမှ မကြားမိပါဘူး ဘိုးဘိုး"

"အေး ... လူလေးမပြောနဲ့၊ လူလေး ဖေဖေနဲ့မေမေတောင် မသိဘဲ ကွယ်လွန်သွားကြတာ၊ လူလေး ဆယ်နှစ်သားဘဝ ကတည်းက လူလေးအတွက် ရည်စူးပြီး ရန်ကုန်ဘဏ်မှာ ငွေသုံးသိန်းကို ငွေသေအပ်ထားတယ်၊ နှစ်စဉ်ရတဲ့ အတိုး ငွေက ငွေရင်းပြန်ဖြစ်ပြီး နှစ်ထပ်တိုးစနစ်နဲ့ပေါ့ကွာ၊ အခု လူလေး အသက်အစိတ်ပြည့်တဲ့အချိန် ဘဏ်အပ်တာ ဆယ့်ငါးနှစ်ရှိတော့ အားလုံး ဘဏ်အပ်ငွေဟာ ဆယ်သိန်း

www.burmeseclassic.com

www.burmeseclassic.com



လောက် တိုးပွားလာတယ်၊ အဲဒီကိစ္စအတွက် ဘဏ်မန်နေဂျ
က ဘိုးဘိုးကို လူကိုယ်တိုင် လာတွေ့ဖို့ အကြောင်းကြ
တာနဲ့ ဘိုးဘိုး ရန်ကုန်ကို ဆင်းလာတာ၊ အဲဒီငွေတွေအ
လုံး လူလေး လက်ထပ်တဲ့နေ့မှာ လွှဲပြောင်းပေးမ
အဲဒါတွေက ဘိုးဘိုးရဲ့မင်္ဂလာလက်ဖွဲ့ပေါ့ကွာ၊ အေး ...
ကျန်တဲ့ ဘိုးဘိုး ပိုင်ဆိုင်သမျှလည်း လူလေးကိုပဲ အ
လွှဲပေးဖို့ ပဲခူးက အကျိုးဆောင် ဝတ်လုံတော်ရနဲ့ စီ
ထားပြီးသားပါ”

“အဲဒါတွေ ထားပါဦး၊ ဘိုးဘိုးက ရန်ကုန်ရောက်ရော
ချင်း ကျွန်တော့်အိမ်ကိုတော့ တန်းမလာဘူး”

“ဟ ... ဘိုးဘိုးက ပဲခူးက မနက်ရှစ်နာရီခွဲမှ ထွက်
တာ၊ ရုံးချိန်အတွင်းမှ ဘဏ်မန်နေဂျာနဲ့ တွေ့နိုင်မ
မဟုတ်လား၊ ရန်ကုန်ရောက်တော့ ဆယ်နာရီထိုးပြီ
လူလေး ရုံးတက်နေပြီလေ၊ ဒါကြောင့် အိမ်ကိုမလာတ

“ကျွန်တော် အလုပ်ထွက်လိုက်ပြီ ဘိုးဘိုး”

“အေး ... သိခဲ့တယ်၊ ကြားခဲ့တယ်ကွ၊ ဘဏ်မန်နေဂျ
တွေ့ပြီးမှ ကိုဘဝိုင်းနဲ့ မတင်ဝိုင်းတို့ ဝင်ဒါမီယာ
အိမ်ကို ဘိုးဘိုးသွားတယ်၊ ဟဲ ... ဟဲ ... သူတို့အ
လူလေး အလုပ်ထွက်တာကို မကျေမနပ် ပြောကြတ
ဒီအလုပ်မှာ မပျော်ရင်လည်း ဒိပြင် နိုင်ငံခြားအလုပ်
စီစဉ်တာကိုလည်း လူလေးက ငြင်းတယ်၊ ဘာမဟုတ်
စာရေးဆရာအလုပ်ပဲ လူလေးက လုပ်မယ်ဆိုလို့ သူ
သမီးဝိုင်းနဲ့ လက်ထပ်ဖို့ကိစ္စတောင် သူတို့က ဖျက်သ
တယ်ဆိုပဲ”



“မတတ်နိုင်ဘူး ဘိုးဘိုး၊ ဒီကိစ္စမှာ ကျွန်တော် ဘိုးဘိုးကို ရော ဖေဖေနဲ့ မေမေကိုရော ကတိပျက်တာ မဟုတ်ပါဘူး နော်”

“ဟာ ... လူလေး မမှားပါဘူး၊ သူတို့ကိုယ်တိုင်က လက်ထပ်ဖို့ကိစ္စ ရုပ်သိမ်းတာပဲ၊ အေး ... သူတို့က လခစား အရာရှိအလုပ်မှ အထင်ကြီးကြသကိုးကွ၊ တက္ကသိုလ် တစ်ခုခုမှာ သင်ကြားပြီး ဘွဲ့ရတဲ့အခါ လခစား ကိုယ့်ဘွဲ့နဲ့ ထိုက်တန်တဲ့ လခစား အလုပ်တစ်ခုခုက ရပါတယ်၊ ရလို့လည်း လုပ်နေကြတဲ့သူတွေ အများကြီးပဲ လူလေးရ၊ အေး ... စာရေးဆရာ တစ်ယောက် ဖြစ်လာဖို့ကတော့ ဘယ်တက္ကသိုလ်ကမှ သင်ပေးလို့မရဘူး။ ဝါသနာရယ်၊ ပါရမီရယ်၊ စန်းရယ် တိုက်ဆိုင်မှ သုံးခုရှိမှ အောင်မြင်တဲ့ စာရေးဆရာ ဖြစ်လာရတာ၊ လူတစ်ထောင် လူတစ်သောင်း မှာ စာရေးဆရာတစ်ယောက် ဖြစ်လာဖို့ လွယ်မှတ်လို့”

“ဒါဆို အခု ဝိုင်းနဲ့ကျွန်တော် လက်ထပ်ရေး ပျက်ပြား သွားတဲ့အတွက် ဘိုးဘိုးက ကျွန်တော့်ကို မဆူဘူးပေါ့နော်”

“ဘာလို့ ဆူရမှာလဲ လူလေးရ”

“ဝမ်းသာလိုက်တာ ဘိုးဘိုးရာ၊ ဒါဆို ဘိုးဘိုးခဏစောင့် ကြည့်နော်”

ရန်မျိုးနောင်သည် ပြောပြောဆိုဆို မီးဖိုဘက်သို့ လှမ်းအော်ခေါ်လိုက်သည်။

“နွေပွင့်ရေ ... ဝေး ... နွေပွင့်”

ဘိုးဘိုး ဦးဘကောင်းက သူ့မြေးချစ် ဘာတွေလုပ်

www.burmeseclassic.com

www.burmeseclassic.com



မလဲဟု စောင့်ကြည့်သည့်အနေဖြင့် ကုလားထိုင်ကို ကျကျနန ကာ မီးဖိုဘက်သို့ လှမ်းကြည့်နေသည်။

နွေပွင့်သည် မီးဖိုထဲတွင် လုပ်လက်စ ကိုင်လျက် နှင့်မို့ ကပိုကရိုလေး ထွက်လာပေသည်။

"လာ ... နွေပွင့်၊ ဘိုးဘိုးနဲ့ မိတ်ဆက်ပေးမလို့၊ ခဏ ထ ဦး"

ဘိုးဘိုးဘက်သို့ ရန်မျိုးနောင် လှည့်လိုက်ပြန်သည်

"ဘိုးဘိုး ... သူ့နာမည်က နွေပွင့်တဲ့၊ မိခင်က မုဆိုး မျက်စိအားမကောင်းဘူး၊ မျက်စိရောဂါ ရှိနေတယ် ဆို တော့၊ လူချမ်းသာထဲကလည်း မဟုတ်ဘူး၊ အန္တရာယ် ပတ်သက်တဲ့ အကြောင်းတစ်ခုကြောင့် ပထမတုန်း နွေပွင့်တို့ သားအမိကို ဘိုးဘိုးရဲ့အိမ် ပဲခူးကို ပို့ထားဖ စီစဉ်သေးတယ်၊ နောက်တော့ ကျွန်တော့် ကားဂိုဒေါ အပေါ်ထပ်မှာပဲ လောလောဆယ် ထားလိုက်တယ်"

ဘိုးဘိုး ဦးဘကောင်းသည် မြေးချစ် ရန်မျိုးနော ပြောသမျှကို နားထောင်ရင်း ဘာမှ ပြန်မပြောသေးဘဲ နွေပွင့် စိုက်ကြည့်နေပေသည်။ ရန်မျိုးနောင်က ဆက်ပြောသည်။

"ဘိုးဘိုးဆီက ကျွန်တော် နောက်ဆုံးအခေါက် မီးရထ ပြန်လာတော့ ထောက်ကြံ့နားမှာ လူတစ်ယောက်ကိုတ လူသုံးယောက်က အနိုင်အထက် လုပ်နေတာတွေ့ ကျွန်တော် ဝင်ကယ်တယ်၊ အဲဒီ ကျွန်တော်ကယ်လိုက် ကိုတင်မောင်ကြည် ဆိုတဲ့လူဟာ ဆေးရုံရောက်ပြီး မြေ ခင် သေသွားတယ်၊ အဲဒါတွေက ဓာတ်လမ်းအရှည်ကြီး



ဘိုးဘိုး၊ နောက် အေးအေးဆေးဆေးကျမှ ဘိုးဘိုးကို ကျွန်တော် ပြောပြမယ်၊ အဲ ... အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး နွေပွင့်မှာ အန္တရာယ်တွေ ရှိလာလို့ အခု ကျွန်တော့် အိမ်မှာ ခေါ်ထားတာ၊ နွေပွင့်က ဂိုဒေါင်တန်းလျားမှာပဲ နေပါရစေ ဆိုတာနဲ့ ..."

ရန်မျိုးနောင်က တစ်ဖန် နွေပွင့်ဘက် လှည့်လိုက်ပြန်သည်။

"အဲဒါ တို့ ဘိုးဘိုးပဲ နွေပွင့်၊ ပဲခူးက ဘိုးဘိုးလေ"

နွေပွင့်က ဘိုးဘိုးကို ပြုံးရုံလေး ပြုံးပြသည်။

ဘိုးဘိုး ဦးဘကောင်းက ခေါင်းတညိတ်ညိတ် ရှိနေသည်။

ရန်မျိုးနောင်က ဘိုးဘိုးဘက် ပြန်လှည့်ပြန်သည်။

"ဒီမယ် ဘိုးဘိုး"

"လူလေးက ဒီလုံမလေးနွေပွင့်ကို မေတ္တာရှိနေပြီ၊ လက်ထပ်မယ်လို့ ပြောမလို့မဟုတ်လား လူလေး"

"ဟာ ... ဘိုးဘိုးကလည်း တပ်တပ်အပ်အပ်ကြီးကို ပြောချတာပါလား"

ရန်မျိုးနောင်ရော နွေပွင့်ပါ ဘိုးဘိုးကို အံ့သြရပါ၏။

"ကြည့်သောသူ မြင်၏ ဆို မဟုတ်လား၊ ဒီလုံမလေးနွေပွင့်နဲ့ ပတ်သက်ပြီး လူလေးပြောတဲ့အသံ၊ လူလေးရဲ့အမူအရာ၊ လူလေးရဲ့မျက်လုံးတွေနဲ့ လုံမလေးရဲ့မျက်လုံးကို ဘိုးဘိုးကြည့်တာနဲ့ လူလေးတို့နှစ်ယောက် မေတ္တာရှိနေပြီလို့ ဘိုးဘိုး မြင်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး မြင်တာတော့ ဟုတ်ပါပြီ၊ နွေပွင့်နဲ့ ကျွန်တော် လက်ထပ်ဖို့ကိစ္စမှာ ဘိုးဘိုးသဘောထားကကော ဘယ်လို လဲဟင်"

"ဘယ်လိုမှ မလဲဘူး လူလေး"

"ဟာ ... ဘိုးဘိုးကလည်း"

"နားထောင် လူလေး၊ လူလေးရဲ့ဖေဖေ ရန်နိုင်တုန်း လူလေးရဲ့မေမေ ရည်မွန်ကို လက်ထပ်ဖို့ မိဘဖြစ် ဘိုးဘိုးနဲ့ ဘွားဘွားကို ရည်မွန်နဲ့ဆိုရင် ဘယ်လိုသဘော ရသလဲလို့ မေးတယ်၊ အဲဒီတုန်းကလည်း ဘိုးဘိုး လူလေးရဲ့ဖေဖေကို ပြောလိုက်တယ်၊ ဘယ်လိုမှ သဘော မရဘူးလို့၊ အေး ... ရန်နိုင်က ရည်မွန်ကို လက်ထပ်ချင် လည်း ဘိုးဘိုးက မိဘတို့ ဝတ္တရားအတိုင်း လုပ်ပေး ပေးခဲ့တယ်"

"ဒါဆို ဘိုးဘိုးနဲ့ ဘွားဘွားက သားတုန်းက လက်ထပ် ကိစ္စမှာလည်း ဘိုးဘိုးဘွားဘွားဆန္ဒ မပါဘူး၊ ဝတ္တရား အတိုင်း လုပ်ပေးတယ်၊ အခု မြေးလက်ထက်ကျ လည်း ဆန္ဒမပေးဘူး၊ မင်းဟာမင်း လက်ထပ်ချင်သူ လက်ထပ်ဆိုတဲ့ သဘောက လျစ်လျူမရှုလွန်းဘူးလား ဘိုးဘိုး"

ဘိုးဘိုးက ရယ်လိုက်သည်။ ယခုအရွယ်အထိ ဘိုး သည် သွားတစ်ချောင်းမျှ မကျိုးသေး။ စာဖတ်သည့်အခါမှ မျက်မှန်မတပ်သေး၊ နားကလည်း မလေးရုံမက ပါးသည်မှ နေသည်။ ငယ်စဉ်ကတည်းက ကွမ်းမစား၊ ဆေးလိပ်မသော အရက်လုံးဝရှောင်ကြဉ်ပြီး အားကစားနှင့် ကာယလေ့ကျင့် များ လုပ်ခဲ့သောကြောင့်ပေလား မပြောတတ်။



"လူလေး မှားမှာပေါ့၊ ရန်နိုင်တုန်းကရော၊ အခု လူလေး ကျတော့ရော လျစ်လျူရှုတာ မဟုတ်ဘူး၊ ဘိုးဘိုး စိတ်ရော ကိုယ်ပါ စေတနာမေတ္တာထားတာ လူလေးရဲ့"

"ဘိုးဘိုးရဲ့ စေတနာမေတ္တာကို ဘိုးဘိုးပဲ ရှင်းပြပါဦး"

"ရာသက်ပန် အတူပေါင်းသင်းသွားရမှာက ကာယကံရှင် ပဲ လူလေး၊ ဒီတော့ သားရန်ပိုင် သူ မေတ္တာရှိတာ သူ ယူ ပလေ့စေပေါ့၊ အခု လူလေးကျတော့လည်း လူလေးချစ်တဲ့ သူကို လူလေးယူတာ ဘိုးဘိုး ဘယ်လိုမှ သဘောမရဘူး ဆိုတာ ဘိုးဘိုး လူလေးအပေါ်မှာ ထားရှိတဲ့ စေတနာ မေတ္တာပဲပေါ့၊ အဲ ... တစ်ခုတော့ရှိရဲ့ကွ၊ လူလေးရဲ့ဖေဖေ တုန်းကတော့ ဘိုးဘိုးနဲ့ဘွားဘွား ရည်မှန်းထားတဲ့မိန်းက လေး ရှိတယ်၊ ဒါပေမဲ့ ရန်နိုင် ရည်မွန်ကိုမှ လက်ထပ် ချင်တော့လည်း ကာယကံရှင် ရန်နိုင့်သဘောပေါ့ကွာ"

"ဘိုးဘိုးပြောပုံကြီးက ဘိုးဘိုးသဘောတူတယ်ကွ ဆိုတာ လို ဟက်ဟက်ပက်ပက် မရှိဘူး"

"အဲဒါတော့ လူလေး မှန်တယ်၊ လုံမလေး နွေပွင့်ကို ဘိုးဘိုး အခုမြင်ဖူးတာ မိနစ်ပိုင်းပဲ ရှိသေးတယ်၊ လုံမလေး ရဲ့အင်္ဂါရုပ်ကို ကြည့်ရခြင်းအားဖြင့်တော့ တော်ပါတယ်၊ ဒါပေမဲ့ ပေါက်ဖွားလာတဲ့ မိဘမျိုးရိုးတို့၊ အကျင့်သိက္ခာ တို့ ဘိုးဘိုး ဘာမှမသိသေးတာပဲ၊ တစ်ချီတည်း ဘိုးဘိုး သဘောတူတယ်ကွလို့တော့ ဘယ်ပြောမလဲ၊ အဲ ... တစ်ခု တော့ ဘိုးဘိုးက လူလေးကို မေးချင်တယ်"

"မေးပါ ဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘဝိုင်းနဲ့ မတင်ဝိုင်းရဲ့သမီး ဝိုင်းက လူလေးကိုစာရေးဆရာကတော်ဘဝတော့ အရောက်မခံနိုင်ပါဘူး၊ ဒါကြောင့် လက်ထပ်ဖို့ကိစ္စကို ဝိုင်းက ဖျက်တယ်လို့ပြောတာဟာ လူလေးနဲ့ ဟောဒီလုံမလေး နွေပွင့် မတွေ့ခင်က ပြောတာလား၊ တွေ့ပြီးမှ ပြောတာလား လူလေး"

"သောကြာနေ့ညက တင်မောင်ကြည်ကို ကျွန်တော် ဆေးရုံပို့ခဲ့တယ်၊ စနေနေ့မနက် အင်းစိန်ဆေးရုံ မသွားခင် ဝိုင်းရောက်လာပြီး လက်ထပ်ဖို့ ဖျက်သိမ်းကြောင်း ပြောတယ်၊ အဲဒီနောက် ကျွန်တော် အင်းစိန်ဆေးရုံကိုသွားတယ်၊ ဆေးရုံက ပြန်မလို့ ကားဆီပြန်လာမှ နွေပွင့်ကို ပထမဆုံးတွေ့ဖူးတာဆိုတော့ နွေပွင့်နဲ့ မတွေ့ခင်ကတည်းက ဝိုင်းက လက်ဖို့ကိစ္စ ဖျက်သိမ်းသွားတာပါ ဘိုးဘိုး"

"အေး ... ဒါဆို ကောင်းတယ်၊ ဘိုးဘိုး ဆိုလိုချင်တာက လုံမလေး နွေပွင့်ကို တွေ့ပြီးမှ ဝိုင်းနဲ့လက်ထပ်ဖို့ ဖျက်သိမ်းတာဆိုရင် မပြေးသော် ကန်ရာရှိ လူလေးမှာ မိဘအပေါ် ကတိပျက်ရာများ ရောက်မလားလို့"

"ဟာ ... ဘိုးဘိုး ဒါဆို သေချာတယ်၊ နွေပွင့်ဆိုတာ ဖြူသလား မည်းသလား ကျွန်တော် မမြင်ဘူးခင်ပဲ ဝိုင်းက လက်ထပ်ဖို့ကိစ္စ ဖျက်သွားတာ"

ဘိုးဘိုးက ခေါင်းညိတ်ပေးသည်။

"အေး ... လုံမလေး နွေပွင့်က ဘိုးဘိုးကို စပ်စုလိုက်တဲ့ အဘိုးကြီးလို့တော့ မထင်နဲ့ပေါ့ကွယ်၊ ဘိုးဘိုးပြောခဲ့ပြီပဲ၊ လူလေးက လုံမလေးနွေပွင့်ကို လက်ထပ်တာ ကာယကံရှင်



ရဲ့သဘောအတိုင်းပါလို့၊ အခု ဘိုးဘိုး မေးချင်တာက လုံမလေးနွေပွင့်ရဲ့မိဘတွေဟာ ဘယ်သူတွေလဲ"

"ဖေဖေက ဦးလွမ်းဝေ၊ မေမေက ဒေါ်စောမာလာပါ ဘိုးဘိုး၊ ဖေဖေ ဆုံးသွားတာ ငါးနှစ်တောင်ကျော်သွားပါပြီ"

"စောမာလာ ... လွမ်းဝေ ... စောမာလာ"

ဘိုးဘိုးသည် မျက်ခုံးနှစ်ဖက် ပင့်ထားသည်။ မျက်နှာကြက်ကိုမော့ကြည့်သည်။ နှုတ်မှလည်း စောမာလာ ... လွမ်းဝေ ... စောမာလာ ... ဟု အထပ်ထပ် အခါခါ ရွတ်ကြည့်နေသည်။

ပြီးမှ ...

"ဟဲ့ ... နင့်အမေဟာ မန္တလေးသူ မဟုတ်လား၊ နင့်အမေ စောမာလာရဲ့မိဘတွေကကော ဘယ်သူတွေလဲ"

နွေပွင့် ခေါင်းခါသည်။

"နွေပွင့် မသိဘူး ဘိုးဘိုး၊ နွေပွင့် မှတ်မိတဲ့ ငါးနှစ်ခြောက်နှစ်အရွယ်မှာ ဖေဖေနဲ့မေမေတို့ အားလုံး ရန်ကုန်မှာပဲ နေကြတာ မှတ်မိတယ်၊ ဖေဖေက တီးဝိုင်းတွေမှာ စန္ဒရားတီးတဲ့အလုပ်နဲ့ နွေပွင့်တို့ကို လုပ်ကျွေးတယ်"

"လုံမလေးရဲ့မေမေကို လုံမလေးရဲ့အဘိုးအဘွားတွေ ဘယ်သူတွေလဲ၊ ဘယ်မှာနေကြလဲလို့ မမေးဘူးလား လုံမလေး"

"ခဏ ခဏ မေးဖူးတယ်၊ မေးတိုင်း နွေပွင့် အရိုက်ခံရတယ်၊ မေမေက သူ့မိဘအကြောင်း ဘယ်တော့မှမမေးနဲ့တဲ့၊ မေးတိုင်း စိတ်ဆိုးတယ်၊ ဖေဖေကလည်း ပြောမပြဘူး၊ မေမေက မပြောရဘူးလို့ ဖေဖေ့ကို တစ်ချက်လွှတ်အမိန့် ထုတ်ထားတယ် ဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟုတ်ပြီ၊ ကဲ ... လူလေးရော လုံမလေးရော နွေပွင့်ရဲ့အမေ စောမာလာကို သွားခေါ်ခဲ့စမ်း"

"ဘာလို့လဲ ဘိုးဘိုး"

"သွားခေါ်မှာ ခေါ်စမ်းပါ လူလေးရာ၊ လုံမလေးအမေ စောမာလာဟာ ဘယ်သူဘယ်ဝါဆိုတာ ဘိုးဘိုးမျက်စိနဲ့ တပ်အပ်မြင်ချင်လို့"

"လာ ... နွေပွင့်"

ရန်မျိုးနောင်သည် ဘိုးဘိုးအကြောင်း ဓာတ်သိပြီး သောကြောင့် နောက်ထပ် စောဒကမတက်တော့ဘဲ နွေပွင့်လက်ကိုဆွဲကာ ဂိုဒေါင်တန်းလျားဆီသို့ သွားတော့သည်။

"မေမေ ... အစ်ကိုတို့ ဘိုးဘိုး ရောက်နေတယ်၊ နွေပွင့်ကို မိဘတွေ ဘယ်သူလဲလို့ မေးလို့ ဖေဖေဦးလွှမ်းဝေနဲ့ မေမေဒေါ်စောမာလာရဲ့သမီးလို့ ပြောတော့ အဲဒီ အစ်ကိုတို့ဘိုးဘိုးက မေမေ့ကို တွေ့ချင်လို့တဲ့၊ အစ်ကို့ကို ကိုယ်တိုင်သွားခေါ်ပေးတဲ့ မေမေ"

"နေပါဦး၊ မောင်ရန်မျိုးနောင်ရဲ့ဘိုးဘိုးက ဘယ်သူတဲ့လဲ"

"ဦးဘကောင်းပါ ဒေါ်ဒေါ်"

ဦးဘကောင်းဟု ပြောသည်နှင့် နွေပွင့်မေမေ၏ မျက်နှာသည် ညှိုးနွမ်းသွားသည်။

"ဪ ... ဪ ... မောင်ရန်မျိုးနောင်ရဲ့ဘိုးဘိုးက ဘဘကောင်ကိုး၊ ဒါဆို မောင်ရန်မျိုးနောင်ရဲ့ဖေဖေဟာ ဦးရန်နိုင်၊ မေမေက ဒေါ်ရည်မွန်၊ ဟုတ်ရဲ့လား မောင်ရန်မျိုးနောင်"



"ဟာ ... ဟုတ်တယ် ဒေါ်ဒေါ်၊ ဖေဖေနဲ့မေမေ ဆုံးသွားတာ သုံးနှစ်လောက် ရှိပါပြီ၊ ဖေဖေနဲ့ မေမေကို ဒေါ်ဒေါ်က သိလားဟင်"

"သိတယ်လည်း မဟုတ်ဘူး၊ မသိဘူးလည်း မဟုတ်ပါဘူး ကွယ်"

"အိုး ... မေမေ့စကားက တစ်မျိုးကြီးပဲ၊ ကဲပါ ... အစ်ကို့ဘိုးဘိုး ခေါ်နေတာ မေမေ လိုက်ခဲ့လေ"

နွေပွင့်၏မေမေသည် အားတက်သရောမရှိလှ။ သမီး နွေပွင့်က အတင်းဆွဲထူခေါ်သည်ကို လိုက်လျောသည့် အသွင်သဏ္ဌာန်သာ ရှိပေသည်။

ရန်မျိုးနောင်နှင့် နွေပွင့်က တစ်ဖက်စီတွဲကာ နွေပွင့်မေမေအား ခေါ်လာခဲ့ပြီး ဘိုးဘိုးနှင့်မျက်နှာချင်းဆိုင် ဆက်တီဆိုဖာတွင် ထိုင်စေသည်။

"ဟဲ့ ... စောမာလာ၊ နင့်မျက်စိတွေ မကောင်းဘူးဆိုပေမယ့် နားတော့ ကောင်းတယ် မဟုတ်လား၊ ငါ့အသံကို နင် မှတ်မိလား"

"မှတ်မိပါတယ် ဘဘကောင်း"

"အေး ... ဟုတ်တယ်၊ ငါဟာ ဘဘကောင်းပဲ၊ နင့်အဖေ သဏ္ဌာန်နဲ့ နင့်အမေကြေးမုံရဲ့ အရင်းနှီးဆုံးမိတ်ဆွေမှန်း နင် မှတ်မိတယ်နော်"

"မှတ်မိပါတယ် ဘဘကောင်း"

"နင် မိုက်တယ် စောမာလာ"

"စောမာလာရဲ့မိုက်ပြစ်နဲ့ စောမာလာ ခုချိန်ထိ ဖေဖေနဲ့ မေမေကို အတွေ့မခံဘဲ ရှောင်နေပါတယ် ဘဘကောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဟာရဲ့ဟာ ဘာလွဲဆံမင်ကောင်းပဲ၊ နှင် လွမ်းဝေနောက်လိုက်ပြေးတော့ သက္ကနဲ့ ကြေးမုံဟာ နှင့်ကို စိတ်ဆိုးတယ်၊ သတင်းစာတွေကနေပြီး နှင့်ကို သေခန်းပြတ်၊ အမွေပြတ် ဆက်တိုက်ထည့်ခဲ့တယ်"

"အဲဒီ သတင်းစာမှာ ကြော်ငြာသမျှ စောမာလာ ဆက်တိုက် ဖတ်ခဲ့ရတယ်၊ ငိုခဲ့ရတယ် ဘဘကောင်း၊ ဖေဖေနဲ့ မေမေဟာ စောမာလာကို နားမလည်ကြဘူး၊ စောမာလာ ဘာဖြစ်လို့ ကိုလွမ်းဝေနောက်ကို ကောက်ကာငင်ကာ လိုက်ပြေးရတာကို ဖေဖေနဲ့မေမေနားမလည်ဘူး၊ စောမာလာကို ခွင့်မလွှတ်ဘူး၊ ရက်စက်ကြတယ်"

"အေး ... မိဘဆိုတာ ဒီလိုပဲ၊ ဒါပေမဲ့ သက္ကနဲ့ကြေးမုံ ဒေါသပြေပြီး နှင့်ကို မြန်မာတစ်ပြည်လုံး လူတွေလွှတ်ပြီး ရှာခဲ့တယ်၊ သတင်းစာကနေ နှင့်ကို ခွင့်လွှတ်တယ်လို့ ထည့်ခဲ့တယ်၊ ဒါတွေကော နှင် မသိဘူးလား စောမာလာ"

"စောမာလာ တမင်ရှောင်နေခဲ့တာပါ ဘဘကောင်း ကိုလွမ်းဝေနဲ့ စောမာလာ သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားခဲ့တယ်၊ အခု သားကြီးက ထောင်ကျနေတယ်"

"သက္ကနဲ့ ကြေးမုံတို့ ပြီးခဲ့တဲ့ သုံးနှစ်က ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားတာကော နှင် သတင်းစာရဲ့နာရေးကြော်ငြာမှာ မဖတ်မိဘူးလား"

"ဟင် ... ဖေဖေနဲ့ မေမေ ကွယ်လွန်သွားကြပြီလား ဘဘကောင်း၊ အဲဒါ စောမာလာ လုံးဝမသိဘူး၊ စောမာလာ မျက်စိက သတင်းစာ မဖတ်နိုင်တာ လေးနှစ်လောက်ရှိနေပြီ၊ သားနဲ့သမီးကိုလည်း မန္တလေးက ဖေဖေနဲ့ မေမေ့အကြောင်း တစ်လုံးမှ ပြောမထားဘူး၊ သားနဲ့ သမီးဟာ သူတို့ရဲ့အဘိုးအဘွား ဘယ်သူဘယ်ဝါမှန်း ခုထက်ထိမသိကြရှာဘူး ဘဘကောင်း"



ဒေါ်စောမာလာသည် ယခုမှ မိဘကွယ်လွန်ကြောင်း သိရပြီး ချုံးပွဲချ ငိုကြွေးတော့သည်။

"ကဲ ... စောမာလာ၊ သက္ကနဲ့ ကြေးမုံဟာ ခုလောက်ဆို အရိုးဆွေးလောက်ပြီ၊ နှင့်မိဘနဲ့ ခွဲနေတာလဲ နှစ်ပရိစ္ဆေဒကြာပြီ၊ နှင် မာနကြီးပြီး မိဘနဲ့ ဆွေပြတ်မျိုးပြတ် ရှောင်နေတဲ့အတွက် နှင့်သားနဲ့သမီးလေးတွေခမျာ မဆင်းရဲသင့်ဘဲ ဆင်းရဲရတယ်၊ ကြေးမုံက တစ်နှစ်စောပြီး ဆုံးတယ်၊ အဲဒီနောက် သက္ကဟာ ဆုံးခါနီး ငါ့ကို ကြေးနန်းရိုက်ခေါ်တယ်၊ တရားဝင် အကျိုးတော်ဆောင်နဲ့ နှင်တို့ မန္တလေး ဓားတန်းက ခြံကြီးနဲ့ တိုက်ကြီးကိုရော ကြေးမုံရဲ့လက်ဝတ်ရတနာသေတ္တာရော၊ ဘဏ်မှာရှိတဲ့ ငွေငါးသိန်းကိုရော ငါ့ကိုလွှဲပြောင်းပေးသွားတယ်၊ နောက်ပြီး သက္ကက ငါ့ကို မှာသွားတယ်၊ ဒီပစ္စည်းတွေအားလုံး သူ့သမီး စောမာလာကို လူ့ပြည်မှာမရှိတော့ဘူးဆိုရင် စောမာလာက ပေါက်ဖွားခဲ့တဲ့ သူ့မြေး ဘယ်နှယောက်ကိုဖြစ်ဖြစ် ညီညီမျှမျှ ခွဲပေးပါတဲ့၊ သက္ကထားခဲ့သမျှ ပစ္စည်းတွေ ငါ့ဆီမှာအားလုံး ရှိတယ်၊ ဓားတန်းတိုက်နဲ့ ခြံမှာလည်း လခပေးပြီး အစောင့်ထားတာ ခုထက်ထိပဲ၊ ခြံနဲ့တိုက်ကိုလည်း ငါမပြတ်ဘဲ အမြဲပြုပြင်ထားတယ်၊ ကဲ ... နှင်တို့ရှေ့လျှောက်ဘာမှ မပူနဲ့တော့၊ ကြည့်စမ်း နှင့်သမီး လုံမလေးနွေပွင့်ဟာ

www.burmeseclassic.com



ဘယ်လောက် သနားစရာကောင်းလဲ၊ နင်တို့ပစ္စည်းတွေ အားလုံး ငါ ပြန်အပ်မယ်”

ဘိုးဘိုးသည် ပြောပြောဆိုဆို ရန်မျိုးနောင်ဘက်သို့ လှည့်လိုက်ပြန်သည်။

“ကြည့်စမ်း လူလေး၊ လောကကြီးဟာ ဘယ်လောက် ဆန်းကြယ်သလဲ၊ သံသရာ တစ်ပတ်လည်တယ်ဆိုတာ မှန်တာပဲ၊ ဘိုးဘိုးဟာ သက္ကနဲ့ကြေးမုံရဲ့သမီး စောမာလာ ကို စုံစမ်းနေတာ သက္က ဆုံးသွားကတည်းကပဲ ဘယ်မှာမှ သတင်းမရဘူး၊ အခု တွေ့မယ့်တွေ့တော့ လုံမလေးနွေပွင့် နဲ့ လူလေးက လက်ထပ်မယ့်သူတွေအဖြစ် လာတွေ့ရတာ ပဲ၊ ဘယ်လောက် ဝမ်းသာစရာကောင်းလဲ၊ ကဲ ... ဘိုးဘိုး ပြောတော့မယ်၊ လုံမလေးနွေပွင့်နဲ့ လူလေးရန်မျိုးနောင်ကို ဘိုးဘိုးကြီး သဘောတူတယ်ဟေ့ သဘောတူတယ်၊ ကျေ ကျေနပ်နပ်ကြီး သဘောတူတယ်၊ ကဲ ... လူလေးကျေနပ် ပလား၊ စောစောက လူလေးက ဘိုးဘိုးကို ပြောခဲ့တယ် လေ၊ ဟက်ဟက်ပက်ပက် မရှိဘူးလို့၊ အခုဟက်ပက်ပြီ မဟုတ်လား၊ လူလေး ကျေနပ်ပြီမဟုတ်လား”

ရန်မျိုးနောင်က အဘိုးကို အားရပါးရဖက်ပြီး ရယ် မောပါ၏။

နွေပွင့်ကလည်း သူမ၏မိခင် ဒေါ်စောမာလာကို ပခုံးဖက်ကာ ရယ်နေပါ၏။

“လုံမလေး နွေပွင့်နဲ့လူလေးတို့ စောမာလာကို ပြန်ပို့ပေး လိုက်ပါ၊ အနားယူပါစေ၊ စောမာလာအဖို့ ခုချိန်မျိုးမှာ ဝမ်းနည်းဝမ်းသာ ဖြစ်နေမယ်၊ စောမာလာလည်း စိတ်



ချမ်းချမ်းသာသာနေ၊ နင့်မျက်စိကို နင့်သမက်လောင်း လူလေးရန်မျိုးနောင်က ပြန်ကုပေးဖို့ စီစဉ်လိမ့်မယ်၊ ဘာမှ မပူနဲ့တော့၊ နင်တို့ရတဲ့အမွေနဲ့ ဘာမှ အောက်ကျစရာမရှိ တော့ဘူး”

နွေပွင့်နှင့် ရန်မျိုးနောင်ပင် ဒေါ်စောမာလာကို [illegible]ခန်းလျားသို့ ပြန်ပို့ပေးပြီး နှစ်ယောက်အတူ ပြန်လာကြသည်။

“ဘိုးဘိုး”

“ပြော လူလေး”

စောမာလာကို ပြန်ပို့ပြီး ဧည့်ခန်းတွင် ပြန်ထိုင်မိ ကြသည်နှင့် ရန်မျိုးနောင်က တစ်ခုခု မေးချင်သလို အဘိုးကိုခေါ် [illegible]က်သည်။

“နွေပွင့်မေမေက ပြောသွားတဲ့အထဲမှာ အတိတ်တစ်ခုခုရှိ နေသလို စကားတွေပါတယ်လို့ ကျွန်တော် ထင်တယ် ဘိုးဘိုး၊ စောမာလာကို နားမလည်ကြဘူး၊ စောမာလာ ဘာဖြစ်လို့ ကိုလွမ်းဝေနောက်ကို ကောက်ကာငင်ကာလိုက် ပြေးရတာကို မေမေနဲ့မေမေ နားမလည်ဘူး၊ စောမာလာကို ခွင့်မလွှတ်ဘူး၊ ရက်စက်ကြတယ်ဆိုတဲ့ စကားတွေဟာ အတိတ်က နာကြည်းစရာ အကြောင်းတစ်ခုခုကို ရည်ညွှန်း နေသလားလို့”

“အင်း ...”

ဘိုးဘိုးက မပြောသေးမီ အင်းအရှည်ကြီးကို ညည်း [illegible]သလို အသံထွက်လာသည်။

“ဓာတ်လမ်းတစ်ပုဒ် ဆိုပါတော့ လူလေးရယ်၊ စောမာလာ ရဲ့မိဘတွေဖြစ်တဲ့ ဦးသက္ကနဲ့ ဒေါ်ကြေးမုံဟာ ဘိုးဘိုးတို့

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေပဲ၊ မိဘချင်းရင်းနှီးတော့ ဘိုးဘိုးရဲ့သား ရန်နိုင်နဲ့ စောမာလာတို့လည်း ခင်မင်ကြ တယ်ပေါ့ကွယ်၊ ခက်တာက စောမာလာက ရန်နိုင့်ကိုသိ ချစ်တယ်၊ လူကြီးဖြစ်တဲ့ ဘိုးဘိုးဘွားဘွားနဲ့သက္ကု ကြော တို့ကလည်း တစ်နေ့ကျရင် ရန်နိုင်နဲ့ စောမာလာ လက်ထပ်ပေးမယ်ဆိုတဲ့ ဆန္ဒကိုယ်စီ ရှိကြတယ်၊ အဲဒီတု က ဘိုးဘိုးတို့လည်း မန္တလေးမှာပဲပေါ့ လူလေး၊ စောမာလာ ဟာ တစ်နေ့ကျရင် သူ သိပ်ချစ်တဲ့ ရန်နိုင်နဲ့ လက်ထပ် ရမှာပဲလို့ တစ်ထစ်ချ စွဲလမ်းယုံကြည်ထားတယ်။ ဒါပေ ခက်သားပဲ လူလေး"

ဘိုးဘိုးက စကားတစ်ထောက်နားသည်။ နွေမှုန် အကြင်နာ ကရုဏာအကြည့်ဖြင့် ကြည့်သည်။

"ဘယ်လိုခက်တာလဲ ဘိုးဘိုး"

"မင်းအဖေ ရန်နိုင်ကလည်း ပဲခူးသူ ရည်မွန်နဲ့စီးပွားရေ လုပ်ငန်းတွေ သွားလာလုပ်ကိုင်ရင်း ရည်ငံသွားကြတ လေ"

"ဖေဖေက ဒေါ်စောမာလာကို မေတ္တာရှိတယ်လို့ ဖွင့်ပြေ ထားသလား ဘိုးဘိုး"

"မပြောထားပါဘူး၊ ပြောစရာလည်း မလိုဘူးလေ၊ ရန်နိုင် ရော၊ စောမာလာရောဟာ တစ်နေ့ကျရင် လက်ထပ်ရမှာ လို့ သူတို့လည်း အလိုလိုအလျောက် နားလည်ထားကြတာ မန္တလေးမှာ ဘိုးဘိုးတို့ သက္ကုတို့နဲ့ နီးစပ်တဲ့ အသိုက်အဝန် ပတ်ဝန်းကျင်ကလည်း တစ်နေ့ကျရင် ဘိုးဘိုးရဲ့သာ ရန်နိုင်နဲ့ သက္ကုရဲ့သမီး စောမာလာ လက်ထပ်ကြမှာပဲ



ယူဆထားကြတယ်၊ အဲဒီအခြေအနေ ကြားထဲက ရန်နိုင် ဟာ ပဲခူးသူ ရည်မွန်ကို လက်ထပ်ချင်တယ်လို့ ဘိုးဘိုးနဲ့ ဘွားဘွားကို ဖွင့်ပြောတယ်၊ ဘိုးဘိုးက သားရန်နိုင်ရဲ့ ဖွင့် ပြောချက်ကို ခေါင်းမညိတ်ဘူး၊ ဒါပေမဲ့ ခေါင်းမခါဘူး၊ ချစ်တယ် ကြိုက်တယ် လက်ထပ်တယ်ဆိုတာက ကာယကံ ရှင်ရဲ့ဆန္ဒနဲ့ ကာယကံရှင်ရဲ့ကိုယ်ပိုင်အခွင့်အရေးလို့ ဘိုးဘိုး ခံယူတယ်၊ ဒါကြောင့် ရန်နိုင်နဲ့ ရည်မွန်ကို မိသားဖသားပီပီ လက်ထပ်ပေးလိုက်တယ်"

"ဘွားဘွားကကော ဒီလိုဖြစ်ရမလားလို့ မကျေမနပ်မဖြစ် ဘူးလား ဘိုးဘိုး"

"လူလေးရဲ့ဘွားဘွားအကြောင်းကို လူလေးလည်း သိသား နဲ့၊ ဘိုးဘိုးရဲ့ဆန္ဒဟာ လူလေးဘွားဘွားရဲ့ဆန္ဒပဲ၊ ဘိုးဘိုး ဖြူရင် ဘွားဘွားက ဖြူမယ်၊ ဘိုးဘိုးမည်းရင် ဘွားဘွား က မည်းမယ်၊ လူလေးရဲ့ ဘွားဘွားဟာ ကွယ်လွန်သွား တဲ့အထိ ငါးပိရည်ဖျော်ထဲမှာ ကြက်သွန်ဖြူ ထည့်မသွား ဘူး လူလေး"

"ဗျာ ... ငါးပိရည်ထဲမှာ ကြက်သွန်ဖြူ မထည့်ဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ ဘိုးဘိုး"

"ဟဲ ... ဟဲ ... လူလေးရဲ့ ဘွားဘွားက အိမ်ထောင်မကျ ခင် အပျိုတုန်းက ငါးပိရည်ဖျော်ထဲမှာ ကြက်သွန်ဖြူဥ တစ်လုံးတွေကို မီးဖုတ်ပြီး ထောင်းထည့်တာကို အင်မတန် နှစ်သက်တယ်၊ ဘိုးဘိုးက ကြက်သွန်ဖြူကို အနံ့ပြင်းလို့ မနှစ်သက်ဘူး၊ ဘိုးဘိုးနဲ့ အိမ်ထောင်ကျတဲ့ နေ့ကစပြီး လူလေးရဲ့ဘွားဘွားဟာ သူအင်မတန်နှစ်သက်တဲ့ ကြက်

www.burmeseclassic.com



သွန်ဖြူကို ငါးပိရည်ဖျော်ထဲမှာ မထည့်တော့ဘဲ ဘိုးဘိုး... ကို သေသည်အထိ လိုက်လျော့သွားတာကို ပြောတာ...

ဘိုးဘိုးသည် ပြောရင်းပင် ကွယ်လွန်သွားပြီ... သော ဘွားဘွားကို အောက်မေ့ပြီး တွေဝေသွားရှာပေသည်။

"ဖေဖေဦးရန်နိုင်နဲ့ ဒေါ်စောမာလာအကြောင်း ဆက်ပြော... လေ ဘိုးဘိုး"

"ဩော် ... အေး ... အေး၊ သက္က၊ ကြေးမုံနဲ့ ဘိုးဘိုးတို့... တော့ နားလည်မှုရှိပါတယ်၊ ဒီကိစ္စမျိုးဆိုတာက လူစိမ်း... မဟုတ်ဘူး၊ ကံစီမံရာလို့ပဲ သဘောထားလိုက်တယ်၊ ဒါ... ကျိတ်ပြီးခံစားမှု ပြင်းပြင်းထန်ထန် ခံစားရတာက ... မာလာပဲ၊ သူငယ်စဉ် ကလေးဘဝတည်းက ချစ်လာ... ရန်နိုင်ကို နာကြည်းတာလည်းပါတယ်။ ပတ်ဝန်းကျင်... ရှက်တာလည်းပါတယ်၊ ခံပြင်းစိတ် ပြင်းထန်ပြီး ကလဲ့... ချေလိုတဲ့ စိတ်လည်းပါတယ်၊ ဒါကြောင့် ရန်နိုင်နဲ့ရည်... ဆက်ထပ်ပြီး သုံးလအကြာမှာ စောင်းတီးသင်ပေးနေ... စောင်းဆရာ မောင်လွှမ်းဝေနဲ့ လိုက်ပြေးတယ်၊ သ... ကြေးမုံက သမီး စောမာလာကို စိတ်ဆိုးတယ်၊ စိတ်... တာက မောင်လွှမ်းဝေ ဆင်းရဲလို့ မတူမတန်လို့ စိတ်... တာ မဟုတ်ဘူး၊ သူတို့ချင်း မေတ္တာရှိတာကို ဖွင့်ပြော... တင့်တင့်တယ်တယ် လက်ထပ်ပေးစားမှာပဲ၊ အေး... မျိုးရိုးအစဉ်အလာမှာ ခိုးရာလိုက်ပြေးတာမျိုး မရှိဘူး... အပြုအမူဟာ မိဘကို စော်ကားတာ၊ မျိုးရိုးဂုဏ်သိက္ခာ... ဖျက်ဆီးတာဆိုပြီး စိတ်ဆိုးတာ၊ ဒါကြောင့် သေခန်းပြ... အမွေပြတ် ကြေညာလိုက်တယ်"



"ဟုတ်မယ် ဘိုးဘိုး"

နွေပွင့်က ဝင်ပြောပါ၏။

"နွေပွင့်တို့ သိတတ်တဲ့အရွယ် ရောက်လာတော့ သတိထားမိတယ်၊ ဖေဖေကသာ မေမေ့ကို သိပ်ချစ် သိပ်အလိုလိုက်ပြီး မေမေကတော့ ဖေဖေ့ကို မယားဝတ္တရားမပျက်တာက လွဲပြီး နှစ်နှစ်ကာကာ ရှိပုံမရဘူး၊ ဖေဖေကတော့ မေမေ သေဆိုသေ ရှင်ဆိုရှင် ပုံစံနဲ့ ချစ်ခဲ့ပါတယ်"

"စောမာလာက အင်မတန် စိတ်ကြီးတယ် ဆိုရမှာပေါ့လေ၊ တကယ်တော့ စောမာလာဟာ မောင်လွှမ်းဝေနဲ့လက်ထပ်ဖို့ သက္ကနဲ့ကြေးမုံကို ဖွင့်ပြောရင် ရနိုင်မှန်း သိခဲ့မှာပါ၊ ဒါပေမဲ့ စောမာလာက မိဘကိုဖွင့်ပြောရင် သူကိုယ်တိုင် မောင်လွှမ်းဝေကို ချစ်ခင်နှစ်သက်တာလို့ ရန်နိုင်ကစပြီး ဒီပြင်လူတွေပါ ထင်သွားမှာ စိုးရိမ်တာရယ်၊ နောက်ပြီး ရန်နိုင်ကို နာနာကြည်းကြည်းနဲ့ အရွဲ့တိုက်ချင်တာရယ်၊ ဒါတွေကြောင့် လွှမ်းဝေကို မိုးခိုင်းပြီး လိုက်ပြေးတာနေမှာပါ၊ ဒီလို ခံပြင်းစိတ်၊ နာကြည်းစိတ်တွေကြောင့် အရွဲ့တိုက်တာကို သူ့မိဘတွေက နားမလည်ဘဲ အမွေပြတ် သေခန်းပြတ် ကြော်ငြာတော့ မိဘကိုပါ စိတ်နာပြီး သူ့ဘဝနဲ့သူ့ဇာတ်ကို ခုချိန်ထိ မြှုပ်ထားတာ ဖြစ်မယ်၊ အင်း ... စောမာလာ စိတ်ကြီးတာဟာ လုံမလေးတို့မောင်နှမ ဆင်းရဲဒုက္ခရောက်ရတယ်၊ စောမာလာ ကိုယ်တိုင်လည်း ဆင်းရဲဒုက္ခရောက်ရတာပေါ့လေ၊ ဒါထက် လုံမလေး ဖေဖေ မောင်လွှမ်းဝေကကော ဘာလို့ဆုံးသွားတာလဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက သူ့အတတ်ပညာနဲ့ တီးဝိုင်းတွေမှာ လိုက်ပြီး
တီးတယ်၊ ရသမျှ မေမေ့ကို ပေးပါတယ်၊ ဖေဖေ
စောင်း၊ စန္ဒရား၊ ပတ္တလား အကုန်တီးတတ်တာပဲ၊ နောက်
ဆုံး ရှမ်းပြည်ဘက်က မင်္ဂလာဆောင်တစ်ခု တီးဝိုင်းငှား
လို့ လိုက်သွားရင်း ဖေဖေတို့စီးတဲ့ကား ချောက်ထဲကျ
လောင်သေဆုံးတာပါ ဘိုးဘိုး၊ အဲဒီနောက် ကိုကိုသက်
နွေပွင့်ကိုတော့ ကျောင်းဆက်နေနိုင်ပြီး သူကစီးပွား
ထောက်ပံ့ရင်း နောက်ဆုံး ထောင်ကျသွားတာပါ"

"အေးလေ ... ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲ၊ အခု လူလေး
လုံမလေးနွေပွင့်ကို လက်ထပ်ဖို့ရယ်၊ စောမာလာအတွ
အမွေတွေ ခွဲပေးဖို့ရယ် ဘိုးဘိုးက စနစ်တကျ ဆောင်ရွ
ပေးမယ်၊ ဒီတော့ အခု ဘိုးဘိုးကားနဲ့ပဲ စောမာလာ
လုံမလေးနွေပွင့်တို့ ပဲခူးကို လိုက်ခဲ့ပေတော့"

နွေပွင့်သည် ရန်မျိုးနောင်ကို လှမ်းကြည့်သည်။

ရန်မျိုးနောင်ကလည်း နွေပွင့်ကို လှမ်းအကြည့်
မျက်လုံးချင်း ဆုံမိကြသည်။

ချစ်ကြပြီမို့ မခွဲချင်ကြပါလေတော့။

အကင်းပါးသော ဘိုးဘိုးက သူတို့နှစ်ယောက်
ကြည့်ပြီး ဟဲလိုက်သည်။

"အေး ... လုံမလေးကလည်း မလိုက်ချင်၊ လူလေးကလည
မထည့်ချင် ဖြစ်နေကြပြီ မဟုတ်လား၊ ဒါက လွယ်သ
လူလေးရ၊ လူလေးပါ ပဲခူးကို လိုက်ခဲ့လေကွာ"

"ကျွန်တော် လိုက်လို့မဖြစ်သေးဘူး ဘိုးဘိုး၊ နောက်
နွေပွင့်နဲ့ ချက်ချင်း လက်ထပ်လို့လည်း မဖြစ်သေး



ကျွန်တော့်မှာရော နွေပွင့်တို့သားအမိမှာရော အန္တရာယ်ရှိ
နေသေးတယ်၊ အဲဒီအန္တရာယ်တွေကိုစွပြီးမှ လက်ထပ်ကြ
မလားလို့"

"ဆိုပါဦး လူလေးရ၊ လူလေးတို့အန္တရာယ်ဆိုတာ"

ရန်မျိုးနောင်သည် တင်မောင်ကြည်နှင့် ပတ်သက်
ခဲ့သည့် အကြောင်းအားလုံးကို အတိုချုံး၍ ဘိုးဘိုးအား ပြောပြ
လိုက်သည်။

ဘိုးဘိုးက ခေါင်းတညိတ်ညိတ် နားထောင်ပေသည်။

"ဒါဆိုရင်တော့ လူလေး ရန်ကုန် ဒီအိမ်မှာပဲနေခဲ့၊ စော
မာလာနဲ့ လုံမလေးနွေပွင့်ကတော့ ဘိုးဘိုးနဲ့အတူ ပဲခူး
လိုက်သင့်တယ်"

"လိုက်သင့်တယ်ဆိုတာ ဘယ်လိုအကြောင်းတွေကြောင့်လဲ
ဘိုးဘိုး"

"ဟ ... လူလေးပဲ စဉ်းစားကြည့်လေ၊ သက္ကနဲ့ကြေးမုံထား
ခဲ့တဲ့ ပစ္စည်းတွေ တရားဝင်လွှဲပေးတဲ့ နေရာမှာ စောမာလာ
မပါလို့ ဖြစ်မှမဖြစ်တာ၊ အေး ... စောမာလာကို ခေါ်သွား
ပြီး လုံမလေးကို ဒီမှာထားခဲ့ဖို့လည်း မသင့်တော်တာ ရှိ
တယ်၊ စောမာလာကို ပဲခူးမှာ ပြုစုပေးဖို့ သူ့သမီးလုံမလေး
လိုအပ်တယ်၊ ပြီး ... လုံမလေးတစ်ယောက်တည်း လူလေး
ဆီမှာ နေခဲ့ရင် လူတွေကဲ့ရဲ့မယ်၊ နောက်တစ်ချက်က
စောမာလာနဲ့ လုံမလေး သားအမိကို ဘိုးဘိုးအိမ်မှာနေစေ
ပြီး သက္ကနဲ့ကြေးမုံရဲ့ သမီးနဲ့မြေးဆိုကာ ပတ်ဝန်းကျင်က
လူတွေသိအောင် ဘိုးဘိုးက ဆောင်ရွက်ဦးမှာ၊ ဒီအိမ်က
တန်းလျားမှာ ဆက်နေရင် ဂုဏ်ငယ်မယ်၊ အိမ်ပေါ်တက်

www.burmeseclassic.com

www.burmeseclassic.com



နေပြန်လည်း လက်ထပ်ကာမှထပ်ရော၊ လူတွေက လုံ[...] လေးနွေပွင့်ကို ကဲ့ရဲ့မယ်၊ ဘိုးဘိုး အိမ်မှာနေရင် လုံမယ[...] နွေပွင့်မှာ ဂုဏ်ရှိမယ်လေကွာ”

ဟုတ်၏။ ဘိုးဘိုးပြောသမျှ ဟုတ်နေ၏။

ရန်မျိုးနောင်က ဦးခေါင်းကို ဖြည်းလေးစွာညိတ်[...]ပြီး နွေပွင့်ဘက်သို့ လှည့်လိုက်၏။

“ဟုတ်တယ် နွေပွင့်။ အခုလောလောဆယ်တော့ နွေပွင့်[...] ဒေါ်ဒေါ် ဘိုးဘိုးဆီမှာ သွားနေတာ အသင့်တော်ဆုံး[...] တန်းလျားမှာ ဆက်နေလည်း မကောင်းဘူး၊ ဒီအိမ်ပေါ်မှ[...] လာနေလဲ နွေပွင့်ကို လူတွေ အမနာပပြောမယ်၊ ဒီ[...] နွေပွင့်၊ နှစ်ရက် သုံးရက်အတွင်း ရဲအရာရှိ ဦးလတ်[...] နဲ့ တိုင်ပင်ပြီး တို့ ပဲခူးကို လာခဲ့မယ်၊ နွေပွင့်ကိုခေါ်[...] တောင်ငူထောင်က နွေပွင့်ရဲ့အစ်ကို့ကို သွားတွေ့မယ်[...] ဘယ့်နှယ်လဲ”

နွေပွင့်သည် ခေါင်းညိတ်ပြပါလေ၏။

“တွေ့လား ဘိုးဘိုး၊ နွေပွင့်ကလည်း ဘိုးဘိုးရဲ့ဘွားဘွ[...] လိုပါပဲနော်၊ ကျွန်တော့်ဆန္ဒဟာ သူ့ဆန္ဒ ဖြစ်စေတာ[...] ပါပေမဲ့ ဘိုးဘိုး”

“ဘာလဲကွ လူလေးရ”

“ကျွန်တော်ကတော့ ကြက်သွန်ဖြူကြိုက်တယ်၊ ငါးပိရည်[...] ဖျော်ထဲ ကြက်သွန်ဖြူ မီးဖုတ်ထည့်တာကို ပိုတောင်ကြိုက်[...] သေးတယ် ဘိုးဘိုးရဲ့”

ဘိုးဘိုး၏ ရယ်မောသံကြီး ထွက်လာပေတော့သည်[...]

❋❖❋



(တစ်ဆယ့်သုံး)

“ရဲအရာရှိ ဦးလတ်ဆွေလား ခင်ဗျာ”

“ဆရာ ရှိပါတယ်၊ ညွှန့်သည်နဲ့ စကားပြောနေတယ်၊ ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲဗျာ”

“ရန်မျိုးနောင်လို့”

“ဟုတ်ကဲ့၊ ခဏလေး ကိုင်ထားပါ၊ ဆရာ့ကို ကျွန်တော် ပြောလိုက်ပါ့မယ်”

မနေ့ကပင် ဒေါ်ဒေါ်နှင့် နွေပွင့်တို့ ပဲခူးသို့ ဘိုးဘိုးကားနှင့် လိုက်ပါသွားသည်။

ရန်မျိုးနောင် နွေပွင့်ကို သတိရမိသည်။

ချစ်မိပြီဆိုတော့ ခွဲခွာရချိန်တွင် ရင်ထဲက အလိုလို လွမ်းလာသည်။ ဤသည်ပင်လျှင် နှလုံးသား၏အချစ်ဟု ခေါ်ရလေမလား။

ဖုန်းပြောရင်း နွေပွင့်တို့ နေသွားသော တန်းလျားကို လှမ်းကြည့်သည်။ နွေပွင့်တို့သည် အဝတ်အစား အနည်းငယ်မှ လွဲပြီး ဘာမှယူမသွား။

အဲ _ တစ်ခုပဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောမာလာသည် မိမိသွားလေရာ ခရီးရှည်ဆို လျှင် သူမကိုးကွယ်သော ဘုရားရုပ်တုကိုမူ ပင့်ဆောင်သွားလေ့ ရှိပုံရသည်။

"မေမေကတော့ ဒီဘုရားရုပ်ကလေးကို သိပ်ကြည်ညို ကိုးကွယ်တာပဲ အစ်ကို၊ ဖေဖေနဲ့ လိုက်ပြေးတာတော ဒီဘုရားရုပ်တုကိုပင့်ပြီး လိုက်သွားတာတဲ့"

ယခုလည်း ဘုရားကိုယ်တော်မြတ် ဆင်းတုတော်ကို ဒေါ်စောမာလာ ပဲခူးသို့ ရင်ခွင်ပိုက် ပင့်ဆောင်သွားသည်။

တန်လျားအပေါ်ထပ်တံခါးကို ပေါ်ဦးက သော့ခတ် ထားပေးပေသည်။

"အဲ ... ကိုရန်မျိုးနောင်လား ပြော၊ ကျွန်တော် ညှော်သည် ရောက်နေလို့ ချက်ချင်း ပြန်မပြောနိုင်တာ ခွင့်လွှတ်ဗျာ"

"ရပါတယ်၊ ကျွန်တော် ဦးလတ်ဆွေဆီက ဖုန်းဆက်တာ ကို စောင့်နေတယ်။ အခု ငါးရက်ရှိသွားပြီ၊ ဖုန်းမဆက်လို့ ကျွန်တော် ဆက်ကြည့်တာပါ၊ ဆက်တာလည်း အကြောင်း ရှိတယ်လေဗျာ၊ နက်ဖြန်ဆိုရင် ကျွန်တော် တောင်ငူသွား မလို့၊ တောင်ငူထောင်က ကိုသက်ညွှန့်ကို သွားတွေ့မလို့"

"ဘယ်လိုလဲဗျ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်လား ကိုရန် မျိုးနောင်"

"ဘာကိုဆိုလိုတာလဲ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ"

"ဟဲ ... ဟဲ ... မနွေပွင့် ပဲခူးကို မနေ့ကမှသွားတာ ကိုရန် မျိုးနောင်က လွမ်းနေပြီလား၊ ဒါကြောင့် နက်ဖြန် မနွေပွင့် ကို ပဲခူးကဝင်ခေါ်ပြီး တောင်ငူထောင်က ကိုသက်ညွှန့်ဆီ သွားတွေ့မလို့လား"



"ဟာ ... ဦးလတ်ဆွေက နွေပွင့် မနေ့က ပဲခူးသွားတာ တောင် သိနေသလား"

"ဟဲ ... ဟဲ၊ တနင်္လာနေ့က မနွေပွင့်တို့ သားအမိကို ခင်ဗျား သွားခေါ်တာရော၊ မဟာမြိုင်လမ်းက ဂိုဒေါင်တန်း လျားအပေါ်ထပ်မှာ နေစေတာရော၊ ခင်ဗျားဘိုးဘိုးရောက် လာပြီး ဘုဏ်ကိစ္စ ဆောင်ရွက်သွားတာရော၊ အပြန်မှာ မနွေပွင့်တို့သားအမိကို ခင်ဗျားဘိုးဘိုး ခေါ်သွားတာရော ကျွန်တော် အားလုံးသိပါတယ်၊ ကိုရန်မျိုးနောင်ကို ကျွန် တော် မေ့မထားပါဘူး၊ အမြဲတမ်း ကျွန်တော့်ရဲ့အရပ်ဝတ် နဲ့ရှဲဒိုးက ကိုရန်မျိုးနောင်ရဲ့ပတ်ဝန်းကျင်မှာ ရှိနေပါတယ်"

"အေးဗျာ၊ ကျွန်တော့်အဖို့ ဘုတ်ထောင်ကြောင်မိဆိုတာ မျိုး ဖြစ်နေတယ် ပြောရမလားပဲ၊ ကိုတင်မောင်ကြည်ကိစ္စ နဲ့ ပတ်သက်ပြီး နွေပွင့်တို့သားအမိကို စိုးရိမ်လို့ အိမ်ခေါ် ထားတယ်၊ မနေ့က ပဲခူးက ကျွန်တော့်ဘိုးဘိုး လာသွားပြီး နွေပွင့်ရဲ့အမေ ဒေါ်စောမာလာဟာ ဘိုးဘိုးရဲ့မိတ်ဆွေရင်းချာ ဦးသက္ကနဲ့ ဒေါ်ကြေးမုံရဲ့သမီး ဖြစ်နေတယ်၊ ဦးသက္ကက မကွယ်လွန်မီ လုံးဝအဆက်အသွယ် ပြတ်နေကြတာလေ၊ ဦးသက္ကက သမီးဒေါ်စောမာလာအတွက် အမွေတွေ ဘိုးဘိုး ကို အပ်သွားတယ်တဲ့၊ အဲဒါတွေ အားလုံးလွှဲပေးဖို့ နွေပွင့်တို့ သားအမိကို ပဲခူးခေါ်သွားတယ်၊ ဦးသက္က ဆုံးပြီးကတည်းက ဘိုးဘိုးက ဒေါ်စောမာလာကို စုံစမ်းရှာဖွေနေတာ၊ တွေ့မယ့် တွေ့တော့ ကျွန်တော့်အိမ်မှာလာတွေ့တယ်လေ၊ ကိုတင် မောင်ကြည်နဲ့သာ ကျွန်တော် မပတ်သက်ရင် နွေပွင့်နဲ့ ဒေါ်စောမာလာ ဇာတ်မြုပ်နေကြတာကို ဘိုးဘိုး စုံစမ်းလို့ရ

www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်ဘူး၊ ဘုတ်ထောင်တာ ကြောင်တော့ မိသွားပြီလေ ဗျာ၊ ဘုတ်ကိုမိဖို့ပဲ ကျန်တော့တယ်”

“ဒါဆို ကိုရန်မျိုးနောင်အတွက် စုတ်ဝင်ပြီးမှ လာဘ်ထပ် ပြီး ဝင်တာပေါ့၊ မဟုတ်ဘူးလား”

“ဗျာ ...”

“လုပ်မနေနဲ့၊ မန္တလေး ဘာအမွေတွေမှ မရခင်တည်းက ခင်ဗျား ကောင်မလေးကို တစ်ဖက်သတ် မဟုတ်လား”

“သိလှချည်လား ဦးလတ်ဆွေ”

“သိဆို ခင်ဗျား ဆောက်လုပ်ရေးက အလုပ်ထွက်လိုက်လို့ ဝင်ဒါမီယာတဲက ဦးဘဝိုင်း၊ ဒေါ်တင်ဝိုင်းတို့ရဲ့သမီး ဝိုင်း နဲ့ လက်ထပ်ရေးကိစ္စ ပျက်သွားတာလည်း သိတာပဲ”

“ဆိုးတဲ့လူပဲ၊ ကြောက်စရာ ကောင်းတယ်ဗျာ”

“ကိုတင်မောင်ကြည် လူသတ်မှုနဲ့ ခင်ဗျားက ပတ်သက် နေတော့ ခင်ဗျားအကြောင်းတွေ ကျွန်တော်က လက်လှမ်း မီသလောက် စုံစမ်းထားတယ်လေဗျာ၊ ဘာပဲပြောပြော ကိုရန်မျိုးနောင်ကို ကျွန်တော် ချီးကျူးပါတယ်၊ ရန်သူနဲ့ ရင်ဆိုင်တဲ့နေရာမှာ သတ္တိရှိသလို ခံယူချက်ချင်းမတူတဲ့ ဝိုင်းလို အမျိုးသမီးကိုလည်း စွန့်လွှတ်ရဲတဲ့သတ္တိရှိလို့”

“အဲဒါတွေ ထားပါတော့ဗျာ၊ အခု ဦးလတ်ဆွေအနေနဲ့ ကျွန်တော့်ကို ကိုတင်မောင်ကြည်ရဲ့အမှုနဲ့ ပတ်သက်ပြီး ပြောစရာ မရှိတော့ဘူးလား၊ မြွေဟောက်အဖွဲ့ဟာ တစ်ချီတည်း ငြိမ်သွားတာ ရက်ကြာသွားလို့ ကျွန်တော့် စိတ်ထဲ မုန်တိုင်းတိုက်ဖို့အတွက် လေငြိမ်နေတာလားဆို တဲ့ သံသယဖြစ်နေလို့”



“အင်း ... ကျွန်တော် မပြောသေးဘူးလို့ နေတာပဲ၊ ဒါပေမဲ့ ပြောသင့်သလောက် ပြောပါ့မယ်၊ အခုတလော ကျွန်တော် တော်တော်ဖိလိုက်ထားလို့ သူတို့ခြေငြိမ်နေကြတယ်၊ ခင်ဗျား သတင်းပေးတဲ့ ဆီဒင်ဆလွန်းကားအနီ နံပါတ်ကို ကျွန် တော် သက်ဆိုင်ရာ ယာဉ်မှတ်ပုံတင်ဌာနမှာ သွားကြည့် စစ်ဆေးတယ်၊ အဲဒီကားပိုင်ရှင်ဟာ မြတ်သင်းတဲ့”

“ဟုတ်ပြီ၊ မြတ်သင်းဆိုတဲ့ကောင်ဟာ သူ့လက်ဖျံအိုးမှာ ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်အရုပ် ဆေးမင်ထိုးတဲ့ ကောင်ပဲ၊ ဒီကောင် နွေပွင့်အိမ်ကို သွားခဲ့တယ်၊ ကျွန်တော့် အိမ်ထဲကိုလည်း ညဘက်လာမွှေသွားတဲ့ သုံးယောက်ထဲက တစ်ယောက်ပဲ၊ ဒီကောင့်ကို ဦးလတ်ဆွေ ဖမ်းမစစ်ဘူး လားဗျာ”

“အင်း ... သားကောင်နဲ့ မုဆိုးလေဗျာ၊ သားကောင်ဆိုတာ က မုဆိုးအနံ့ရတာနဲ့ ရှေ့ကထွက်ပြေးနှင့်တာ ဓမ္မတာပေါ့၊ ဒီကောင် မြတ်သင်းက လစ်သွားနှင့်တယ်လေ၊ သူ့ကား နံပါတ်ကို သက်ဆိုင်ရာမှာ သွားကြည့်တော့ မြတ်သင်း လိပ်စာက တောင်ဥက္ကလာ ခြောက်ရပ်ကွက်၊ သူ့အိမ် နံပါတ်၊ သူ့လမ်းနာမည်ပါ သိခဲ့တယ်၊ ကျုပ် လိုက်သွား တော့ ဒီကောင် လစ်သွားပြီ၊ အိမ်တံခါး သော့ပိတ်သွား တယ်၊ သူ့အိမ်နီးနားချင်းတွေ မေးကြည့်တော့ အထက် မြန်မာပြည် ဘုရားဖူးသွားသလိုလို ပြောတယ်၊ ဒါက မြတ်သင်း သတင်းလွှင့်တာ နေမှာပေါ့၊ ဒီကောင် ပြေးမ လွတ်ပါဘူး၊ ကျုပ်တို့က အစတစ်ခု ထွက်လာပြီဆိုရင် အဆုံးအထိ ဆွဲထုတ်နိုင်ပါတယ်၊ အဲ ... နောက်တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



သိခဲ့တာက မြတ်သင်း အိမ်မှာ လူတစ်ယောက် ထော့နင်း ထော့နင်းနဲ့ လွန်ခဲ့တဲ့တစ်ပတ်လောက်ကစပြီး တွေ့တယ်တဲ့၊ ဒီလူဟာ ကိုရန်မျိုးနောင် ပစ်လို့ ပေါင်ကိုထိသွားတဲ့ လူ ဖြစ်နိုင်တယ်၊ ဒါဆို မြတ်သင်းတို့ဟာ မြွေဟောက် အဖွဲ့ဆိုတာ ပိုသေချာလာတယ်ရေ"

"နို့ ဘောက်ထော်၊ ပြည်တော်အေးလမ်းက ဦးမောင်သိန်း ကိစ္စကကော၊ ဦးမောင်သိန်းဟာ မြတ်သင်းနဲ့ အဆက်အသွယ်ရှိကြောင်းကို အထောက်အထား ရပြီလား"

"လက်ဆုပ်လက်ကိုင် အပိုင်အနိုင်မျိုးတော့ မရသေးဘူး၊ ကိုရန်မျိုးနောင်ရဲ့ ကားကူရှင်အစ တွေ့ခဲ့တာရယ်၊ သွေးညီနောင်ဆိုတာ ကျောက်မျက်ရတနာ တစ်ခုခု ဖြစ်ခဲ့ရင် ဦးမောင်သိန်းမှာ ရွှေဘုံသာလမ်းမှာ စိန်ရွှေရတနာဆိုင် ရှိတာရယ်၊ သူ့သားနှစ်ယောက် ဗန်ကောက်နဲ့ စင်ကာပူမှာ ရှိနေတာရယ်၊ အဲဒါတွေကို ဆက်စပ်ကြည့်ရင်တော့ သွေးညီနောင်နောက်ကို အသဲအမဲလိုက်နေတဲ့ မြတ်သင်း အဖွဲ့နဲ့ ဆက်စပ်မှု ရှိနိုင်တယ်လို့တော့ တွက်လို့ရတယ်၊ ဒါပေမဲ့ မပိုင်သေးဘူးပေါ့ဗျာ"

"ဟို ... ဂူးဝေါင်ဗိန်းနဲ့ ဦးမောင်သိန်းရဲ့အဆက်အစပ်ကကော"

"အေးဗျ၊ နောက်ထပ် ပဟေဠိတစ်ခု ထပ်ဖြစ်လာတယ်"

"ဘယ်လို ပဟေဠိလဲ ဦးလတ်ဆွေ"

"အဲဒါကို ကျွန်တော် မပြောသေးဘူးဗျာ၊ ထပ်ပြီး ကျွန်တော် စုံစမ်းနေတယ်၊ အခုနေပြောလို့ အရာထင်မှာလည်းမဟုတ်ဘူး"



"အဲဒါဆိုလည်း အရာထင်တဲ့အခါ ကျွန်တော့်ကိုပြောပါဦး"

"ပြောမှာပါ၊ ဩော် ... ဒါထက် ကိုရန်မျိုးနောင် နက်ဖြန် တောင်ငူကို တကယ်သွားဖြစ်မှာလား"

"သွားမှာ၊ ဒါပေမဲ့ နက်ဖြန် တောင်ငူကို တိုက်ရိုက်သွားဖြစ်ချင်မှ သွားဖြစ်မယ်၊ ပဲခူးက ဘိုးဘိုးဆီမှာ ညအိပ်ပြီး သန်ဘက်ခါမှသွားရင် ပိုပြီးအဆင်ပြေမလားလို့"

"ကောင်းတယ်၊ ကျွန်တော့်အနေနဲ့ ကိုတင်မောင်ကြည် လူသတ်မှုကိစ္စအတွက် တောင်ငူထောင်ထဲက ကိုသက်ညွန့်ကို သွားရောက်စစ်ဆေးဖို့ လိုတယ်လို့တောင် မနေ့ကပဲ အထက်ကို စာတင်ပြီး တောင်ငူသွားခွင့် တောင်းထားတယ်၊ သွားခွင့်အမိန့် ပြန်မကျသေးဘူး၊ ဒါပေမဲ့ တောင်ငူရဲ့စခန်းကတစ်ဆင့် တောင်ငူက ထောင်အာဏာပိုင်တွေဆီကို ထောင်ကျသက်ညွန့်ကို အပြင်လူ ဘယ်သူနဲ့မှတွေ့ခွင့်မပေးဖို့ အကြောင်းကြားထားတာ လွန်ခဲ့တဲ့ လေးရက်ကပဲ၊ ကိုရန်မျိုးနောင်လာရင် ထောင်သားသက်ညွန့်နဲ့တွေ့ခွင့်ပေးပါလို့ တောင်ငူကို ကျွန်တော် တင်ကြိုအကြောင်းကြားထားပေးမယ်၊ နို့မို့ရင် ကိုရန်မျိုးနောင် တွေ့ခွင့်ရမှာမဟုတ်ဘူး။ ကဲ ... ဒါပဲနော်၊ သက်ညွန့်နဲ့ တွေ့ပြီးရင် အကျိုးအကြောင်း ကျွန်တော့်ကို ပြောပြဦး၊ ကျွန်တော့်မှာက အမှုတွေကိုင်ထားတာ များနေတော့ အထက်က ရုတ်တရက် တောင်ငူသွားခွင့်ပြုမှာ မဟုတ်ဘူး ထင်တယ်"

"ကျွန်တော် ပြန်လာရင် အားလုံးပြောပြမှာပါ"

ရန်မျိုးနောင် ဖုန်းပြန်ချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမှ ဘိုးဘိုးအိမ်သို့ ဖုန်းဆက်ပြီး နွေပွင့်နှင့် စကားပြောချင်မိသည်။

သို့သော် ညကျမှ မိမိနက်ဖြန်လာခဲ့မည့်အကြောင်း ပြောပြရင်းနှင့် စကားပြောတော့မည်။

ယခုအချိန်ဆိုလျှင် ဘိုးဘိုးနှင့် ဒေါ်စောမာလာရော နွေပွင့်ရော အမွေလွှဲပြောင်း လက်ခံရယူရေးတွေ အလုပ်များနေကြမည်ဖြစ်သည်။

"ပေါ်ဦးရေ"

"ဗျာ ... ဆရာ၊ လာပြီ"

ပေါ်ဦး ချက်ချင်းလိုပင် ရောက်လာသည်။

ရန်မျိုးနောင်က တယ်လီဖုန်းစင်မှလာပြီး ညှော်ခန်းဆိုဖာဆက်တီပေါ်တွင် ထိုင်ချလိုက်သည်။

"ထိုင်ကွာ ပေါ်ဦး"

ပေါ်ဦးက ကျုံ့ကျုံ့ယုံ့ယုံ့ပင် ဆိုဖာတွင် ထိုင်လိုက်သည်။ ဆရာသမား ဘာပြောမလဲဟု စောင့်စားနေသည်။

"ပေါ်ဦး"

"ဗျာ ... ဆရာ"

"နွေပွင့်နဲ့ သူ့အမေကို မင်း ဘယ်လိုမြင်လဲ၊ မင်းမြင်သလို ပြောစမ်းကွာ၊ မင်းက ဘဝနာထားတဲ့လူ ဆိုတော့ လူတွေကို ကြည့်မြင်တဲ့နေရာမှာ အဆိုးမြင်တဲ့ နေရာမှာရော၊ အကောင်းမြင်တဲ့ နေရာမှာရော တစ်ဖက်မစောင်းဘဲ တည့်တည့်မတ်မတ် မြင်တတ်မယ်"

"ဒေါ်ဒေါ်ကြီးကို မြင်တဲ့အမြင် စပြောမယ် ဆရာ"

"အေး ... ပြော"



နွေပွင့်၏မိခင် ဒေါ်စောမာလာကို ပေါ်ဦးက ဒေါ်ဒေါ်ကြီးဟု ခေါ်ပေသည်။

"ဒေါ်ဒေါ်ကြီးဘဝဟာ သေနေတယ် ဆရာ"

"ဟေ ..."

"ဒေါ်ဒေါ်ကြီးဟာ လူက အသက်ရှင်နေပြီး စိတ်ကသေနေတာကို ဆိုလိုတာပါ၊ ဒေါ်ဒေါ်ကြီး ကြည့်ရတာ ဖြစ်ချင်တာဖြစ် ကံတရားပဲလို့ ဘာမဆို သဘောထားပုံရတယ်၊ ဒေါ်ဒေါ်ကြီးဟာ တစ်ချိန်တစ်ခါက စိတ်အလွန်ထိခိုက်ပြီး အဲဒီကတည်းက လူက အသက်ရှင်နေပေမယ့် စိတ်ဟာ သေသွားပုံပဲ ဆရာ"

ရန်မျိုးနောင် ခေါင်းညိတ်မိသည်။

ဘိုးဘိုး၏ပြောပြချက်အရ ဒေါ်စောမာလာသည် ...ပျိုဘဝက ဖေဖေဦးရန်နိုင်ကို သိပ်ချစ် သိပ်မျှော်လင့်ထားခဲ့ရာ ... ဖေဖေက မေမေ ဒေါ်ရည်မွန်ကို လက်ထပ်လိုက်သည်နှင့် ...လွန် စိတ်ထိခိုက်သွားသည်ပဲ ဖြစ်ရမည်။

"ဒေါ်ဒေါ်ကြီးဟာ စိတ်လည်းကြီး မာနလည်းကြီးပုံပဲ၊ စိတ်ကြီး မာနကြီးတဲ့လူတွေဟာ ဖြစ်သမျှ ခါးစည်းခံမယ်၊ ဖြစ်ချင်တာ ဖြစ်စမ်းဆိုတဲ့ သတ္တိမျိုးရှိတယ်၊ ဒေါ်ဒေါ်ကြီးမှာလည်း အဲဒီလိုသတ္တိမျိုး ရှိပုံပဲ၊ အဲဒီလိုလူမျိုးဟာ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပြီလို့ စွဲလမ်းပြီး ဘုရားတရားကိုစွဲမှာတော့ အရမ်း အာရုံစိုက်တတ်တယ်၊ ဒေါ်ဒေါ်ကြီးကလည်း အချိန်တိုင်းလိုလို ဘုရားစင်ရှေ့မှာထိုင်ပြီး အာရုံပြုတယ်၊ ပုတီးစိပ်တယ်။ တရားမှတ်တယ်၊ ဒေါ်ဒေါ်ကြီးရဲ့ခင်ပွန်းယောက်ျားဟာ ဘယ်သူဘယ်ဝါမှန်းတော့ မသိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒေါ်ဒေါ်ကြီး ဆင်းသက်လာတဲ့ မျိုးရိုးကတော့ သေးသေးမွှားမွှားထဲက မဟုတ်ဘူးလို့ ကျွန်တော်မြင်တယ်၊ မျိုးကြီးရိုးကြီးထဲက ဒေါ်ဒေါ်ကြီး ဆင်းသက်လာတာဖြစ်ရမယ်"

အမှန်တော့ ပေါ်ဦးသည် ဘိုးဘိုးရောက်လာပြီး ဒေါ်စောမာလ၏မိဘများအကြောင်း အမွေတွေ ထားခဲ့ကြောင်း လုံးဝမသိပေ။ ထိုအကြောင်းတွေ ဘိုးဘိုးပြောပြစဉ်က ပေါ်ဦး အပြင်သွားနေချိန် ဖြစ်သည်။

"မဆိုးဘူးကွ ပေါ်ဦး၊ ဒေါ်ဒေါ်နဲ့ ပတ်သက်ပြီး မင်းမြင်တာတွေဟာ တော်တော်နီးစပ်နေတယ်၊ ကဲ ... နွေပွင့်ကို မင်းအမြင် ပြောစမ်းပါဦးကွာ"

"မနွေပွင့်က အသက်ငယ်ပေမယ့် တော်ပါတယ် ဆရာ၊ သရက်ပင်က သရက်သီးပဲသီးမယ်၊ သရက်စေ့ကိုစိုက်ရင် သရက်ပင်ပဲပေါက်မယ်၊ မျိုးရိုးဆိုပါတော့ ဆရာ၊ ဒေါ်ဒေါ်ကြီးက မျိုးရိုးသန့်တော့ ဒေါ်ဒေါ်ကြီးသမီး မနွေပွင့်က လည်း မျိုးရိုးသန့်တယ်၊ ဒါပေမဲ့ မနွေပွင့် ကြည့်ရတာ ဒေါ်ဒေါ်ကြီးလို ခက်ထန်တဲ့စိတ်နဲ့ မာန်မာနမရှိဘူးလို့မြင်တယ်၊ မနွေပွင့်ရဲ့ဖေဖေကိုတော့ ကျွန်တော် မမြင်ဘူးလို့ မပြောတတ်ဘူးပေါ့ ဆရာ၊ ဒါပေမဲ့ မနွေပွင့်ရဲ့ကြင်နာတတ်တာတို့ သည်းခံတတ်တာတို့ ခွင့်လွှတ်တတ်တာတို့ဟာ သူ့အဖေရဲ့မျိုးစေ့ စိတ်ဓာတ် ပါလာတာဖြစ်မယ်၊ နောက်တစ်ချက်က မနွေပွင့်ဟာ ဝတ်စားဆင်ယင်မှုမြှမ်းမံ့တဲ့ကြားထဲကပဲ သိပ်လှ သိပ်ချော သိပ်ကြော့ရှင်းတယ် ဆရာ၊ ဒေါ်ဒေါ် ကြည့်ရတာတော့ ငယ်စဉ် နုစဉ်က



အထိုက်အလျောက် လှချင်လှမယ်၊ ချောချင်ချောမယ်၊ ဒါပေမဲ့ မနွေပွင့်က ဒေါ်ဒေါ်ကြီးထက် ပိုပြီးချောတယ်၊ လှတယ် ဆရာ၊ ဥပမာ ဒေါ်ဒေါ်ကြီးရဲ့မျက်လုံးဟာ လင်းယုန်မျက်လုံးမျိုး ဖြစ်နေပေမယ့် မနွေပွင့်ရဲ့မျက်လုံးတွေက သမင်ပျိုမလေးရဲ့ မျက်လုံးမျိုး ဆိုပါတော့"

"နောက်တစ်ချက်က ဒေါ်ဒေါ်ကြီးရဲ့နှုတ်ခမ်းစုံဟာ ပါးလှစ်ပြီး အမြဲလိုလို စေ့ထားတာဟာ မျဉ်းဖြောင့်ကြောင်းတစ်ကြောင်းလိုပဲ၊ ဒါဟာ အပြုံးမရှိ တင်းမာတဲ့သဘောကို အမြဲပြသနေတယ်၊ မနွေပွင့်ရဲ့နှုတ်ခမ်းစုံကျတော့ သာမန်ထက် နည်းနည်းလေးပိုပြီး ထူထူထဲထဲလေးရှိတယ် ဆရာ၊ မနွေပွင့်ရဲ့နှုတ်ခမ်း ထူအမ်းအမ်းလေးဟာ အမြဲလို ခပ်ပွင့်ပွင့်လေး ရှိနေတော့ ပြုံးတာမဟုတ်ဘဲ အမြဲပြုံးနေသလို တစ်ပါးသူ့က မြင်ရတယ်၊ မျက်လုံးကလည်း ကြည်လဲ့ပြီး ပြုံးယောင်သမ်းနေတော့ မနွေပွင့်ဟာ ဘယ်တော့ကြည့်ကြည့် ပြုံးနေတယ် ထင်ရတယ်"

"အေး ... မင်းမြင်တာတွေ ငါလည်းမြင်တယ်၊ ဒီမှာ ပေါ်ဦး"

"ပြောပါ ဆရာ"

"ငါ နွေပွင့်ကို လက်ထပ်မယ်ဆိုရင် မင်း ဘယ်လိုထင်မြင်ချက် ပေးမလဲ"

"အင်မတန် လျော်ကန်သင့်မြတ်ပါတယ် ဆရာ၊ ဥပဒိရုပ်ချင်း ရှေ့သွားနောက်လိုက်လည်း အင်မတန် ဘာညီပါတယ်၊ စိတ်နေသဘောထားချင်းလည်း ကိုက်ညီလှပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နွေပွင့်က ငါ့ထက် အသက်ခြောက်နှစ်သာသာလော
ငယ်နေတယ်ကွ"

"အဲဒါ ပိုကောင်းပါတယ် ဆရာ"

"ဟေ ... ဘာလို့ ပိုကောင်းရပြန်တာလဲ၊ မင်းက ငါ့
အလိုက်အထိုက် ပြောနေတာလားကွာ"

"အလိုက်အထိုက် ပြောတာ မဟုတ်ပါဘူး ဆရာ၊ ဘယ်
မဆို အိမ်ထောင်ပြုရင် မိန်းကလေးက ယောကျ်ားထေ
ထက် ငါးနှစ် ခြောက်နှစ် ပိုငယ်မှ သင့်တော်ပါတယ်
ဘာလို့လဲဆိုတော့ အိမ်ထောင်ပြုတဲ့အတွက် ယောကျ်
လေးမှာ ခန္ဓာကိုယ်ကျဆင်းသွားမှုဆိုတာမှ မရှိတာပဲ ဆ
မိန်းကလေးမှာတော့ သန္ဓေသားကိုစွရှိနေတော့ အိမ်ထေ
ပြုရင် ခန္ဓာကိုယ်လျော့ရဲပြီး ရုပ်ကျသွားတတ်ပါတယ်
ဒါကြောင့် ငါးနှစ် ခြောက်နှစ် မိန်းကလေးက ပိုငယ်
နောက်တော့ ညီမျှသွားတဲ့သဘော ရှိပါတယ်၊ ယောကျ်
မောင်ပဌင်း မိန်းမပုခက်တွင်းလို့တောင် ရှေးလူကြီးေ
ပြောဖူးပါတယ် ဆရာ"

"အေး ... ဒါလည်း မင်းပြောတာ မဆိုးဘူး၊ မင်းပြော
တွေဟာ ငါ ကြားဖူးနားဝ ရှိပြီးသားတော့ ရှိပြီးသ
ဒါပေမဲ့ ကိုယ်တွေ့ကြုံလာတဲ့အခါမှာ ဒီအကြောင်းအ
ကိုပဲ တခြားတစ်ယောက်က ထုတ်ဖော်လိုက်ရင် ဟုတ်
သားပဲလို့ ပိုပြီးနိုင်မာသွားတာပေါ့ကွာ၊ ဒါထက် ...ဒီ
ပေါ်ဦး"

"ဗျာ ... ဆရာ"

"မင်းချစ်သူ စမ်းစမ်းဟာ ခုချိန်ထိ အပျိုပဲလား"



"တက္ကသိုလ်ဒုတိယနှစ်မှာ တက်နေတယ်တဲ့ ဆရာ၊ အပျို
ပေါ့"

"မင်းက ပြန်ဆက်ရင် သူက မင်းကို ပြန်လက်ခံမလား"

"ဟာ ... မဖြစ်နိုင်တော့ပါဘူး ဆရာ"

"ငါ မေးတာကိုပဲ မင်းဖြေစမ်းပါ၊ မဖြစ်နိုင်ဘူး ဆိုတဲ့
ပြဿနာမှာ နှစ်မျိုးရှိတယ် ပေါ့ဦး၊ ပြောင်းလဲလို့မရတဲ့
အခြေအနေကြောင့် လုံးဝကို မဖြစ်နိုင်တာမျိုးက တစ်မျိုး၊
ပြောင်းလဲလို့ရနိုင်တဲ့ အခြေအနေရှိလာရင် ပြေလည်သွား
နိုင်တဲ့ ပြဿနာကတစ်မျိုး"

"ဆရာ ဘာကိုပြောချင်တာလဲ ဆရာ"

"ဥပမာ မင်းမှာ လက်မှုနဲ့ဖြစ်ဖြစ်၊ စက်မှုနဲ့ဖြစ်ဖြစ် ပညာ
တစ်ခုကို အရင်းတည်ပြီး ဝင်ငွေရှာနိုင်တယ် ဆိုပါတော့
ကွာ၊ အဲဒီဝင်ငွေဟာလည်း အိမ်ထောင်တစ်ခုကိုခု နိုင်
နိုင်နင်းနင်း ထိန်းနိုင်တဲ့ ဝင်ငွေမျိုး မင်းမှာ ရှိလာရင်
စမ်းစမ်းကို မင်းဘက်က မချို့တဲ့ဘဲ လက်ထပ်နိုင်မယ်၊
ဒါကြောင့် အခု မင်းက ပြန်ဆက်ရင် စမ်းစမ်းက မင်းကို
လက်ခံမလားလို့ ငါမေးတာ"

"ဆရာက ကျွန်တော့်အခြေအနေကို ဘယ်လိုပြောင်းလဲ
ပေးမှာမို့လို့လဲ ဆရာ"

"စက်မှုနဲ့ပတ်သက်ပြီး မင်း ဘာဝါသနာပါသလဲ၊ ဘယ်
လောက်အထိ လုပ်ကိုင်ဖူးလဲ"

"ကျွန်တော် မော်တော်ကားဝပ်ရှော့ မက္ကင်းနစ် ဝါသနာပါ
တယ် ဆရာ၊ ဆရာနဲ့မတွေ့ခင်နဲ့ အဖေမဆုံးခင်ကဆိုရင်
ကျွန်တော့်ကို လမ်းထိပ်က ဝပ်ရှော့မှာ ကျွန်တော် ပညာ

www.burmeseclassic.com

www.burmeseclassic.com



သင်အဖြစ် အချိန်အားတာနဲ့ သွားလုပ်တာပဲ၊ အမေနေ
အိမ်ထောင်ပြုပြီး ပထွေးနဲ့နေရမှ အဲဒီအလုပ်ကို အလ
အချိန်ဖြုန်းတယ်။ အိမ်အလုပ် မလုပ်ချင်လို့ တမင်ဝပ်ရှေ
သွားနေတယ်ဆိုပြီး ပထွေးက တစ်ချက်လွှတ်အမိန့်
ဝပ်ရှော့မသွားရဘူး ဆိုတာနဲ့ ကျွန်တော် အဆက်ပြတ်သွ
တာပါ ဆရာ"

"ကဲ ... ဒါဆို မင်းနှစ်သက်တဲ့ ဝပ်ရှော့တစ်ခုမှာ ပညာ
ဆက်သင်၊ ဒီအိမ်မှာပဲနေ၊ ဒီအိမ်က ထမင်းချိုင့်နဲ့သွ
ဝပ်ရှော့ဆရာဆီက တစ်ပြားမှ မတောင်းနဲ့၊ မင်း နေ့
သုံးဖို့လည်း ငါပေးမယ်၊ ပညာသာတတ်အောင်သာ
လာခဲ့"

"ဟာ ... ဒီအိမ်က အလုပ်တွေနဲ့ ဆရာစားဖို့သော
ကိစ္စတွေ ဘယ်သူလုပ်မလဲ၊ နေပါစေ ဆရာ"

"ဟ ... ပေါ်ဦးရ၊ မကြာခင် ငါက နွေပွင့်ကို လက်
တော့မှာကွ၊ အခုချက်ချင်းတောင် လက်ထပ်ချင်
ဒါပေမဲ့ ကိစ္စလေးတွေ ရှိနေသေးလို့၊ နောက်မကြာခင်
ပဲ နွေပွင့်က ဒီအိမ်ကိစ္စတွေ ဦးစီးတော့မှာ၊ နွေပွင့်က
ရှိရင် ကောင်မလေးတစ်ယောက်ဖြစ်ဖြစ်၊ အဒေါ်ကြီး
ယောက်ဖြစ်ဖြစ် နွေပွင့်ကို ကူညီဖို့ ထပ်ခေါ်မယ်
မင်း ပညာသင်မှာ ဆက်သင်၊ မင်းရဲ့ပညာပိုင်းက
ဦးစီးနိုင်ပြီဆိုရင် မင်းကြိုက်တဲ့ပုံစံနဲ့ ငါ ဝပ်ရှော့
ထောင်ပေးမယ်၊ ဘယ်လောက်ကုန်ကုန်ကွာ"

"ဟာ ... ဆရာ၊ ဝပ်ရှော့တစ်ခုဟာ နေရာရွေးရ
အစ အရင်းအနှီး မသေးဘူး ဆရာ"



"ငါ ပြောပြီပဲကွ၊ ဘယ်လောက်ကုန်ကုန်လို့၊ အေး ... မင်းကိုလည်း ငါက ဝပ်ရှော့ကြီး အလကားမပေးပါဘူး။ ငါက ငွေစိုက်၊ မင်းက လူစိုက်၊ ဝပ်ရှော့ကြီးကြပ်သူ ဆရာအဖြစ် အမြတ်အစွန်း ထက်ဝက်စားလေကွာ"

"ဟာ ... ဆရာ၊ ဒါဆို သိပ်ဖြစ်တာပေါ့၊ အလွန်ဆုံး ကျွန်တော် ဝပ်ရှော့မှာ နောက်ထပ်တစ်နှစ် သွားလေ့လာရုံပေါ့ ဆရာ၊ အခြေခံသဘောတွေအားလုံး တီးခေါက်မိတာနဲ့ နေ့စား လစား တကယ့်မက္ကင်းနစ်တွေ ကျွန်တော် ပြန်ငှားနိုင်တာပဲ"

"အေး ... ဒါဆိုရင် မင်းက ဝပ်ရှော့ဆရာ၊ စမ်းစမ်းက တက္ကသိုလ်ကျောင်းသူဆိုတော့ လူတွေရဲ့အမြင်မှာ အဆင်ချင်း မကွာတော့ဘူး၊ ဒါကြောင့် ငါမေးနေတာ၊ စမ်းစမ်းကို မင်း ပြန်ဆက်ရင် စမ်းစမ်းက လက်ခံမှာလားလို့"

"သိပ်လက်ခံတာပေါ့ ဆရာ၊ ငယ်ချစ်တွေပဲ၊ အခု အဆက်ဖြတ်ထားတာ ကျွန်တော်က ဖြတ်ထားတာပဲ"

"ကဲ ... ဒါဆို ဒီနေ့နက်ဖြန် မင်းကြိုက်တဲ့အချိန်ကစပြီး ဝပ်ရှော့ပညာ သွားသင်ပေတော့၊ မင်း ဝပ်ရှော့ထောင်ပြီး ကြီးကြပ်နိုင်တဲ့နေ့ ငါ့ကိုပြော၊ အားလုံးပြည့်စုံအောင် စိုက်ထုတ်ပေးမယ်"

"အမယ်လေး ဆရာရယ်"

ပေါ်ဦးသည် ပြောရင်းပင် မျက်ရည်တွေကျလာပြီး ဆိုဖာမှဆင်းကာ ကော်ဇောပေါ်တွင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီး ရန်မျိုးနောင်ကို ကန်တော့ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးကြီးလှပါတယ် ဆရာ၊ ဆရာ့ရဲ့စေတနာနဲ့မေတ္တာကို ကျွန်တော် ကြည်ညိုလေးစားလွန်းရပါတယ်"

"ဟေ့ကောင် ... ဟေ့ကောင် ပေါ်ဦး မကန်တော့နဲ့ကွ၊ ငါ ခုရွယ်ထိ လူကြီးတွေကို ငါကချည်း ကန်တော့ဖူးတာ၊ ငါ့ကို ဘယ်သူမှ ကန်တော့ဖူးတာ မဟုတ်ဘူး၊ မကန်တော့နဲ့ ကွာ၊ ငါ မနေတတ်ဘူး၊ ရှိန်းတိန်းဖိန်းတိန်းကြီး ရင်ထဲမှာ ဖြစ်တယ်"

မျက်ရည်တွေ ကြားမှပင် ပေါ်ဦးသည် ရယ်မောသည်။ ရန်မျိုးနောင်သည် ဆိုဖာမှထကာ အိပ်ခန်းဆီသို့ ထွက်သွားတော့သည်။

ပေါ်ဦး ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ကြည်နူးရပါ၏။

ဆရာရန်မျိုးနောင်သည် အသက်အရွယ်နှင့်မလိုက်အောင်ပင် သဘောထား မြင့်မြတ်ပြီး စေတနာ မေတ္တာတရား ကောင်းလှပါပေသည်။

"ကလင် ... ကလင် ... ကလင်"

တယ်လီဖုန်းမြည်သံကို ရန်မျိုးနောင်သည် အိပ်ခန်းထဲမှ ကြားပေသည်။

ပေါ်ဦး ကိုင်နေပြီမှန်းသိ၍ ရန်မျိုးနောင် အဝတ်အစား ဆက်လဲနေသည်။

ရန်မျိုးနောင်သည် နက်ဖြန် ပဲခူးမှတစ်ဆင့် တောင်ငူ မသွားမီ ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်းက ကိုတင်မောင်ကြည်၏ မိခင်နှင့် ညီမထံ သွားမည်ဟု အဝတ်အစား လဲနေခြင်း ဖြစ်သည်။



"ဆရာ ... ရဲအရာရှိ ဦးလတ်ခွေတဲ့၊ ဆရာနဲ့စကားပြောချင်လို့တဲ့"

ပေါ်ဦး လာပြောသဖြင့် ရန်မျိုးနောင် ကမန်းကတန်း ထွက်လာပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ပြောပါ ဦးလတ်ခွေ၊ ကျွန်တော် ရန်မျိုးနောင်ပါ"

"ဒီမှာဗျ ကိုရန်မျိုးနောင်၊ ကျွန်တော် နောက်ဆက်တွဲ စုံစမ်းလို့ရတာ ရှိနေလို့၊ ကိစ္စနည်းနည်း ရှုပ်ထွေးချင်လာတယ်ဗျ"

"ဘယ်လိုပါလိမ့်"

"ဘောက်ထော် ပြည်တော်အေးလမ်းထဲက ဦးမောင်သိန်းမှာ အစ်ကိုတစ်ယောက် ရှိသေးတယ်တဲ့ဗျ၊ သူ့အစ်ကို နာမည်က ဦးအောင်ဟိန်းတဲ့"

"ဩော် ... ဩော်"

"ဦးအောင်ဟိန်းက မုဒုံမှာနေတယ်တဲ့၊ ရာဘာခြံလုပ်ငန်း၊ ဒူးရင်းခြံလုပ်ငန်းနဲ့ မုဒုံဈေးပိုင်းမှာ အောင်ဟိန်းစတိုးနာမည်နဲ့ စတိုးဆိုင်ကြီး ဖွင့်ထားတယ်တဲ့၊ သူ့စတိုးဆိုင်မှာ မြန်မာလုပ်ပစ္စည်း မဟုတ်ဘဲ နိုင်ငံခြားပစ္စည်းတွေချည်း တင်ရောင်းတာတဲ့ အလှကုန်တွေ၊ စီးကရက်တွေ၊ အရက်ပုလင်းတွေ၊ ဂျင်းဘောင်းဘီတို့ စပို့ရှပ်တို့ကအစ နိုင်ငံခြားပစ္စည်းတွေချည်းပဲတဲ့၊ အဲဒါတွေကတော့ ထားပါ၊ ဦးအောင်ဟိန်းရဲ့ စီးပွားရေးလုပ်ငန်း အခြေအနေကိုသိအောင် စုံစမ်းလို့ရတဲ့ သဘောလောက်ပါ၊ တကယ့်အဓိကအချက်ကို ကိုရန်မျိုးနောင် စဉ်းစားမိလား"

www.burmeseclassic.com

www.burmeseclassic.com



"ရုတ်တရက်ကြီးတော့ ဘယ်ပြောတတ်မလဲဗျာ၊ ဖြည်းဖြည်း စဉ်းစားရင်တော့ ..."

"ဖြည်းဖြည်းလည်း စဉ်းစားမနေနဲ့၊ တကယ့် အဓိက အချက် ကျွန်တော် ပြောပြမယ်၊ ဦးအောင်ဟိန်းဆိုတဲ့ နာမည်ဟာ သေသူ ကိုတင်မောင်ကြည် ပြောသွားတဲ့ ဂူးဝေါင်ဝိန်းဆိုတာကော မဖြစ်နိုင်ဘူးလား"

ရန်မျိုးနောင် ရွတ်ကြည့်သည်။ ဦးအောင်ဟိန်း ဂူးဝေါင်ဝိန်း။

"အေးဗျ၊ ဖြစ်နိုင်တယ် ဦးလတ်ဆွေ"

"ဒီတော့ သေဆုံးသူ ဦးတင်မောင်ကြည် ရည်ညွှန်းပြော သွားတဲ့ ဂူဝေါင်ဟိန်းဟာ ဦးမောင်သိန်း ဖြစ်နိုင်သလို ဦးအောင်ဟိန်းလည်း ဖြစ်နိုင်နေတယ်"

"ဟုတ်တယ် ... ဖြစ်နိုင်တယ်"

"နောက်တစ်ချက် စုံစမ်းလို့ရတာက မုဒုံက ဦးအောင်ဟိန်း နဲ့ ဘောက်ထော် ပြည်တော်အေးလမ်းက ဦးမောင်သိန်း ဟာ ညီအစ်ကိုအရင်း ဖြစ်ပေမယ့် ညီအစ်ကိုချင်း မအေး မြတ်ကြဘူးလို့ ကျွန်တော် စုံစမ်းရထားတယ်၊ အဲဒါ ကိုရန်မျိုးနောင် သိထားအောင် ကျွန်တော် ပြောတာ စောစောက ဆလွန်းကားနီကိစ္စ ပြောကတည်းက ဦးအောင် ဟိန်းအကြောင်း ကျွန်တော် ပြောပြမလို့ပဲ၊ ဒါပေမဲ့ အဲ တုန်းက သတင်းရထားတာက မပြည့်စုံသေးတာနဲ့ မပြော သေးတာနဲ့ မပြောတာ၊ ခုမှ မုဒုံက ဦးအောင်ဟိန်းရဲ့သတင်း တွေ သေချာလို့ ပြောပြတာ၊ ဒီမယ် ကိုရန်မျိုးနောင်



"ပြောပါ ဦးလတ်ဆွေ၊ ကျွန်တော် စိတ်ဝင်စားစွာနဲ့ နား ထောင်နေပါတယ်"

"ပြဿနာက ရှုပ်ထွေးလာသလောက် အန္တရာယ်က ကိုရန် မျိုးနောင်အတွက် ကြီးလာတယ်၊ အခုဆို မြတ်သင်းဟာ ကိုယ်ယောင်ဖျောက်နေပြီ၊ ကျွန်တော်တို့ မြတ်သင်းကို ဖမ်းမိတာနဲ့ အမှုက ပေါ်ပြီဗျ၊ အဲ ... မြတ်သင်းတို့အဖွဲ့ ဟာ ကိုယ်ယောင်ဖျောက်နေပေမယ့် သွေးညီနောင်ဆိုတဲ့ ပစ္စည်းနောက်ကိုတော့ လိုက်မှာပဲ၊ အခု ကျုပ်တို့ရဲ့အဖွဲ့က လည်း သူ့ကို ခြေရာခံနေပြီဆိုတော့ ဒီကောင် မြတ်သင်း ဟာ ကျားနာခဲစိတ်မျိုးနဲ့ ကြမ်းချင် ကြမ်းလာနိုင်တယ်၊ ကိုရန်မျိုးနောင် သတိထားဖို့ပါ"

"ရပါတယ်၊ ကျွန်တော် လိုင်စင်နဲ့ကိုင်တဲ့ ပစ္စတိုထဲမှာ ကျည်ခုနစ်တောင့် အပြည့်နဲ့ ကျည်ကတ် ထည့်ထားတယ်၊ အပိုကျည်ကတ်နှစ်ကတ်လည်း အမြဲဆောင်ထားတယ်၊ သူကြမ်းရင် ကိုယ်ကြမ်းမယ်ပေါ့ဗျာ"

"ကိုရန်မျိုးနောင်ရဲ့ သတ္တိနဲ့စွမ်းရည်ကို ကျွန်တော် ယုံကြည် ပါတယ်။ ဒါပေမဲ့ သတိတော့ မလစ်စေနဲ့ပေါ့ဗျာ၊ သူတို့က မှောင်ထဲက ချောင်းနေတဲ့လူ၊ ကိုယ်က အလင်းထဲမှာ သွားလာနေတဲ့လူဆိုတော့ အလစ်မှာ ခံရမှာစိုးလို့ပါ"

"သူတို့က သွေးညီနောင် ပစ္စည်းဟာ ကျွန်တော့်ဆီမှာ ရှိနေတယ် ထင်သရွေ့တော့ ကျွန်တော့်ကို အသေသတ်မှာ မဟုတ်ဘူးလို့ ထင်တာပဲ ဦးလတ်ဆွေ"

"အင်း ... ဒါလည်း ဟုတ်ပါတယ်၊ ဒီအမှုက တော်တော် လေးသိမ်မွေ့ပြီး ရှုပ်ထွေးနေတယ်ဗျ၊ ဥပမာ ဦးမောင်သိန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုရော မုဒုံက ဦးအောင်ဟိန်းကိုရော တိုက်ရိုက်ကြီး ဦးတင်မောင်ကြည် အသတ်ခံရမှုကိုဖြစ်ဖြစ်၊ သွေးညီနောင် ပစ္စည်းကိစ္စဖြစ်ဖြစ် စစ်ဆေးရင် သူတို့က ဒီကိစ္စကို သူတို့ ဘာမှမသိပါဘူး၊ သူတို့နဲ့ ဘာမှမပတ်သက်ဘူး ပြောရင် သွားစစ်တဲ့ ကျုပ်ပဲ အရှူးဖြစ်မယ်၊ ကျုပ်တို့ကို ဘောက်ထော် ပြည်တော်အေးလမ်း အိမ်မှာတုန်းက ဦးမောင်သိန်းက ယဉ်ယဉ်လေး မျက်လှည့်ပြတာကို ကျုပ်တို့ ခံခဲ့ရပြီမဟုတ်လား"

"ဖမ်းဆီးပြီး တရားခံစစ် စစ်ရင်ကော"

"ဒါကျတော့ ဥပဒေက ခွင့်မပြုဘူးဗျာ၊ ရဲအရာရှိတစ်ယောက်မှာ ဖမ်းဆီးစစ်ဆေးနိုင်ခွင့်တော့ ရှိပါတယ်၊ ဒါပေမဲ့ ဖမ်းဆီးပြီ ဆိုကတည်းက ဖမ်းဆီးရတဲ့ အကြောင်းအချက်ခိုင်လုံမှု ရှိရမယ်၊ အခု ဦးမောင်သိန်းကိုရော၊ ဦးအောင်ဟိန်းကိုရော ဖမ်းဆီးနိုင်ဖို့ အချက်အလက် အနိုင်အမာ မရှိသေးဘူးလေဗျာ၊ ဒါကြောင့် ဖမ်းဆီးလို့ နိုင်မာတဲ့ မြတ်သင်းကိုပဲ ဖိလိုက်နေသေးတယ်"

"အေးပေါ့ဗျာ၊ ဦးလတ်ဆွေတို့ကတော့ ဥပဒေအတွင်းကသာ လုပ်နိုင်တာကိုး"

"ဩော် ... ကိုရန်မျိုးနောင် နက်ဖြန် ခင်ဗျား တောင်ငူသွားဖြစ်လား"

"သွားမယ်လေ၊ ဒါပေမဲ့ ပဲခူးမှာညအိပ်ပြီး သန်ဘက်ခါမှ တောင်ငူကို နေ့ချင်းပြန် သွားမလားလို့"

"ကောင်းတယ်၊ ခင်ဗျား ထောင်ကျသက်ညွှန့်နဲ့တွေ့ပြီးရင် အကြောင်းထူးနဲ့ သတင်းထူးတွေ သိလာနိုင်မှာပဲ၊



အထူးသဖြင့် မနွေပွင့်နဲ့ ခင်ဗျား အတူသွားပြီး သက်ညွှန့်ကို တွေ့တာဟာ ယောက်ဖလောင်း လူရင်းဆိုပြီး သက်ညွှန့်က သူ တင်မောင်ကြည်နဲ့ ပတ်သက်တာမှန်သမျှ ပြောပြမယ် ထင်တယ်၊ ကျုပ်ကို ရဲအနေနဲ့ စစ်ဆေးရင်တောင် သက်ညွှန့်က အမှန်ကို မပြောတာတွေ ထိမ်ချန်ပြီးထွက်ဆိုတာတွေ ရှိနိုင်တယ်၊ အခုကော ခင်ဗျား ဘယ်သွားမလို့လဲ၊ ခုန ဖုန်းဆက်တုန်းက ခင်ဗျားတပည့်က ဆရာရန်မျိုးနောင် အပြင်သွားဖို့အဝတ်လဲနေတယ် ပြောလို့"

"ဩော် ... ကျွန်တော် ကိုတင်မောင်ကြည်ရဲ့အမေ ကထိက ဒေါ်ရင်ကြည်နဲ့ သမီး စိုးစိုးကြည်ကို သွားတွေ့မလားလို့ပါ၊ ဘာပဲဖြစ်ဖြစ် ကိုတင်မောင်ကြည်နဲ့ ပတ်သက်တဲ့လူကို သွားတွေ့တာဟာ သဲလွန်စတစ်ခုခုများ ရမလားလို့လေ"

"ဟာ... ဒီနေ့မသွားနဲ့ ကိုရန်မျိုးနောင်၊ ခင်ဗျား တောင်ငူက ပြန်လာမှသွားတွေ့၊ နက်ဖြန် ကိုတင်မောင်ကြည်ရဲ့ အသုဘရက်လည်ဆွမ်းကျွေးတဲ့နေ့လေဗျာ၊ ဒေါ်ရင်ကြည်ရဲ့ အိမ်မှာ ဆွမ်းကျွေးကိစ္စအတွက် ကူညီသူတွေနဲ့ ဧည့်သည်တွေ တစ်ပြုံကြီး ရှိနေမှာပေါ့"

"ဟုတ်လား၊ အဲဒါ ကျွန်တော် သတိမထားမိဘူး၊ ဒါဆိုလည်း တောင်ငူကပြန်လာမှပဲ ဒေါ်ရင်ကြည်တို့ သားအမိဆီ သွားတွေ့တော့မယ်"

ဤမျှနှင့်ပင် ဦးလတ်ဆွေနှင့် ပြောစရာစကား ကုန်သွားပါလေ၏။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



(တစ်ဆယ့်လေး)

"ကိုကိုသက်"

"ဟင် ... ညီမလေး နွေပွင့် လိုက်လာတယ်၊ ဘာလို့လိုက်လာတာလဲဟင်၊ မေမေများ တစ်ခုခု ဖြစ်လို့လား"

"မေမေ ဘာမှမဖြစ်ပါဘူး၊ ပိုတောင် အသားတွေစိုပြီး ဝလာသေးတယ်"

"ဒါဖြင့် ညီမလေး ဘာလို့လိုက်လာတာလဲ"

ကိုသက်ညွန့်က နွေပွင့်ဘေးတွင် ရပ်နေသော ရန်မျိုးနောင်ကို တစ်ချက်လှမ်းကြည့်ရင်း မေးလိုက်သည်။

ရန်မျိုးနောင်ကလည်း ထောင်အဝတ်အစားနှင့် ကိုသက်ညွန့်ကို ပြန်ကြည့်မိသည်။

နွေပွင့်ကဲ့သို့ပင် ရုပ်ရည်သန့်ပြန့်ပေသည်။

ထောင်တွင် အလုပ်ကြမ်းနှင့် ကျနေစေကာမူ ကိုသက်ညွန့်၏ ရုပ်ရည်သည် အခြားထောင်သားများနှင့် မတူဘဲ ကြည်ကောင်းသောရုပ်မျိုး ရှိနေပါ၏။

မနေ့က မနက်ပိုင်းမှာပင် ရန်မျိုးနောင်သည် သူ၏ကားနှင့် ပဲခူးသို့ လာခဲ့သည်။



ပဲခူးတွင် အခြေအနေအားလုံး ကောင်းမွန်နေပေသည်။ မန္တလေး စားတန်းထဲမှ တိုက်နှင့်ခြံကို တရားဝင် အကျိုးဆောင်နှင့် လွှဲပေးသည်။ ဦးသက္ကထံမှ လက်ခံထားသော လက်ဝတ်ရတနာယွန်းသေတ္တာကို နဂိုမူရင်းအတိုင်း ဒေါ်စောမာလာလက်သို့ အပ်သည်။ ဒေါ်စောမာလာက ယွန်းသေတ္တာကို ဖွင့်ပင်ဖွင့်မကြည့်ဘဲ သမီးနွေပွင့်လက်သို့ အပ်လိုက်သည်။

"ကြည့်ဦးလေ စောမာလာ၊ နင့်အမေရဲ့ပစ္စည်းတွေ နင်မှတ်မိမှာပါ၊ ဘာတွေ ပိုလာပြီး ဘာတွေ လိုနေသလဲဆိုတာ ကြည့်ဦးမှပေါ့"

ဟု ဘိုးဘိုး ဦးဘကောင်းက ပြောသေးသည်။

"ကျွန်မ မျက်စိမှ ကောင်းကောင်းမမြင်တာပဲ ဘာဘာကောင်းရယ်၊ နောက်ပြီး ဒါတွေကို ကျွန်မ စိတ်ဝင်စားတယ်လည်း မဟုတ်ဘူး၊ နွေပွင့် အရွယ်လေးတက်နေတုန်း အားလုံး နွေပွင့်ပဲ ယူပါစေ ဝတ်ပါစေ၊ နေပွင့်ဟာ ဒီအရွယ်ရောက်လာတဲ့အထိ မေတ္တာငတ်လာသူပါ၊ အဘိုးအဘွားရဲ့မေတ္တာကို ခံယူဖို့ နေနေသာသာ အဘိုးအဘွားနာမည်ကိုတောင် မသိဘူး၊ မမြင်ဖူးရှာဘူး၊ နောက်ပြီး အပျိုလေးဖြစ်လာတဲ့အထိ ရွှေ၊ စိန်၊ ကျောက်မျက်ရတနာကို ဝတ်နိုင်ဖို့ဝေးလို့ အဝတ်အစားတောင် သူများတန်းတူ မဝတ်နိုင်ရှာဘူး၊ ဒါတွေအားလုံး သမီးလေးနွေပွင့်နဲ့ သား မောင်သက်ညွန့်အတွက် ကျွန်မ လက်ခံတာပါ"

ဒါတွေအားလုံး အစ်ကိုချစ် ရန်မျိုးနောင် ပဲခူးရောက်လာပြီးတွေ့သည်နှင့် နွေပွင့်က ပြုံးတစ်ဝက် မဲ့တစ်ဝက် မျက်နှာလေးနှင့် ပြောပြခြင်း ဖြစ်သည်။

www.burmeseclassic.com



ဘိုးဘိုးက ဘဏ်တွင် အပ်ထားသော ဦးသက္ကွ
ငွေတွေကိုလည်း လွှဲပြောင်းပေးသည်။ ဘဏ်ငွေတွေကိုတော့
ဒေါ်စောမာလာက သူမ၏အမည်ဖြင့်ပင် လက်ခံရယူပေးသည်။

သားမောင်သက်ညွှန့် ထောင်ကလွတ်လာလျှင် လွှဲ
ပြောင်းပေးမည်ဟု ပြောပေသည်။

ပဲခူးတွင် ရန်မျိုးနောင် ညအိပ်ပေသည်။

ဘိုးဘိုး၏ အိမ်ကြီး ခြံကြီးမှာ ကျယ်ပြော ကြီးမား
သဖြင့် အိမ်ထဲခြံထဲမှာပင် လူတွေပျောက်နေသည်။

ဒေါ်စောမာလာက အချိန်ရှိသရွေ့ ဘုရားခန်းထဲဝင်
ပြီး တရားမှတ်နေသည်။ ဘုရားခန်း အကျယ်ကြီးက အိမ်ပေါ်
ထပ်မှာဖြစ်သည်။

ဘိုးဘိုးကတော့ အချိန်ရှိသလောက် ခြံထဲဆင်းပြီး
လှုပ်လှုပ် လှုပ်လှုပ်နှင့် တစ်ခုခု လုပ်နေတတ်သည်။ ဤအရွယ်
အထိ ဘိုးဘိုးက လေ့ကျင့်ခန်း မဟုတ်သည့်တိုင် ဣရိယာပုတ်မျှ
အောင် ကိုယ်လက်လှုပ်ရှားမှု လုပ်တတ်ပါ၏။

နွေပွင့်နှင့် ရန်မျိုးနောင်အဖို့ လွတ်လပ်လှပါ၏။

ချစ်သူတို့ ဓမ္မတာ အပွေ့အပိုက်နှင့် အနမ်းကလေး
တွေ ရှိကြပေသည်။

သို့သော် ရန်မျိုးနောင်သည် မလွန်ကဲအောင် ထိန်း
သိမ်းနိုင်စွမ်း ရှိပါ၏။

သူနှင့် နွေပွင့်၏ သန့်စင်သော လူပျို အပျိုဘဝတို့
လက်ထပ်သောနေ့မှသာ စွန့်လွှတ်ရန် နှစ်ဦးစလုံး ခံစားသတ်မှတ်
ထားနိုင်ပေသည်။



နောက်တစ်နေ့ နံနက်စောစောမှာပင် ရန်မျိုးနောင်
နှင့် နွေပွင့်တို့ ကားဖြူကြီးနှင့် တောင်ငူသို့ ထွက်လာကြသည်။

ရဲအရာရှိ ဦးလတ်ဆွေမှာ ကြားထားသည့်အတိုင်း
တောင်ငူရဲစခန်းသို့ ဝင်ရောက်ပေသည်။

ဦးလတ်ဆွေ၏ တောင်ငူရဲစခန်းသို့ ဖုန်းဆက်ထား
ပြီး ဖြစ်သဖြင့် နွေပွင့်နှင့် ရန်မျိုးနောင်၏ နိုင်ငံသားမှတ်ပုံတင်
ကတ်ပြားကို စစ်ဆေးပြီး ကိုသက်ညွှန့်နှင့် အထူးသီးသန့်တွေ့
ဆုံခွင့်ရအောင် စီစဉ်ပေးခြင်း ဖြစ်ပေသည်။

သူမ၏ ကိုကိုသက်က သူမ၏ ချစ်အစ်ကိုအား
အကဲခတ် ကြည့်နေပြီမို့ နွေပွင့်ကပင် ဝင်ပြောလိုက်ပေသည်။

"ဒီမှာ ကိုကိုသက်၊ ဒါ အစ်ကိုရန်မျိုးနောင်လေ၊ အစ်ကို
တင်မောင်ကြည်ကို ကယ်တင် ဆေးရုံပို့ခဲ့တဲ့သူပေါ့"

နွေပွင့်က ရန်မျိုးနောင် ပဲခူးမှအပြန် တင်မောင်ကြည်
ကို ရန်သူသုံးဦးက အနိုင်ကျင့်သည်ကို ဝင်ကယ်သည်ကအစ
နောက်ဆုံး ပဲခူးကနေ ဘိုးဘိုးဦးဘကောင်းထံမှ မေမေဒေါ်စော
မာလာ အမွေတွေရသည်အထိ အစအဆုံး ပြောပြလိုက်သည်။

အကျဉ်းချုံး၍ ပြောသည်ပင် တစ်နာရီနီးပါး ပြော
ရပါ၏။ နွေပွင့် စကားဆုံးသည်နှင့် ...

"ဟာဗျာ ... ကိုရန်မျိုးနောင်ကို ကျွန်တော် ကျေးဇူးတင်
လိုက်တာ၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊
တကယ့် သူတော်ကောင်းတွေပဲ၊ တကယ်လို့ ကိုရန်မျိုးနောင်
ရဲ့ဘိုးဘိုးက ပစ္စည်းတွေ ပြန်မပေးတော့ကော မေမေရော
ကျွန်တော်တို့ရော ဘာသိမှာလဲ၊ နောက်ပြီး ကိုတင်မောင်
ကြည် အသတ်ခံရပြီလို့ ကြားတာနဲ့ မေမေနဲ့ ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော် စိတ်ပူတာ သေမတတ်ပဲဗျာ၊ ညီမ
တို့ စားဝတ်နေရေးအတွက်ရော မြတ်သင်းရဲ့အန္တရာယ်
ဒါကိုလည်း ကိုရန်မျိုးနောင်က အကာအကွယ်တွေ
ပေးထားတော့ ကျွန်တော် အရမ်းစိတ်ချမ်းသာသွားပြီ
ဒီအထဲ ညီမလေးနဲ့ ကိုရန်မျိုးနောင် မေတ္တာရှိကြ
လို့ ဆိုပြန်တော့ ညီမလေး အရမ်းကံကောင်းပြီး တစ်သ
လုံးကိစ္စ ကျွန်တော် စိတ်ချသွားပြီ၊ ကွန်ဂရက်ကျူ
ရှင်း ကိုရန်မျိုးနောင်ရော"

ကိုသက်ညွန့်က လက်ကြီးတစ်ဖက် ကမ်းပေးသ
ကို ရန်မျိုးနောင်က ရယ်ကာမောကာ ပြန်လှန်ဆွဲပြီး အားရပါး
လှုပ်ယမ်းလိုက်တော့သည်။

"ကဲ ... ကိုသက်ညွန့်၊ အခု ကျွန်တော်နဲ့ နွေပွင့် လာ
တာ နွေပွင့်ကတော့ ခင်ဗျား ယုံကြည်အောင် ခေါ်လာ
ရတဲ့ သဘောပေါ့ဗျာ၊ ကျွန်တော့်အပိုင်းကတော့ ကိုတင်မော
ကြည်နဲ့ ပတ်သက်ပြီး ကျွန်တော် သိချင်တာတွေရှိနေ
ကျွန်တော် သိချင်တာတွေ သိရပြီး ရန်သူကို အပြတ်ရှ
နိုင်မှ နောက်ပိုင်း စိတ်အေးရမယ် ကိုသက်ညွန့်၊ ဒီကော
တွေကို အပြတ်ရှင်းနိုင်ဖို့ ရဲအရာရှိ ဦးလတ်ဇော်နဲ့ ကျ
တော် ညှိနှိုင်းပူးပေါင်းထားတယ်"

"ကိုရန်မျိုးနောင် မေးလေ၊ ကျွန်တော် ဖြေနိုင်ရင် ဖြေမ
ပေါ့ဗျာ"

"သွေးညီနောင် ဆိုတာ ဘာပစ္စည်းလဲ၊ သူ့ရာဇဝင်ကြော
က ဘယ်လိုလဲ၊ မြတ်သင်းတို့အဖွဲ့ဟာ သွေးညီနောင်
ဘာကြောင့် သဲသဲမဲမဲ လိုက်နေကြတာလဲ ကိုသက်ညွ



ကိုသက်ညွန့်သည် ဖြန်းခနဲ မဖြေသေးဘဲ တစ်ခဏ ငြိမ်သွားသည်။ တစ်ခဏ စဉ်းစားနေသေးသည်။ ပြီးမှ ...

"အင်း ... အခု ကိုရန်မျိုးနောင် မေးတာတွေကို တခြားလူတစ်ယောက်ယောက် ရိုက်နှက်ပြီးမေးမေး၊ ဓားထောက်ပြီးမေးမေး၊ သေနတ်ပြောင်းချိန်ပြီးမေးမေး၊ ကျွန်တော်က မသိဘူးလို့ပဲ ဘူးခံမှာ၊ အခုတော့ ကိုရန်မျိုးနောင်ဟာ မကြာခင် နွေပွင့်နဲ့လက်ထပ်ပြီး ကျွန်တော့်မိသားစုဖြစ်လာမယ့်လူဆိုတော့ ကျွန်တော် အားလုံးဖွင့်ပြောမယ်"

အိပ်စ်ပို့ဒူးယား ကိုယ်စီဖွာရင်း ကိုသက်ညွန့်က ပြောပြသည်။

"ဇာတ်ကြောင်းပြောရင်း ကိုရန်မျိုးနောင် မေးသမျှတွေ အားလုံး ဇာတ်ကြောင်းထဲမှာ ပါသွားမှာပါ၊ ဒီလိုဗျ၊ သွေးညီနောင်ဆိုတာ အင်မတိ အင်မတန် အရည်အသွေးကောင်းတဲ့ ပတ္တမြားသုံးလုံးပဲ၊ သွေးလိုနီရဲနေတာမို့ အဲဒီ ပတ္တမြားသုံးလုံးကို သွေးညီနောင်လို့ အမည်ပေးထားတာ"

"ညီနောင်ဆိုတာ နှစ်လုံးမဟုတ်ဘူးလား ကိုသက်ညွန့်"

"ညီနောင်ဆိုတာက ယေဘုယျသဘောအရ နှစ်ယောက် နှစ်ခု၊ နှစ်လုံးလို့ ယူဆကြတာပဲ၊ ညီနောင်ဆိုတာ သုံးယောက်၊ လေးယောက်၊ သုံးခု လေးခု၊ သုံးလုံး လေးလုံးလည်း ဖြစ်နိုင်တာ မဟုတ်လား"

ရန်မျိုးနောင် ခေါင်းညိတ်ရပါ၏။

"သွေးညီနောင်ပတ္တမြားသုံးလုံးက အရည်အသွေး အလွန့်အလွန် ကောင်းပေမယ့် အရွယ်အစားအနေနဲ့ ကျွန်တော်တို့ယောကျာ်းတစ်ယောက်ရဲ့ လက်မက သက်သည်းခွံ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ရှိပါတယ်၊ သုံးလုံးစလုံး အရွယ်တော့ ညီ…
တယ်၊ အရောင်အသွေးလည်း ထပ်တူထပ်မျှပဲ၊ ဒါကြောင့်
သွေးညီနောင်လို့ ကင်ပွန်းတပ်ထားတာ၊ အဲဒီ သွေးညီနောင်
ပတ္တမြားသုံးလုံးကို တကယ် ပိုင်ဆိုင်သူဟာ မုဒုံမြို့…
ဦးအောင်ဟိန်းပဲ"

"ဩော် ... ဩော် ... မုဒုံက ဦးအောင်ဟိန်းက ပိုင်ရှင်
အစစ်လား"

"ဟုတ်တယ်၊ ဦးအောင်ဟိန်းမှာ ဦးမောင်သိန်းဆိုတဲ့ ညီ
တစ်ယောက်ရှိတယ်၊ ဒီလူက လူဆိုးပဲ"

"ဦးမောင်သိန်းနဲ့ သူ့မိသားစုကို ကျွန်တော် ရန်ကုန်
ဘောက်ထော် ပြည်တော်အေးလမ်းထဲက မြနဲ့တိုက်ရှေ့မှာ
တွေ့ခဲ့ဖူးတယ် ကိုသက်ညွန့်"

"နေဦး...ကျွန်တော် ဆက်ပြောသွားမယ်၊ ကျွန်တော်ပြော
တာတွေနဲ့ ကိုရန်မျိုးနောင် ကိုယ်တွေ့ကြုံခဲ့တာတွေ…
ပြန်ပြီး ဆက်စပ်ကြည့်"

တိုသွားသော စီးကရက်ကို သမံတလင်း ကြမ်းပြင်
တွင်ချပြီး ဖိနပ်နှင့်နင်းပြီးမှ ကိုသက်ညွန့် ဆက်ပြောပြန်သည်။

"အဲဒီ သွေးညီနောင်ပတ္တမြားသုံးလုံးဟာ ဦးအောင်ဟိန်း…
သူ့ဘိုးဘွားလက်ထက်က ဆင်းသက်ပြီး ရလာတဲ့အမွေ…
ပြောတယ်၊ အဲဒီမှာ ညီတော်တဲ့ ဦးမောင်သိန်းက သွေး
ညီနောင်ပတ္တမြားတွေဟာ သူလည်း အမွေဆိုင်တယ်…
အရေးဆိုခဲ့တယ်"

"သူတို့က ညီအစ်ကိုအရင်း ဆိုတော့ ဦးမောင်သိန်းမှာ
အမွေဆိုင်ခွင့် ရှိနေမလား"



"ဦးအောင်ဟိန်းရဲ့အပြောကတော့ အမွေတွေခွဲဝေစဉ်က
ဒီသွေးညီနောင်ပတ္တမြားသုံးလုံးနဲ့ တန်ဖိုးချင်းညီမျှတာတွေ
ကို ဦးမောင်သိန်းကို ပေးခဲ့ပြီးပြီမို့ ဦးမောင်သိန်းဟာ
သွေးညီနောင်ကိစ္စမှာ ဘာမှ ပိုင်ဆိုင်ပတ်သက်ခွင့် မရှိတော့
ဘူးလို့ ပြောတာပဲ၊ အင်းလေ ... ဒါကတော့ သူတို့ညီ
အစ်ကိုပြဿနာပါ၊ အဲ ... ဦးအောင်သိန်းမှာ ကျော့ကေသီ
ဆိုတဲ့ သမီးတစ်ယောက်ရှိတယ်၊ ကျော့ကေသီနဲ့ ကိုတင်
မောင်ကြည်က ချစ်သူတွေ ဆိုပါစို့ဗျာ"

"ဟာ ... ကိုတင်မောင်ကြည်မှာ တက္ကသိုလ်ရိပ်သာလမ်း
ထဲက သီဂီရွှေစင်ဆိုတဲ့ ချစ်သူရှိနေတယ် မဟုတ်လား၊
နွေပွင့်ပြောလို့ ကျွန်တော် သိတာ၊ ပြီး ... သီဂီရွှေစင်အိမ်
ကို ကျွန်တော် ရောက်သွားလို့တောင် လူဆိုးတွေနဲ့ သတ်
ပုတ်ရသေးတယ်"

ကိုသက်ညွန့်က ရယ်ပေသည်။

"ဒီဘက်မှာတော့ ကိုတင်မောင်ကြည်က သိပ်စွံတယ်ဗျ၊
ရုပ်လည်းချော၊ အပြောလည်းကောင်းတဲ့လူလေ၊ မုဒုံဘက်
မှာ ကျွန်တော်ကလည်း မှောင်ခိုလုပ်ရင်း ကိုတင်မောင်
ကြည်နဲ့ တွဲမိတာပဲ၊ ကျွန်တော်က မုဒုံကနေ ချောင်းနှစ်ခွ၊
အဲဒီကတစ်ဆင့် နယ်စပ်အထိဆင်းပြီး သာမန်မှောင်ခို
သမားလေ၊ ကိုတင်မောင်ကြည်ကတော့ အထည်ကြီးသမား၊
သူကိုယ်တိုင်က တွင်းထွက်ရတနာပစ္စည်း ကျောက်အမျိုး
မျိုးကို အရည်အသွေးကြည့်ပြီး ရာဖြတ်နိုင်တဲ့အထိ ကျွမ်း
ကျင်တယ်၊ အဲဒီလိုနဲ့ ကျော့ကေသီနဲ့ သူနဲ့ ဖြစ်ကြတယ်၊
ကျော့ကေသီက ကိုတင်မောင်ကြည် ကျောက်မျက်ရတနာ
တွေမှာ သိပ်ကျွမ်းကျင်ကြောင်း ဓာတ်သိဖြစ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာ ညီဖြစ်တဲ့ ဦးမောင်သိန်းက အစ်ကိုဦးအောင် ဟိန်းကို ဖွတ်အကျပ်ကိုင်နေပြီလေ၊ သွေးညီနှောင်ပတ္တမြား သုံးလုံးကို သူ့သားတွေဖြစ်တဲ့ ဗန်ကောက်က ပီတာဆီဖြစ် ဖြစ်၊ စင်ကာပူက သောမတ်စ်ဆီဖြစ်ဖြစ် ပို့ပြီးရောင်းရင် ဈေးကောင်းကောင်းရမယ်၊ ဦးမောင်သိန်းမှာ ရန်ကုန် ရွှေဘုံသာလမ်းထဲမှာ စိန်ရွှေရတနာဆိုင်လည်း ရှိတာ သွေးညီနှောင်ကို နိုင်ငံခြားထုတ်ဖို့ လွယ်တယ်လို့ပြောတယ်

"ဦးအောင်ဟိန်းက သူ့ညီ ဦးမောင်သိန်းကို မယုံ ကြည်ဘူး၊ ဦးမောင်သိန်းက လူမိုက်တပည့်တွေမွေးပြီး မကောင်းတဲ့စိတ်နဲ့ မကောင်းတာတွေ လုပ်နေမှန်းလည်း သိတယ်၊ ဒါနဲ့ပဲ နောက်ဆုံး ကျော့ကေသီနဲ့ ပတ်သက်နေတဲ့ ကိုတင်မောင်ကြည်ကို သွေးညီနှောင် ပတ္တမြားသုံးလုံးထုတ် ပြတယ်၊ ကိုတင်မောင်ကြည်က အရည်အသွေးစစ်ဆေးပြီး အရှေ့ဘက်နိုင်ငံမှာ သွားထုတ်ရင် ပတ္တမြားတစ်လုံးကို မြန်မာငွေ သိန်းငါးဆယ်လောက် တန်ဖိုးရနိုင်တယ်၊ သုံး လုံးဆိုရင် သိန်းတစ်ရာ့ငါးဆယ် ရနိုင်တယ်လို့ ရာဖြတ် ဖြတ်တယ် ...

"ဒီတော့ ဦးအောင်ဟိန်းက ကိုတင်မောင်ကြည်ကို သမီးကျော့ကေသီနဲ့ ပတ်သက်လို့ ယုံကြည်တယ်၊ နိုင်ငံ ခြားမှာ သွားထုတ်ပေးပါလို့ ပြောတယ်၊ ကိုတင်မောင်ကြည် က နှစ်ဆယ်ရာခိုင်နှုန်းနဲ့ သူ့ကို ကော်မရှင် သိန်းသုံးဆယ် တောင်းတယ်၊ ဦးအောင်ဟိန်းက သဘောတူတယ်၊ ကတ္တီပါ ရှုံ့အိတ်လေးနဲ့ ထည့်ထားတဲ့ သွေးညီနှောင်သုံးလုံးကို ကိုတင်မောင်ကြည်ရဲ့လက်ထဲ အပ်လိုက်တယ်"



"ဦးအောင်ဟိန်းက ကိုတင်မောင်ကြည်ကို သိပ်ယုံကြည် တာပဲလား ကိုသက်ညွှန့်"

"ဟာ ... ကိုတင်မောင်ကြည်က ဒါမျိုးမှာတော့ စိတ်ချ ယုံကြည်ရအောင် သစ္စာရှိတယ်ဗျ၊ ကျော့ကေသီနဲ့ ပတ် သက်နေတော့ ပိုပြီး ယုံကြည်တာပေါ့၊ သွေးညီနှောင် ပတ္တမြားသုံးလုံးကို လက်ခံပြီးတဲ့နောက် ကျွန်တော်နဲ့တွဲ ဖက်လုပ်ကြတယ်၊ ကျွန်တော့်ကိုတော့ သူရမယ့် သိန်းသုံး ဆယ်ထဲက ငါးရာခိုင်နှုန်းနဲ့ ခြောက်သိန်းပေးဖို့ နှစ်ယောက် သဘောတူပဲ၊ ဦးအောင်ဟိန်းဆီက သွေးညီနှောင်သုံးလုံး ယူလာပြီး ရန်ကုန်ကို ပြန်လာခဲ့တယ်၊ ဒီလောက်တန်ဖိုး ကြီးမားတဲ့ သွေးညီနှောင်ကိစ္စမျိုးကျတော့ ချက်ချင်းကြီး အရှေ့ဘက်ကူးသွားလို့ မဖြစ်ဘူး၊ ရန်ကုန်က အဆက် အသွယ်တွေနဲ့ တစ်ဆင့် ဆက်သွယ်ရသေးတယ် ...

"အဲဒီမှာတင် ဦးမောင်သိန်းက သူ့အစ်ကို ဦးအောင် ဟိန်းဟာ သွေးညီနှောင်တွေကို ကိုတင်မောင်ကြည်လက်လွှဲ ပေးကြောင်း သိသွားတယ်၊ သူ့တပည့် မြတ်သင်းတို့အဖွဲ့ ကို သွေးညီနှောင်ရရှိရေး လိုက်ခိုင်းတယ်၊ တစ်ချိန်မှာ မြတ်သင်းနဲ့ ကျွန်တော်နဲ့ ကိုတင်မောင်ကြည်တို့ ရင်ဆိုင် တယ်၊ သတ်ပုတ်ကြရင်း မြတ်သင်းကို ကျွန်တော် ဓားနဲ့ ထိုးလိုက်တယ်၊ အဲဒီဓားထိုးမှုနဲ့ မြတ်သင်းတို့က ကျွန်တော့် ကို ထောင်ကျစေလိုက်တာပဲ၊ သဘောကတော့ ကိုတင်မောင် ကြည်နဲ့ ကျွန်တော့်ကို လူချင်းခွဲတဲ့ သဘောပေါ့၊ ကျွန် တော်နဲ့ ကိုတင်မောင်ကြည် တွဲနေရင် နှစ်ယောက်လုံးက ဒီမှောင်ခိုလုပ်ငန်းမှာ ကျွမ်းပြီးသားတွေမို့ လက်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လက်လွှဲ လုပ်သွားရင် မြတ်သင်းတို့ မျက်ခြည်ပြတ်နိုင်တယ်၊ ခြေရာပျောက်နိုင်တယ်"

"ဒါဆိုရင် ကိုသက်ညွှန့် ထောင်ကျတဲ့အချိန်အထိ သွေးညီနောင် ပတ္တမြားတွေဟာ ကိုတင်မောင်ကြည်ရဲ့ လက်ထဲမှာရှိနေတာပေါ့၊ မြတ်သင်းတို့လူသိုက် နွေပွင့်အိမ်မှာရှာကြတုန်းက ကိုသက်ညွှန့်ရဲ့ သေတ္တာထဲက သွေးညီနောင် ထည့်ခဲ့တဲ့ ကတ္တီပါရှူးအိတ်ကို တွေ့ကြတယ်ဆိုတာကကော"

"မုဒုံက ရန်ကုန်ကို ကျွန်တော်နဲ့ ကိုတင်မောင်ကြည် ပြန်လာတာနဲ့ ကျွန်တော့်အိမ်ကို ပထမဝင်တယ်၊ ကတ္တီပါရှူးအိတ်ထဲက ပတ္တမြားသုံးလုံးကို ကိုတင်မောင်ကြည် ထုတ်ယူပြီး သူ့ရှပ်အင်္ကျီအိတ်ထဲ ထည့်ယူထားတယ်၊ ရှူးအိတ်ကို ဒီအတိုင်းထားခဲ့တာနဲ့ ကျွန်တော်က ကောက်သိမ်းပြီး သေတ္တာထဲ ထည့်ထားတာပဲ ကိုရန်မျိုးနောင်"

"ဒါဆို သွေးညီနောင် ပတ္တမြားသုံးလုံးဟာ ကိုတင်မောင်ကြည်ဆီမှာ သေသွားတဲ့အချိန်အထိ ရှိနေတယ်လို့ ယူဆစရာပဲ"

"ယူဆစရာမဟုတ်ဘူး ကိုရန်မျိုးနောင်၊ အခု ကိုရန်မျိုးနောင် ပြောပြသလောက်ဆိုရင် မြတ်သင်းတို့လက်ထဲ သွေးညီနောင် မရသေးလို့ ဒီကောင်တွေ ဒီလောက်သဲကြီးမဲကြီး လိုက်နေတာကိုထောက်ရင် သွေးညီနောင်ပတ္တမြားသုံးလုံးဟာ ကိုတင်မောင်ကြည် လက်ထဲမှာ ရှိနေတယ်ဆိုတာ သေချာနေတယ်"

"ဒါပေမဲ့ ကိုတင်မောင်ကြည်ကို ကျွန်တော်က နောက်ဆုံးတွေ့ဆုံကယ်တင်ခဲ့တဲ့လူပဲ ကိုသက်ညွှန့်၊ သူ့ကိုယ်ထဲမှာ



ပါလာသမျှပစ္စည်းရော၊ မော်တော်ဆိုင်ကယ်ထဲက ပစ္စည်းတွေရော ထောက်ကြံ့ရဲစခန်းကို အပ်ခဲ့တယ်၊ ထောက်ကြံ့ရဲကတစ်ဆင့် ရဲအရာရှိ ဦးလတ်ဆွေကို စာရင်းအတိအကျ ပုံစံဖယားနဲ့ အပ်ခဲ့တယ်၊ ဒီအထဲမှာ ဘာပတ္တမြားတစ်လုံးမှ မပါဘူး"

"စဉ်းစားစရာပဲ ကိုရန်မျိုးနောင်"

"တကယ်လို့သာ ကိုတင်မောင်ကြည်ဟာ သွေးညီနောင် ပတ္တမြားသုံးလုံးကို တစ်နေရာရာမှာ ဝှက်ထားတယ်ဆိုရင် အခု သူက သေဆုံးသွားပြီဆိုတော့ ဘယ်လိုမှ ဘယ်သူမှ သွေးညီနောင်တွေကို ဖော်ထုတ်နိုင်မှာ မဟုတ်တော့ဘူး ကိုသက်ညွှန့်"

ကိုသက်ညွှန့်က တွေဝေစဉ်းစားသေးသည်။ ပြီးမှ ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြသည်။

"ကိုတင်မောင်ကြည်ဟာ ကိုရန်မျိုးနောင်နဲ့ တွေ့တဲ့အချိန်မှာ အသက်မသေသေးတာ သေချာတယ်နော်"

"သိပ်သေချာတယ်၊ အင်းစိန်ဆေးရုံရောက်လို့ ကုသတဲ့နာရီပိုင်းလောက်အထိတောင် သူ အသက်ရှိနေသေးတာပဲ"

"သူ့ကို ကိုရန်မျိုးနောင်က ကားပေါ်တင်ပြီး ခေါ်သွားတုန်းက သူဟာ တစ်ခုခု မပြောဘူးလားဗျာ၊ သူ့ကိုယ်သူမရတော့မှန်းသိရင် ပတ္တမြားတွေ ဝှက်ထားတဲ့ နေရာကို သူ နောက်ဆုံး ပြောမှာပါ"

"အဲဒါတော့ ကျွန်တော် မသိနိုင်ဘူး ကိုသက်ညွှန့်၊ ကျွန်တော့်ကားနောက်ခန်းကုရှင်က ကျယ်တော့ သူ့ကို နောက်ခန်းထဲက ကုရှင်မှာပဲ တင်ထားခဲ့တယ်၊ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ခန်းမှာ ကားမောင်းတော့ သူပြောလည်း ကျွန်တော် ကြားချင်မှကြားမယ်၊ တစ်ခုတော့ စဉ်းစားစရာရှိတယ်၊ အင်းစိန်ဆေးရုံမှာ သူ့ကို ကုသနေတုန်း ကိုတင်မောင်ကြည် က ဂူးဝေါင်ဝိန်းလို့ သုံးခါလောက် ပြောခဲ့တယ်ဆိုတော့ သူဟာ သွေးညီနောင်ပတ္တမြားသုံးလုံးကို မှုခုံက ဦးအောင် ဟိန်း လက်ထဲ ပြန်အပ်လိုက်ပြီလို့ ပြောတာများလား။ သူ ပြန်အပ်ပြီးအပြန် မြတ်မင်းတို့က ထောက်ကြံ့နားမှာ သူ့ကို ရန်လုပ်တာကော မဖြစ်နိုင်ဘူးလား ကိုသက်ညွန့်"

"သာမန်အတွေး သာမန်အမြင်နဲ့ဆိုရင်တော့ ကိုရန်မျိုး နောင်ပြောတာ ဖြစ်နိုင်တယ်လို့ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ကိုတင်မောင်ကြည်ရဲ့ စိတ်ဓာတ်ကို အတွင်းသိနေတဲ့ ကျွန်တော့်အမြင် ဆိုရင်တော့ ဦးအောင်ဟိန်း လက်ထဲကို သွေးညီနောင် ပတ္တမြားတွေကို ကိုတင်မောင်ကြည်က ဘယ်လိုမှ ပြန်အပ်မှာ မဟုတ်ဘူးလို့ အခိုင်အမာ ပြောရဲ တယ်"

"ဘယ်လိုကြောင့်လဲ ကိုသက်ညွန့်"

"ကိုတင်မောင်ကြည်ဟာ အလုပ်တစ်ခုကို မလုပ်နိုင်လို့ လက်လျှော့တယ်၊ အဲဒီအလုပ်ကို ရပ်နားပစ်တယ်ဆိုတာ မျိုး ဘယ်တော့မှ မရှိခဲ့ဘူး၊ နောက်ဆုံး အလုပ်ဟာ အဆုံး သတ်မအောင်မြင်ဘဲ ရှိချင်သာရှိသွားမယ်၊ သူကတော့ ပြီးစီးအောင် လုပ်တာပဲ၊ နောက်တစ်ချက်က ဒီအလုပ်ဟာ သူ့အတွက် သိန်းသုံးဆယ်အလုပ်ပဲ၊ ဘယ်မှာ ကိုတင်မောင် ကြည် ပြန်အပ်မလဲ"

"ဒါဆို သွေးညီနောင်ပတ္တမြားတွေ ဘယ်ရောက်သွားသလဲ"



"နေဦး ... ကိုတင်မောင်ကြည်ရဲ့ လုပ်ကွက်လေးတွေ ကျွန်တော် ကိုရန်မျိုးနောင်ကို ပြောပြဦးမယ်"

ရန်မျိုးနောင်က ခေါင်းညိတ်ပြပေသည်။

"ဆိုကြပါစို့ဗျာ ... ကိုတင်မောင်ကြည်ဟာ သွားရင်လာ ရင်း သူ့နောက်မှာ ရန်သူလိုက်လာတာကို ရိပ်မိသွားတယ် ဆိုပါစို့၊ သူက ထွက်မပြေးဘူး၊ ဟန်မပျက်ဘူး၊ သူ့ရှေ့က လာတဲ့ လူဟာစ်ယောက်ကို သူသိသိ၊ မသိသိ အတင်းနှုတ် ဆက်တယ်၊ အနှုတ်ဆက်ခံရတဲ့သူ အူကြောင်ကြောင်ဖြစ် နေရင်လည်း သူကကျိတ်ပြီး ကျွန်ုပ်ကို ကူညီတဲ့အနေနဲ့ သိဟောင်းကျွမ်းဟောင်း မိတ်ဆွေတွေကိုတွေ့ပြီး ဆက်ဆံ သလိုဆက်ဆံပါဗျာလို့ တောင်းပန်ပြီး အနီးမှာရှိတဲ့ လက် ဖက်ရည်ဆိုင်ဖြစ်ဖြစ် အအေးဆိုင်ဖြစ်ဖြစ် ဆွဲခေါ်သွားတယ်၊ လက်ဖက်ရည်မှာ၊ အအေးမှာနဲ့ ထိုင်သောက်တာပဲ၊ သေးလူ အမြင်တော့ ကိုတင်မောင်ကြည် ရင်းနှီးတဲ့ အပေါင်းအသင်း တွေ့သွားပြီလို့ မြင်ကြမယ်၊ ရန်သူက စိတ်ပျက်ပြီး ပြန် သွားမှ ကျသင့်တဲ့ လက်ဖက်ရည်ဖိုးတွေ ကိုတင်မောင် ကြည်က ရှင်းပြီး သူစိမ်းကို ကျေးဇူးတင်စကား ပြောတယ်"

"မဆိုးဘူး"

"နောက်တစ်မျိုး ရှိသေးတယ်၊ သူ့ဆီမှာ ပစ္စည်းတစ်ခုခု ပါလာပြီ ဆိုပါတော့၊ များသောအားဖြင့် ကိုတင်မောင် ကြည်ရဲ့ပစ္စည်းဆိုတာ ကျောက်မျက်ရတနာ အထုပ်သေး သေးမျိုးလေးတွေပဲ၊ အဲဒါအတွက် နောက်ကရန်သူလိုက် လာတယ်ဆိုရင် အဲဒီပတ်ဝန်းကျင်မှာ သူ့အသိမိတ်ဆွေ တစ်ယောက် ရှာကြည့်တယ်၊ တွေ့ရင်နှုတ်ဆက်ပြီး အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ ဘယ်လိုမှ မသိလိုက်ဘဲ မိတ်ဆွေရဲ့အိတ်ထဲကို သူ့ပစ္စည်းထုပ်လေး ထည့်ပေးလိုက်တယ်၊ နောက်ပြီးမှ အဲဒီမိတ်ဆွေအိမ်ကို လိုက်သွားပြီး သူ့ပစ္စည်းထုပ်လေး ပြန်တောင်းယူတယ်၊ အဲဒီမိတ်ဆွေခမျာ အံ့အားသင့်ကြီး သင့်သွားရတော့တာပဲ"

"မိတ်ဆွေအသိတစ်ယောက်ယောက်ကို မတွေ့ဘူးဆိုရင် ကော ကိုသက်ညွှန့်"

"အဲဒါဆိုရင် လမ်းပေါ်မှာပြေးနေတဲ့ ဘတ်စ်ကားပေါ်တက် လိုက်သွားတယ်၊ ဘတ်စ်ကား ခေါင်မိုးကြားထဲမှာဖြစ်ဖြစ်၊ ထိုင်ခုံကြား တစ်နေရာမှာဖြစ်ဖြစ် ပစ္စည်းထုပ်ကို ထိုးဝှက် ခဲ့ပြီး မှတ်တိုင်တစ်ခုခုမှာ ဆင်းတယ်၊ ကားရဲ့နံပါတ်နဲ့ လိုင်းပြေးနံပါတ်ကို မှတ်ထားလိုက်တယ်၊ နောက်မှ အဲဒီ ကားဂိတ်သွားပြီး ဂိတ်အလှည့်စောင့်နေတဲ့ စောစောက ကားပေါ်တက်ပြီး သူဝှက်ထားတဲ့ ပစ္စည်းကို ပြန်ယူတယ်၊ ကိုတင်မောင်ကြည်ဟာ အဲဒီလိုလူစားပါ ကိုရန်မျိုးနောင်"

"ဒါဆို ကိုသက်ညွှန့်က ဘယ်လိုထင်မြင်ချက်ရှိလို့လဲဗျာ"

"ကိုတင်မောင်ကြည်ဟာ သူ့ရဲ့အမူအကျင့်အတိုင်း နောက် ဆုံးအခြေအနေမှာ နောက်ဆုံး တွေ့ကြုံဆုံစည်းရတဲ့ မိတ် ဆွေလို့ ယူဆတဲ့လူကို သွေးညီနောင်ပတ္တမြားတွေ ပေးခဲ့ ရမယ်လို့ ကျွန်တော် ပြောရဲတယ်၊ အဲဒီလိုဆိုရင် သူ နောက်ဆုံးအခြေအနေမှာ တွေ့ကြုံဆုံစည်းရတဲ့ မိတ်ဆွေ လို့ယူဆနိုင်သူဟာ ကိုရန်မျိုးနောင် ဖြစ်နိုင်တယ်၊ နောက် ပြီး သူ့ကို နောက်ဆုံးကုသပေးတဲ့ ဒေါက်တာရဲမြင့် ဖြစ် နိုင်တယ်၊ ကိုရန်မျိုးနောင်ကို ကိုတင်မောင်ကြည် ဘာမှ



မပေးခဲ့ရင် ဒေါက်တာရဲမြင့်မှာ တစ်ချက်စုံစမ်းကြည့်ပါလား ကိုရန်မျိုးနောင်"

"ကောင်းပြီ ကိုသက်ညွှန့်၊ ဒေါက်တာရဲမြင့်ဆီမှာ ကျွန်တော် စုံစမ်းကြည့်ဦးမယ်"

ကိုသက်ညွှန့်အား လိုအပ်သော ပစ္စည်းတချို့ဝယ်ပေး ခဲ့ပြီး နွေပွင့်နှင့် ရန်မျိုးနောင်တို့ နှုတ်ဆက်ထွက်ခွာလာကြသည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



## (တစ်ဆယ့်သုံး)

"အစ်ကို"

"ဆို ... နွေပွင့်"

"အခု ဘယ်အထိပြန်မလဲဟင်၊ ပဲခူးတင်ပဲလား၊ ရန်ကုန် အထိ ပြန်မလား"

"နွေပွင့်က ဘယ်အထိ ပြန်စေချင်လို့လဲ"

"နွေပွင့် စိုးရိမ်တာ နှစ်ခုရှိလို့ပါ အစ်ကို"

"ပြောပါဦး အဲဒီနှစ်ခုကို၊ ပထမတစ်ခုက ဘာလဲပြော"

"အခု နွေပွင့်တို့ တောင်ငူက ထွက်လာတာ မွန်းလွဲနှ နာရီဆိုတော့ လမ်းမှာ မိုးချုပ်သွားမယ်၊ ရန်ကုန်အထိပြ ရင် ပိုပြီးတောင် ချုပ်ဦးမယ်"

"ဒါလား၊ ဒါကို တို့ အချိန်တွက်ကြည့်တယ်၊ တောင်ငူ ပဲခူးဟာ အကြမ်းအားဖြင့် မိုင်တစ်ရာလေးဆယ်လော ရှိမယ်၊ တို့ကားက တစ်နာရီကို မိုင်ငါးဆယ်နှုန်းမောင်း တော့ ကားက ငြိမ်ပြီးဝပ်နေတယ်၊ အဲဒီတော့ မိုင်ငါးဆ နှုန်း မှန်မှန်မောင်းသွားရင် ညနေငါးနာရီလောက် ပဲခူး



ရောက်မယ်၊ အဲ ... လမ်းမှာ ကားချင်းရှောင်ရတာတို့၊ ရှေ့ကားကို ကျော်တက်ရတာတို့ ရှိနေလို့ နှောင့်နှေးတတ် ထားဦး၊ တစ်နာရီသုံးဆယ့်ငါးမိုင်နှုန်းတော့ တင်မှာပဲ၊ ဒါဆို လေးနာရီလောက် မောင်းရမယ်၊ ပဲခူးကို ညနေ ခြောက်နာရီလောက် ဝင်မယ်၊ ညနေခြောက်နာရီ ဆိုတာ ဆည်းဆာချိန်လောက်ပဲ ရှိသေးတယ်၊ မမှောင်သေးပါဘူး နွေပွင့်၊ မစိုးရိမ်နဲ့ နောက်ပြီး တို့မှာ ကျည်ကတ်သုံးကတ် အပြည့် ကျည်ဆန်နှစ်ဆယ့်တစ်တောင့်နဲ့ သေနတ်ပါတယ်၊ ကဲ ... ဒုတိယ နွေပွင့် စိုးရိမ်တာပြော"

"ပဲခူးရောက်ရင် အစ်ကို ရန်ကုန်ကို ဆက်ပြန်မလား"

"အဲဒါကတော့ ပဲခူးရောက်မှပဲ အခြေအနေကြည့်ပြီး ပြန် သင့်ရင် ပြန်မယ်၊ မပြန်သင့်ရင် ဘိုးဘိုးအိမ်မှာ ညအိပ် မယ်၊ နွေပွင့် စိုးရိမ်နေတဲ့ ဒုတိယအချက်ကို ပြောလေ"

"အစ်ကို ရန်ကုန်ပြန်ရင် နွေပွင့်ကို ပဲခူးက ဘိုးဘိုးအိမ်မှာ ပဲ ထားခဲ့မှာလားဟင်"

ရန်မျိုးနောင်သည် ကားလက်ကိုင်ကွင်း စတီယာရင် ကို လက်တစ်ဖက်တည်းကိုင်ပြီး ကျန်လက်တစ်ဖက်က နွေပွင့် လည်တိုင်နောက်မှ ဖြတ်ကာ ဟိုဘက်ပခုံးစွန်းလေးကို ဆုပ်ကိုင် ပြီး သူ့ဘက်သို့ ညင်ညင်သာသာလေး ဆွဲယူလိုက်သည်။

"လောလောဆယ်တော့ နွေပွင့်တို့သားအမိကို ပဲခူးက ဘိုးဘိုးအိမ်မှာပဲ ထားခဲ့ရင် ကောင်းမလားလို့"

"အဲဒါဟာ နွေပွင့်ရဲ့ဒုတိယစိုးရိမ်ချက်ပဲ အစ်ကို"

"ဘာဆိုင်လို့လဲ ဘာကို စိုးရိမ်တာလဲ နွေပွင့်လေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"မေမေက ပြောတယ်၊ လူတစ်ယောက် လမ်းလျှောက်တဲ့ အခါမှာ ညာခြေက ရှေ့ကိုလှမ်းရင် ဘယ်လက်က နောက် ကိုပစ်ထားတယ်တဲ့၊ အလားတူပဲ ဘယ်ခြေက ရှေ့ကိုလှမ်း ရင် ညာလက်က နောက်ကို ပစ်ထားတယ်တဲ့"

"အဲဒါ ဟုတ်သားပဲ၊ လူတိုင်းလိုလို လမ်းလျှောက်တဲ့အခါ အဲဒီလိုပဲဟာ"

"မေမေက ဆက်ပြောတယ်၊ ကိုယ့်ချစ်သူ ယောက်ျားတစ် ယောက်ကို လက်မထပ်ရသေးခင် မျှော်လင့်ချက်ကြီးမားစွာ မထားနဲ့တဲ့၊ ယုံကြည်စိတ်ချမှုလည်း မကြီးမားစေနဲ့တဲ့ ယောက်ျားတွေဟာ မေမေ ပြောသလို ခြေတစ်ဖက်က ရှေ့လှမ်းပြထားပေမယ့် လက်တစ်ဖက်က နောက်မှာအပြ ပစ်၊ အမြဲကျန်ခဲ့တာတဲ့"

ရန်မျိုးနောင်သည် နွေပွင့်လေး မျက်နှာလေးငယ်ငယ် အသံလေး တုန်တုန်ဖြင့် ပြောနေသည်ကို စိတ်မကောင်းဖြစ်ရသည်။

နွေပွင့်လေး၏မိခင် ဒေါ်စောမာလာအတွက်လည်း ကြေကွဲရသည်။

ဘိုးဘိုး ပြောပြချက်အရ ဒေါ်စောမာလာသည် ဖေဖေဦးရန်နိုင်အား တစ်ဖက်သတ် ကျိတ်၍ချစ်ခဲ့သည်။ မျှော် လင့်ချက်ကြီးမားစွာဖြင့် လက်ထပ်ရမည်ဟုလည်း ယုံကြည် သည်။ ဖေဖေဦးရန်နိုင်က ဒေါ်စောမာလာကို လက်မထပ်ဘဲ မေမေဒေါ်ရည်မွန်ကို လက်ထပ်လိုက်သောအခါ ဒေါ်စောမာလာ ပြင်းထန်စွာ ခံစားရသည်။ စိတ်ကြီးသူပီပီ ဘဝကို အနာခံပြီး အရှုံးတိုက်လိုက်သည်။



ယင်းအချက်ကို မတည်ပြီး နွေပွင့်လေးအား မိမိက လက်မထပ်လျှင် သူမတုန်းကကဲ့သို့ ဘဝပျက်သည်အထိ ပြင်း ထန်စွာ ခံစားရမည် စိုးရိမ်ကြောင်း နွေပွင့်ကို တင်ကြိုသတိပေး ပြောကြားခဲ့ဟန်တူပါ၏။

"နွေပွင့် ... အချစ်"

"ရှင် ... အစ်ကို"

"အခု နွေပွင့်လေး ပြောနေတာတွေဟာ ဒေါ်ဒေါ်ငယ်စဉ်က ဖေဖေနဲ့ လွဲခဲ့ရတဲ့ ခံစားချက်ကို အခြေခံပြီး ဒေါ်ဒေါ်က နွေပွင့်ကို ပြောပြလို့ နွေပွင့် အစိုးရိမ်ကြီးနေတာ မဟုတ် လား"

"ဟုတ်ပါတယ် အစ်ကို၊ နောက်တစ်ချက် နွေပွင့် ကိုယ် တိုင် စဉ်းစားပြီး အစ်ကို့ကို စိတ်မချတာလည်း ပါသေး တယ်"

"နွေပွင့်ကိုယ်တိုင် ဘာကို စဉ်းစားမိလို့လဲ"

"ဟိုတုန်းကဆိုရင် နွေပွင့်က ဆင်းရဲတယ်၊ နွေပွင့်ရဲ့ ဆင်းရဲတဲ့ဘဝကို အစ်ကိုက ကရုဏာထားတယ်၊ ဒီတော့ နွေပွင့်ဘဝကို ကယ်တင်ချင်တဲ့ စေတနာနဲ့ လက်ထပ်ဖို့ ရာခိုင်နှုန်း ပိုများတယ်၊ အခု မေမေက ဘိုးဘိုးဆီက အမွေတွေရတော့ နွေပွင့်တို့ မဆင်းရဲတော့ဘူး၊ ဒီကောင်မ လေး သူ့ဘဝအဆင်ပြေသွားပြီပဲ၊ ငါ လက်မထပ်လည်း အရေးမကြီးပါဘူးဆိုတဲ့ သဘောတွေ အစ်ကို ဝင်သွားရင် နွေပွင့်တော့ အကြီးအကျယ်ဒုက္ခ၊ နွေပွင့်က အစ်ကို့ကိုချစ် နေပြီကိုး၊ မေမေ့အဖြစ်မျိုးသာ ဖြစ်ရရင် နွေပွင့် သေသည်း ကွဲပြီးသေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နွေပွင့်လေးကလည်း မဟုတ်ကဟုတ်က တော
တီးတောက်တဲ့တွေ ပြောနေတယ်၊ တို့က နွေပွင့်
တအားချစ်တာ သိလား၊ ကဲ ... ဒါဆို အခု ပဲခူးကိုရော
ရောက်ချင်း နွေပွင့်နဲ့တို့ လက်ထပ်မလား၊ ဘိုးဘိုးကိုဖ
ထားပြီး ဇရပ်သူကြီး အိမ်ခေါ်ပင့် လက်ထပ်မယ်လေ
ဘယ့်နှယ်လဲ"

"တကယ်ပြောတာလား အစ်ကို"

"အို ... လောကကြီးမှာ တို့ဟာ လူမိုက်ဖြစ်ချင်ဖြစ်မယ်
လူလိမ်လူညာတော့ ဘယ်တော့မှ အဖြစ်မခံဘူး၊ တကယ်
ကို ညတွင်းချင်း လက်ထပ်လိုက်မယ်၊ သာတောင်ကော
သေး"

မိန်းကလေး ငယ်ငယ်လေးသည် တစ်ချီတည်းငြ
သွားပါ၏။ ဘာမပြော ညာမပြော သူမလေးကပင် ရန်မျိုးနောင်
ပါးပြင်သို့ ပါးချင်းကပ်လိုက်ကာ မထိန်းမသိမ်းနိုင်ဘဲ သတိလ
လွတ် ရန်မျိုးနောင်၏ ပါးပြင်ကို သူမနှာသီးဖျားလေးနှင့် မွှ
မွှေးပေးလိုက်သည်။

"ဟာ ... ဒီကောင်မလေး၊ တို့ ပဲခူးရောက်အောင်တော
မစောင့်ချင်တော့ဘဲ ဒီကားပေါ်မှာပဲ အခုလက်ထပ်လို
ချင်ပြီ"

ပြောပြောဆိုဆို ရန်မျိုးနောင်သည် ကားကိုလမ်းဘေး
တွင် ထိုးရပ်လိုက်ပါ၏။

ပြီး ... နွေပွင့်ကို ရင်ခွင်ထဲဆွဲသွင်းကာ ကျစ်ကျစ်
ဖက်ထားပြီး ကောင်မလေး၏ ပါးပြင်နုနု နဖူးပြင်နုနုလေး
ဖိမွှေးတော့သည်။



"တော်ပြီ အစ်ကို သွားကြစို့၊ မိုးသိပ်ချုပ်သွားမယ်။
နွေပွင့်က စိုးရိမ်လွန်းလို့ ပြောတာပါ၊ အစ်ကိုက နွေပွင့်ကို
တကယ်ချစ်တယ် တကယ်လက်ထပ်မယ်ဆိုရင် နွေပွင့်
အရမ်းကျေနပ်ပြီ၊ အစ်ကို့စကားတစ်ခွန်းတည်း ပြောလိုက်
တာကို နွေပွင့် သိပ်ယုံကြည်သွားပြီ၊ အစ်ကိုဟာ လူမိုက်
ဖြစ်ချင် ဖြစ်သွားမယ်၊ လူလိမ်လူညာ ဘယ်တော့မှ မဖြစ်
စေရဘူး ဆိုတဲ့စကားလေ"

ရန်မျိုးနောင်သည် နွေပွင့်ကို ပြန်လွှတ်ကာ မော်
တော်ကားစက် ပြန်နှိုးသည်။ မော်တော်ကားကို ဘီးစလိမ့်စေသည်။

"တို့အနေနဲ့ နွေပွင့်ကို ချစ်ပါတယ်ဆိုတဲ့ နေ့ကတည်းက
လက်ထပ်ချင်တာပါ၊ တို့တစ်သက်မှာ နွေပွင့်ကို ချစ်ခဲ့
သလို ဘယ်မိန်းကလေးကိုမှ မချစ်မိဖူးသေးတာ အမှန်ပဲ
နွေပွင့်"

"ဟို ... မမဝိုင်း ဆိုတာကကော၊ ကိုပေါ်ဦးက ပြောတယ်၊
မမဝိုင်းနဲ့ အစ်ကိုဟာ လက်ထပ်ကြဖို့ အစီအစဉ်ရှိပြီးသား
တဲ့၊ မကြာခင်လေးကမှ စိတ်သဘောထားချင်း မတိုက်
ဆိုင်လို့ လက်ထပ်ဖို့ ပျက်သွားတာတဲ့"

"ဝိုင်းဟာ နှစ်ဖက်မိဘ သဘောတူ လက်ထပ်ရမယ့် အမျိုး
သမီး တစ်ယောက်လို့ တို့စိတ်ထဲ ခံယူထားတာကလွဲပြီး
နှလုံးသားမေတ္တာစိတ် မယိုဖိတ်ခဲ့ဘူး နွေပွင့်၊ လက်ထပ်ပါ
ဆိုလည်း ထပ်လိုက်မယ်၊ လက်မထပ်တော့ဘူးဆိုလည်း
မထပ်နဲ့၊ တို့ရင်ထဲမှာ ဝမ်းသာခြင်း ဝမ်းနည်းခြင်း မရှိဘူး၊
ကွယ်လွန်သွားတဲ့ ဖေဖေနဲ့ မေမေ့အပေါ် ကတိမပျက်ရင်
ပြီးရောလို့ သဘောထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နွေပွင့် မေးမယ်နော် အစ်ကို၊ တကယ်လို့ မမပိုင်းက ဘာမဆို အစ်ကို့ဆန္ဒအတိုင်း ဖြစ်စေရမယ်၊ လက်ထပ်ဖို့ သူတို့ဖျက်သိမ်းတဲ့ကိစ္စလည်း ပြန်ရုပ်သိမ်းတယ်၊ အစ်ကိုနဲ့ပဲ ပြန်လက်ထပ်ကြပါစို့လို့ ဆိုလာရင်ကော အစ်ကို"

"ဆောရီးပဲပိုင်း လို့ပြောလိုက်ရုံပေါ့၊ တကယ်လို့ နွေပွင့်နဲ့ မတွေ့ရသေးဘူး မချစ်ရသေးဘူး ဆိုရင်တော့ ပိုင်းက အဲဒီလို ပြန်ပြောရင် သဘောပဲလေ၊ လက်ထပ်ချင်ထပ်ပေါ့ လို့ ဖြေမိမလားပဲ"

"ဒါဆို နွေပွင့်အကြောင်း မမပိုင်းကို လက်မထပ်သလိုများ ဖြစ်သွားသလား အစ်ကိုရယ်"

"ဘာဆိုင်လဲ၊ နွေပွင့်နဲ့ တို့ မမြင်ဖူးသေးခင်ကတည်းက ပိုင်းကစပြီး လက်ထပ်ဖို့ကိစ္စ ဖျက်သိမ်းသွားတယ်၊ နောက်ပြီး နွေပွင့်ကို တို့က မေတ္တာရှိတဲ့အကြောင်း ဖွင့်မပြောခင်ကပဲ ပိုင်းအဖေနဲ့ အမေက တို့ကို လက်ထပ်ဖို့ကိစ္စ ဖျက်သိမ်းတဲ့အကြောင်း အတိအလင်း ကြေညာတယ်၊ အဲဒီနောက်ကျမှ နွေပွင့်နဲ့ တို့ ချစ်ကြတာ၊ ဒီကိစ္စမှာ နွေပွင့်ယောက ဆံတစ်ပင် နှမ်းတစ်စေ့ မပါဘူး၊ တကယ်လို့ အခုပြန်ပြီး ပိုင်းက လက်ထပ်ချင်တယ်လို့ ပြောလာရင်လည်း တို့က ခေါင်းခါရမယ် နွေပွင့်၊ ဟိုတုန်းက တို့ရဲ့ နှလုံးသားဟာ ဗလာသက်သက်၊ ဒါကြောင့် သင့်တော်သူကို လက်ထပ်မယ် ဆိုတာပဲ ရှိတယ်၊ အခုတော့ တို့နှလုံးသားမှာ နွေပွင့်က နေရာယူထားပြီလေ၊ တခြား ဘယ်သူ့ကိုမှ တို့ နေရာထပ်ပေးစရာ မရှိဘူး နွေပွင့်"

နွေပွင့်သည် သက်ပြင်းလေး ချပါ၏။



"ကိုပေါ်ဦးက ပြောတယ်၊ မမပိုင်းဟာ တစ်ဦးတည်းသော သမီးတဲ့၊ သူ့မိဘက အရမ်းချမ်းသာတာတဲ့။ နွေပွင့်ကို ချစ်မိတဲ့အတွက် အစ်ကို့မှာ မနစ်နာဘူးလားဟင်"

"ဘာမှမနစ်နာဘူး၊ လောကကြီးမှာ ကိုယ့်ချစ်သူကိုချစ်ရတာထက်ပိုပြီး တန်ဖိုးဘာမှမရှိနိုင်ပါဘူး နွေပွင့်ရာ၊ တို့မှာလည်း မိဘကထားခဲ့တာရော ဘိုးဘိုးဆီက ရဦးမှာတွေရောဆိုရင် ကလေး တစ်ဒါဇင်မွေးပြီး ဘာအလုပ်မှ လုပ်မစားဘဲ ထိုင်စားတောင် ဒီတစ်သက် မကုန်ဘူး သိလား"

"ဟွန်း … အစ်ကိုကလည်း ပြောလိုက်ရင် အတုံးလိုက် အတစ်လိုက်ပဲ၊ ဘယ်ကလာ ကလေးတစ်ဒါဇင်ရမှာလဲ၊ တစ်ဒါဇင်ဆိုတာ ဆယ့်နှစ်ယောက်ကြီးတောင်"

"တစ်ကရွတ်ဖြစ်တော့ကော ဘာအရေးလဲ နွေပွင့်လေးရဲ့၊ တစ်ကရွတ်ဆိုရင် တစ်ရာလေးဆယ့်လေးယောက်လေ"

"ဟာ … အစ်ကိုကလည်း"

နွေပွင့်က သူမ၏ လက်သီးဆုပ်လေးဖြင့် ရန်မျိုးနောင်၏ လက်မောင်းအိုးကြီးကို ဟန်တိပန်တိ ရက်စနီးလေး ထုလိုက်လေသည်။ ကြည်နူးစိတ် ကိုယ်စီလေးနှင့်ပင် ဆက်မောင်းလာခဲ့သည်။

ကားမောင်းရင် တောင်ငူထောင်တွင် ကိုသက်ညွန့်နှင့်တွေ့ခဲ့ပြီး ပြောခဲ့ရသော အကြောင်းအရာများကို ပြန်စဉ်းစားကြည့်သည်။

ကိုသက်ညွန့်နှင့် တွေ့ဆုံခဲ့ရသဖြင့် ဦးမောင်ညိန်းနှင့် ဦးအောင်ဟိန်းတို့ ညီအစ်ကို သွေးညီနောင် ပတ္တမြားများအပေါ်တွင် ပတ်သက်လာကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်သင်းတို့ မြွေဟောက်အဖွဲ့သည် ဦးမောင်သိန်း၏ဩဇာခံမှန်း သိခဲ့ရသည်။

ကိုတင်မောင်ကြည်၏ အမူအကျင့်ကလေးတွေကို သိခဲ့ရသည်။

ကိစ္စတစ်ခုကို အလေးအနက် စဉ်းစားပြီဆိုလျှင် ရန်မျိုးနောင်၏ အကျင့်က စီးကရက်သောက်ချင်လာသည်။

စာမူရေးရာတွင်လည်း ဇာတ်လမ်းဇာတ်ကွက်ကို အလေးအနက် စဉ်းစားပြီဆိုလျှင် အိပ်စ်ပို့ဒ္ဒူးယားလေး ခဲပြီးမှ ရန်မျိုးနောင် စဉ်းစားသည်။

ယခုလည်း ရန်မျိုးနောင်သည် စီးကရက်သောက်ချင်စိတ် ပေါက်လာသည်။

"နွေပွင့်"

"ရှင် ... အစ်ကို"

"ကားဒက်ရှ်ဘုတ်ထဲမှာ တို့ စီးကရက်ဘူး ရှိတယ်၊ ထုတ်ပြီး တစ်လိပ်လောက် တို့ကို မီးညှိပေးပါလား နွေပွင့်"

"သိပ်ရတာပေါ့ အစ်ကို"

နွေပွင့်က ဒက်ရှ်ဘုတ်ဖွင့်ပြီး အိပ်စ်ပို့ဒ္ဒူးယားအဝါဘူးကို ရှာဖွေ နှိုက်ယူသည်။

ဘူးဖွင့်ပြီး တစ်လိပ် ထုတ်ယူသည်။

"မီးခြစ်ကော အစ်ကို"

"မီးခြစ်လည်း ဒက်ရှ်ဘုတ်ထဲမှာပဲလေ၊ တို့က စီးကရက် အမြဲသောက်တာ မဟုတ်တော့ အင်္ကျီအိတ်ထဲ စီးကရက်ဘူးရော၊ မီးခြစ်ရော ထည့်မထားဘူး"



နွေပွင့်က မီးခြစ်ကို ရှာပြန်သည်။

ဂက်စ်မီးခြစ်လေး တွေ့ပါ၏။ နွေပွင့်က စီးကရက် ...င်ကို နှုတ်ခမ်းတွင်မြဲအောင်ညှပ်ကာ ဂက်စ်မီးခြစ်လေးကို ခြစ်သည်။

တစ်ခါခြစ်သည်၊ မီးမတောက်။

နှစ်ခါခြစ်သည်၊ မီးမတောက်။

သုံးခါခြစ်သည့်တိုင်အောင် မီးခြစ်က မီးမတောက်သေး။

"အစ်ကိုမီးခြစ်က မီးမှမတောက်တာ"

"နွေပွင့် မခြစ်တတ်လို့ပါ၊ ပေး ... စီးကရက်ကို တို့နှုတ်ခမ်းမှာ တေ့ပေး"

နွေပွင့်က စီးကရက်ဖင်စီခံပိုင်းကို ရန်မျိုးနောင်၏ နှုတ်ခမ်းတွင် တေ့ပေးသည်။

ရန်မျိုးနောင်က စီးကရက်ခဲပြီး လက်တစ်ဖက်ဖြင့် မီးခြစ်ကို လှမ်းယူသည်။

"နွေပွင့် ကျင့်ထားရဦးမယ် အစ်ကို၊ စီးကရက်မီးညှိတတ်အောင်လေ"

ရန်မျိုးနောင်က စီးကရက်ခဲရင်း ကျေနပ်စွာပြုံးသည်။ ပြီး မီးခြစ်ကိုခြစ်သည်။

တစ်ခါမတောက်။

နှစ်ခါလည်းမတောက်။

သုံးခါကျပြန်တော့လည်း မီးခြစ်က မီးမတောက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကားခေါင်းရှင်း မီးခြစ်၍မရသည်ကို ရန်မျိုးနောင် စိတ်မရှည်တော့သဖြင့် ဒေါ်မာန်လေးနှင့်ပင် မီးခြစ်ကို ဒက်ရှ်ဘုတ် ပေါ်သို့ ပစ်တင်လိုက်သည်။

ယင်းသို့ဂက်စ်မီးခြစ်ကို စိတ်တိုစွာ ပစ်တင်လိုက် သည်နှင့် တစ်ချိန်တည်းမှာပင် ရန်မျိုးနောင် ခေါင်းထဲသို့ အမှတ် ကရကိစ္စလေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

ကိုတင်မောင်ကြည် သေဆုံးသွားပြီဆိုသည့်နေ့က မိမိဆေးရုံသို့သွားသည်။ အိမ်ပြန်ရောက်ပြီး ညဘက်စာရေးစားပွဲ အထိုင်တွင် စီးကရက်သောက်ချင်သော်လည်း မီးခြစ်အသင့်မတွေ့။ ပေါ်ဦးက မီးခြစ်ကို ဘယ်မှာထားမှန်းမသိ။ စီးကရက်ကလည်း သိပ်သောက်ချင်လာသဖြင့် အိပ်ခန်းထဲရှိ ဂျာကင်အကျႌ၊ တိုက်ပုံ အကျႌများတွင် မီးခြစ်ရှာသည်။

မီးခြစ်တစ်လုံး တွေ့ခဲ့ပါ၏။

တရုတ်လုပ်မီးခြစ်ကို မြန်မာက အတုလုပ်ထားသော ခဲတံဆီထည့် မီးခြစ်ဖြစ်သည်။ အနက်ခံတွင် အနီပွင့်လေးများပင် ဆေးရောင်ခြယ်ထားသည်။

ထိုမီးခြစ်ကို ခြစ်ရာတွင်လည်း မီးမတောက်သဖြင့် စိတ်တိုစွာ အိပ်ခန်းနံရံဘက်သို့ ပစ်ပေါက်လိုက်သည်။ သည် အကြောင်းကို ယခုလက်ငင်း အဖြစ်အပျက်နှင့်ထင်ဟပ်ပြီး သတိ ရလိုက်မိသည်။

ထိုစဉ်က ပစ်ပေါက်လိုက်သော မြန်မာလုပ်မီးခြစ် လေးသည် ကိုတင်မောင်ကြည်ကို လမ်းပေါ်တွင် ပွေ့ထူစဉ်က ကိုတင်မောင်ကြည်က သွေးရူးသွေးတန်းဖြင့် မိမိ၏အပေါ်အကျႌ



အောက်အိတ်ထဲသို့ ထည့်လိုက်သည်ဟု ယူဆကာ ပေါ့တီးပေါ့ဆ မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။

နောက်ထပ်လည်း တစ်ခါမျှ ထိုမီးခြစ်ကို သတိမရ တော့။

သို့သော် ...

ယခု ဖျတ်ခနဲ ပြန်လည် သတိရလိုက်သည်နှင့် ကိုသက်ညွန့် ပြောပြသည့် ကိုတင်မောင်ကြည်၏ အမူအကျင့်လေး များအား ရန်မျိုးနောင် ဦးနှောက်က ဆက်စပ်လိုက်မိသည်။

ကိုတင်မောင်ကြည်သည် ရန်သူဘေးမှ ပစ္စည်းလွတ် မြောက်ရေးအတွက် ဖြုန်းခနဲ မိတ်ဆွေတစ်ယောက်ယောက်၏ အိတ်ထဲသို့ လူမသိ သူမသိ သူ့ပစ္စည်းကို ထည့်လိုက်တတ်သည် ဆိုသည့် အမူအကျင့်။

ဒါဆို ... ဒါဆို ...

ကိုတင်မောင်ကြည်အား ပွေ့ထူစဉ်က မိမိအပေါ် အကျႌအောက်အိတ်ထဲသို့ ထည့်လိုက်သော မြန်မာလုပ် မီးခြစ်လေး သည် သွေးရူးသွေးတန်း ထည့်လိုက်ခြင်း မဟုတ်နိုင်။

ယင်းမီးခြစ်ထဲတွင် သွေးညီနောင် ပတ္တမြားသုံးလုံး ပါရှိနေလေသလား။

သွေးညီနောင် ပတ္တမြားတစ်လုံးသည် လက်မ လက် သည်းခွံလောက် ရှိသည်ဟု ဆိုပေသည်။ မီးခြစ်လေးက ရှည်မျော မျော ရှိသည်ကို ရန်မျိုးနောင် သတိထားမိသည်။

ယင်းမီးခြစ်အိမ်အတွင်းသို့ ပတ္တမြားသုံးလုံး ထည့်၍ ရလေမည်လား။

www.burmeseclassic.com

www.burmeseclassic.com



ရချင်လည်း ရနိုင်သည်။

ရန်မျိုးနောင်သည် မော်တော်ကားကို လီဗာတင် ဖိမောင်းတော့သည်။ အမျိုးကောင်းကားသစ်မို့ လီဗာတင်သလောက် အရှိန်နှုန်း မြန်လေသည်။

"အစ်ကို ... မောင်းလှချည်လား"

"ဟုတ်တယ် နွေပွင့်၊ တို့ခေါင်းထဲမှာ စဉ်းစားမိတာ တစ်ခုရှိလာလို့၊ အဲဒါကို အမြန်သိချင်လို့"

"နွေပွင့်နဲ့ ပတ်သက်နေသလား အစ်ကို၊ အစ်ကို့မျက်နှာ သုန်မှုန်ပြီး နွေပွင့်ကိုလည်း စကားမပြောတော့လို့"

"နွေပွင့်နဲ့ မပတ်သက်ပါဘူး၊ တခြား သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြုန်းခနဲ ခေါင်းထဲမှာ စဉ်းစားမိလိုက်လို့ပါ"

ပြောရင်းပင် ရန်မျိုးနောင်သည် ကားအရှိန်ကိုပို၍ မြှင့်လိုက်သေးသည်။ ညနေစောင်းပြီမို့ ကားအသွားအလာလည်း ရှင်းပေသည်။

(၅)နာရီ(၅)မိနစ်မှာပင် ပဲခူးကို ဝင်ခဲ့သည်။ ရန်မျိုးနောင်သည် ဘိုးဘိုးအိမ်ကို မဝင်ဘဲ ရန်ကုန်လမ်းသို့ တည့်တည့်ကြီး မောင်းလာပေသည်။

"အစ်ကို ဘိုးဘိုးဆီ မဝင်တော့ဘူးလားဟင်"

"မဝင်တော့ဘူး နွေပွင့်၊ ရန်ကုန်ကိုရောက်ပြီးမှ ဘိုးဘိုးဆီ ဖုန်းပြန်ဆက်လိုက်မယ်"

"အစ်ကို ဘာတွေဆန္ဒစောနေတာလဲဟင်"

"တို့ပြောမယ်နော် နွေပွင့်၊ အခု တို့ခေါင်းထဲမှာ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခု ဝင်နေတယ်၊ အဲဒါလည်း စဉ်းစားနေ



တယ်၊ ကားကိုလည်း အရှိန်နဲ့ မောင်းနေတယ်၊ တို့ကို နွေပွင့် ဘာမှမမေးနဲ့ဦး၊ ရန်ကုန်ရောက်ရင် ပြောပြမယ်"

နွေပွင့်သည် သူမ၏အစ်ကိုပြောပြီးသည်နှင့် ငြိမ်ငြိမ်လေးပင် စကားတစ်ခွန်းမှ မပြောတော့ဘဲ နေလိုက်ပေသည်။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



(တစ်ဆယ့်လေး)

"ပေါ်ဦးရေ … ပေါ်ဦး"

"ဗျာ ဆရာ … လာပါပြီ"

"တံခါးမြန်မြန်ဖွင့်စမ်းကွာ"

အိမ်ရှေ့သို့ ကားထိုးဆိုက်ပြီးသည်နှင့် ရန်မျိုးနောင်သည် နွေပွင့်ကို လက်တွဲဆင်းကာ ပေါ်ဦးအား ကမန်းကတန်း တံခါးဖွင့်ခိုင်းသည်။

ပေါ်ဦး တံခါးဖွင့်ပေးသည်။

ရန်မျိုးနောင်သည် နွေပွင့်ကို လက်ဆွဲလျက်ကပင် သူ၏အိပ်ခန်းထဲသို့ ဝင်ပြန်သည်။

"အစ်ကို ဘာလုပ်မလို့လဲဟင်"

နွေပွင့် လန့်သွားသည်။ လက်မထပ်သေးမီ အိပ်ခန်းထဲသို့ ဆွဲခေါ်သည့်ပုံစံ ဖြစ်နေသည်။ လမ်းတုန်းကလည်း အစ… ညတွင်းချင်း လက်ထပ်မလားဟု အစ်ကိုက မေးသေးသည်။

နွေပွင့် ကြက်သီးမွေးညင်းလေးများပင် ထမိသည်။

"ဩော် … ဟုတ်သားပဲ၊ နွေပွင့် ဧည့်ခန်းမှာ ခဏထိုင်ဦးနော်"



နွေပွင့်ကို လွှတ်ခဲ့ကာ ရန်မျိုးနောင် သူ့အိပ်ခန်းထဲသို့ တန်းဝင်သွားသည်။

ထိုညက သူ စိတ်တိုတိုနှင့် မီးခြစ်ကလေးကို လွှင့်…စ်သော နံရံဘက်သို့သွားကာ နံရံထိပြီး ကြမ်းပေါ် ကျသွားသော …း‌ခြစ်လေးကို လိုက်ရှာသည်။

မတွေ့တော့ပါလေ။

"ပေါ်ဦးရေ … ပေါ်ဦးရေ … လာပါဦးကွ"

"ဗျာ … ဆရာ … လာပါပြီ"

ပေါ်ဦး ချက်ချင်း ရောက်လာသည်။

"ဒီမယ် ပေါ်ဦး၊ မင်း ဒီအခန်းကို ရှင်းတယ်မဟုတ်လား"

"နေ့တိုင်း ရှင်းပါတယ် ဆရာ"

"ဒါဖြင့် မြန်မာလုပ် ရှည်မျှော်မျှော မီးခြစ်လေးတစ်လုံးကို မတွေ့မိဘူးလား၊ ကြမ်းပေါ်မှာလေ"

ပေါ်ဦး စဉ်းစားပြီးမှ ဖြေသည်။

"မတွေ့မိဘူး ဆရာ"

"ဟိုကွာ … စနေနေ့ညလောက်က ဖြစ်မယ်၊ ငါ စီးကရက်သောက်မလို့၊ အဲဒီ မြန်မာလုပ် မီးခြစ်လေးကို ခြစ်တာ မီးမတောက်လို့ စိတ်တိုပြီး လွှင့်ပစ်တာ၊ ဟောဒီနံရံကိုထိပြီး ကြမ်းပေါ်ကျသွားတဲ့အသံ ငါ သတိထားမိတယ်၊ အဲဒါ မင်း တံမြက်စည်းလှည်းရင်း မတွေ့မိဘူးလား"

"မတွေ့မိဘူး ဆရာ၊ အဲဒီ စနေနေ့ညက လူဆိုးသုံးယောက် ဒီမှာ ဝင်မွှေသေးတာပဲ၊ စားပွဲအံဆွဲထဲက ပစ္စည်းတွေ၊ …ရို ထဲက ပစ္စည်းတွေ ကြမ်းပေါ် ပြန့်ကျဲနေတာကို ကျွန်တော် ပဲ လိုက်ကောက်ပြီး သူ့နေရာနဲ့သူ ပြန်ထားတာ၊ ဆရာ

www.burmeseclassic.com



ပြောတဲ့ မီးခြစ်မပါပါဘူး၊ ဆရာက မြန်မာလုပ် ဓာတ်ဆီမီးခြစ် သုံးလေ့သုံးထလည်း မရှိဘူး မဟုတ်လား”

“ဒုက္ခပါပဲ၊ ကဲ ... မင်းပဲ လိုက်ရှာစမ်း ပေါ်ဦး၊ ငါ စိတ်ဆန္ဒသိပ်စောနေလို့လား မသိဘူး၊ ငါ ရှာတာ မတွေ့ဘူးကွ”

ပေါ်ဦး လိုက်ရှာသည်။

ရန်မျိုးနောင်က သူ၏တစ်ယောက်အိပ်ခုတင် ရေမြှုပ်မွေ့ရာထက်တွင် ခြေတွဲလွဲချ ထိုင်နေသည်။

နွေပွင့် တံခါးဝသို့ လာရပ်သည်။

“လာလေ နွေပွင့်၊ အထဲမှာ ပေါ်ဦးလည်း ရှိနေတာပဲ၊ ဝင်ခဲ့ပါလား”

နွေပွင့် ဝင်လာပြီး စားပွဲမှာထိုင်သည်။ ပြီး စားပွဲပေါ်တွင် အသင့်တွေ့သော ဂက်စ်မီးခြစ်အဝါလေးကို ကောက်ယူပြလိုက်သည်။

“ဒီမီးခြစ် မဟုတ်ဘူးလား အစ်ကို”

“မဟုတ်ဘူး နွေပွင့်ရယ်၊ ဒါက နိုင်ငံခြားလုပ် ဂက်စ်မီးခြစ်ပဲ၊ အခု ကိုယ်ရှာခိုင်းတာက မြန်မာလုပ်မီးခြစ်ပါ”

နွေပွင့်က ဂက်စ်မီးခြစ်အဝါလေးကို စားပွဲပေါ်ပြန်တင်ထားလိုက်သည်။

နွေပွင့် စိတ်ထဲတွင် လမ်းမှာကတည်းက စီးကရက်သောက်ချင်သော အစ်ကိုသည် ယခု အိမ်ရောက်ရောက်ချင်း စီးကရက်သောက်ရန် မီးခြစ်ရှာနေသည်ဟု ထင်မိသည်။

“ဟော ... ဆရာ၊ ဒါလေးလား၊ ဆရာရဲ့ခုတင်အောက် အလယ်ကောင်မှာ ရောက်နေတယ်ဆရာ”



ရန်မျိုးနောင်က ပေါ်ဦး ထောင်ပြသော မီးခြစ်လေးကို လှမ်းကြည့်သည်။

ဟုတ်ပါ့။ အနက်ခံတွင် အနီကနုတ်ပန်းတွေနှင့် မြန်မာလုပ် ဓာတ်ဆီမီးခြစ်လေး။

ပေါ်ဦးလက်မှ ရန်မျိုးနောင် လှမ်းယူလိုက်သည်။

“ကဲ ... ပေါ်ဦး၊ မင်းသွားတော့၊ အိပ်ခန်းတံခါး စေ့ထားခဲ့”

ပေါ်ဦး ထွက်သွားသည်။ အိပ်ခန်းတံခါးကို ပြန်ပိတ်ပေးခဲ့သည်။

နွေပွင့်က မျက်လုံးလေး ကလယ် ကလယ်နှင့် ရန်မျိုးနောင်ကို ကြည့်နေသည်။

ရန်မျိုးနောင်က မီးခြစ်လေးကို ထောင်ပြရင်း နွေပွင့်ကို အကျိုးအကြောင်း ပြောပြသည်။

“ဒီလို နွေပွင့်ရဲ့၊ ဒီမီးခြစ်လေးဟာ ကိုတင်မောင်ကြည်က တို့အပေါ်အင်္ကျီအိတ်ထဲကို ထည့်ခဲ့တာ၊ ရှေ့ ... အင်လို ပေးတာမျိုး မဟုတ်တော့ သွေးရူးသွေးတန်းနဲ့ ထည့်မိ ထည့်ရာ ထည့်တာပဲလို့ ခပ်ပေါ့ပေါ့ တို့ ထင်မိတယ်၊ နောက်ပြီး ဒီမီးခြစ်ကို မေ့မေ့လျော့လျော့ ဖြစ်နေတယ်၊ ဒီနေ့ နွေပွင့်ရဲ့အစ်ကို ကိုသက်ညွန့်က ကိုတင်မောင်ကြည်ရဲ့ အမူအကျင့် ပြောပြတာရယ်၊ ကားပေါ်မှာ တို့စီးကရက်သောက်ချင်တာ မီးခြစ်က ခြစ်မရလို့ ဒေါပွမိတာရယ်၊ အဲဒီနှစ်ခုကို ဖျက်ခနဲ စဉ်းစားမိတာနဲ့ ဒီ မြန်မာလုပ်မီးခြစ်လေးဟာ အကြောင်းတစ်ခုခု ထူးခြားချက်ရှိလို့ ကိုတင်မောင်ကြည်က တို့အိတ်ထဲထည့်တာ ဖြစ်ရမယ်လို့ တွက်မိတယ်လေ၊ ကဲ ... ကြည့်ကြရအောင်ရော”

www.burmeseclassic.com



ရန်မျိုးနောင်သည် မီးခြစ်၏အိမ်ကို ဆွဲမဖွင့်မီ အလေးချိန်ကို လက်ဝါးပေါ်တင်ပြီး ဆကြည့်သည်။ မီးခြစ်၏ဗျက်၊ ထု၊ အလျားကို သေချာကြည့်သည်။

မီးခြစ်က အလေးချိန်ပေါ့သည်။ ဗျက်၊ ထု၊ အလျားကလည်း လက်မ လက်သည်းခွံ အရွယ်ရှိ ပတ္တမြားရွယ်တူသုံးလုံးကိုထည့်ရန် မလွယ်ဟု ခန့်မှန်းသည်။

အထဲတွင် ဘာများပါလိမ့်။

ရန်မျိုးနောင်သည် မီးခြစ်အောက်ပိုင်း အစွပ်ကို ဆွဲချွတ်လိုက်သည်။

အပေါ်အစွပ် ကျွတ်သွားပြီး ဝှမ်းနှင့်မီးခြစ်ကျောက် ထည့်သည့် အိမ်ထဲသို့ ကြည့်လိုက်သည်။

ဘာပတ္တမြားတစ်လုံးမျှ မရှိပါလေ။

စားပွဲတွင် မီးခြစ်ကိုခေါက်ကြည့်သည်။

မဲလိပ်ကဲ့သို့စက္ကူအလိပ်ကလေးတစ်လိပ် ထွက်လာသည်။

စက္ကူလိပ်ကလေးကို ရန်မျိုးနောင် ဖွင့်ဖြေလိုက်သည်။

စက္ကူလိပ်ကလေးထဲတွင် လက်ရေးသေးသေးလေးဖြင့် ရေးထားသော စာကြောင်းများ ပါပေသည်။

**"သွေးညီနောင်သုံးလုံး**
**အန်တီစောမာလာ၏**
**ဘုရားရုပ်တုထဲတွင်ရှိ"**

"ဟာ ... ဒီလိုကိုး"

"ဘာတဲ့လဲ အစ်ကို"



"ရော့ ... နွေပွင့် ဖတ်ကြည့်"

နွေပွင့်ကယူ၍ မဲလိပ်ထဲမှ စာကြောင်းလေးတွေကို ဖတ်ကြည့်သည်။

"ဒီလူ တော်တော် ဉာဏ်ကောင်းတဲ့လူပဲ၊ ဒီလောက် အဖိုးတန်တဲ့ ပတ္တမြားသုံးလုံးကို နွေပွင့်တို့ အိမ်မျိုးမှာ ဝှက်ထားမယ်လို့ ဘယ်သူမှ မထင်မှတ်နိုင်ဘူး"

ထိုစဉ်မှာပင် ...

ဝုန်းခနဲ တံခါးပွင့်လာပြီး လူဆိုးလေးယောက် ဝင်လာပေသည်။ မျက်နှာဖုံးတွေ အဝတ်နက်တွေ မဝတ်တော့ဘဲ ဖြောင့်ပင် ဝင်လာပေသည်။

"ရှေ့ဆုံးကလူဟာ ကိုမြတ်သင်းပဲ အစ်ကို"

နွေပွင့်က တိုးတိုးလေး ပြောသည်။

ရန်မျိုးနောင်သည် အခြေအနေ အရိပ်အကဲကို မျက်ချင်းဇွေဝိုက် အကဲခတ်လိုက်သည်။

လူဆိုးလေးယောက် ဖြစ်သည်။ ခေါင်းဆောင်ဖြစ်သော မြတ်သင်းနှင့် သူ၏လက်ထောက်တွင် ခြောက်လုံးပြူးကိုယ်စီ ကိုင်ထားသည်။ နောက်မှ တပည့်နှစ်ယောက်သည် သူတို့ကိုင်နေကျ ဓားမြှောင်ကို ကိုင်ဆောင်ထားပြီး ပေါ်ဦးကို တစ်ဖက်တစ်ချက် ချုပ်ကိုင်ထားသည်။

တောင်ငူမှ အပြန် ရန်ကုန် မဟာမြိုင်လမ်း အိမ်အဝင်တွင် ရန်မျိုးနောင်၏ ဒရောသောပါး အပြုအမူတွေကြောင့် ခြံတံခါး ပြန်မပိတ်မိ အိမ်ရှေ့တံခါး ပြန်မပိတ်မိ။

မြတ်သင်းတို့ အလွယ်တကူ ဝင်ရောက်နိုင်ခဲ့ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်မျိုးနောင်သည် အိမ်ကို ရောက်ချိန်အထိ သားရေပျော့ဂျာကင် ဝတ်ထားသည်ကို မချွတ်ဖြစ်သေး။ မီးခြစ်ကိုစွဲစိတ်စောနေသောကြောင့်ဖြစ်သည်။

ဂျာကင်မချွတ်မီသည်မှာ ပိုချပင်ကောင်းသေးသည်။ ဂျာကင်အိတ်ထဲတွင် ဓရီးသွားရင်း ဆောင်ထည့်ထားသော ပစ္စတိုသေနတ်ရှိနေသည်။

ကျန်အိတ်တစ်ဖက်တွင် ကျည်အပြည့် ထည့်ထားသော ကျည်ကပ်ရှိနေသည်။

အခြေအနေမှာ မိမိက ခုတင်ပေါ် ထိုင်နေသည်။ နွေပွင့်က စာရေးစားပွဲကုလားထိုင်တွင် ထိုင်နေသည်။ ပေါ်ဦးမှာ စားသမားနှစ်ယောက်ကြားတွင် ရှိနေသည်။

"ဘယ်လိုလဲ ရန်မျိုးနောင်၊ မင်းက ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီးနွားကျောင်းပေးတဲ့လူပဲ၊ မင်း ဒီကိစ္စထဲဝင်လာလို့ တို့မှာ အစီအစဉ်တွေ ပျက်ရတယ်၊ ရဲအဖွဲ့ကတို့ကို ခြေရာခံမိသွားတယ်၊ မင်းဟာ လူ့ပြည်မှာ ထားဖို့ကောင်းတဲ့ကောင် မဟုတ်ဘူး၊ ကဲ ... ပြောစမ်း၊ မင်းတောင်ငူမှာ သက်ညွန့်နဲ့ သွားတွေ့ခဲ့တာ သွေးညီနောင်ပတ္တမြားတွေ ဘယ်မှာရှိတယ်ဆိုတာ သက်ညွန့်ကတော့ ပြောပြမှာ သေချာတယ်၊ တင်မောင်ကြည် လုပ်သမျှသက်ညွန့်က သိနေတာပဲ၊ သူတို့က ပါတနာသူငယ်ချင်းပဲ၊ ပြောလေကွာ၊ သက်ညွန့်က ဘာပြောလိုက်လဲ"

မြတ်သင်းက သူ့လက်ထဲမှ ခြောက်လုံးပြူးဖြင့် ရန်မျိုးနောင်ကို တည့်မတ်စွာ ချိန်ရင်း မေးမြန်းနေသည်။



သူ၏လက်ထောက် သေနတ်သမားက စားပွဲအောက်တွင်ရပ်ကာ နွေပွင့်ကို ချိန်ထားရင်း စားပွဲပေါ်က ပစ္စည်းတွေကို ကြည့်နေသည်။

"ကိုသက်ညွန့်က ပြောလိုက်တယ်၊ ကိုမြတ်သင်း ဆိုတဲ့လူဟာ အလကားလူ အီးပေါ်လော ဆန်ကုန်မြေလေးသတ္တဝါတဲ့"

"ဘာကွ"

"ကိုသက်ညွန့် ပြောတာလေဗျာ၊ ကိုတင်မောင်ကြည်နဲ့သူဟာ အတွဲညီညီ သတ္တိရှိရှိ လုပ်နေတာကို ကြောက်ပြီး လူစုခွဲခဲ့တဲ့အနေနဲ့ သူ့ကို ထောင်ကျအောင် ကိုမြတ်သင်းက လုပ်လိုက်တာဆိုပဲ၊ ကိုသက်ညွန့် ပြောတာ ဟုတ်လည်းဟုတ်သားပဲ၊ ခင်ဗျားက လူပေါ် လူကြောက်ပဲ ကိုမြတ်သင်း။ ကျုပ်တို့နဲ့ ရင်ဆိုင်တိုင်း ခင်ဗျားတို့ ထွက်ပြေးတာချည်းပဲ မဟုတ်လား"

"အံမာ ... ဒီကောင်"

ပြောပြောဆိုဆို မြတ်သင်းက လက်ဆန့်ပြီး ပစ်ခတ်မည့် သေနတ်ပြောင်းကို ရှေ့တိုးချိန်လိုက်သည်။

"ခင်ဗျား ကျုပ်ကို အသေမပစ်ရဲပါဘူး ကိုမြတ်သင်း၊ ကျုပ် သေသွားရင် သွေးညီနောင် ပတ္တမြားသုံးလုံးဟာ ဘယ်မှာဝှက်ထားမှန်း ဘယ်သူက ပြောနိုင်တော့မှာလဲ"

"အေး ... အခု အဲဒါကို မင်း ပြောရမှာပဲ ရန်မျိုးနောင်၊ မင်းကို အသေမသတ်ဘူးဆိုတာ မှန်တယ်၊ ဒါပေမဲ့ သွေးညီနောင် ဘယ်မှာလဲ ဆိုတာကို မပြောသရွေ့ မင်းမျက်နှာချောချောကို ဓားနဲ့မွှန်းမယ်၊ စာရေးကောင်းတဲ့ မင်းလက်ချောင်းတွေကို ဖြတ်မယ်၊ နားလည်လား"

www.burmeseclassic.com



"ဒီမယ် ဆရာမြတ်သင်း"

မြတ်သင်းက ရန်မျိုးနောင်အား အခြောက်အလှန့်

စကားတွေ ပြောနေစဉ်မှာပင် သူ့တပည့် လက်ထောက်က မြတ်

သင်းကို လှမ်းခေါ်ပြီး စားပွဲပေါ်မှ မဲလိပ်စာရွက်လေးကို ပြလိုက်

ပေသည်။

တပည့် လက်ထောက်သည် စားပွဲပေါ်ကို ကြည့်မှ

ရာမှ စောစောက နွေပွင့် ဖတ်ပြီး စားပွဲပေါ်တင်ထားသည့်

ကိုတင်မောင်ကြည်၏ မဲလိပ်စာလေးကို တွေ့သွားခြင်း ဖြစ်ပါ၏။

မြတ်သင်းက မဲလိပ်စာရွက်လေးကိုယူကာ မီးရောင်

တွင် ထောင်ဖတ်နေသည်။

ဤသည်ကိုပင် ရန်မျိုးနောင် အခွင့်ကောင်းယူလိုက်

သည်။ မိမိကို သေနတ်နှင့် ချိန်ထားသော မြတ်သင်းအလစ်ကို

အရယူလိုက်သည်။

ကုလားထိုင်တွင် ထိုင်နေသော နွေပွင့်ကို ကုလား

ထိုင်လဲကျအောင် ဆွဲချလိုက်ခြင်းဖြင့် နွေပွင့်သည် ကုလားထိုင်

ရော လူရော ကြမ်းပေါ် မှောက်လျက်ကျသွားသည်။

တစ်ချိန်တည်းမှာပင် ရန်မျိုးနောင်သည် သူ၏

စာရေးစားပွဲကို လှဲချလိုက်ပြန်သည်။

စာရေးစားပွဲသည် တုံးလုံးလဲကျသွားသည်။ စာရေး

စားပွဲကို ကာဗာယူပြီး နွေပွင့်ကိုလည်း စာရေးစားပွဲနောက်

ကာဗာလုံရာသို့ ဆွဲခေါ်လိုက်သည်။

မြန်မှမြန်။ ရန်မျိုးနောင်၏ လှုပ်ရှားမှုမှာ စက္ကန့်ပိုင်း

အကင်း သက်လက်လန်းလှပါ၏။



သည်နောက်တော့ ဂျာကင်အိတ်ထဲမှ ပစ္စတိုကိုထုတ်

ယူကာ တုံးလုံးစားပွဲပေါ် လက်ကျော့ပြီး ဒိုင်းခနဲ၊ ဒိုင်းခနဲ နှစ်

ချက်ဆင့်ပြီး ရန်မျိုးနောင်ကပင် စတင်ပစ်ခတ်တော့သည်။

"ဟော့ ... ဟော့ ... နေရာယူ၊ ကျော်ဆွေ မင်းက ဘေးတိုက်

ပန်းပြီး စားပွဲနောက်က ဒီကောင့်ကိုပစ်"

မြတ်သင်းသည် ရန်မျိုးနောင် နှစ်ချက်ဆင့်အပစ်

တွင် အားလျားမှောက်သည်။ ကိုယ်ကိုလှိမ့်ပြီး အပြင်ဘက်တံခါး

ပေါက်ဆီသို့ သွားသည်။

ရန်မျိုးနောင်က ပထမနှစ်ချက်ကို စားပွဲနောက်မှ

ပြူးခေါင်းမဖော်ဘဲ လက်ကိုသာကျော်ကာ မှန်းပစ်လှန့်ပစ်တာသာ

ပြုမူနေနိုင်ခြင်း ဖြစ်သည်။

မတ်တတ်ရပ်နေသော မြတ်သင်းနှင့်တပည့် ကျော်

ဆွေက အပေါ်စီးရနေသဖြင့် မိမိခေါင်းဖော်သည်နှင့် သူတို့ဝိုင်း

ပစ်မည်ကို တွက်ဆမိသောကြောင့် ဖြစ်ပါ၏။

ရန်မျိုးနောင် တွက်ကိန်း မှန်ပေသည်။

ရန်မျိုးနောင်ထံမှ ထွက်လာသော သေနတ်ပစ်ချက်

သည် မြတ်သင်းတို့ကို အံ့အားသင့်စေသည်။

ပြီး တစ်ခါက မိမိတပည့်တစ်ယောက်၏ ပေါင်ကို

ပစ်ချခဲ့သော ရန်မျိုးနောင်၏ လက်ကို မြတ်သင်း ချက်ချင်းအထိတ်

တလန့် ဖြစ်သည်။

ထို့ကြောင့် သူတို့ကိုယ်ကို လှဲချကာ လှိမ့်ထွက်သွား

ခြင်း ဖြစ်ပါ၏။

ပေါ်ဦးကလည်း လူသွက်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ သေနတ်သံတွေ ထွက်ပေါ်လာသည်ကို မားမြှောင်သမားနှစ်ယောက် ပြူးတူးပြဲတဲဖြစ်ပြီး ရန်မျိုးနောင်ဘက်သို့ လှမ်းကြည့်ရာတွင် ပေါ်ဦးသည် မြွေတစ်ကောင်လို တွန့်လိမ်ပြီး ရှောခနဲ တံခါးပေါက်မှ အပြင်သို့ ထွက်ပြေးတော့သည်။

မားသမားနှစ်ယောက်သည် ပေါ်ဦး ထွက်ပြေးရာသို့ စွတ်လိုက်သွားတော့သည်။

"ဒိုင်း ... ဒိုင်း ..."

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

သူပစ် ကိုယ်ပစ် အပြန်အလှန် ပစ်ခတ်ကြလေပြီ။

တပည့်ကျော်ဆွေသည် အားလျားမှောက် မိကျောင်းတွားဖြင့် ရန်မျိုးနောင်စားပွဲဆီသို့ တွားတက်နေသည်။

"ဟို ... ဟို ... ဟိုမှာ အစ်ကို"

တွားတက်လာပြီး ပစ်ကွင်းရသည်နှင့် တပည့်ကျော်ဆွေက သေနတ်ချိန်စဉ်မှာပင် နွေပွင့်က လက်ညှိုးထိုးပြီး ပြောသဖြင့် ရန်မျိုးနောင်သည် သူ့သေနတ်ဖြင့် ထိုးပစ်လိုက်သည်။

"ဒိုင်း"

"အောင်မယ်လေး"

တပည့်ကျော်ဆွေ၏ နာကျင်စွာ အော်ဟစ်သံထွက်လာသည်။

"ဟော့လူ ကိုမြတ်သင်း။ ခင်ဗျားလက်ထဲက သေနတ်ကို ချထားပြီး မတ်တတ်ရပ်ပါ၊ ခင်ဗျားတို့အားလုံးကို ရဲအဖွဲ့က ဝိုင်းထားပြီ"



ဦးလတ်ဆွေ၏ အောင်မြင်သော အသံက ထွက်လာသည်။

"ကြားလား၊ သေနတ်လွှတ်ချလိုက်၊ ခင်ဗျား မှောက်နေတဲ့ ကျောပြင် ပေါက်ထွက်သွားမယ်နော်"

မြတ်သင်းသည် သေနတ်ကို လွှတ်ချပြီး လက်မြှောက်ကာ ထထိုင်တော့သည်။

ပေါ်ဦး နောက်သို့လိုက်သော မားသမားနှစ်ဦးကိုလည်း ဦးလတ်ဆွေ ရဲအဖွဲ့က လက်ထိတ်ခတ် ဖမ်းလာပြီးဖြစ်သည်။

ရန်မျိုးနောင် ပစ်လိုက်သဖြင့် ပခုံးထိသွားသော မြတ်သင်းလက်ထောက် ကျော်ဆွေကို ရဲအချုပ်နှင့် ဆေးရုံသို့ ပို့ပေးလိုက်သည်။

"ကဲ ... ရဲကြပ်ကြီး ဒီတရားခံ မြတ်သင်းနဲ့ နှစ်ယောက်ကို အချုပ်ထဲမှာပဲထည့်လိုက်၊ ကျွန်တော် ဒီမှာခဏနေခဲ့မယ်၊ ကား ကျွန်တော့်ဆီ ပြန်လွှတ်ပေးပါ"

ရဲကြပ်ကြီးနှင့်အဖွဲ့က တရားခံသုံးယောက်ကို ခေါ်ဆောင်သွားပြီးနောက် ဧည့်ခန်းတွင် ဦးလတ်ဆွေ၊ နွေပွင့်နှင့် ရန်မျိုးနောင်တို့ ထိုင်ကြသည်။

"ပေါ်ဦးရေ ကော်ဖီဖျော်ကွာ၊ ပေါင်မုန့်ရှိရင်လည်း လုပ်ကွာ၊ ငါတို့ ညစာမစားရသေးဘူး၊ ဦးလတ်ဆွေလည်း ဆာရော့မယ်"

ရန်မျိုးနောင်က ပေါ်ဦးက ပြောပြီးနောက် ကိုအောင်ကြည်ထံမှ ရခဲ့သော မြန်မာလုပ် မီးခြစ်လေးအကြောင်း ပြောပြပြီး မြတ်သင်း လက်ထဲမှ ကျကျန်ခဲ့သည့် မဲလိပ်စာရွက်

www.burmeseclassic.com



လေးကို ဦးလတ်ဆောလက် အပ်လိုက်သည်။ ဦးလတ်ဆွေက ဖတ်ကြည့်ပြီး ...

"ဒါဆို ဒေါ်စောမာလာရဲ့ရုပ်ပွားတော်ကို ယူကြည့်ကြတာပေါ့"

"ဟာ ... ချက်ချင်းမရသေးဘူး ဦးလတ်ဆွေ၊ ဒေါ်ဒေါ်စောမာလာက ဒီရုပ်ပွားတော်ကို ပဲခူးကို ပင့်သွားတယ်ဗျ။ အခုဆို ရုပ်ပွားတော်က ပဲခူးက ဘိုးဘိုးအိမ်ရဲ့ဘုရားခန်းထဲမှာ သီတင်းသုံးနေတယ်"

"ဟုတ်ပါတယ် ဦးလတ်ဆွေ၊ မေမေက အဲဒီရုပ်ပွားတော်ကို သွားလေရာ ပင့်သွားတဲ့အကျင့် ရှိတယ်"

"ဒါဆို မနက်ဖြန်မနက် ကျုပ်တို့ ပဲခူးကို သွားကြတာပေါ့။ ကဲ ... တောင်ငူက ကိုသက်ညွန့်ဆီက သိခဲ့တာတွေပြောပါဦး"

ရန်မျိုးနောင်က ကိုသက်ညွန့်နှင့် တွေ့ဆုံပြောခဲ့သမျှတွေကို အသေးစိတ်ပင် ပြောပြပြီး ကိုသက်ညွန့် ပြောစကားတွေနှင့် မိမိ မော်တော်ကားပေါ်တွင် ဆေးလိပ်မီးညှိသည့်ကိစ္စ တိုက်ဆိုင်ပြီး ကိုတင်မောင်ကြည်က မိမိအိတ်ထဲ ထည့်ထားခဲ့သည့် မီးခြစ်ကို ဆက်စပ်မိကြောင်းတွေ ပြောပြသည်။

"နေပါဦး ... ဦးလတ်ဆွေကကော မြတ်သင်းတို့အဖွဲ့ ဒီည ကျွန်တော့်အိမ် လာကြမယ်ဆိုတာ ဘယ်လိုသိနေလဲ"

"ဒီလိုဗျ၊ မြတ်သင်းဟာ ထွက်ပြေးရှောင်တိမ်းနေတယ် မဟုတ်လား၊ ကျုပ်အတွေ့အကြုံအရ ဘယ်လိုဝရမ်းပြေး၊ တရားခံပြေးဖြစ်ဖြစ် အလစ်မှာ သူ့အိမ် သူ့ယာ သူ့သားမယားဆီကို လာတတ်ကြောင်း ကျွန်တော် တွေ့ကြုံတာ



များပြီ၊ ဒါကြောင့် ကျွန်တော့်လူတွေကို အရက်မူးသမားပုံစံ၊ ပလတ်စတစ်ကောက်သမားပုံစံတွေနဲ့ မြတ်သင်းရဲ့ တောင်ဥက္ကလာပအိမ် ပတ်ဝန်းကျင်မှာရော ဘောက်ထော်က ဦးမောင်သိန်းအိမ် ပတ်ဝန်းကျင်မှာရော ချထားလိုက်တယ်"

"ထင်တဲ့အတိုင်းပဲ မြတ်သင်းဟာ တောင်ဥက္ကလာအိမ်ကိုလည်း ညဘက် လူခြေတိတ်မှ လာတယ်၊ ဦးမောင်သိန်းအိမ်ကိုတော့ နေ့ခင်းပိုင်းမှာတောင် လာတယ်"

"အဲဒီတည်းက မဖမ်းလိုက်ဘူးလား"

"ဖမ်းရင် ရတယ်၊ ဒါပေမဲ့ သူ့တစ်ယောက်ကိုပဲ ဖမ်းမိမယ်၊ ကိုတင်မောင်ကြည်ကိုသတ်မှုနဲ့ စွဲချက်တင်ရင် သူက အကျိုးဆောင်ရှေ့နေကောင်းကောင်းငှားပြီး လွတ်အောင် ရုန်းထွက်နိုင်တဲ့ အခြေအနေမှာရှိတယ်၊ နောက်တစ်ချက်က ဒီမြတ်သင်းဟာ ကိုရန်မျိုးနောင် တောင်ငူသွားပြီး ကိုသက်ညွန့်ကို သွားတွေ့မယ်ဆိုတာကို သတင်းရမှာပဲ၊ ကိုသက်ညွန့်အနေနဲ့ သွေးညီနောင် ဘယ်မှာဝှက်ထားတယ်ဆိုတာ သိနိုင်တဲ့လူ မဟုတ်လား၊ ဒီတော့ ကိုရန်မျိုးနောင် တောင်ငူကအပြန်မှာ မြတ်သင်းဟာ သူ့အဖွဲ့နဲ့ ကိုရန်မျိုးနောင်ဆီကို လာလိမ့်မယ်လို့ ကျွန်တော် တွက်တယ်၊ ကျွန်တော် တွက်တဲ့အတိုင်း မြတ်သင်းနဲ့ အဖွဲ့က လာတာပဲ မဟုတ်လား၊ အခု မြတ်သင်းအပြင် သူ့အဖွဲ့နဲ့တပည့် သုံးယောက်ကိုပါ ပစ်ခတ်နေတုန်း လက်ပူးလက်ကြပ်မိတယ်၊ မြတ်သင်း တစ်ယောက်တည်း ဖမ်းမိတာဆိုရင် ဘူးခံပြီး မဖော်ရင် တရားရုံးမှာ လွတ်သွားနိုင်တယ်၊

www.burmeseclassic.com



ကိုတင်မောင်ကြည်ကို သူတို့ဓားနဲ့ထိုးစဉ်က ကိုရန်မျိုးနောင်ကလွဲပြီး တခြားမျက်မြင်သက်သေ မရှိဘူး၊ ကိုရန်မျိုးနောင်ကလည်း ညကြီးမင်းကြီး မြတ်သင်းရုပ်ကို မှတ်မိတာမှ မဟုတ်တာ၊ အခုဆိုရင် မြတ်သင်းက ဘူးခံပြီးငြင်းဦး၊ သူ့တပည့်သုံးယောက်ကို တစ်ယောက်စီခွဲပြီး စစ်လိုက်ရင် အမှုဟာ ဖြောင့်ချက်ပေးတဲ့အထိ ဖြစ်လာနိုင်တယ်လေ"

"ကျွန်တော်က တည်ကြက်ပေါ့ဗျာ"

"အစကတည်းက ကိုရန်မျိုးနောင်ကို တည်ကြက်အဖြစ် ကျွန်တော် သုံးနေတယ်လို့ ပြောသားပဲ။ အဲ ... ကျွန်တော် ဒီကိုရောက်လာတာ ဆယ်မိနစ်လောက် နောက်ကျသွားတယ်၊ ဒါကြောင့် ကိုရန်မျိုးနောင်နဲ့ ဒီကောင်တွေ အပစ်အခတ်တွေ ဖြစ်သွားတာ၊ ကျွန်တော် မြတ်သင်းဆီကို ချထားတဲ့ ရှုဒိုးက မြတ်သင်းတို့ ထွက်သွားကြပြီလို့ ကျွန်တော့်ဆီ ဖုန်းဆက်တယ်လေ၊ ဒါပေမဲ့ ညကြီးမင်းကြီးဖုန်းဆက်ခွင့်ရဖို့ ရှာနေတာနဲ့ ရှုဒိုးရဲ့ဖုန်းဆက်တာ နည်းနည်းနောက်ကျသွားတယ်၊ ရှုဒိုးဆီက ဖုန်းရရင်ရချင်း ကျွန်တော် လိုက်လာတာပဲ၊ အဲ ... နောက်တစ်ချက်က ကိုယ်ရန်မျိုးနောင်အတွက် ကျွန်တော် သိပ်စိတ်ပူမနေဘူးလေ၊ ကျွန်တော့်ကို ကိုရန်မျိုးနောင်ကပဲ ပြောတယ် မဟုတ်လား၊ ကျည်ကာတ်သုံးကတ်နဲ့ ကျည်ဆန်နှစ်ဆယ့်တစ်တောင့် အသင့်ဆောင်ထားတယ်လို့၊ နောက်ပြီး ကိုရန်မျိုးနောင်ရဲ့ သတ္တိနဲ့စွမ်းရည်ကို ကျွန်တော်က စိတ်ချပြီးသား ဆိုပါတော့"



"ဟဲ ... ဟဲ ... အဲဒီလို အမြှောက်အပင့်လေးနဲ့ ပြောတော့လည်း ခံရတဲ့လူ ကျေနပ်တာပေါ့ဗျာ"

ရန်မျိုးနောင် ပြန်ပြောသည်ကို သဘောကျစွာ ရယ်မောနေရင်းပင် ပေါ်ဦးသည် ကော်ဖီ၊ ပေါင်မုန့်ကင် ထောပတ်သုတ်၊ ကြက်ဥကြော်၊ ဝက်အူချောင်းကြော်တွေ လင်ပန်းအမောက်၊ ပန်းကန်အမောက် လာချပေးသဖြင့် အားရပါးရ စားကြပေသည်။

"ဩော် ... ကျွန်တော်ပြောဖို့ တစ်ခုမေ့နေတယ်၊ ကိုရန်မျိုးနောင် တောင်ငူသွားနေတုန်း ကျုပ် ကထိက ဒေါ်ရင်ကြည်နဲ့ သူ့သမီး စိုးစိုးကြည်ဆီ ရောက်သွားတယ်"

"ဘာအကြောင်းထူးခဲ့လဲ ဦးလတ်ဆွေ"

"သိပ်တော့ မထူးဘူးဗျ၊ ဒေါ်ရင်ကြည်နဲ့ စိုးစိုးကြည်က တကယ် ရိုးရိုးသားသား မှန်မှန်ကန်ကန် နေတတ်ထိုင်တတ်တဲ့ ပညာတတ်တွေပဲ၊ သူ့သား တင်မောင်ကြည်ရဲ့ ဒိုင်ယာရီစာအုပ်တော့ သူတို့တွေ့တာနဲ့ ကျုပ်ကိုပေးလိုက်တယ်"

"ဒိုင်ယာရီထဲမှာ သွေးညီနောင် အကြောင်းတွေ မပါဘူးလား"

"သိပ်မပါဘူးဗျ၊ ဒိုင်ယာရီရဲ့ နောက်ဆုံးစာတစ်မျက်နှာမှာတော့ သွေးညီနောင်ဟာ မုဒုံက ဦးအောင်ဟိန်းပိုင်ဆိုင်တဲ့ ပတ္တမြားတွေ မှန်ကန်တယ်လို့တော့ ရေးထားတယ်"

"ဒါကြောင့် သူသေခါနီး ဝုဝေါင်ဝိန်းလို့ ပြောတာဟာ သွေးညီနောင်ကို ဦးအောင်ဟိန်း ပိုင်ဆိုင်တယ်ဆိုတာကို ပြောတာလားပဲနော် ဦးလတ်ဆွေ"

www.burmeseclassic.com



"ဒါဟာ တိတိကျကျ မပြောနိုင်ဘူး ကိုရန်မျိုးနောင်၊ ကိုတင်မောင်ကြည်ရဲ့ ဂူးဝေါင်ဝိန်းဟာ သူ့ကိုသတ်တာ ဦးမောင်သိန်းပါလို့ ပြောခဲ့တာကော မဖြစ်နိုင်ဘူးလား"

"အင်း ... ဒါလည်း ဖြစ်နိုင်တာပဲ"

ရဲကြပ်ကြီးသည် ဦးလှတ်ဆွေကို ကြိုရန် ပြန်ရောက်လာသည်။

နက်ဖြန် ပဲခူးသို့ အတူသွားကြရန် ချိန်းဆိုပြီးနောက် ဦးလတ်ဆွေ ပြန်သွားပေတော့သည်။

ထိုညအဖို့ ...

နွေမွှင့်က ရန်မျိုးနောင်၏အိပ်ခန်း တစ်ယောက်အိပ်ခုတင်တွင် အိပ်စက်ပြီး ရန်မျိုးနောင်က ဧည့်ခန်း နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် အိပ်စက်ကြလေသည်။

✱ ❖ ✱



(တစ်ဆယ့်ငါး)

"ဟ ... ဟ ... ကြံကြံဖန်ဖန်၊ ဘုရားကိုယ်တော်မြတ်ရဲ့ ဝမ်းဗိုက်တော်ထဲမှာ ပစ္စည်းများတွေ ထည့်ထားရတယ်လို့"

ပဲခူးရှိ ဘိုးဘိုး အိမ်ဧည့်ခန်းကြီးမှာ ကျယ်ပြောသည်။ ခမ်းနားသည်။

လူတွေလည်း စုံလှသည်။

ပဲခူးရဲစခန်းမှ ရဲအုပ်နှင့် ဒုရဲအုပ်ပါရှိသည်။ မြို့နယ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးလည်း ပါရှိသည်။ ရပ်ကွက်ကော်မတီဥက္ကဋ္ဌ ပါဝင်သည်။

ဦးလတ်ဆွေနှင့် ရဲကြပ်ကြီးပါရှိသည်။

အကြီးအကဲ ပုဂ္ဂိုလ်များရှေ့မှောက်မှာပင် သက်သေပြ၍ ဘိုးဘိုး ဘုရားစင်မှ ဒေါ်စောမာလာ၏ ရုပ်ပွားတော်ကို ဧည့်ခန်းသို့ ပင့်ခဲ့သည်။

ရုပ်ပွားတော်မှာ တင်ပျဉ်ခွေကိုယ်တော် ဖြစ်ပါ၏။ ယင်းကိုယ်တော်၏ အောက်ခံအညီတွင် ငါးမူးစေ့ခန့် အပေါက်ဖောက်ထားပြီး ပျားဖယောင်းဖြင့် ပြန်ပိတ်ထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲများ ရှေ့မှောက်မှာပင် ခိုင်မာတိကျသော ပုံစံဇယားထားပြီး ပျားဖယောင်းအပိတ်ကို အမျှားသဘောတူ ဘိုးဘိုးဦးဘကောင်းက ဖွင့်ပေးသည်။

ပျားဖယောင်းအပိတ် ပွင့်သွားသည်နှင့် ဘိုးဘိုး ဦးဘကောင်းက လက်နှစ်ဖက်ဖြင့် တရိုတသေကိုင်ကာ ရုပ်ပွားတော်ကို တည့်တည့်ထောင်ပြီး လှုပ်ချလိုက်သည်။

ဒေါက်ခနဲ၊ ဒေါက်ခနဲ၊ ဒေါက်ခနဲ။

ပတ္တမြားသုံးလုံးသည် စားပွဲပေါ်သို့ ကျလာပေတော့သည်။ ပတ္တမြားကျလာရာသို့ အောက်မှခံထားသည်မှာ ဘိုးဘိုး ထုတ်ပေးသော ကတ္တီပါအနက်စ ဖြစ်ပေသည်။

ကတ္တီပါ အနက်ခံတွင် နီတျာတျာရဲနေသော ပတ္တမြား သုံးလုံးကို လူတွေအားလုံး မျက်တောင်မခတ်နိုင်အောင် စိုက်ကြည့်နေကြပေသည်။

ဘိုးဘိုးက ...

"ဟ ... ဟ ... ကြကြဖန်ဖန် ဘုရားကိုယ်တော်မြတ်ရဲ့ ဝမ်းဗိုက်တော်ထဲမှာ ပတ္တမြားတွေကို ထည့်ထားရတယ်လို့"

ဟု ဟိန်းနေသော အသံဖြင့် ပြောလိုက်မှ ကြက်သေ သေနေသောလူတွေ လှုပ်ရှားလာတော့သည်။

"တောက် ... အသွေးအရောင်က ရဲရဲကို နီနေတာပဲ"

"ဒါမျိုး တစ်ခါပဲ တွေ့ဖူးတယ်"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပတ္တမြားတွေကိုကြည့်ပြီး ချီးကျူးစကား ဆိုကြသည်။



မာတတ်ပုံဆရာသည် ပတ္တမြားသုံးလုံးကို ငါးကြိမ်ငါးခါ ရှုထောင့်အမျိုးမျိုးမှရိုက်သည်။

"အင်း ... သွေးညီနောင် ဘယ်မှာလဲဆိုတာ အခုမှပဲ အဖြေမှန်ပေါ်တော့တယ်"

ဟု ရန်မျိုးနောင်က ညည်းညည်းညူညူ ပြောလိုက်ပေသည်။

"ကဲ ... ကဲ ... ဒီပတ္တမြားတွေကို ဘာနဲ့ထည့်မလဲ"

နွေပွင့်က သူမထံတွင် ပါရှိလာသော ကတ္တီပါရှဲ့အိတ်လေးကို အသင့်ထုတ်ပေးသည်။

"အဲဒီကတ္တီပါအိတ်လေးထဲမှာ ပထမက ထည့်လာတာလို့ အစ်ကိုတင်မောင်ကြည်က ပြောဖူးတယ် ဘိုးဘိုး"

ဘိုးဘိုး ဦးကံကောင်းသည် နွေပွင့်လက်မှ ကတ္တီပါရှဲ့အိတ်လေးကို ယူလိုက်ပြီး စားပွဲပေါ်တွင် သူခင်းပေးထားသော ကတ္တီပါစနှင့် နှိုင်းယှဉ်ကြည့်သည်။

"အင်း ... ဒီကတ္တီပါရှဲ့အိတ်လေးဟာ ကုန်းဘောင်ခေတ်နောက်ဆုံး သီပေါမင်းတရားလက်ထက်မှာ နန်းတွင်းအသုံးများခဲ့တဲ့ ကတ္တီပါမျိုးပဲ၊ အဲဒီခေတ်က ပြင်သစ်ကလာတဲ့ ကတ္တီပါတွေလို့ တို့မိဘတွေ ပြောတာကို ဘိုးဘိုးမှတ်မိတယ်"

ရန်မျိုးနောင်က ကောက်ကာငင်ကာ မေးလိုက်သည်။

"ဒါဆို ဒီကတ္တီပါအိတ်နဲ့ ထည့်ထားတဲ့ ပတ္တမြားတွေဟာ နန်းစဉ်ပတ္တမြားတွေ ဖြစ်နေမလား ဘိုးဘိုး"

"သိပ်ဖြစ်နိုင်တာပေါ့ လူလေး"

www.burmeseclassic.com



"အံ့သြစရာပဲ၊ အခု ဒီပတ္တမြားပိုင်ရှင် ဦးအောင်ဟိန်းဟာ ဦးမောင်သိန်းဆိုတဲ့လူနဲ့ ညီအစ်ကိုအရင်းတဲ့၊ ဦးမောင်သိ ကအင်္ဂလိုအင်ဒီယန်းကပြားဆိုတော့ ဒီပတ္တမြားပိုင်ရှ ဦးအောင်ဟိန်းဟာလည်း အင်္ဂလိုအင်ဒီယန်းကပြားပဲဖြ ရမယ်၊ ဘယ့်နှယ်ကြောင့် နန်းစဉ်ပတ္တမြားတွေဟာ အင်္ဂ အင်ဒီယန်းကပြားတွေရဲ့ ဘိုးစဉ်ဘောင်ဆက် အမွေပစ္စည်း ဖြစ်နေရလဲ ဘိုးဘိုး"

"ဒါလား၊ ဆန်းမှ မဆန်းတာပဲ လူလေး"

ဘိုးဘိုးက ရှင်းပြသည်။

"အခုထက်ထိ ဂျပန်ပြည်ရဲ့ကျေးလက်တရွာ့မှာ မြန် ပြည်က ဗန်ကောက်လုံချည်တွေ ရှိတာကို တွေ့ခဲ့ရတ လို့ မိတ်ဆွေတစ်ဦးက ပြောဖူးတယ်၊ အဲဒါ ထောင့်ကိုး လေးဆယ့်နှစ်ခုနှစ်က ဂျပန်စစ်တပ်တွေ မြန်မာပြည်ထဲ ဝင်ခဲ့တယ်၊ မြန်မာပြည်သူပြည်သား လက်ထဲက ပစ္စည်း တွေကို အတင်းသိမ်းပိုက်ယူတယ်၊ မြင်းတပ်က ဂျပန် ဟာ မြန်မာတွေ တန်ဖိုးထား ဝတ်ဆင်တဲ့ ဗန်ကောက် ပုဆိုးတွေနဲ့ မြင်းကို ချွေးသုတ်ပေးတယ်လို့တောင် ဆို တယ်၊ ဒီဂျပန်တွေ ပြန်သွားတော့ ဗန်ကောက်လုံချည် ပါသွားတာနေမှာပေါ့၊ ဒါကြောင့် ဂျပန်ကျေးလက်တရွ မှာ မြန်မာဗန်ကောက်လုံချည် တွေ့ရတာဖြစ်မယ်၊ အဲ တုန်းက ဂျပန်စစ်သားတွေ အပြန်မှာ ယူသွားတာတွေလေ"

ဘိုးဘိုးစကားကို စိတ်ဝင်စားစွာ အားလုံးနားထော နေကြသည်။



"သီပေါဘုရင်လက်ထက်မှာ ကုလားဖြူတွေနဲ့ တိုက်ခိုက်ပြီး တို့မြန်မာတွေ စစ်ရှုံးခဲ့တာပဲ၊ အဲဒီတုန်းက ကုလားဖြူစစ်သားတွေဟာ မြန်မာနန်းတွင်းသူ နန်းတွင်းသားတွေဆီက ပစ္စည်းမျိုးစုံ၊ ကျောက်မျက်ရတနာမျိုးစုံကို အနိုင်ကျင့် ယူသွားကြတယ်၊ လူလေးပြောတဲ့ ဦးမောင်သိန်းနဲ့ ဦးအောင်ဟိန်း ဆိုတဲ့ အင်္ဂလိုကပြားတွေရဲ့ အဘိုးတွေ၊ အဖေတွေဟာ သီပေါမင်း ပါတော်မူစဉ်က မြန်မာပြည်ကို စစ်နိုင်သိမ်းပိုက်ခဲ့တဲ့ ကုလားဖြူစစ်သား အဆက်အနွယ်တွေ ဖြစ်မှာပေါ့"

ဟုတ်လောက်ပေသည်။ ဘိုးဘိုးက ကတ္တီပါစကို လှေလာပြီး လွမ်းခဲ့သည့်ခေတ်ကို မှန်းပြောသည်မှာ ဆီလျော်နေသည်။

နောက်ပိုင်း ခေတ်အဆက်ဆက် အပြောင်းတွင် ကုလားတွေ တရုတ်တွေမှအစ မြန်မာပြည်တွင်းနေ လူမျိုးခြားတို့သည် မြန်မာနာမည်တွေကို သူတို့ကြိုက်သလို သူတို့ဟာသူတို့ မှည့်ကြသည်။

ထို့ကြောင့် အင်္ဂလိုအင်ဒီယန်း ကပြားညီအစ်ကိုသည် ဦးအောင်ဟိန်းနှင့် ဦးမောင်သိန်း အမည် ဖြစ်လာခြင်းဖြစ်ပေမည်။

"ဒီမယ် ဦးလတ်ဆွေ၊ ဘိုးဘိုးပြောတဲ့အတိုင်းဆိုရင် ဒီသွေးညီနောင် ပတ္တမြားသုံးလုံးဟာ ကုလားဖြူတွေ အနိုင်ကျင့် ယူသွားတဲ့ မြန်မာ့နန်းစဉ် ပတ္တမြားတွေလို့ မယူဆသင့်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဦးလတ်ဆွေက သူ၏ပခုံးကျယ်ကြီးကို တွန့်ပြလိုက်သည်။

"အဲဒါတွေကတော့ ကျုပ်တို့ထက် ပို၍ ပို၍ ကြီးမားသော ပုဂ္ဂိုလ်ကြီးတွေ ဆုံးဖြတ်လိမ့်မယ် ကိုရန်မျိုးနောင်၊ ဆုံးဖြတ်နိုင်တာ နှစ်နည်းရှိတယ်၊ ရာဇဝင်အထောက်အထားအရ ဒီသွေးညီနောင်တွေဟာ နိုင်ငံပိုင်ဖြစ်သင့်တယ်လို့ဆိုလည်း နိုင်ငံပိုင် ဖြစ်ရုံပေါ့၊ ဒါမှမဟုတ်လို့ ဦးအောင်ဟိန်းပဲ ပိုင်ဆိုင်သင့်တယ်ဆိုလည်း မြန်မာ့ကျောက်မျက်ရတနာအဖွဲ့က တန်ဖိုးဖြတ်တဲ့ဈေးနဲ့ ငွေပေးရုံပဲ၊ ဒါတွေက ကြီးကျယ်လွန်းပါတယ်၊ အခု ကျွန်တော်တို့ တာဝန်က ရာဇဝတ်မှုနဲ့ ပတ်သက်နေတဲ့ ဒီသွေးညီနောင် သုံးလုံးကို ရဲအဖွဲ့က အထက်လူကြီးတွေလက်ထဲ အပ်မယ်၊ ကျန်တာကို လူကြီးပိုင်းက လိုအပ်သလို ဆက်လုပ်လိမ့်မယ်ပေါ့ဗျာ"

သွေးညီနောင် ပတ္တမြားသုံးလုံးကို ကတ္တီပါရှုံ့အိတ်ထဲထည့်ပြီး ဘိုးဘိုးပေးသော သံသေတ္တာတွင် ထည့်သည်။ သံသေတ္တာလေးကို သော့ခတ်ပြီး အများရှေ့မှာပင် ချိတ်ပိတ်သည်။

ပုံစံဇယားတွင် ဖြည့်စွက်ရမည်များကို ဖြည့်စွက်ရေးသွင်းပြီး ပုဂ္ဂိုလ်အကြီးအကဲအားလုံး လက်မှတ်ထိုးကြသည်။

ထို့နောက် ယင်းပုဂ္ဂိုလ်ကြီးများကို ဖြည့်စွက်ရေးသွင်းပြီး ပုဂ္ဂိုလ်အကြီးအကဲအားလုံး လက်မှတ်ထိုးကြသည်။

ထို့နောက် ယင်းပုဂ္ဂိုလ်ကြီးများ အားလုံး လိုက်ပါကာ သက်ဆိုင်ရာကိုအပ်ရန် ရန်ကုန်သို့ ထွက်လာကြသည်။



ရန်မျိုးနောင်၊ မွေ့ပွင့်နှင့် ဒေါ်စောမာလာသည် ဘိုးဘိုးဦးဘကောင်းကို ကန်တော့ပြီး ကားဖြူကြီးနှင့် ပြန်လာခဲ့ကြသည်။

ထုံးစံအတိုင်း ဒေါ်စောမာလာသည် သူမ၏ကိုးကွယ်သော ကိုယ်တော်ရှင်မြတ်အား ရှင်ခွင်ပိုက် ပြန်လည်ပင့်ဆောင်လာခဲ့တော့သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



(တစ်ဆယ့်ခြောက်)

"ဦးသာလှိုင်ကြီး နေကောင်းတယ်နော်"

"ဟဲ့ ... နွေပွင့်တို့ သားအမိပါလား၊ နင်တို့ ပြန်လာကြပြီလား"

လမ်းကျဉ်းလေးထဲသို့ နွေပွင့်နှင့် ရန်မျိုးနောင်က ဒေါ်စောမာလာကို တစ်ဖက်တစ်ချက်တွဲကာ ဝင်လာခဲ့ကြသည်။

အိမ်ကလေးထဲတွင် ဦးသာလှိုင်က ပက်လက်ကုလားထိုင်၌ထိုင်ကာ ဆေးပေါ့လိပ်ဖြင့် မှိန်းနေသည်။

နွေပွင့်က နှုတ်ဆက်လိုက်မှ ဦးသာလှိုင်ကြီး မှိန်းရာမှ မျက်လုံးပွင့်ကာ ပြန်၍ ကမန်းကတန်း နှုတ်ဆက်သည်။

ဦးသာလှိုင်ကြီးက နွေပွင့်ကို သေချာကြည့်နေသည်။ ဒေါ်စောမာလာကိုလည်း ဦးသာလှိုင်ကြီး ငေးကြည့်နေသည်ပင်။

နွေပွင့်သည် သစ်လွင်တောက်ပ ခေတ်မီသော အဝတ်အစား ဝတ်ဆင်ထားသည်။ အဘိုးအဘွား အမွေထားခဲ့သော စိန် ရွှေ ပတ္တမြား နီလာ လက်ဝတ်ရတနာကို ဝတ်ဆင်ထားသည်။



နဂိုကမှ အလိုလိုလှနေသော ကောင်မလေးသည် ယခု ပို၍ ပို၍ လှချင်တိုင်းလှ၊ ချောချင်တိုင်း ချောနေသည်။

ဒေါ်စောမာလာကလည်း ရင်ဖုံးအင်္ကျီအဖြူ ပါတိတ်ထဘီနှင့် သစ်လွင်တောက်ပနေသည်။ သည်အိမ်လေးတွင်နေစဉ်က နွမ်းနွမ်းပါးပါး ဝတ်ဆင်လေ့ရှိသဖြင့် ဒေါ်စောမာလာ၏ နဂိုအလှများ မပေါ်လွင်ခဲ့။ ယခု ဒေါ်စောမာလာ၏ ပင်ကိုအလှ ပေါ်လွင်နေသည်။

"ဦးသာလှိုင်ကြီးက အိမ်စောင့်ပေးပါဆို အလကားနေ ပက်လက်ကုလားထိုင်နဲ့ အိပ်နေတာပဲ"

"မအိပ်ပါဘူးဟ၊ မှိန်းနေတာပါ နွေပွင့်ရ၊ နင်လည်း ငါ့အကြောင်း သိသားနဲ့၊ ညတစ်ညလုံး ကင်းစောင့်ရတယ်၊ ကင်းလှည့်စစ်လို့ ငါ အိပ်ပျော်နေတာ တွေ့သွားရင် ဒဏ်ကြေးတစ်ဆယ် အရိုက်ခံရတယ်၊ ဒါကြောင့် တစ်ညလုံး ငါ မအိပ်ရဘူး၊ မနက်ကျတော့ ရေထမ်းနဲ့ အိမ်တွေပို့ရတယ်၊ ဒီတော့ အခုလို နားနေတဲ့အချိန် ဒီအိမ်လေးမှာ ပက်လက်ကုလားထိုင်နဲ့ မှိန်းနေတာပါဟ"

ရန်မျိုးနောင်က ဝင်ရောက်ပြောလိုက်သည်။

"နေပါဦး ဦးသာလှိုင်၊ ဒီအိမ်မှာ နေ့ရောညရော လာစောင့်ပေးနေတော့ ဦးသာလှိုင်ရဲ့အိမ်ကို မပြန်တော့ဘူးလား"

"ကျုပ်မှာ အိမ်မှမရှိတာပဲ မောင်ရ၊ ညဆို ကင်းတဲမှာ မိုးလင်းတယ်၊ နေ့ဆို အခု နွေပွင့်တို့အိမ်လေးမှာ လာအိပ်နေတယ်၊ နွေပွင့်တို့ ဒီမှာရှိတုန်းကတော့ နေ့ခင်းမှိန်းချင် ငိုက်ချင်ရင် ဘုန်းကြီးကျောင်းဇရပ်မှာ သွားနေလိုက်တာ"

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို၊ ဦးသာလှိုင်ကြီးက လှူဖို့ကြီးလေ၊ သူ့ကိုယူမယ့်မိန်းမလည်း ရှိမှမရှိတာ"

"နေစမ်းပါဦး နွေပွင့်ရာ၊ ငါယူမယ့်မိန်းမ မရှိလေကောင်းလေပဲ၊ ငါ့မှာ အိုးမရှိ အိမ်မရှိနဲ့ ကိုယ့်ဝမ်းတောင် မနည်းဝအောင် ရှာစားနေရတာ"

ရန်မျိုးနောင်ကပင် ဝင်ပြောသည်။

"နေပါဦး ဦးသာလှိုင်၊ ကင်းစောင့်တာက နွေဘက်ဆောင်းဘက်မှာပဲ၊ မိုးတွင်းဆို ကင်းတွေဖြုတ်တယ်၊ အဲဒီတော့ ဦးသာလှိုင် ဘယ်မှာ နေလဲ"

"ပြောပြီပဲ မောင်ရာ၊ ဘုန်းကြီးကျောင်း ဇရပ်မှာပါလို့"

"ကဲ ... ဒါဆို ဒီနေ့ကစပြီး ဟောဒီ ဒေါ်ဒေါ်နဲ့ နွေပွင့်တို့ရဲ့အိမ်လေးကို ဦးသာလှိုင်ကြီးက အပိုင်ယူလိုက်တော့"

"ဟာ ... အစ်ကိုကလည်း"

ဦးသာလှိုင်ကလည်း ပါးစပ်ကြီးပြဲကာ အံ့အားသင့်နေပြီးမှ မြင်းဟီသလို ဟီးခနဲ ရယ်ချလိုက်သည်။

"မောင်ရင် မနောက်နဲ့ကွာ၊ လူကြီးကို နောက်ပြောင်ရင် ငရဲကြီးတတ်တယ်ကွ"

"အို ... ဘာလို့ နောက်ရမှာလဲ၊ ကျွန်တော် တကယ်ပြောနေတာ၊ ဒီအိမ်နဲ့ ဒီမြေကို ဦးသာလှိုင် အပိုင်ယူလိုက်"

"အစ်ကို"

"ပေးလိုက်ပါ နွေပွင့်။ တကယ်လိုအပ်တဲ့လူကို တကယ်လှူရတာမှ တကယ် ဒါနမြောက်တာပါ၊ မဟုတ်ဘူးလား ဒေါ်ဒေါ်"



"မောင်ရန်မျိုးနောင် သဘောပါ၊ ဒေါ်ဒေါ် ဘာကိုမှ သံယောဇဉ် မထားတော့ဘူးလေ၊ ကိုသာလှိုင်ကို ပေးတာ ဒေါ်ဒေါ် ဘာမှမကန့်ကွက်ပါဘူး၊ နွေပွင့်နဲ့ မောင်ရန်မျိုးနောင် လက်ထပ်ပြီးရင် ဒေါ်ဒေါ် စစ်ကိုင်းဘက် သွားမှာမို့ပါ"

"ဟ ... မောင်ရင်၊ မင်းဟာက တကယ်ကြီးပါလားကွ"

"တကယ်မှ တကယ့်အစစ်ကြီးပေါ့ ဦးသာလှိုင်၊ နောက်ပြီး ဦးသာလှိုင်က ကျွန်တော့်ကို ပေးစရာ သာဓု အကြွေးတစ်ခွန်း ကျန်နေသေးတယ်၊ လာမယ့် တနင်္ဂနွေနေ့မှာ နွေပွင့်နဲ့ကျွန်တော် မင်္ဂလာပွဲ ကျင်းပမယ်၊ ဒံပေါက်နဲ့ ရေခဲမုန့် ကျွေးမယ်၊ စမ်းချောင်း မဟာမြိုင်လမ်း အိမ်နံပါတ်(...) ကို ဦးသာလှိုင် မနက်ဆယ့်တစ်နာရီမှာ ဆက်ဆက်လာခဲ့၊ ကျွန်တော် ဖိတ်တယ်၊ အဲဒီနေ့မှာပဲ ဒီအိမ်နဲ့ ဒီမြေကို ဦးသာလှိုင်ကို စာချုပ်စာတမ်းနဲ့ လွှဲပေးလိုက်မယ်။ ကဲ ... ဒါပဲ၊ သွားကြစို့ ဒေါ်ဒေါ်၊ သွားကြစို့ နွေပွင့်"

"သာဓု ... သာဓု ... သာဓု ... သာဓု"

ဦးသာလှိုင်ကြီးထံမှ သာဓုတွေ တသီတတန်းကြီး ထွက်လာသဖြင့် ရန်မျိုးနောင်သည် နောက်ပြန် လှည့်ကြည့်လိုက်သည်။

"ဟေး ... လူကြီး၊ ကျွန်တော့်ကို သာဓုတစ်ခွန်းတည်း အကြွေးဆပ်ရမှာလေဗျာ"

"သာဓု ခေါ်ပါရစေ မောင်ရာ၊ အခွန်းတစ်ထောင်ခေါ်ပါရစေ၊ ငါတွေ့ဖူးတဲ့ သူဌေးထဲမှာတော့ မောင်ရင်ဟာ အရွယ်လည်း အကောင်းဆုံး။ ရုပ်လည်းအဖြောင့်ဆုံး၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထား အမြင့်မြတ်ဆုံး၊ သစ္စာကတိလည်း အတည်ကြည်ဆုံး"

"လာ ... လာ ... နွေပွင့်၊ ဒီလူကြီးရဲ့ ဟိမဝန္တာချီးမွမ်းခန်းက ညအိပ်နားထောင်တောင် ဆုံးမှာမဟုတ်တော့ဘူး၊ သွားကြစို့"

နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com